# သာသနမူလဒီပနီ

# သာသနာ တဝက်–မင်းကောင်း တဆက်

နှင့်

# သာသနာ့ အကြောင်းရင်း

တို့ကို

ရှင်းလင်းပြဆိုရာဖြစ်သော

# ဝိပဿနာ အဆီ

# သာသနမူလဒီပနီ

ရေးသူ

**နေမျိုးရာဇာ–ဦးမောင်ကြီး**

ဖြန့်ချိရေးဌာန

**သာသနမူလစာအုပ်တိုက်**

၁၂–ဆူးလေဘုရား တောင်ဘက်မုခ်၊ ရန်ကုန်မြို့။

(ဘုန်းရှင်, ကံရှင်, ဉာဏ်ရှင်, ပါရမီရှင်တို့အတွက်သာ)

အဖိုး ၅–ကျပ်

# သတိပြုရန်

ယခုခေတ်၌ သာမန်လောကီ ပညာကျမ်းစာအုပ်များကိုပင်လျှင် တန်ဖိုးငွေ ၁၀–, ၁၅–စသည်ဖြင့်ထားကြသည်။ ယခု "**သာသနမုခဒီပနီ**" ကျမ်းစာအုပ်သည်ကား လောကုတ္တရာ ကျမ်းစာအုပ်ဖြစ်၍ တန်ဖိုးမဖြတ်နိုင်ချေ။ သို့ရာတွင်ဘုန်းရှင်, ကံရှင်, ပါရမီရှင်တို့ကိုကယ်တင်ခြင်းအားဖြင့် ဤစာအုပ်ကို တန်ဖိုးငွေ ၅-မျှသာထား၍ ထုတ်ဝေလိုက်ရပေ၏။

"**အနောမသတ္တုပရိဘောဂ**" ဟူသောဘုန်းရှင်, ကံရှင်, ပါရမီရှင်တို့နှင့်သာ ထိုက်တန်သောစာအုပ် ဖြစ်လေရာဖတ်ရှုရ၍ဉာဏ်မမှီသေးလျှင် လူကိုယ်တိုင် လာရောက်ဆွေးနွေး နိုင်၏။ စာဖြင့်မေးမြန်းခြင်းကိုပြန်ကြားလိမ့်မည်မဟုတ်ကြောင်း။ လူကိုယ်တိုင်လာရောက် မေးမြန်းခြင်း အတွက် လည်း ဘာတခုမျှ လှူဒါန်းပေးကမ်းရန်မလိုကြောင်း။

**နေမျိုးရာဇာ–မောင်ကြီး**

၂၀၃၊ ကရိလမ်း၊ ရန်ကုန်အရှေ့ပိုင်း။

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဒါန်း | ၁ |
| ပဏာမ | ၉ |
| နိုင်ငံရေးနှင့် သာသနာတော် | ၁၁ |
| လောကီသိုက်စာများ | ၁၂ |
| သိုက်စာတို့ကို ဝေဖန်ကောက်ယူခြင်း | ၁၅ |
| ဘုရားသိုက် | ၁၇ |
| မြတ်စွာဘုရား၏ ဗျာဒိတ်တော် ၄-ချက် | ၁၈ |
| ရဟန္တာ ၆-ပါးတို့၏ ဗျာဒိတ်တော် ၃-ချက် | ၂၁ |
| သောဏုတ္တရာယစေတီကျောက်စာ | ၂၂ |
| ကရင်နန်းရိုး-ကောလိယမင်းမျိုး | ၂၄ |
| သာသနာတဝက်-မင်းကောင်းတဆက် | ၂၇ |
| သာသနာတော် | ၃၁ |
| သာသနာခေတ်အား ၅-ပါး | ၃၆ |
| ပိဋကာ ၅-မျိုး | ၃၈ |
| ဆရာကောင်း-ဆရာစစ် | ၄၀ |
| အရိယာဖြစ်နည်း ၅-မျိုး | ၄၂ |
| ဘာသာရေးစစ်ပွဲကြီး | ၄၅ |
| စတုဂီရိဆရာတော်ဘုရားကြီး၏ဩဝါဒ | ၅၀ |
| မန်လည်ဆရာတော်ဘုရားကြီး၏ဩဝါဒ | ၅၈ |
| လယ်တီဆရာတော်ဘုရားကြီး၏ဩဝါဒ | ၆၄ |
| ဒိပဲယင်းဆရာတော်ဘုရားကြီး၏ဩဝါဒ | ၇၃ |
| ကြောင်ပန်းဆရာတော်ဘုရားကြီး၏ဩဝါဒ | ၇၇ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဓမ္မစေတီဆရာတော်ဘုရားကြီး၏ဩဝါဒ | ၇၉ |
| သကဒါဂါမိဆရာဇကြီး၏ အာဘောဂ | ၈၄ |
| ယောဂအတွင်းဝန်–အမတ်ကြီး ဦးဘိုးလှိုင်၏ အာဘောဂ | ၈၈ |
| နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ မိန့်ခွန်း | ၉၁ |
| ကျောက်ဆည်မြို့ ကျောက်သင်္ဘော်ဆရာတော်၏ မဂ်ပေါက်ဖိုလ်ပေါက်နိဗ္ဗာန်မြင်တရားတော် | ၉၇ |
| ဝေလာမသုတ်အကျဉ်းချုပ် | ၁၀၈ |
| ဘုရားရှိခိုး နည်းအစစ် | ၁၁၁ |
| မဟာသတိပဋ္ဌာန် ဝေဖန်ချက် | ၁၁၂ |
| သတိပဋ္ဌာန်ယောဂီတို့၏ ပြည့်စုံရမည့်အင်္ဂါ | ၁၁၅ |
| ပညာစခန်း အရေးကြီးပုံ | ၁၁၆ |
| အန္တပုထုဇန်တို့ ကုသိုလ်မပြုလုပ်တတ်ပုံ | ၁၂၁ |
| အဝိဇ္ဇာမပေါက်ခွဲနိုင်ဘဲတရားအား ထုတ်လျှင် မိစ္ဆာဒိဋ္ဌိ | ၁၂၂ |
| အာသဝေါတရား ၄-ပါး | ၁၂၃ |
| ပဋိစ္စသမုပ္ပါဒ်တရား၏ နက်နဲခြင်း | ၁၂၄ |
| ခဲကြီး ၄-ချက်=ခက်ကြီး ၄ ပါး | ၁၂၆ |
| ဝိပဿနာ ကမ္မဋ္ဌာန်း | ၁၂၇ |
| ဝိပဿနာရှုထိုက်သောသင်္ခါရလောကဖြစ်ပေါ်ပုံ | ၁၂၈ |
| ဝဋ်သုံးပါးဖြစ်ပေါ်ပုံ | ၁၂၉ |
| အကြောင်းတရား ၅-ပါး အကျိုးတရား ၅ ပါး | ၁၃၀ |

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အဝိဇ္ဇာအကြောင်း | ၁၃၁ |
| ခေတ်(၁၈)ပါး ဖြစ်ပေါ်ပုံ | ၁၃၄ |
| ခေတ်(၁၈)ပါး အကြောင်း | ၁၃၆ |
| ဝိပဿနာခဏ်း | ၁၃၉ |
| ပိဋကတ်သုံးပုံ၏အဆီအနှစ် | ၁၄၂ |
| အတ္တဖြစ်ပုံ | ၁၄၄ |
| အနတ္တဖြစ်ပုံ | ၁၄၇ |
| ပညတ်နှင့် ပရမတ် | ၁၄၈ |
| နေယျပုဂ္ဂိုလ် | ၁၅၀ |
| သုညတအနတ္တဖြစ်ပုံ | ၁၅၁ |
| ဝိပဿနာ သန့်သန့်သက်သက် | ၁၅၅ |
| အနတ္တထင်မြင်နိုင်ပုံ | ၁၅၉ |
| အနိစ္စထင်မြင်နိုင်ပုံ | ၁၆၀ |
| ဒုက္ခထင်မြင်နိုင်ပုံ | ၁၆၁ |
| ဃနကို ပေါက်ခွဲရန် အရေးကြီးပုံ | ၁၆၂ |
| ရူပါရုံ အဆင်းရုပ်၌ ဝိပဿနာရှုပုံ | ၁၆၂ |
| သင်္ခတ,အသင်္ခတလက္ခဏာရေးသုံးပါး | ၁၆၈ |
| ရူပါရုံ၌ အကြောင်းအကျိုးပြတ်ပုံ | ၁၇၁ |
| ရူပါရုံ၌ ကာလသုံးပါးလွတ်ပုံ | ၁၇၃ |
| စက္ခုပသာဒ မျက်စိအကြည်၌ဝိပဿနာရှုပုံ | ၁၇၆ |
| မျက်စိအကြည်၌ အကြောင်းအကျိုးပြတ်ပုံ | ၁၈၂ |
| မျက်စိအကြည်၌ ကာလသုံးပါးလွတ်ပုံ | ၁၈၅ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| စက္ခုဝိညာဏ် မြင်စိတ်၌ ဝိပဿနာရှုပုံ | ၁၈၈ |
| မြင်စိတ်၌အကြောင်းအကျိုးပြတ်ပုံ | ၁၉၁ |
| မြင်စိတ်၌ ကာလသုံးပါးလွတ်ပုံ | ၁၉၂ |
| မနောဝိညာဏ်အကြောင်း | ၁၉၄ |
| ဝိညာဏ် ၂-မျိုး | ၁၉၆ |
| ဆရာစစ်ကိုရှာ | ၁၉၉ |
| သာသနာတွင်း ကုသိုလ်ပြုလုပ်ပုံ | ၂၀၁ |
| သာဝကတို့၏ အရာမဟုတ်သော ရုပ်နာမ် | ၂၀၃ |
| သာဝကတို့၏ အရာဖြစ်သော ရုပ်နာမ် | ၂၀၃ |
| အရိယာအစစ်ဖြစ်- မဖြစ်, ဟုတ်-မဟုတ် | ၂၀၈ |
| သဗ္ဗညုအရာသာဖြစ်သော အဘိဓမ္မာ | ၂၁၂ |
| ဝိညာဏ်အနတ္တဖြစ်ပုံ | ၂၁၇ |
| ဝိညာဏ်၌အကျိုးအကြောင်းပြတ်ပုံ | ၂၁၉ |
| ဝိညာဏ၌ကာလသုံးပါး လွတ်ပုံ | ၂၂၀ |
| သင်္ခါရဒုက္ခအကြောင်း | ၂၂၀ |
| ပညာမျက်စိ ရှိပုံ-မရှိပုံ | ၂၂၂ |
| အစွဲအယူမှားနေသောတရား | ၂၂၃ |
| သစ္စာလေးပါး | ၂၂၆ |
| အရေးအကြီးဆုံး ဒုက္ခသစ္စာ | ၂၂၈ |
| ဉေယျဓံတရားငါးပါး | ၂၂၉ |
| ကုသိုလ်ကြောင့် ဒုက္ခဖြစ်ရပုံ | ၂၃၁ |
| ဥပမိလေးပါး | ၂၃၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သံသရာ၏အစနှင့်အဆုံးကိုသိသူ | ၂၃၇ |
| နိဗ္ဗာန်ရှင်းတမ်း | ၂၄၁ |
| လောကသုံးပါးရှင်းတမ်း | ၂၄၄ |
| သီလအစစ်, သမာဓိအစစ်ရှင်းတမ်း | ၂၄၇ |
| ဗုဒ္ဓဝါဒစစ်စစ် | ၂၄၉ |
| သတိပဋ္ဌာန်အရေးမကြီးပုံ-ကြီးပုံ | ၂၅၁ |
| သတိပဋ္ဌာန်စစ် | ၂၅၂ |
| မပျောက်ကောင်းသောစိတ် | ၂၅၅ |
| သတိပဋ္ဌာန်လေးပါး | ၂၅၆ |
| စိတ် ၂-မျိုးအကြောင်း | ၂၅၉ |
| နည်းလေးပါး | ၂၆၄ |
| စိတ် ၂-မျိုးဖြစ်ပေါ်ပုံ | ၂၆၇ |
| အဇ္ဈတ္တစိတ်ဝိညာဏ် | ၂၆၉ |
| ဗဟိဒ္ဓစိတ်ဝိညာဏ် | ၂၇၀ |
| ပရမတ္ထတရားလေးပါးရှင်းတမ်း | ၂၇၁ |
| ဥပေက္ခာ ၂-မျိုး | ၂၇၄ |
| ဥပါဒါနက္ခန္ဓာငါးပါးဖြစ်ပေါ်ပုံ | ၂၇၈ |
| တရုဏဝိပဿနာအကျိုးဂုဏ် | ၂၈၃ |
| ဗလဝဝိပဿနာအကျိုးဂုဏ် | ၂၈၅ |
| နိဂုံး | ၂၈၇ |

# အမှားအမှန်ပြင်ချက်

| စာမျက်နှာ။ | ကြောင်းရေ။ | အမှား။ | အမှန်။ |
|---|---|---|---|
| ၁၀၂ | ၄ | တောင်းကောင်း၊ | ကောင်းကောင်း။ |
| ၁၂၃ | ၁၂ | အသာဝ၊ | အာသဝ၊ |
| ၁၃၅ | ၁၇ | နိသယ | နိဿယ၊ |
| ၁၈၃ | ၈ | ဃနဝိညာဏ်၊ | ဃာနဝိညာဏ်၊ |
| ၁၈၉ | ၁၆ | သဏ္ဍာ | သဏ္ဌာ၊ |
| ၁၈၇ | ၁၂ | သမ္ဗသောပဘာ° | သမ္ဗတောပဘာ°၊ |
| ၁၈၇ | ၂၃ | မုဒ | မုဒ္ဒ၊ |
| ၂၂၅ | ၁ | နဿတံ | နသဿတံ၊ |
| ၂၆၉ | ၆ | ယေဝပန | ယေဝါပန၊ |

........:o:......

# နိဒါန်း

လေခမာနံ ဣမာရဗ္ဘ၊ ရတ္တိယံ ဒက္ခိဏောဘာဂေ။
သုပိနေပဿမူပါဟံ၊ စန္ဒမဏ္ဍလသုက္ကန္တိ။
ဝုတ္တံဟေတံ ဝါစာတန္တိ၊ တညေပေယျုံသောတ္တုံသတ္တာ။
ကပ္ပံတိဋ္ဌတုမေအာယု၊ တေသံတဒါနုဘာဝေန။
ဧတေနသစ္စဝဇ္ဇေန၊ ဧကန္တေန သုခံခေမံ။ ။

"ဣမံ၊ ဤစာတမ်းကို။ လေခမာနံ၊ ရေးစဉ်။ ရတ္တိယံ၊ ညဉ့်အခါ၌။ ဒက္ခိဏောဘာဂေ၊ တောင်မျက်နှာအဘို့ဖြစ်သော၊ ခေါ၊ ကောင်းကင်အလယ်၌။ စန္ဒမဏ္ဍလံ၊ လပြည့်ဝန်းကို၎င်း။ ဣတိ ဣမဿ၊ ဤလဝန်း၏။ ဥပေ၊ အောက်အနီး၌။ သုက္ကံ၊ သောက်ရှူးကြယ်ကို၎င်း။ သုပိနေ၊ အိပ်မက်၌။ အဟံ၊ ငါသည်။ ပဿံ၊ မြင်မက်၏။ ဧတံ၊ ဤအကြောင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍၊ ဟိတံဝါစာတန္တိ၊ ထိုစာတမ်းကို။ စန္ဒမဏ္ဍလသုက္ကန္တိ၊ စန္ဒမဏ္ဍလ သုက္က စာ တမ်း ဟူ၍။ (ဝါ) လ ဝန်း သ ဖွယ် သောက်ရှူး ကြယ် နှင့် တူ သော စာ တမ်း ဟူ၍။ ဝုတ္တံ၊ ပြဋ္ဌာ မလွတ် မချွတ် ဆိုအပ်၏။"

"ဧကန္တေန၊ စင်စစ်အားဖြင့်။ ခေမံ၊ ဘေးမဲ့မှန်၊ နိဗ္ဗာန်ပြည်ကြီးသည်။ သုခံ၊ ချမ်းသာ၏။ ဧတေနသစ္စဝဇ္ဇေန၊ ဤသစ္စာစကားကြောင့်၎င်း။ တေသံ၊ ထိုနိဗ္ဗာန်ဘုရား, သာဝကတို့၏။ တဒါနုဘာဝေန၊ ထိုအံ့ချီး၍မကုန်နိုင် အစိန္တေယျ ဂုဏ်၏ အာနုဘော်ကြောင့်၎င်း။ မေ၊ ငါ၏။ အာယု၊ အသက်သည်။ ကပ္ပံ၊ အနှစ်တရာရှည်ကြာသမျှ အာယုကပ်ပတ်လုံး။ တိဋ္ဌတု၊ တည်စေသတည်း။ အညေ၊ စန္ဒမဏ္ဍလသုက္ကစာတမ်း အခန်းခန်းကို ကြိုးပန်းကုတ်သေး ရေးသောငါမှတပါးကုန်သော။ သတ္တာပိ၊ သတ္တဝါတို့သည်လည်း။ တံတေန အာနုဘာဝေန၊ ထိုနိဗ္ဗာန်

ဘုရား, သာ၀ကဘို၏အစိမ္ဆေ့ယျမျိုးဘုန်းတန်ခိုးအာနုဘော်ကြောင့်။ သောတ္ထိ၊ ချမ်းသာခြင်းသို့။ ယျော်၊ ရောက်စေကုန်သတည်း။”

ဟူ၍- ပရိယတ္တိဝိသာရဒ, တိပိဋကဓရ ဂန္ထိကာ ရဇဟာသုတ, သဒ္ဒပါရဂူ, သိလဝန္တ, လဇ္ဇီပေသလသိက္ခာကာမ, ဂဏာစရိယ ဂဏပါမောက္ခ, စိန္တာမယ ဉာဏိက, ဝယဝုဒ္ဓ,စရိလောက်လုံသိုထိုဂုဏ်တို့ဖြင့် ဖွယ်စုံပြောင်မြောက်မုန်သောက် မာတင် အာ ဝင် ဇာနည် မဟာ ထေရ် ဖြစ်တော်မူသော သက်တော်(၇၅)နှစ်၊ ဝါတော်(၆၅)ဝါရှိ ခုတ်မိုဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၆၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် ဗုဒ္ဓဟူးနေ့၌ စီရင်ရေးသားပြီးဆုံးတော်မူသောနိဗ္ဗာန်စာတမ်းကိုအိပ်မက်တော်အရ“စန္ဒမင်္ဂလာသုတ္တ” နိဗ္ဗာန်စာတမ်းဟုအမည်တက်သကဲ့သို့-

ထို့အတူ ကျွန်ုပ်သည်လည်း ၁၃၀၁-ခုသီတင်းကျွတ်လဆန်း ၂-ရက်(၁၄-၁၀-၃၉-)စနေနေ့၌ မက်ဘူးသော အိပ်မက်အတိုင်း ဆရာတဦး ရေးသားပေးသော “မဟာ ဉာဏ်မြင် ခုနစ်ရက်စဉ်” ဟူသော စာတမ်း ကို ၁၃၁၃ ခု သီတင်းကျွတ်လဆန်း ၁၅ ရက်(၁၅-၁၀-၅၁) တနင်္လာ နေ့၌ နိဒါန်း စာ မျက် နှာ ၁၀၀ ခန့် ရေးသား၍ **“သာသန မုခ”** ကျမ်းဟု အမည်တက်ကာ ထုတ်ဝေဖြန့်ချိခဲ့ပေသည်။

အနည်းငယ်ချဲ့ဦးအံ့။ ကျွန်ုပ်သည် ၁၃၀၁-ခုနှစ်တွင် စေတီတဆူကို တည်နေ၏။ ပန်းရံဆရာမှာ ဂျမားဆိုသူ

ဖြစ်၏။ ၎င်းနှစ် သိတင်းကျွတ်လဆန်း ၂ ရက် စနေနေ့၌ အောက်ပါအတိုင်း အိပ်မက်မြင်မက်၏။

"ဂျမားဏ် မိန်းမသည် ကျွန်ုပ်အား-ဆရာ သောကြာနေ့အလုပ် လုပ် လို့ ကောင်းမည် လား ဟု မေး ရာ ကျွန်ုပ်က ကောင်းသည်ဟုပြန်ပြောလိုက်သည်။ ထိုနောက်ဂျမားက သူ့မိန်းမကို ဘာမျှမပူနှင့်၊ တို့ရေအိုးနှစ်လုံးဟာဘယ်သူ့ဟာမျှသောက်လို့ မလျော့ဘူး၊ သာသနာတစ်ဝက်နီးပြီ၊ တို့ သာ သ နာပြုရမည်၊ ဒါဟာ "သာသနမုခ" လို့ခေါ်တယ်ဟု ပြောရာ ကျွန်ုပ်က မိတ်ဆွေတယောက်အား ဒါ-ကျွန်တော်တို့ကိုပြောတာ၊ ကျွန်တော်တို့သာသနာပြုရာမှာ ဂျမားက ပန်းရုံလုပ်ပြီး ကြိုးပွားအုံးမည်ဟုကျွန်ုပ်ကပြောရသည်။"

ထို အိပ် မက် အ တိုင်း ကျွန်ုပ် သည် "သာ သနမုခ" ဟူသော ပါဠိစာလုံးများ၏အဓိပ္ပါယ်ကို တွေးတောကြည့်ရာ၊ "သာသန" မှာမြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ဖြစ်၍ အတွေ့အကြုံ များဘူးသော စကားလုံးဖြစ်သော်လည်း 'မုခ'' ဟုဆိုသောစာလုံး၏ အဓိပ္ပါယ်ကို မသဲကွဲလှသဖြင့် လယ်တီ ပဏ္ဍိတ- ဆရာ ဦးမောင်ကြီး ရေးသားသော ပါဠိ အဘိဓာန်၌ ရှာတွေ့ရာ-

မုခ= ခံတွင်း, မျက်နှာ, ပြဋ္ဌာန်းခြင်း, အကြောင်း,အဦး အစ, အိမ်အဝင်, မုခ်။ ။

ဟူ၍၎င်း၊ တဖန်-ကျော်အောင်စံထား ဆရာတော်ဘုရား စီရင်တော်မူသော အဘိဓာန် ၌သူ၌-

မုခ=ခံတွင်း,နှုတ်သီး,ပြဋ္ဌာန်းခြင်း,အကြောင်း,မျက်နှာ

ဟူ၍၎င်း တွေ့ရှိရသည့်အပြင်- ပါဠိဆရာကြီး ဦးစောခရေးသားသော "ကုရင်မဟာရာဇဝင်တော်ကြီး" ၌-

## (ဃ) နိဒါန်း

မုခ=လက်မှန်, ရှေးဦးရှေးဖျား, အစအဦး, ကောင်းမြတ်ခြင်း, အမှန်အစ, အထွတ်အမြတ်၊

ဟူသောအနက်အဓိပ္ပါယ်ရှိကြောင်းကိုတွေ့ရှိရလေသည်။ ထိုပြင်မှတပါးလည်း—

သဗ္ဗေသံကမ္မဋ္ဌာနံ၊ ဗုဒ္ဓဝဏ္ဏောမုခံမတော။
သဗ္ဗေသံဗုဒ္ဓဝဏ္ဏောနံ၊ အရဟံပမုခံဘဝေ။ ။

ဟူသောဂါထာ၌ "မုခ" သဒ္ဒါသည် အကြီးအကဲအလွန်အမြတ်ဆုံးဖြစ်ကြောင်းကိုတွေ့ရှိရပြန်သည်။

အနက်ကား။ ။သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းတို့တွင်။ (ဝါ) ကမ္မဋ္ဌာန်းတကာတို့ထက်။ဗုဒ္ဓဝဏ္ဏော၊ ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်ကို။ မုခံ၊ အကြီးအကဲအလွန်အမြတ်ဆုံးဟူ၍။ မတော၊ သိအပ်၏။သဗ္ဗေသံ၊ အလုံးစုံသော။ ဗုဒ္ဓဝဏ္ဏာနဥ္စ၊ ဘုရားရှင်၏ ဂုဏ် ကျေးဇူးတော်တို့တွင်လည်း။ (ဝါ) ဂုဏ်ကျေးဇူးတကာတို့ထက်လည်း။ အရဟံ၊ အရဟံဂုဏ်တော်သည်။ ပမုခံ၊ အကြီးအမှူး အဦးအဖျားသည်။ ဘဝေ၊ ဖြစ်၏။

ဤ "သာသနမုခ" ဟူသော ပါဠိ စကား နှစ်လုံးကို အတိုချုံး၍ အဓိပ္ပါယ်ပြန်ဆိုရလျှင် " သာသနာ့ အထွဋ်အထိပ်အကြီးအမှူး" ဟူ၍၎င်း၊ "သာသနာ့အကြောင်းရင်း" ဟူ၍၎င်း။ " သာသနာ့မှန်ဦး" ဟူ၍၎င်း အဓိပ္ပါယ်များ ပေါ်ထွက်လာလေသည်။

ဤသို့ဆိုလျှင် "သာသန=သာသနာ" ဟူသော စကား၌ ဘာကို "သာသနာ" ဟုခေါ်ဆိုရမည်နည်း။

မြတ်စွာဘုရားသည် ၄၅ ဝါကာလပတ်လုံး ဟောကြားဆုံးမတော်မူအပ်သော တရားတော်တို့ကို "သာသနာ" ဟု ခေါ်ဆိုရလေသည်။ ထိုတရားတော်တို့ကို လိုရင်းအကျဉ်းချုံး လိုက်လျှင် ဝေနေယျတို့အား ဝဋ်ဆင်းရဲအပေါင်းမှ ကင်းလွတ်ခြင်းဟူသော "ဝိမုတ္တိရသ" တပါးတည်းသာဖြစ်၏။ တဖန်- ဝိမုတ္တိရသ အကျိုးငှါ ဟောကြားတော်မူအပ်သော တရားတော်တို့ကို ဓမ္မဆိုင်ရာတရားများ၊ ဝိနယဆိုင်ရာတရားများဟူ၍ နှစ်ပါးပြားပြန်၏။ ထို့ထက်တဖန် ပိဋကတ်အားဖြင့် သုံးသွယ်,နိကာယ်အားဖြင့်- ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ် ဟူ၍ငါးပါး၊ အင်္ဂါအားဖြင့် သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လဟူ၍ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရေတွက်သော် ရှစ်သောင်းလေးထောင်များ ပြောင်ကျယ်ဝန်းလှပေ၏။

ထိုသို့ကျယ်ဝန်းများပြားလှစွာသော တရားအပေါင်းတို့ကို သာသနာဟူ၍၎င်း,ဒေသနာဟူ၍၎င်း၊ ကထာဟူ၍၎င်း ခေါ်ဆိုအပ်၏။

ထိုသာသနာသည် ယထာပရာဓသာသနာ, ယထာနုလောမသာသနာ, ယထာဓမ္မသာသနာဟူ၍ သုံးပါးပြား၏။

''ယထာပရာဓသာသနာ'' ဟူသည်ကား အကြင်သတ္တဝါတို့၌ ကိုယ်ဖြင့်လွန်ကျူးမှု, နှုတ်ဖြင့်လွန်ကျူးမှုအပြစ်တို့သည် ရှိကုန်၏။ ထိုအပြစ်တို့ကို အပြစ် အလျောက်

ထိုက်သင့်သောဒဏ်ကိုပြု စေ၍ နောင်တဖန် အပြစ်ကျူး လွန်မှု မဖြစ်အောင် ဆုံးမ တတ်သော ဝိနည်းပိဋကတ်တော်သည် ယထာပရာဓသာသနာမည်၏။

''ယထာနုလောမသာသနာ'' ဟူသည်ကား သတ္တဝါတို့၏သန္တာန်၌ အမျိုးမျိုးသောအဇ္ဈာသယ, အမျိုးမျိုးသောဆန္ဒ, အနုသယ စရိုက် တို့ သည်ရှိကြကုန်၏၊ ထိုသတ္တဝါတို့၏ စရိုက်-ဝါသနာအလိုက် ခံတ်ကြိုက်နှင့် လျော်ညီအောင် ဟောတော်မူအပ်သောသုတ္တန် ပိဋကတ်တော်သည် ယထာနုလောမသာသနာမည်၏။

''ယထာဓမ္မသာသနာ ''ဟူသည်ကားသတ္တဝါတို့၏ အလိုအကြိုက်ကို မငဲ့ကွက်ဘဲ တရားဓမ္မသဘာဝတို့၏ ဖြစ်ပျက်သမျှ သဘာဝ အစုအပုံကို အကုန် ဖွင့်လှစ်၍ ဝိဘင်္ဂ မာန ပညတ်-အမည် အမျိုးမျိုး တင်ကာ ဟောကြားတော်မူအပ်သော အဘိဓမ္မာပိဋကတ်တော်သည် ယထာဓမ္မသာသနာမည်၏။

တနည်း။ ။ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာဟူ၍လည်း သုံးပါးပြားပေ၏။တနည်း အဓိသီလ သာသနာ, အဓိစိတ္တသာသနာ, အဓိပညာသာသနာဟူ၍လည်းသုံးပါးပြားသေး၏၊ သို့ရာတွင်အားလုံးကို လိုရင်းအကျဉ်းချုံးလိုက်သော်''ဝိမုတ္တိရသ''တည်း ဟူသော''အနတ္တ''သည်သာလျှင် သာသနာ အစစ် အမှန် ဖြစ်ပေ၏။

ထို့ကြောင့်—

"ရုပ်နာမ်ဆို ဝါဒမျိုး၊ နှမ်ချိုးဘုံခါတော်၊ မြတ်ဗုဒ္ဓရာဇာ ခေါ်သည်၊ ကမ္ဘာ့ပေါ်ထင်ရှား၊ သုံးဆယ့်တစ်ဘုံခရိုင်၊ အကုန်နိုင်ပွင့်မဲ့ဘုရား။ ။မှောင်မိုက်လို့နေခင်းလာ၊ ပြေတွင်းမှာကြည်ငြား၊ အပူစုံ မျက်စိမှားသူတို့၊ မျက်စဥ်းများ ဆောင်ပါ၊ ဘာသာမှာ သာသနာဆင့်၊ ရာဇာဖြင့် ထွက်လိမ့်မကြာ။ ။ ဝိဝါဒမျိုးစုံရှာလျှင်၊ ငြင်းခုံစရာအနန္တရာယ်ပွားမည်မို့၊ ရန်စွယ်များ သုံးကပ်အပူ၊ ဆိုးဖြတ်မဲ့သူ၊ နှလုံးခွာတတ် ဇွဲမှတ်အယူကို ခွဲဖြတ်မှု မြှော်ကြတော့လေး။ ။အနတ္တ-သာသနာကို ငါရာဇာပြုမည်တဲ့လေး။ ။

ဟူ၍ ရေးသား စပ်ဆိုခဲ့ပေ၏။

၁၃၁၃-ခုနှစ် သီတင်းကျွတ်လ အတွင်းက စတင် ထုတ်ဝေခဲ့သော "သာသနမုခကျမ်း" သည် " ဝိညာဥ်သိ အနတ္တ"၌သာ ဆိုးနေသော ကျမ်းဖြစ်လေရာ "နွား" ကို "ကေသရာဇာ"ဟု မှည့်ခေါ်ထားသကဲ့သို့ "သာသနမုခ" ဟူသော နာမည်နှင့် မထိုက်တန်ချေ။

ဥပမာ၊ ၁၀- တန်း ကျောင်းသား တယောက်သည် အတန်းထဲ၌မိမိရေးသားသောအင်္ဂလိပ်စာ- စာစီစာကုံး ကို အ ကောင်း ဆုံး ဟု ထင် မြင် မိ သည်၊ တန်းပြဆရာက လည်း ထို ကျောင်း သား အား တခြားသူများထက်ပညာ ဉာဏ်ထက်မြက်၍ အမှန်များသောကြောင့် ၎င်း၏စာစီစာ ကုံးကိုအလွန်ကောင်းမွန်သည်ဟု မှတ်ချက်ချလိုက်သည်၊ တပည့်ကျောင်းသားလည်းအလွန်နှစ်သိမ့်ကျေနပ်၏။ သို့ ရာတွင် ၎င်းကျောင်းသားသည် တက္ကသိုလ်သို့ ရောက်၍

# နိဒါန်း

ဘိ,အေ အောင်သောအခါ မိမိ ၁၀- တန်းတုန်းက ရေး သားစီ ုံးထားသောစာစီစာ ်းကိုပြန်၍တွေ့မြင်ရ၏။ ထို အခါ ဟိုစဉ်ကာမိမိအကောင်းဆုံးဟု ထင်မြင်ယူဆချက် များသည်အတော်ညံ့ဖျင်းသေးနုပ်နေကြောင်းကိုတွေ့မြင် သိရှိရ၏။

ဤဥပမာကဲ့သို့ ကျွန်ုပ်သည် သုတမယဉာဏ်ဖြင့် နှစ် သက်ကျေနပ်ခဲ့သောတရားဘ္ဂအပေါ်တွင် တရားနခန်းမ သတ်, ဆရာနခန်းမသတ်မှု၍ ဗိန္တာမယဉာဏ်ဖြင့်ဝေ ဘန်ခြင်း, ဘာဝနာမယဉာဏ်ဖြင့် တရားကို တိုးဘက် လိုက်စားဆည်းပူးအားထုတ်ခြင်းအားဖြင့် မဟာဉာဏ် မြင်ချနှစ် ရက်စဉ်ဟူသော စာတမ်းသည် အလွန်တိမ်နေ ကြောင်းကိုသိရလေသည်။

ထို့ကြောင့် ယခုကျွန်ုပ်ကိုယ်တိုင်ရေးသားသော ‘ပညာသိအနတ္တ’’ “ပညာသိဝိပဿနာ’’ ကို ရှင်းလင်းပြဆို ရာဖြစ်သည့်ကျမ်းကို “သာသနမုခဒီပနီ’’ ဟု အမည်တပ် ကာထုတ်ဝေဖြန့်ချိလိုက်ရပြန်ပါသတည်း။

နေမျိုးရာဇာ—မောင်ကြီး

ရန်ကုန်မြို့။

| | |
|---|---|
| သာသနာ—၂၅၀၀<br>ကောဇာ—၁၃၁၈ | တော်သလင်းလဆန်း၆-ရက်။ |

၁၉၅၆—ခု စက်တင်ဘာလ ၁၀-ရက်တနင်္လာနေ့။

# ပဏာမ

ဖုဋ္ဌါဒိစ္စဿိဝါဘာတိ၊ ကရုဏံသု ပဇာဒိပေ၊
ဉာဏံသု ဉေယျမာကာသေ ယထာရုစိ နမော
တဿ။ ။

ဖုဋ္ဌါဒိစ္စဿ၊ သဗ္ဗညုမြတ်စွာဘုရား တည်းဟူသော နေမင်း၏။ ကရုဏံ၊ အသာခရကာ ဖြစ်သော မဟာကရုဏာတည်းဟူသော အရောင် တော်သည်။ ပဇာဒိပေ၊ သတ္တဝါအပေါင်းတည်းဟူသောကျွန်း၌။ အာဘာတိဣဝ၊ လွန်စွာထွန်းလင်းသကဲ့သို့။ ဉာဏံသု၊ သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော အရောင် တော်သည်။ ဉေယျမာကာသေ၊ ဉေယျဓံတရားငါးပါးတည်းဟူသော ကောင်းကင်ပြင်၌။ ယထာရုစိ၊ ပကတိအလိုတော်အားလျော်စွာ။ အာဘာတိ၊ လွန်စွာ ထွန်းလင်း၏။ တဿဖုဋ္ဌါဒိစ္စဿ၊ ထိုမြတ်စွာဘုရားတည်းဟူသော နေမင်းအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

ပါပေတုံနီယနိဗ္ဗာနံ၊ သဝနတ္ထာယသန္တာနံ၊
ယထာဉာဏသာမတ္ထိယံ၊ အာဟဉ္ဆံ ဓမ္မဒုန္ဒုဘိံ။ ။

သန္တာနံ၊ ကလျာဏဓမ္မမိတ္တသူတော်ကောင်းတို့အား။ အနီယံ၊ အို, နာ, သေရေး ဘေးရန်ခပင်း ဆင်းရဲခြင်း ဒုက္ခမှ ကင်းဝေးရာဖြစ်သော။ နိဗ္ဗာနံ နိဗ္ဗာန်ကို။ သဝနတ္ထာ

ယ၊ တရားတော်ကို ကြားနာရခြင်းကြောင့်။ ပါပေတို့၊ ရောက်စေခြင်း အကျိုးငှါ။ ယထာဉာဏ သာမဂ္ဂိယံ၊ အကြင်မျှလောက် မိမိဉာဏ်တွင်းနှလုံးသွင်း၍၊ ပွားခြင်း ဘာဝနာ, ဝိပဿနာကို စွမ်းနိုင်သည် အားလျော်စွာ။ ဓမ္မဒုန္ဒုဘိ၊ အနုဿဝိပဿနာ တရားဘည်း ဟူသော စည်ကြီးကို။ အာဟဉ္ဆံ၊ တီးခတ်အလား-ရေးသား စီရင်ပေအံ့။ ။

.....:o:.....

# သာသနမူလဒီပနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နိုင်ငံရေးနှင့် သာသနာတော်

နိုင်ငံရေးနှင့် သာသနာတော်သည် တခုနှင့်တခု ဆက်သွယ်လျက်ရှိသည်။ ခွန်တွဲလျက်ရှိသည်။ တခုကိုတခု မှီခိုလျက်နေကြသည်။ နိုင်ငံရေး ကောင်းမှ သာသနာတော်တိုးတက်စည်ကား ကြီးပွါးနိုင်သည် သာသနာ ကြီးပွါးမှလည်း နိုင်ငံတော် ငြိမ်း သာယာ နိုင်သည်၊ တရားစောင့်သော နိုင်ငံဖြစ်နိုင်သည်။ နိုင်ငံရေး၌ဖြစ်စေ သာသနာရေး၌ဖြစ်စေ 'ရာဇာဥပမခေန်' ဟုဆိုသည့်အတိုင်း တိုင်းပြည်အုပ်ချုပ်မင်းလုပ်သောပုဂ္ဂိုလ်(ဝါ)အစိုးရသည်သာလျှင်ပဓာနဖြစ်သည်။ အရေးအကြီးဆုံးဖြစ်သည်၊ သာသနာတော် တိုးတက်ကြီးပွားသည် ဆိုသည်မှာ သာသနာ့ဒါယကာမင်းကောင်း မင်းမြတ်များကိုသာ အမှီပြုလျက်သာသနာတော်တိုးတက်ရလေသည်။ သို့ကြောင့် ပဓာနအရေးအကြီးဆုံး ဖြစ်သော မင်းကောင်း မင်းမြတ်ပေါ်ထွက်ရေးကို မြန်မာတိုင်းရင်းသားတို့၏ အယူဝါဒသိုက်သမိုင်းကိန်းခန်းတို့ဖြင့် မကျဉ်းမကျယ်ဝေဖန်၍ ပြဦးမည်၊

## ဂဝံပတေ့သိုက်

‘‘ × × × သောနှင့်သတ္တ၊ နဝတိုင်အောင်၊ ပြည်ကြီး လောင်ပူ၊ အိုးသို့ဆူလိမ့်၊ ပြည်သူဘိုင်းကား၊ ငတ်မွတ်ရှားသည်၊ လူများဝမ်းသွေးသိုက်၍ သေလတံ့၊ ခိုးသားရန်သူ စစ်မက်ထူ၍၊ မီးပေါက်လေးမြွား၊ လှံခါးသင့်ကာ သေလတံ့၊ နှောမှာမူ၊ လေပြင်းမုန်တိုင်း၊ မိုးကြိုးလှိုင်း၍၊ ကောင်းကင်မြေပြင်ကွဲလတံ့၊ ကောင်းကင်မှိုင်းမဲပဲ့ တင်ကြဲသည်၊ မိုးလည်းမပြင်း ဝေးလတံ့၊ မတရားသည့် လူများ၊ ထိုတွင်ဖြစ်လတံ့၊ လူရိုးလူကောင်း၊ တောင်နှင့်မျှလတံ့၊ နှမ်းတတင်းကား၊ သုဥ်းဖျင်းလတံ့၊ အုတ်ရှစ်တတင်းကြွင်းလတံ့၊ ဒသစင်စစ်၊ ဆန်းသည့်နှစ်မှာ၊ အလောင်းရာဇာ လူချမ်းသာကို ရှာလတံ့၊ ထိုမင်းနေရာ-ရွှေပြည်သာကို၊ ဆောစွာ နတ်တို့ပို့လဘံ့။ ဆင်ဖြူဆင်နီ၊ မမြင့်မိချောင် ရောက်လတံ့ × × ’’ ဟူ၍ငင်း။

## ငမှန်ကန်းသိုက်

“ဆယ်ခုသို့ ရောက်လျှင်၊ ပန်းတောင်း သက်သာမှာ မြို့တည်လတံ့၊ ထိုမြို့မင်းကိုကား ကုန်းဘောင်မင်းဟူ၍မန်းစက်တော်ရာအရပ်ဇင်ပြည်တွင် သိကြားမင်းအမည်ပေးလဘံ့၊ ထိုမင်းလောင်းကား-ရတနာ ဆင်ဖြူ သုံးစီးကို အစိုးရလတံ့၊ တစီးဆင်ဖြူဦးကား-ဓာတ်တော် မွေတော်ကိုတင်လတံ့၊ တစီးဦးကား ဓမ္မစကြာတရားတော်ကိုတင်

လတံ့ တစီး၌ကား- မင်းကိုယ်တော်တိုင် စီးလတံ့၊ ထို
မင်း-မင်းပြုသောအခါမှပြည်ထဲ လေးမျက်နှာ သာယာ
လတံ့၊ရတနာမိုး - သုံးကြိမ်ရွာလတံ့။ ငှင်းဆယ်ခုသို့
မရောက်မီ၊ ၉-ခုမှာကား ပြည်ရွာ အမှုအခင်းများမည်။
ရဟန်းသံဃာတို့ မချမ်းမသာရှိမည်၊ လူတို့လည်းတဖြင်
တပါးပျောက်သွား၍ကုန်မည်။××လူရိုးလူကောင်တောင်
နှင့်အမှုရှိလိမ့်မည်၊ ယောကျ်ားနည်းပါးမိန်းမများ၍ခိုက်
ပွားရန်မာန်ပြုလိမ့်မည်××။ မတရားမှု မကောင်းစုသည်
၉-ခုအတွင်း ကုန်လိမ့်မည်၊ ဆယ်ခုကြို၍ ကာဆုန်ဆန်းစ
ရက်အဌမှာ သမ္ဗုဒ္ဓလောင်း၊ မင်းကောင်း မင်းမြတ်ပေါ်
လိမ့်မည်—''ဟူ၍ငှင်း—။

## ရွှေတိဂုံသိုက်

''×× သောနှင့်သဏ္ဍာန၀တိုင်လျှင်ပြည်သူလူအပေါင်း
တို့သည် အရိုးတောင်နှယ်ပုံ၍ သွေးချောင်းသို့ စီးလတံ့။
ဒူးထောင်-ပေါင်ကား ပြေးပါကြားလည်း တောင်ဖျားမ
ရောက်၊တောင်လယ်လောက်တွင်ပျောက်လတံ့။ကရိက
ရင်၊ မိန်း မဆောက်သည့်လေးတိုင်စင်ကို မြင်လိမ့်မည်။
မိန်းမတတွေ တမျိုးနေသည်ကို အခြေ မရှင်မြင်သူသ
နှောင့်သနားတည်း။န၀တိုင်လျှင်လူသူအကုန်သေလတံ့။
တိကာလမှ အနောက် တောင်အရပ်က သမ္ဗုဒ္ဓလောင်း
မင်းကောင်း နရိန္ဒ၊ ဒသစွန်းကျော်နှစ်နှပေါ်တွင် ဂဠုန်နဂါး၊
ဆင်ပြူ သုံးစီး၊ သံခမောက်ဆောင်း လေးယောက်နှင့်

အနောက်တောင်ရိုးကရောက်၍လာလိမ့်မည်။ ဆင်ဖြူသုံးစီးအနက် တစီးကားပိဋကတ်၊ တစီးကားမွေတော်ဓာတ်တော်တင်လိမ့်မည်။ တစီးကိုကား မင်းစီးလိမ့်မည်။ သံခမောက်ဆောင်းလေးယောက်တို့တွင် တယောက်မှာအသံကြီး၏ ဒေါ်ဓာတ်တိက္ကမရှိ၏။ တယောက်ကားမြေကြောရှုံ့တတ်၏၊ တယောက်ကားပြဒါး, သံသေ၍ တပြည်လုံးကိုဝအောင်ကျွေးနိုင်၏၊ တယောက်ကား အရပ်လေးမျက်နှာမှလာသမျှရန်သူတို့ကိုနှိမ်နင်းနိုင်၏။ ဤသို့လာသော ကာလသိကြားမင်းက ခနိုးဦးကြုံဆို၍ အရှင်မင်းသားသည်ပြည်ရွာပြုရအောင် လာသလောဟု မေးလျှင်၊ ရာမသမ္ဗုဒ္ဓမင်းက ဟုတ်ကြောင်းကိုပြော၏။ ထိုသို့ဖြစ်လျှင် ငါ၏ဆင်ဖြူသုံးစီးကို ယူလေလောဟု သိကြားမင်းကပေး၏။ ထိုမင်းသည် ဆင်ဖြူ သုံးစီးကိုယူပြီးလျှင် သက်သာပန်းတောင်းသို့ ပြောင်း၍ မြို့ကြီးတည်လတံ့ ××။ ထိုရာမသမ္ဗုဒ္ဓမင်းကိုတွေ့ရသောသူတို့သည်ပြဒါးပြာကိုလျက်၍အသက်ရှည်လိမ့်မည်။ ပဒေသာပင်ပေါက်လိမ့်မည်။="
ဟူ၍၎င်း-။

## နတ်စက်ရောင်သိုက်

"ကောဇာ- ၁၃၁၆- ခု။ ရာမနယ သေသကာလေ၊ ၁၀၅၂ ခုကြွင်းသောကာလ၌။ စိနပဒေသေ၊ စိန္နတိုင်းအရပ်၌၊ ကောတမ္ဗနဂရေ၊ ကောင်းတုံမြို့၌။ ဘယဂတက္ကာ၊ ဘေးရောက်သောကြောင့်။ သဗ္ဗဇနာနံ၊ လူခပ်သိမ်းတို့သည်။ ရာသီရာသီ၊ အစုအစု။ ကရိဿန္တိ၊ ပြုကျန်လတံ့။"

“သာသနာနှစ် ၂၄၉၈။ အငြှနှင့် နဝ၊ ဇယနွေးကြို၊ မြို့ကောင်းတုံ၊ ဗိုလ်ပုံအရပြုလတံ့။”

“ကောဇာ- ၁၃၁၇- ခု။ ဝိဝနက သောသကာလေ၊ ၁၀၄၉ ခု ကြွင်းသောကာလ၌၊ စတ္တာရိကုလာနိ၊ အမျိုးလေးပါးတို့သည်၊ ဝိသုံဝိသုံ၊ အသီး အသီး၊ အဟံမာနံ၊ ငါဟူသောမာန်မူခြင်းကို၊ ကရိဿန္တိ၊ ပြုကုန်လတံ့။”

“သာသနာနှစ် ၂၄၉၉။ နောနောဇယာ၊ နွေးရောက်ခါ၊ လေးဖြာလူများ၊ မျက်ပွားမာန်စောင်ထိုးလတံ့။”

“ကောဇာ- ၁၃၁၈- ခု။ တာဝနိဠသောသကာလေ၊ ၁၀၄၆ ခု ကြွင်းသောကာလ၌၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏၊ သာသနက္ခရာ၊ သာသနာတော်ကုန်သောကြောင့်၊ သဏ္ဍာယာဓိတံ၊ သိကြားမင်းတောင်းပန်အပ်သော၊ သာသနံ၊ သာသနာတော်ကို၊ အပ္ပမာဒေန၊ မမေ့မလျော့သဖြင့်၊ ရက္ခိဿတိ၊ စောင့်ရှောက်လတံ့။”

“သာသနာနှစ်- ၂၅၀၀၊ မြွေနှင့်နဂါး၊ ကြွက်နှင့်ကျား၊ ရောက်ငြားထိုခါ၊ သာသနာ၊ ဒေဝါနတ်များကူလတံ့။” ဟူ၍ရင်း၊ လောကီပညာရှိများ ရေးသားထားကြသည်ကို သိုက်စာအသီးသီးတို့၌တွေ့မြင်ဖတ်ရှုရပေသည်။

## ဝေဖန် ကောက်ယူချက်များ

ရင်းသိုက်စာများသည် သက္ကရာဇ်၉၉၁-ခုနှစ်သာလွန်မင်းလက်ထက်နှင့် သက္ကရာဇ် ၁၀၃၄- ခုနှစ် ဝမ်းဘဲအင်းစံမင်းတို့လက်ထက်မှစ၍ မြန်မာပညာရှိကြီးများက

မှန်ကန်စိတ်ချ ယုံကြည်ရသည်ဟု အသိအမှတ် ပြုထား သော သိုက်စာများ ဖြစ်ကြသည်။ ၎င်းသိုက်စာများကို အမှီပြု၍ မောင်းထောင် ဦးကျော်လှ ဆိုသော ပညာရှိ ပုဂ္ဂိုလ်ကြီး က လည်း သံချို အမျိုးမျိုး ရေး သား ပြီး အကောက်အယူများကို ပေါ်ပြခဲ့လေသည်။ မှန်တာလဲရှိ မှားတာလဲရှိခဲ့သည်။

၎င်းသိုက်စာများ၌ အရေးအကြီးဆုံး အချက် များမှာ "သောနှင့်သတ္တ အ ဋ္ဌ န ဝ သို တိုင် အောင် ပြည် ကြီး လောင် မူ အိုးသိုဆူအံ့XX" ဆိုသော အချက်များနှင့် "ဒ သ စင် စစ် ဆန်း သည့် နှစ် မှာ အ လောင်း ရာ ဇာ လူ့ ချမ်း သာ ကို ရှာ လတံ့XX" အစရှိသော အချက်များဖြစ်ကြသည်။

အချို့ ပညာရှိများသည် ၁၀- ပြည့်နှစ်က စွန်းတိုင်း စွန်းတိုင်း ဇသော၊ဇသတ်ဘဲဟု ပြောဆိုကြသည်။ ဥပမာ ၁၂၆၆၊ ၁၂၇၆၊၁၂၈၆၊၁၂၉၆၊အစရှိသော ၆ အစွန်း ၇-အစွန်းနှစ်များကို၊ တနှစ်မမှန်တနှစ်မှန်ဖြစ်စေရန် ရည် သန်ပြီး ကောက်ယူခဲ့ကြသည်၊ အချို့ဆရာများကလည်း ဆယ်စွန်းမဟုတ် ရာစွန်းသာလျှင်မှန်ကန်မည်ဟု ၁၃၀၆ခု ၁၃၀၇ခု၊ ၁၃၀၈ခု၊ ၁၃၀၉ခုနှစ်များကို အဆိုးဟုကောက် ယူခဲ့ကြပြီး ၁၃၁၀ ခု နှစ်၌မင်းကောင်းမင်းမြတ်ပေါ်မည် ဟုကောက်ယူဝေဖန်ကြပြန်သည်။ ယခု ၁၃၁၀- ခုနှစ် သို့ရောက်သေပြီ။ အချို့ဆရာများသည် တိုင်းပြည်အဖြစ် အပျက် အခြေအနေနှင့် မိမိစိတ်သဘော အယူအဆ

မကိုက်ကြ ပြန်သောအခါ မိဿက သင်္ချာနည်းအားဖြင့် ၁၃၁၃ ခုကိုအဋ္ဌ(၈)၊၁၃၁၄ ခုနှစ်ကိုနဝ(၉)ဟုကောက်ယူကြပြီးလျှင် ၁၃၁၅-ခုနှစ်ကို (၁၀) ဒသစင်စစ် ဆန်းသည့်နှစ်ဘဲဟု ဆိုကြပြန်သည်။ ဤကဲ့သို့ယူဆခြင်းသည်လည်း နတ်စက်ရောင် ဇာဂရုသိုက် အလိုနှင့် ကိုက်ညီအောင် ကြံဖန်ယူဆခြင်းသာ ဖြစ်ဟန်တူသည်။ ဥပမာ ၁၂၉၃-ခုနှစ်ကို မိဿကသင်္ချာနည်းဖြင့်ကောက်ယူလျှင် ''သော''ဆိုသော(၆)ဖြစ်ခဲ့သည် ကိုလည်း သတိပြုသင့်သည်။သို့ကြောင့် လောကီပညာရှိများရေးသားကြသော သိုက်စာများ၌ ပေါ်ပြူလျက်ရှိကြသော ခုနှစ်သက္ကရာဇ်များကို တထစ်ချ မှန်ကန်လှပြီဟု အယူမသည်းကြစေလိုသည်။ဝိဇ္ဇာဂိုဏ်း ဆရာများ လှည့်ပတ် ပြောကြားတိုင်းလည်း ယုံကြည်ရန် မသင့်ကြချေ။ ကိုယ်တိုင် မပိုင်သေးသော ဂိုဏ်းဆရာက များပြားလေသည်။ ဝိဇ္ဇာတု-ဝိဇ္ဇာယောင်များ ပေါ်များကြလေသည်။

## ဘုရားသိုက်

ဘုရားသိုက် ဆိုသည်မှာ မြတ်စွာဘုရား၏ ဗျာဒိတ်တော်များကိုဆိုလိုသည်။ဝင်ကိုးဝင်အပါအဝင်''**ဆဓောသဓာတုဝင်**''၌မြတ်စွာဘုရား၏ဗျာဒိတ်တော်၄ချက်နှင့် ရှင်အနုရုဒ္ဓ၊ ရှင်သောဘိတ၊ ရှင်ပဒုမုတ္တရ၊ ရှင်ဂုဏသာဂရ၊ရှင်ဉာဏပဏ္ဍိတ၊ရှင်ရေဝတဟူသောရဟန္တာကြီး ၆ ပါးတို့၏ဗျာဒိတ်တော် ၃ ချက်ကို တွေ့မြင်ရပြန်သည်။

## မြတ်စွာဘုရား၏ ဗျာဒိတ်တော် ၄ ချက် သည်ကား-

(၁) နပဿာမိ အာနန္ဒ တသ္မိံ ဇနပဒေ သတ္တာနံ ပရိဟာနိံ ဝုဍ္ဎိမေဝ ပဿာမိ။

(၂) မမ ပရိနိဗ္ဗာနတောပဟိ အာနန္ဒ ပဉ္စဝဿ သဟဿာနိ မမ သာသနံ ပတိဋ္ဌိတံ ဘဝိဿတိ။

(၃) ဣမာဆကေသဓာတုယော ပဉ္စသဘာဂိကန္ဒိသဟဿဝဿာနိ ဒုက္ခိတာဘဝိဿန္တိ။ တတော ပရံ မဟာပူဇာ သက္ကရော ဘဝိဿတိ။

(၄) ဧကောကံစေတိယံမဟာသတ္တ ဗန္ဓိယံ ဘဝိဿတိတိ ဗျာကာသိ။ ဟူသည်များဖြစ်ကြသည်။

(၁) ပဌမဗျာဒိတ်တော်၏ အဓိပ္ပါယ်မှာ "ချစ်သား အာနန္ဒာ၊ ထိုဇနပုဒ်၌ နေထိုင်ကြကုန်သော သတ္တဝါတို့၏ ဆုတ်ယုတ် ပျက်စီးခြင်းကို ငါဘုရားမြင်တော်မမူ၊ စည်ကားကြီးပွားခြင်းကိုသာလျှင် ငါဘုရားမြင်တော်မူ၏"။

(၂) ဒုတိယဗျာဒိတ်တော်မှာ "ချစ်သားအာနန္ဒာ ငါဘုရား ပရိနိဗ္ဗာန် စံယူတော်မူပြီးသည်ကစ၍ နှစ်ပေါင်း ၅၀၀၀ ပတ်လုံး ငါဘုရား၏ သာသနာတော် တည်ပေလတ့်။"

(သာသနာ ၅၀၀၀ ထားတော်မူခဲ့သော ဗျာဒိတ်တော်)

(၃) တတိယဗျာဒိတ်တော်မှာ- "ချစ်သားအာနန္ဒာ ဤ၆-ဆူသော ဆံတော်ဓာတ်တို့သည်အနှစ် ၂၅၀၀ တို

ပတ်လုံးလူတို့၏ပူဇော်သက္ကာရကိုမခံရဘဲ ဆင်းရဲကြဘုန်လတံ့၊ ထိုနှစ်ပေါင်း ၂၅၀၀ တိတိသာသနာ ထက်ဝက်ပြည့်သည့်နောက်မှ-လူတို့၏ကြီးစွာသော ပူဇော်သက္ကာရကို ခံကြရလတံ့”။

ဤတတိယ ဗျာဒိတ်တော်၌ နှစ်ပေါင်း ၂၅၀၀–ကျော်လွန်သည့် နောက်မှ လူတို့၏ ပူဇော်သက္ကာရကို ခံရမည်ဟု ဗျာဒိတ်ထားတော်မူခြင်း၏ အကြောင်းရင်းကို တွေးတော စဉ်းစား ကြည့်လျှင်-ထိုအချိန်ထိုအခါ၌လူတို့သည် လောဘ, ဒေါသ, မောဟစသော တရားများ ဖုံးလွှမ်းကြ၍ရတနာသုံးပါးကိုကြည်ညိုခြင်းတည်းဟူသော ပသာဒသဒ္ဓါသည်ပင်လျှင် ဆုတ်ယုတ်ပျက်ပြားကြမည်။ ပသာဒသဒ္ဓါ မရှိကလည်းပါအဘယ်မှာလျှင် ဩကပ္ပနသဒ္ဓါ, အဝိဂမသဒ္ဓါသို့ရောက်ကြ၍ အရိယာ သောတာပန်စသည် ဖြစ်နိုင်ကြပါအံ့နည်း။ ထို့ကြောင့် သတ္တဝါအများတို့ - ရတနာသုံးပါး၌ ယုံကြည်မှု သဒ္ဓါတရားကို ဖြစ်ပေါ်နိုင်စေရန် ဖြစ်၏။

သီဟိုဠ်ကျွန်း၌ သာသနာ ဆုတ်ယုတ် ကွယ်ပျောက်လုမတတ်ဖြစ်သောအခါ ဒုဋ္ဌဂါမဏိ မင်းကြီးနှင့် တကွနန္ဒိမိတ္တ, နိမိလ, စေဠုသုမန, မဟာသောဏစသော သူရဲကောင်းကြီးများနှင့် ကလျာဏ ဆင်ဘော်များ ပေါ်ပေါက်လာရခြင်းသည်အဋ္ဌုပ္ပတ္တိတစ္ဆေပင်ဖြစ်ကြသည်။

ယောနကတိုင်း သာဂလပြည်၌ မိလိန္ဒ မင်းကြီး၏ အမေးပြဿနာများကြောင့် ရဟန္တာများ ဟိမဝန္တာသို့

ကြွသွားကြရ၍ သာသနာတော် ပျက်ပြားလုမတတ် ဖြစ်သောအခါ အရှင်နာဂသေနမထေရ် ထွက်ပေါ်တော်မူလာရခြင်းသည်လည်း သာသနာတော်အတွက်အဘ္ဘုတ ဓမ္မပင်ဖြစ်ပေ၏၊ အဗ္ဘုတ ဓမ္မဆိုသည်မှာ မဖြစ်ဘူးမြဲထူးကဲ၍ ဖြစ်ပေါ်လာသော တရားဖြစ်၏။ ပြောမယုံ-ကြုံဘူးမှသိ-ဟူသော စကားကဲ့သို့ မျက်မြင် ဒိဋ္ဌတွေ့ကြုံရမှ ယုံကြည်သော ကိစ္စမျိုးကို ဆိုလိုသည်။

သို့ကြောင့် မြတ်စွာဘုရား၏ မုက္ခပါဠိတော်များ ဖြစ်ကြသောတရားဒေသနာတော်များကိုအယုံအကြည်နည်းလာခြင်း, ဝိဝါဒအမျိုးမျိုးဖြစ်လာခြင်း,လောကကြောင်းဓမ္မကြောင်းတို့ကို အလေးဂရု မပြုကြခြင်း, ဝိသမလောဘ, အဓမ္မရာဂ, မိစ္ဆာဓမ္မဟူသော အယုတ် တရားသုံးပါး လွှမ်းမိုး၍လာကြခြင်းတို့ကြောင့်ကပ်ကြီးသုံးပါးတိုက်သော ခေတ်ကာလ, အချိန်အခါမျိုး၌သော ဤသာသနာ စေတီအစရှိသော ဓမ္မစေတီ ၆ ဆူသည် အဗ္ဘုတဓမ္မအနေမျိုးဖြင့် ပေါ်ပေါက် ရလိမ့်မည်ဟု ယုံကြည်ရပေကြောင်း။

(အကျယ်ကိုဆကေသဓာတုဝင်၌ ကြည့်ကြပါကုန်။)

(၄) စတုတ္ထဗျာဒိတ်တော်သည်ကား "ချစ်သားအာနန္ဒာ-ထို ၆-ဆူသော စေတီတော်တို့အနက် တဆူတဆူသောစေတီတော်၌ လူပေါင်းများစွာ ပါဝင်သောဂေါပက ဘုရားလူကြီးများ ဖွဲ့စည်းကြလတံ့။—"ဟူ၍ ဖြစ်သည်၊

## ရဟန္တာကြီးများ၏ဗျာဒိတ်တော်များကား—

(၁) ဣဒံစေတိယံအနာဂတေသတဗျာမံဘဝိဿတိ။
(၂) ဣဒေဝ "ဓမ္မရာဇာဘပိ" ဘဝိဿတိ၊
(၃) တံပနစေတိယံ ပန္တာ သောဏ္ဍာယ စေတိ ယတ္တိပါကဋံ၊

ဟူ၍ပဋ္ဌာန်နတ်မင်း-တည်ထားအပ်သော ဆံတော်စေတီကို အကြောင်းပြု၍ ၃-ခွန်းသော ဗျာဒိတ် တော်မြွက်ထားတော်မူခဲ့ကြပြန်သည်။

(၁) ပဌမ ဗျာဒိတ်တော်မှာ "ဤစေတီတော်သည် သာသနာတော် ထက်ဝက်ကျော်သော နောင်အနာဂတ် ကာလ၌အလံ ၁၀၀ မြင့်သော စေတီတော် ဖြစ်လတံ့။"

(၂) ဒုတိယ ဗျာဒိတ်တော်မှာ "ဤဆံတော် စေတီကိန်းဝပ်စံပျော်တော်မူရာ အရပ်၌ပင်လျှင် ဓမ္မရာဇာမင်း ကောင်းမင်းမြတ်ပေါ်လာအံ့။"

(၃) တတိယဗျာဒိတ်တော်မှာကား "ထိုစေတီတော်သည်သာသနာထက်ဝက်ကျော်သောအခါသောဏ္ဍာယ စေတီတော်ဟုဘွဲ့မည်တော်တွင်လတံ့။" ဟူ၍ ဖြစ်သည်။

ဒမိဠ္ဌထူပဝင်၌ "ကေသဓာတုနံ နိဝါသနဋ္ဌာနတ္တာ ကေသဝတီတိ နာမံ အာလပ္ပတိ" ဟုဆိုပြန်ရကား၊ ထိုဓမ္မရာဇာ မင်းကောင်း မင်းမြတ်တို့သည် ထိုစေတီတော် ဖူးပေါ်

တော်မူရာအရပ်ကို ''ကေသဓာတ်မြို့''ဟု သမုတ်၍တည် ထောင်ဖန်ဆင်းမည်ဟု ဆိုလိုသည်။ (ယုံကြည်သော သူများ ယခုက ကြိုတင်စီမံသင့်ကြပြီဟု သဘောရသည်။)

ဤဆကေသ ဓာတုဝင်ကို ကိုးကား၍ ခနိုပြူ မြို့နယ် ညောင်ချောင်းရွာလျှင် ဖွားရာဇာတိ ရှိသောသိရိဘဒ္ဒန္တ ဉာဏဝံသ ဘွဲ့တော်ရသည့် ညောင်ချောင်း ဆရာတော် ဘုရားကြီးသည်သက္ကရာဇ် ၁၂၈၈-ခုနှစ် တန်ခူးလပြည့် နေ့တွင်သထုံခရိုင်ဘီးလင်းမြို့နယ် တောင်စွန်းကေလာသ တောင်ထိပ်၌ (အဟောအဆွေ့ ရိယာ၁ဝတ-သောတ္တာ၁ယ စေတီတော်ကြီးကျောက်စာ)ကို စိုက်ထူတော် မူခဲ့လေ သည်၊

ထိုကျောက်စာနိဂုံး၌“×××အနော်ပမ၊သမ္ဗုဒ္ဓ၏၊ထုတ်ပြမိန့်မှာ၊ သာသနာစက်၊ ငါးထောင်ဝက်၌၊ စည်မျက်နှာဟန်၊မြေကြန်မင်္ဂလာ၊ ကေလာသထိပ်၊စက်ရိပ်နယ်ကုန်၊အရုဏ်ရောင်ဆင်း၊ မြေတလင်းဝယ်၊ ထွဋ်မင်းဓမ္မရာဇ်၊ ဘုန်းကျိုးလှစ်၍၊ခုနစ်အင်္ဂါ၊သမ္မာပုဏ္ဏား၊ကေသဝတီ၊ ပုရိသမိုက်၊ထီးနန်းစိုက်လိမ့်၊××”ဟုမိန့်ဆိုတော်မူခဲ့လေသည်။

(အကျယ်ကို ဆကေသဓာတုဝင်နှင့်သောတ္တာယစေတီကျောက်စာ တို့၌ကြည့်ပါ။)

## ညောင်ချောင်း ဆရာတော်ဘုရားကြီးက-

“ဤပြဆိုအပ်ကုန်သော ဗျာဒိတ်တော် (၃) ခွန်းတို့တွင် ပဥ္စမဗျာဒိတ်တော်လာ “အနာဂတေ” ဟူသောပုဒ်ကို “သာ သနာတော်ထက်ဝက်ကျော်သော နောင် အနာဂတ်ကာလ၌”

ဟုဆောဇနာခဲ့ရာ၌ ထက်ဝက်မှ နှစ်ပေါင်းဘယ်မျှလောက် ကျော်အောင်ဆိုင်းငံ့ စောင့်လင့်ရဦးမည်နည်းဟု တွေးတော ဆင်ခြင်ရန်ရှိ၏။ အထက်၌ပြဆိုခဲ့ကုန်သောဘုရားဗျာဒိတ် တော်(၃)ခွန်းတို့တွင် တတိယဗျာဒိတ်တော်လာ“ တတော ပရံ မဟာပုဇာသက္ကရာဇ်ဘဝိဿတိ” ဟူသောဝါကျ၌တတော ပရံ ပုဒ်တို့ဖြင့်-“တတောပရံ ဘဝဂ်ပါတော” ၌ ကဲ့သို့ အနန္တ ရကာလ ၂၅၀၀– ပြည့်သည့်မှနောက်တနှစ်ဟုယူမှုလည်းသင့် တန်ရာ၏။ “တတောပရံ စိတ္တဇာဟာရာဇရူပဥ္စ ဝေါစ္ဆိန္ဒတိ” ၌ကဲ့သို့မြန်လျှင် ၅နှစ် အတွင်းလောက်၊ ကြာလျှင် ၁၀- နှစ်အ တွင်းလောက်ဟု အနုမာန နှိုင်းဆဘွယ်လည်းသင့်တန်ရာ၏။”

ဟူ၍ ဝေဖန်တော်မူထားပြန်ရာ- မောင်းဘောင်ဦးကျော် လှရေးသားသော- “ငွေစန္ဒာစန်းယှန်မင်းတို့၊ ကြက်မင်း ဥဏ္ဏဂူ နှင့်၊ပုံအတူလာ၍ဆပ်ပြန်ဘော့၊ စွန်းဒသ-၏အခါ၊ပြည်ရွာကငြိမ်းဧ။” ဟူသော အချိုးနှင့်ကိုက်ညီသဖြင့် သာသနာနှစ် ၂၅၁၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၈-ခုနှစ်၌ ဓမ္မရာဇ်မင်း ကောင်းမင်းမြတ်ပေါ်ပေါက်၍ ငြိမ်းချမ်းရေး အစစ်ကိုရ လိမ့်မည်ဟုမြော်လင့်ရပေကြောင်း။ ပဥ္စမရွှေးကောက်ပွဲ အစိုးရဖြစ်တန်ရာ၏။

ငွေစန္ဒာစန်းယှန်မင်းဆိုသည်မှာ ၂ ဖြစ်၍ ကြက်မင်း ဥဏ္ဏဂူ ဆိုသည်မှာ ၅ ဖြစ်သည်။ ၂ နှင့် ၅ထပ်ပြီးနောက် ဒသ=၁၀- အစွန်းဟုအဓိပ္ပါယ်ရသည်။

၅၂သို့ယူဆပါမှ သာသနာနှစ် ၂၅၀၆, ၂၅၀၇, ၂၅၀၈, ၂၅၀၉ နှစ်များဖြစ်ကြသောကောဇာသက္ကရာဇ် ၁၃၂၄, ၁၃၂၅, ၁၃၂၆, ၁၃၂၇- ခုနှစ်များ၌ အဆိုး ကြီးဆိုးလိမ့်ဦးမည်ဟုစိုးရိမ်မကင်းဖြစ်ရပေ၏။

(သောနှင့်သတ္တ၊ နဝတိုင်အောင်၊ ပြည်ကြီးလောင်ပူ၊အိုးသို့ဆူအံ့- ဟုဆိုသောစကားအတိုင်းဖြစ်၏။ သို့ရာတွင် သာသနာကို ဦးထိပ်ထား၍ လုပ်ကိုင်ဆောင်ရွက်ကြပါမူကားပြေပျောက်တန်ရာ၏။)

မည်သို့ပင်ဖြစ်စေ - ဆကေသဓာတုဝင်အလာ - မြတ်စွာဘုရား၏ ဗျာဒိတ်တော်များနှင့် ရဟန္တာ အရှင်မြတ်ကြီးတို့၏ ဗျာဒိတ်တော်များ-အစစ်အမှန် ဖြစ်ကြပါမူကား သထုံခရိုင်ဘီးလင်းမြို့နယ် ကေလာသ တောင်ထိပ်၌ ၁၃၂၀-ခု နှစ်လောက်တွင် အလုံတာရာ မြင့်သောသောဏ္ဏာယစေတီတော်ပေါ် ပေါက်သောအခါဝဋ္ဋရာဇ်မင်းကောင်း မင်းမြတ် အုပ်စိုးလိမ့်မည်ဟု ယူဆရ ပေသည်။

ဘီးလင်း မြို့နယ်သည် ကရင်ပြည်နယ်နှင့် စပ်လျက်တည်ရှိ၏။ နယ်သူ နယ်သားများမှာ အများအားဖြင့် ကရင်အမျိုးသား, မွန်အမျိုးသား, တောင်သူ အမျိုးသားများဖြစ်ကြသည်။

ကရင် အမျိုးသားများမှာ ကဿပဘုရားရှင်၏ သာသနာတော်တသောင်းတန်းတွင် ဇမ္ဗူဒိပ်တကျွန်းလုံးကို စိုးမိုးအုပ်ချုပ် မင်းလုပ်ခဲ့ကြသော ဝါသုဒေဝ, ဗလဒေဝ စသော ညီနောင်တကျိပ်အနက် အငယ်ဆုံးအင်္ကုရ မင်းသားမှ ပေါက်ပွါးဆင်းသက်လာကြပြီးနောက်အရိမဒ္ဒနာပေါက္က ံပြည့်ကြီး၌ သက္ကရာဇ် ၇၉-ခုနှစ်တွင်မင်းပြုတော်မူသောပြုစောထီးမှစ၍ သည်းထန်မင်းတိုင်အောင် မင်း

ခြောက်ဆက်တို့ကို ကရင်နန်းရိုး-ကောလိယ မင်းမျိုးဖြစ်ကြောင်းနှင့် ပါဠိဆရာကြီး-ဦးစော ရေးသားသော ကုရင်မဟာရာဇဝင်တော်ကြီး၌ တွေ့မြင်ရ၏။

မွန်အမျိုးသားများမှာ ဂေါတမမြတ်စွာဘုရားမပွင့်မီ နှစ်ပေါင်း ၂၅၀၀-ကျော်သောက်က ဩက္ကာကရဇ္ဇ မင်းမျိုးမှဆင်းသက်လာကြသောလူမျိုးဖြစ်၍တောင်သူအမျိုးသားများမှာ မူကား-ဒေဝဒဟ မင်းမျိုးမှ ဆင်းသက်ပေါက်ပွါးလာကြသော လူမျိုးများဖြစ်ကြောင်းကိုလည်း ၎င်းရာဇဝင်တော်ကြီး၌ဖေါ်ပြထားလေသည်။

"ကရင်,မြန်မာ,မွန်,ရှမ်း,ကရင်နီ,ချင်း,တောင်သူ စသောသူတို့မှာ နောက်ဆိုခဲ့သည့်အတိုင်း ကမ္ဘာ့အစ၊သမ္မုတိအဆက်၊မပျက်နှီးနွယ်၊ဆက်သွယ်လာခြင်း၊အရင်းမကွဲပြား၊ မခြားနားကြ၊ မျိုးရိုး၏အစ၊ ပဘဝအတူဖြစ်၍ ကရင်ဆိုလျှင် မွန်,မြန်မာ,ရှမ်းစသည်၊ မွန်,မြန်မာ,ရှမ်းစသည်ဆိုလျှင် ကရင်စသည်ကို ရနိုင်သောကြောင့် သဟာဣနည်း, သဟာဝုတ္တိနည်းတို့၏ အစွမ်းဖြင့် ကရင်ကို ထင်ရှားစေလို၍သာ ကရင်နန်းရိုးဟူ၍ဆိုသည်၊ ကရင်နန်းရိုးဆိုလျှင် မွန်နန်းရိုး, မြန်မာနန်းရိုး,ရှမ်းနန်းရိုးဟူသော အဓိပ္ပါယ်ဆောက်လေသောကြောင့် မဟာရာဇဝင်စသော ထိုထိုရာဇဝင်တို့ အဆိုအမိန့်များနှင့် မဆန့်ကျင်—"ဟူ၍လည်းဖေါ်ပြထားလေသည်။

ပြူ,ကမ်းယံ,သက် ဟူသော လူမျိုး သုံးမျိုးစလုံးပင် ကောလိယမင်းမျိုးမှ ဆင်းသက် လာကြပြီးနောက် ပြူလူမျိုးမှမြန်မာ,ချင်း,ရှမ်း,ကချင်၊ကမ်းယံလူမျိုးမှ ကရင်, ကရင်နီ,မွန်,တောင်သူ၊သက်လူမျိုးမှ ရခိုင်စသည့် လူမျိုး

များ ကွဲပြားလာကြသည်မှာ ရေမြေကိုလိုက်၍ ဒေသ, ကာလ, ဝေါဟာရကို လိုက်၍ ကွဲပြားလာကြသည်ဟု အဆိုရှိလေသည်။

ဂေါတမမြတ်စွာဘုရားသည် ငါးဝါမြောက်၌ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ဒေသစာရီကြွချီတော်မူခဲ့၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဆုံးမတော်မူရာတွင် ယောက်ျားငါးရာ-မိန်းမငါးရာ ရဟန္တာဖြစ်ကုန်ကြ၍ ရှစ်သောင်း လေးထောင်သော ပရိသတ်တို့ အကျွတ်တရား ရကြကုန်၏။ ၎င်းပရိသတ်အနက် ကောလိယနန်းရိုး ကရင်မင်းမျိုးတို့ အများအပြား ပါဝင်ကြသည်ဟု သိရသည်ဟုလည်း ဆို၏။

ထို့ပြင်မှတပါးလည်း= "ကရင်လူမျိုးတို့၏ မူလအစ၊ပဘာဝနွယ်ရိုး၊အမျိုးအစဉ်ကို • ရှုကြည့်သော်၊ သဒ္ဓါ, သီလ,သုတ, စာဂ စသော သူဘော်ကောင်းဥစ္စာ၊ ခုနစ်ဖြာနှင့် ပြည့်စုံခြင်း၊ ဖြဟ္မဝိဟာရဓမ္မမွမ်းထုံ၊ ဈာန်သမာပတ်ဟူသော မဟဂ္ဂုတ ဂုဏ်တို့နှင့် ပြည့်စုံခြင်း၊ ဇာတိ ဥက္ကဋ္ဌမြင့်မြတ်သီရိဘုန်းဂုဏ်ရှိသော ဇာဃရိယဝံသာ၊နွယ်လာအာဒိ သမုတိဒေဝါ နတ်မျိုးမှ ဆင်းသက်လာသောအမျိုးဖြစ်လေသောကြောင့်-ချောင်းရိုးမြောင်းရိုးသာ တိမ်ကော စကောင်းသည်၊ လူမျိုး လူရိုးမတိမ်ကော စကောင်း—ဟူသော ရှေးပညာရှိတို့ စကားရှိလေသဖြင့် မျိုးရိုးဇာတိ အနွယ်ကို သိကြသော ကရင်လူမျိုး အကြီး အချုပ် အအုပ်ဖြစ်သူတို့ကမေ့လျော့ပေါ့တန်၍မနေသင့်ကြချေ၊ ဝံသာနုရက္ခိတ၊ဓမ္မနှလုံး စောင့်သုံးလေးမြတ် မိမိတို့ မူလဇာတ် ဖြစ်သော ဇာတိရည်မျက်ရှင်ကို ညွှန်တင် ဖုံးအုပ်ရာမှ ကောက်နှုတ်သုတ်သင် ပဏ္ဏာတင်၍ ဆင်ယင်ဝတ်စားသူ ယောက်ျား

ကောင်းသဘွယ် တို့လှယ်ပြုပြင်၍ ဆင်ယင်ကြရန် အချိန်သို့
ရောက်ရှိခဲ့လေပြီ။"

ဟူ၍ ကရင်မဟာ ရာဇဝင်တော်ကြီး-ပဋ္ဌမတွဲ၌ တိုက်
တွန်းချက် ဥယျောဇဉ်ကိုတွေ့မြင်ရပေ၏။

ဤကဲ့သို့ ယုံကြည်အားထားစရာ ခိုင်လုံသောအကိုး
အကား အထောက်အထားတို့ကြောင့် သာသနာတော်
၂၅၁၀-နှစ်၊ ကောဇာ သက္ကရာဇ် ၁၃၂၈-ခုနှစ်၊ ခရစ်
သက္ကရာဇ် ၁၉၆၇-ခုနှစ်လောက် မရှေး မနှောင်းတွင်
အုပ်ချုပ် စိုးမိုးဘွယ်ရာ ဖြစ်သော ဓမ္မရာဇ် မင်းကောင်း
မင်းမြတ်ကို မှီနိုင်အောင်နှင့် ဝိမုတ္တိယုဂ ခေတ်အတွင်း၌
တမဂ်တဖိုလ်ကို ရနိုင်အောင် ကရင်ပြည်နယ် အစိုးရနှင့်
တကွ သက်ဆိုင်ရာ နယ်သူ နယ်သား တို့သည် ယခုက
စပြီး—ဝိပဿနာတရားကို ကြိုးစားအားထုတ်သင့်ကြပေ
သည်၊ သို့မှသာလျှင် သာသနာတွင်း၌ လူဖြစ်ကျိုးနပ်ကြ
ပေမည်။ ခေတ်ကောင်း သမယကောင်းနှင့် ကြုံကြရ၍
လောကီ, လောကုတ္တရာ နှစ်ဖြာသော အကျိုးထူးများကို
ခံစားနိုင်ကြရပေမည်။

## သာသနာတစ်က် မင်းကောင်းတဆက်

အထက်ပါ လောကီပညာရှိများ ရေးသားကြသော
သိုက်စာများနှင့် ရဟန္တာ ဘင်ပါး ရေးသားသော ဘုရား
ဟော သိုက်ဟုဆိုရသောမြတ်စွာဘုရား၏ ဗျာဒိတ်တော်

များကို နှိုင်းယှဉ် ကြည့်ရှု ဆင်ခြင်သော် ဆကောသခါ တုဝင်စကားရပ်များက ပိုမို၍ ခိုင်လုံသည်ဟု ယူဆရပေမည်။ သို့ကြောင့် ( သာသနာတဝက်—မင်းကောင်းတဆက် ) ဆိုသော စကားအတိုင်း သာသာနာနှစ် ၂၅၀၀-နှစ် ကောဇာ ၁၃၂၈-ခုနှစ်လောက်တွင် ထွက်ပေါ်မည့် မင်းကောင်း မင်းမြတ်ကိုသာ ယုံကြည်ကိုးစား အားထားသင့်ကြပေသည်။

ဓမ္မရာဇာမင်းကောင်းမင်းမြတ်ဆိုသည်မှာမင်းကျင့် တရား(၁၀)ပါး၊ အပရိဟာနိယတရား (၇)ပါး၊ သင်္ဂဟတရား(၄)ပါး၊ ရာဇဂုဏ်(၈)ပါး၊ မင်းတို့သတ္တိ(၃)ပါး၊ ယာနဂုဏ်(၅)ပါး၊ အာသနဂုဏ်(၄)ပါး၊ ဒွေဓါဂုဏ်(၃)ပါး အာသယဂုဏ်(၂)ပါးအစရှိသောမင်းကျင့်တရားများနှင့် ပြည့်စုံသောမင်းကိုဆိုလိုသည်။ (အကျယ်ကို ရာဇဓမ္မသင်္ဂဟကျမ်း၌ကြည့်လေ။) သို့ရာတွင်ယခုခေတ်၌ဒီမိုကရေစီသမတခေတ်ဖြစ်လေရာအချို့ကဇကရာဇာမင်း (ရှင်ဘုရင်) ကိုမှ မင်းဟု ယူဆကြလျက် ရှိကြသေးသည်၊

(၁) မဟာဇနေနသမ္မတောတိမဟာသမ္မတော။ ။ (များစွာသောလူအပေါင်းတို့သည် မင်းဟုသမုတ် အပ်သောကြောင့် မဟာသမ္မတမင်း။)

(၂) ခေတ္တာနံ အဓိပတိတိခတ္တိယော၊ (လယ်မြေတို့၏အကြီးအမှူးဖြစ်သောကြောင့် ခတ္တိယမည်သောမင်း။)

(၃) ဓမ္မေနသမေန သတ္တေရဥ္စေတီတိ ရာဇာ။(တိုင်းသူပြည်သားတို့အားတရားနှင့် အညီ ကြည်ဖြူစွာ အုပ်စိုးတော်မူသောကြောင့်ရာဇာဟူသောမင်း)ဟူ၍ဝေါဟာရ

အားဖြင့်အမည်အမျိုးမျိုးပြားလျက်ရှိသော်လည်းသမ္မတ ခတ္တိယ-ရာဇာဆိုသောစကားများသည် အတူတူပင်ဖြစ်ကြောင်းကိုသတိပြုသင့်ကြသည်။

သုတ်မဟာဝါ အဋ္ဌကထာ မဟာပဒါနသုတ်၌ "ဓမ္မိကောတိ ဒသ ကုသလဓမ္မေသမန္နာဂတော အဂတိ ဂမနဝိဟိတော-ဓမ္မရာဇာတိဣဒံ ပုရိမ ပဒဿေဝဝေဝစနံ"ဟု ရဆိုသည့်အတိုင်းကုသိုလ်ဓမ္မ ၁၀-ပါးနှင့်ပြည့်စုံညီညွတ်သောမင်း၊ မလိုက်စားအပ်သောအဂတိ ၄-ပါးမှဖယ်ရှားရှောင်ကွင်းသော မင်းကို ဓမ္မရာဇ်မင်းဟု ဆိုသည်။

သီလက္ခန် အဋ္ဌကထာ အမ္ဗဋ္ဌသုတ်၌-"ပရဟိတ ဓမ္မကရဏေန ဝါ ဓမ္မိကော၊ အတ္တဟိတ ဓမ္မ ကရဏေန ဝါ ဓမ္မရာဇာ"ဟူသည်နှင့် အညီ တိုင်းသူ ပြည်သား တို့၏အကျိုး၊ မိမိ၏အကျိုးတို့ကို တရားနှင့်အညီ ဆောင်ရွက်တတ်သော မင်းကိုလည်း ဓမ္မရာဇ်မင်းဟုဆိုသည်။

သီလက္ခန် အဋ္ဌကထာ သာမည ဖလသုတ်အဖွင့် သာရတ္ထဒီပနီဋီကာစသည်တို့၌ "ဓမ္မေနရာဇာ ဇာတော နပိတုဃာတနာဒိနာအဓမ္မေနာတိ ဓမ္မရာဇာ" ဟုဆိုသည့်အတိုင်း အဖ စသည့်တို့ကို သတ်ဖြတ်၍ နန်းရပ်ထီးဖြူတို့ကိုမလုယူသော မင်းကိုလည်း ဓမ္မရာဇ်မင်းဟုဆိုသည်။

မည်သို့ပင်ဆိုကြစေကာမူ၊ ယခုဆိုလတံ့သော မင်းသည် "သာသနာတော်" နှင့် အထူးစပ်ဆိုင်လျက်ရှိရာ ရင့်ကျက်ပြီး ပါရမီ ရှိသော ဘုရား အလောင်းတော်ကြီး တဦးဦးဖြစ်ရပေမည်၊ မည်မျှရင့်ကျက်ပြီးသော ပါရမီရှိရပါမည်နည်းဟုဆိုသော် အလောင်းတော် သုမေဓာရှင်

ရသေ့ကဲ့သို့ ယခုဘဝ၌ပင်လျှင် နိယတ ဗျာဒိတ် ပန်းကို ဆင်မြန်းခံယူနိုင်သော ဘုရားအလောင်းတို့၏ မဟာဘိနီဟာရအင်္ဂါ ရှစ်ပါး၊ ကရုဏာသမ္ပတ္တိ၊ ဥပါယ ကောသလ္လသမ္ပတ္တိ ၂ ပါး၊ အဇ္ဈာသယဓာတ် ၆ ပါး စသော ဂုဏ်အင်္ဂါ အရည် အချင်း များ နှင့် ပြည့်စုံ လုံလောက်ရ ပေမည်။ (အကျယ်ကိုဥတ္တမပုရိသဒီပနီ၌ကြည့်ပါ။) ဆိုလိုရင်းမှာ မဂ်ဖိုလ်နိဗ္ဗာန်ကို ယခုဘဝ၌ လိုချင်လျှင်ရနိုင်၍ဝိပဿနာပညာ၌ သင်္ခါရုပေက္ခာဉာဏ်အထိ မိမိအသိဉာဏ်၌ ပိုင်နိုင်ပြီး ပုဂ္ဂိုလ်ဖြစ်စေရမည်။ သို့မှသာလျှင် ဆုကြီးပန်အလောင်းတော်ဟု ခေါ်ဆိုနိုင်မည်။ သို့မဟုတ်ပါက အလောင်း မပြောနှင့်သစ်ဘုံးပင်မဟုတ်သေး။ အထက်ပါအရည်အချင်းများနှင့်ပြည့်စုံ၍ ဘုန်းကံရှိလျှင်မည်သူမဆိုဖြစ်နိုင်သည်။ မိုးကျရွှေကိုယ်တော့မဟုတ်ချေ။ ဓမ္မတာပျော်၍ သာသနာဘောက်အောင် ရွှတ်ရွှတ် ချွန်ချွန်ကြံဆောင်နိုင်သူဖြစ်စေရမည်။ ဓမ္မတာဆိုသည်မှာ-မိရိုးဖလာအယူဝါဒဖြစ်သည်။

အချို့ ဘုရားဆုပန်သည်ဆိုသော ပုဂ္ဂိုလ်များလည်း စိန္တိတံ သတ္တသင်္ချေယျံစသော ပါဠိကို ကိုးကားပြီး စိတ်အကြံနှင့်ဘုရားဆုပန်ခဲ့သည်မှာ ခုနစ်သင်္ချေပင်ရှိခဲ့ပြီ။ ယခုနှုတ်ဖြင့် ဆုတောင်းခဲ့သည်မှာလည်း ၉ သင်္ချေအနက် ဘယ်နှစ် သင်္ချေ ပြီး ခဲ့ပြီမဆိုနိုင်၊ ငါတော့တော်တော်ရင့်ကျက်နေပြီဟု စိတ်ကူးယဉ်လျက် ဝိပဿနာတရားကို မလိုက်စားကြ၊ လိုက်စားအားထုတ်လိုက်လျှင် မဂ်ဖိုလ်ဘည်သွားပြီး ဘုရားဆုပျက်သွားတော့မှာဘဲဟု စိုးရိမ်နေကြသည်။ ဘာမျှမခိုင်လုံသည့်သောတက္ကကီလောကီယွန်းပဏ္ဏာသက လာသော စိန္တိတံ သတ္တသင်္ချေယျံဆိုသော

စကားများကိုယုံစားလျက် နေကြဟန်တူသည်။ ကျမ်းကြီးကျမ်းခိုင်က လာသော ပါဠိမဟုတ်ကြောင်းကို ပဉ္စမ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီးသည် သမန္တစက္ခုဒီပနီကျမ်း နဝမတွဲ ဒုတိယအုပ် စာမျက်နှာ ၃၅၅မှ ၃၆၂ အထိ အကျယ်ဝေဖန်လျက်ပြဆိုတော်မူထားလေသည်။ ဆုကြီးပန်ဆိုပြီး စိတ်ကြီးဝင်မနေသင့်ကြချေ။

## သာသနာတော်

သာသနာတော် ဆိုသည်မှာ မြတ်စွာဘုရား၏ အဆုံးအမတော်ဖြစ်သည်ဟု လိုရင်းကိုကောက်ယူစေလိုသည်။ မြတ်စွာဘုရားသည် ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကိုဖြည့်ကျင့်တော်မူ၍ဘုရားဖြစ်အောင် အားထုတ်တော်မူလာခဲ့ရခြင်း၏ သမာဆန္ဒတော်ကြီးမှာ သတ္တဝါတွေကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်လိုသော မဟာကရုဏာတော်ကြီးကြောင့်ဖြစ်သည်။ သို့ကြောင့် မြတ်စွာဘုရား၏ သာသနာတော် ဆိုသည်မှာ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း တရားတော်သည်သာလျှင် သာသနာအစစ်အမှန်ဖြစ်ပေသည်။ တဖန် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟု ဆိုကြပြန်သည်။ မှန်ပါ၏။ သို့ရာတွင်ပရိယတ္တိသာသနာဆိုသည်မှာ မဂ်ပေါက်ဖိုလ်ဝင် ပဋိဝေဓလမ်းစဉ်သို့တိုက်ရိုက်ရှေးရှုလျက် ညွှန်ပြသောပဋိပတ် ကျင့်ဝတ်အတွက် သင်ကြားစာ သို့မဟုတ်တရားတော်-(သဒ္ဓမ္မ)ကိုသာဆိုလိုသည်ကို စဉ်းစားကြစေလိုသည်။ ဥပမာ-အရှင်အဿဇိမထေရ်က "ယေဓမ္မာဟေတုပ္ပဘဝါ၊ သေသံဟေတုံ တ

ထာဂတော၊ အဟာတေသဥ္စနိရောဓော၊ ဧဝံဝါဒီ မဟာသမဏော''ဟု ဆိုတော်မူခြင်းသည် (အာဟာ) အထိ အရှင်သာရိပုတ္တရာ အလောင်းတော်-ဥပတိဿအတွက် ပရိယတ္တိသာသနာဖြစ်၍ ဥပတိဿက-ကောင်းစွာနာယူ နှလုံးသွင်းခြင်းသည် ပဋိပတ္တိ သာသနာ ဖြစ်သည်။ ဥပတိဿသည်ယောနိသောမနသိကာရအားဖြင့်''ယေဓမ္မာ ဟေတုပ္ပဘဝါ.....''အစရှိသော ပရိယတ်ကို (သမ္မာသက်ပ္ပ) ကောင်းစွာ ကြံစည်ခြင်း နှလုံးသွင်းခြင်း၊ ဝေဖန်ခြင်း၊စဉ်းစားခြင်း၊ဆင်ခြင်ခြင်း၊ တွေးတောခြင်းအမှုဟုဆိုအပ်သော ပဋိပတ်အလုပ်ကြောင့် သောတာပတ္တိဖိုလ်၌တည်ခြင်းသည် ပဋိဝေဓ ဖြစ်သည်။

တနည်း။ မြတ်စွာဘုရားက ပဉ္စဝဂ္ဂီ ငါးဦးတို့အားဓမ္မစကြာသုတ်ကို ဟောတော်မူခြင်းသည် ပရိယတ္တိသာသနာတော်ဖြစ်၍၊ ပဉ္စဝဂ္ဂီ ငါးဦးက ဓမ္မစကြာသုတ်ကိုနာယူကြခြင်းသည် ပဋိပတ္တိသာသနာတော်ဖြစ်သည်။ ပဉ္စဝဂ္ဂီ ငါးဦး သောတာပတ္တိဖိုလ်၌ တည်ကြခြင်းသည် ပဋိဝေဓ သာသနာတော် ဖြစ်သည်။ သို့ကြောင့် ဓမ္မစကြာသုတ်တော်သည် ပဉ္စဝဂ္ဂီ ငါးဦးတို့အတွက်ပရိယတ္တိ၊ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်သုံးရပ်တပြိုင်နက်တချက်တည်း ဖြစ်သည်။သို့အတွက် ပဋိဝေဓသို့ တချက်တည်း မဆိုက်နိုင်သရွေ့ကာလပတ်လုံး ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာဟု ခေါ် ဆိုနိုင်စရာ အကြောင်း မလုံလောက်နိုင်။ ။ပရိယတ်မှန်လျှင် သင်အံနာယူပြီးနှင့် တပြိုင်နက်နိဗ္ဗာန်ကိုမြင်စေရမည်။

သာသနာပြုသည် ဆိုသည်မှာ ဘုရား အလိုတော်ကျ ၃၁-ဘုံမှ လွတ်မြောက်အောင် ကျင့်ကြံအားထုတ်စေရန် ပြောဟောခြင်း၊ တိုက်ရိုက်မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်နိုင်သောတရားတော် (သဒ္ဓမ္မ)ကိုသင်အံလေ့ကျက်စေခြင်းဆွေးနွေးနာယူစေခြင်းများသည်သာလျှင် သာသနာ အစစ် အမှန်ကို ပြုရာ ရောက်ပေသည်။ သွယ်ဝိုက်သောနည်းအားဖြင့်- ဒါနကထာ၊ သီလကထာ၊ သမာဓိကထာ တို့ကိုသာသနာ၏ အခြေခံတရားများဟု ယူဆကြသော် ထိုဒါန တရား၊ သီလတရား၊ သမာဓိ တရားများသည် သာသနာပ၌မရှိသင့်ကြချေ၊ ဗုဒ္ဓဘာသာမှတပါး အခြား ဘာသာများ၌လည်းဒါန-သီလ-သမထများမရှိသင့်ချေ။ ယခုမူ သာသနာပ၌သည်း ဒါန- သီလ- သမထတရား များရှိကြသည်၊ အခြား ဘာသာများ၌လည်း ထိုတရား များရှိကြသည်၊ သို့အတွက် သဘာဝဓမ္မ- အနုဿပညာ (ဝါ) အဓိပညာဝိပဿနာ “မဂ္ဂကထာ” သည်သာလျှင် ဘုရားအလိုတော်ကျ သာသနာ အစစ်အမှန်ဖြစ်ကြောင်း ကိုနက်နက်နဲနဲစဉ်းစားကြစေလိုသည်။ ဒါန၊ သီလ၊ သမ ထနှင့်အားရတင်းတိမ် အချိန်ဖြုန်းမနေကြဘဲ ဝိပဿနာ သို့ရောက်အောင်လုပ်မှ သာသနာနှင့် တွေ့ကြရပေမည်။

ဘုရားပွင့်တော်မူလာခြင်းနှင့် သာသနာထားတော်မူ ခဲ့ခြင်းသည် လူသတ္တဝါတွေကို စာသင်ပေးနေ့ရန်မဟုတ် နိဗ္ဗာန်သို့ပို့ဆောင်ရန်အလို့ငှါသာဖြစ်သည်။ လူကောင်း၊ နတ်ကောင်း၊ ဗြဟ္မာကောင်းဖြစ်ကြဘို့ရန် အတွက်ဆိုလျှင် ဖြင့် ဘုရားပွင့်ရန်မလို၊ သာသနာထားခဲ့ရန်လည်း မလို။

ဒါန-သီလ- သမထ စသော ဓမ္မတာကံတိုက် တရားတွေလည်း ဘုရားမပွင့်မီကပင် ကမ္ဘာနှင့်မြဲစွာ ဆိုသလို ရှိနေပြီးဖြစ်သည်။ သာသနာတွင်း၌ရှိသော ဒါန-သီလ-သမထတရားတို့ကို သိနားလည်ရန်မှာလည်း ဝိပဿနာပညာမရှိသော အန္ဓပုထုဇ္ဇန် အတွက် အခက်ကြီးခက်လှပေသည်။ ကလျာဏပုထုဇ္ဇန် စူဠသောတာပန် မဟာသောတာပန်ဖြစ်ပြီးမှသာလျှင် သာသနာတွင်းဒါန-သီလသမထတို့ကို အချိုးကျကျ ပြုလုပ်တတ်မည်၊ ပြုလုပ်ကျိုးလည်းနပ်မည်။ ပါရမီ ဒါန-သီလ- သမထ၊ ဝိဝဋ္ဋနိဿိတ, နိယျာနိက, အပစယဂါမိ ဒါန-သီလ- သမထဖြစ်နိုင်ကြပေမည်။ ထို့အတွက် တကယ့်သာသနာအစစ်အမှန်ဖြစ်သော အဓိပညာ ဝိပဿနာ ကိုသာ- လောက-သံသရာ နှစ်ဖြာသော ကောင်းကျိုး ချမ်းသာ အတွက်အားတက်ကြိုး စား ပွား များလေ့လာသင့်ကြပေသည်။ ဓမ္မတာကို သာသနာ ထင်နေကြသဖြင့် အမှားကြီးမှားလျက် နေကြသည်။ ဓမ္မတာပျက်မှ သာသနာတက်မည်၊ ဓမ္မတာပျောက်လျှင် သာသနာဘောက်မည်။ ဓမ္မတာဆိုသည်မှာ မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရနှင့်တကွ၊ ဝိုင်-အမ်-ဘီအေအသင်းအစရှိသော အသင်းအဖွဲ့များကစာရိတ္တသီလဝါရိတ္တသီလများကိုအခြေခံထား၍ တိုင်းသူပြည်သားတို့၏ကိုယ်ကျင့်တရားများ ကောင်းမွန်ရေးအတွက် မင်္ဂလာတရားတော်၊ ဓမ္မစကြာတရားတော်၊ ဝသလသုတ်၊ သိင်္ဂါလောဝါဒသုတ်-စသည်တို့ကို အရပ်ရပ်၌ တိုက်တွန်းနှိုး

သော်လျက်စာပြန်ပွဲများ ကျင်းပပြုလုပ်ပေးကြလေသည်၊ ဝမ်းသာစရာကောင်း၍ အားပေးထိုက်ကြသည်၊ သို့ရာတွင်ဒါနနှင့် သီလသည် အလွန် ထကြွ သောင်းကျန်းလာသော(ဝီတိက္ကမကိလေသာ) ကာယကံမှု၊ ဝစီကံမှုတို့ကို ခေတ္တခဏတဒင်္ဂပဟာန်ဖြင့်သာပယ်သတ်နိုင်သည်။ သမထသည်အသင့်အတင့်ထကြွသောင်းကျန်းလာသော (ပရိယုဋ္ဌာနကိလေသာ) မနောကံမှုတို့ကို တော်တော်ကြာမျှ ဝိက္ခမ္ဘနပဟာန်ဖြင့်သာ ပယ်သတ် နိုင်သည်။ ဝိပဿနာသည်ကား ထကြွသောင်းကျန်းရန် မျိုးစေ့ပါလာသော ကိန်းဝပ် နေသော(အနုသယ ကိလေသာ) ကိုပင်လျှင် အမြစ်အရင်းနှင့် တကွ ရှင်းရှင်း လင်းလင်း သမုစ္ဆေဒပဟာန်အကြွင်းအကျန်မရှိ ပယ်ဖြတ်နိုင်သည်ကိုသတိပြုကြစေလိုသည်။ ဝိပဿနာပညာကို ကျကျနန သဘောပေါက်အောင်တိုင်းသူပြည်သားတို့၏နားနှင့်တန်အောင် သင်ကြားပြသပေးနိုင်ပါမူကား စရဏတရားများဖြစ်ကြသော သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပအစရှိသော သူတော်ကောင်း ဥစ္စာရတနာ ၇-ပါးနှင့် တကွ၊ ဈာန်လေးပါးဖြစ်သော သမာဓိတရားတို့သည် ဝိပဿနာပညာအတွင်းသို့တချက်တည်း ဝင်ရောက်သေကြရမည် ဖြစ်သည်။ ဝိပဿနာပညာကိုရ၍ ကလျာဏပုထုဇ္ဇန်စူဠသောတာပန် မဟာ သောတာပန် အစရှိသည် ဖြစ်သွားလျှင်မကောင်းမှုဒုစရိုက်တရားတို့ကိုအလူးအောင့်မသားရတော့ဘဲ၊ အလိုလို ပြုလုပ်ချင်သော စိတ်များ ကင်းရှင်းသွားပေမည်။ သို့ကြောင့်-ပညာစခန်းသို့ တခါတည်းပို့

နိုင်လျှင် သီလ-သမာဓိ-ပါတပြိုင်နက်ပြီးစီးနိုင်လေသည်၊ ဆိုလိုရင်းမှာ-သီလ-သမာဓိ-ပညာကို တချိ လှေကား ထောင်ပြီး တက်နေစရာမလိုတော့ချေ။ ဝိမုတ္တိယုဂခေတ် ဖြစ်၍ပညာစခန်းကို တခါတည်းကိုင်လျှင် မဂ္ဂင်ရှစ်ပါး တပါတည်းပြီးနိုင်လေသည်။ သာသနာသုံးရပ် တထပ် တည်း ဖြစ်မည်။ သိက္ခာသုံးပါး တသားတည်းဖြစ်ပေ မည်။ ဒါမှသာသနာအစစ်ကို ပြုရာရောက်မည်။

## သာသနာခေတ်အား ၅-ပါး

ဖုသာထေရသံဝဏ္ဏနာ၌ အရှင်ဗုဒ္ဓဃောသမထေရ် ဖြတ်သည့်အနာဂတံသဉာဏ်ဖြင့် သာသနာတော် ခေတ် အားငါးပါးကိုဝေဖန်တော်မူခဲ့သည်မှာ-

| | | | |
|---|---|---|---|
| ၁။ | ။ဝိမုတ္တိယုဂခေတ် | အနှစ် | ၅၀၀၊ |
| ၂၊ | ။သမာဓိယုဂခေတ် | အနှစ် | ၅၀၀၊ |
| ၃။ | ။သီလယုဂခေတ် | အနှစ် | ၅၀၀၊ |
| ၄။ | ။သုတယုဂခေတ် | အနှစ် | ၅၀၀၊ |
| ၅။ | ။ဒါနယုဂခေတ် | အနှစ် | ၅၀၀၊ |
| | သာသနာတဝက်-နှစ်ပေါင်း | | ၂၅၀၀။ |

(၁) ဝိမုတ္တိယုဂ ခေတ်အတွင်း၌မဂ်ပေါက်မိုလ်ဝင် ပုဂ္ဂိုလ်များ အားကြီးသည်၊ (၂) သမာဓိယုဂ ခေတ်အ တွင်း၌ ဈာန်ရသောပုဂ္ဂိုလ်များ အားကြီးသည်၊ (၃) သီလယုဂ ခေတ်အတွင်း၌ အကျင့်ကောင်းသော ပုဂ္ဂိုလ် များအားကြီးသည်၊ (၄) သုတယုဂခေတ်အတွင်း၌စာပေ

တတ်သော ဗဟုသုတများပြားသော ပုဂ္ဂိုလ်များ အား ကြီးသည်။ (၅)ဒါနယာဂ ခေတ် အတွင်း၌ ပေးကမ်း စွန့်ကြဲလှူဒါန်းမှုပြုလုပ်သောပုဂ္ဂိုလ်များအားကြီးသည်။ယခုနောက်ဆုံး ဒါနယာဂခေတ် ကုန်ခါနီး၌ ပါရမီဒါန ဝိဝဋ္ဋနိဿိတ ဒါနများကိုပင် မသိမမြင်ကြဘဲ၊ ဝဋ္ဋနိဿိတ ဟိနဒါနများကိုသာ ပြုလုပ်ကြသူက များပြားလျက် ရှိသည်ကို မျက်မြင် သိနိုင်ကြ ပေသည်။ သာသနာနှစ် ၂၅၀၀၊ ကောဇာသက္ကရာဇ် ၁၃၁၈ ခုနှစ်က ကျော်လျှင် ဝိမုတ္တိ ယာဂ ခေတ်သို့ ပြန်၍ ရောက်မည်၊ ဘုရားတဖန်ပြန်ပွင့်သကဲ့သို့ ဖြစ်မည်။မဂ်ပေါက်ဖိုလ်ဝင်အရိယာတွေများပြားသော ခေတ်သို့ ရောက်မည်။ သာသနာတော်နေဝန်း အလွန့်အလွန် ထွန်းလင်းတောက်ပပေမည်၊ယခုအခါနေမထွက် မိုလင်းအရုဏ်တက်သကဲ့သို့၊ သာသနာအစစ်အမှန် ပေါ်ထွက်ရန် အတွက် ဝိပဿနာရောင်ခြည်များ တပြည်လုံး ဖြာသန်းလျက် ထွက်နေလေပြီ။ ဝိမုတ္တိယာဂခေတ်၌ သာသနာ့အပင်ပေါက်၍ မဂ်သီး ဖိုလ်သီးသီးဘို့ရန် ယခုကာစပြီး နိုင်ငံတော်အစိုးရနှင့်တကွရဟန်းရှင်လူ တိုင်းသူပြည်သားများတို့သည် ဝိပဿနာမျိုးစေ့များကို ကြဲဖြန့်စိုက်ပျိုးလျက် နေကြလေပြီ။ သို့သော်-အောင်သောမျိုးစေ့၊ ပိုးမထိုးသော မျိုးစေ့ဖြစ်ပါမှ သန်စွမ်းသော အပင် ပေါက်နိုင်မည်ကို သတိပြုကြစေလိုသည်၊ မျိုးစေ့ကောင်းလျှင် အပင်ပေါက်မြန်မည်၊ အသီးသီးမြန်မည်။ စိုက်ပျိုးသော သူကလည်း မျိုးစေ့မှန်မမှန် ကောင်းမကောင်းကို သိရန် အရေးကြီးသည်။ စိုက်ပျိုး

သောသူသည်သာသျှင် ပဓာန အချက်အချာဖြစ်သည်ကို သတိပြုကြစေလိုသည်။ မည်သို့ပင်ဖြစ်စေသာသနာတော် တိုးတက်ကြီးပွားမည်မှာ သေချာသလောက် မွေရာဇ် မင်းခေါင်း မင်းမြတ် အုပ်စိုးဘို ရန်သည်း သေချာလှ သည်။ မွေတာနှင့်သာသနာကို ရဲရဲဝံ့ဝံ့ခွဲခြားပြီးမွေတာ ပျောက်အောင် လုပ်နိုင်သော အစိုးရသည် သာသနာ့ ဒါယကာအစိုးရဖြစ်ပေမည်။

## ဝိဇ္ဇာ ၅ မျိုး

လယ်တီဆရာတော်ဘုရားကြီး စီရင် ရေးသားတော် မူသော ဝိဇ္ဇာမဂ္ဂ ဒီပနီကျမ်း၌ ဝိဇ္ဇာ ၅ မျိုးကို အကျယ် ဝေဖန်လျက် ပြထားတော်မူသည်။

အကျဉ်းမှာ(၁) ဗေဒဝိဇ္ဇာ (၂) မန္တဝိဇ္ဇာ (၃)ဂန္ဓာ ရီဝိဇ္ဇာ (၄) လောကီယဝိဇ္ဇာ (၅) အရိယာဝိဇ္ဇာဟူ၍ ဖြစ်သည်။

(၁) ဗေဒဝိဇ္ဇာ ဆိုသည်မှာ ဗေဒင်သုံးပုံကို တဖက် ကမ်းရောက် တတ်မြောက် ကျွမ်းကျင်သော ပုဂ္ဂိုလ်ကို ဆိုသည်။ (၂)မန္တဝိဇ္ဇာဆိုသည်မှာ အင်းအိုင်ခလဲ့-လက် ဖွဲ့မန္တာန်၊ ဂါထာမန္တရား အစရှိသော ပညာရပ်များကို တတ်ကျွမ်းသိနားလည်သောပုဂ္ဂိုလ်ကိုဆိုသည်။ (၃)ဂန္ဓာ ရီဝိဇ္ဇာဆိုသည်မှာ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာတို့ကိုဆိုသည်။ တနည်းအားဖြင့်အဂ္ဂိရတ်နည်းဖြင့် စီရင်အထမြောက်၍ သိဒ္ဓိ ၁၀-ပါး ပေါက်ရောက် သွား

သော ပုဂ္ဂိုလ်ကို ဆိုလိုသည်။ (၄) လောကီယဝိဇ္ဇာ ဆိုသည်မှာ သာသနာပအခါ၌ သရဘင်, သုနေတ္တ, အရကအစရှိသော ရသေ့ကြီးများကဲ့သို့ သမထလမ်းကိုကမ်းတဖက်ခပ် တတ်မြောက်သောပုဂ္ဂိုလ်မျိုးကို ဆိုလိုသည်။ (၅) အရိယာ ဝိဇ္ဇာဆိုသည်မှာ သောတာပန်မှ အစ ရဟန္တာ အရှင်မြတ်များအထိ အရိယာ အပေါင်းကို ဆိုသည်။

ပဋ္ဌမ ဝိဇ္ဇာ သုံးမျိုးသည် သာသနာတွင်း၌ ရှိနိုင်၍ စတုတ္ထလောကီယ ဝိဇ္ဇာမျိုးသည် သာသနာပ၌သာလျှင် ရှိနိုင်သည်။ သို့ကြောင့် လောကီယ ဝိဇ္ဇာ ယောင်ယောင် အကြားအမြင်ရသည်ဟု ဆိုခြင်းကို ယုံကြည်ရန်မရှိချေ။ အချို့ ဂန္ဓာရီဝိဇ္ဇာအခေါ်ခံ ဂိုဏ်းဆရာ အသီးသီးတို့သည်လည်း သမထနည်းနှင့် တွဲဖက်လျက် လောကီယ ဝိဇ္ဇာလမ်းဖြစ်သော သာသနာပအလုပ်များကို လုပ်ကိုင်အားထုတ်လျက်ရှိကြရာ သာသနာတွင်းဝိမုတ္တိယုဂခေတ်၌ အောင်မြင်နိုင်ကြပါမည်လားဟု တွေးတောစဉ်းစားကြရာသည်။ ဝိညာဉ် လှည့်စား ရာကို ခံနေရ ရှာသော တပည့်တပန်း တို့အား သနားစရာ ကောင်းလေတော့သည်။ တလောကလုံးရှိအန္ဓပုထုဇဉ် လူနတ်ဗြဟ္မာ မှန်သမျှ ဤကဲ့သို့ ဝိညာဉ် လှည့်စားရာကိုခံကြရမည် မှာလည်း ဓမ္မတာပင်ဖြစ်ချေသည်။

ဗေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာတို့မှာသာသနာတွင်း၌ ပေါက်ရောက် အောင်မြင်နိုင်သော်လည်း အရိယာဝိဇ္ဇာနှင့်မူကား နှိုင်းယှဉ်ခြင်းငှာ မစွမ်းနိုင်ချေ။

အရိယာဝိဇ္ဇာ၏ ခြေမှုန့်လောက် မျှအမှီးမတန်ချေ၊ သို့ရာတွင် ဇင်းဗေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာများ ဖြစ်ဘို့ရန်မှာမူကား အလွန့်အလွန် ခဲယဉ်းလှကြောင်းကို လက်တွေ့လိုက်စားသူများကို မေးမြန်း ကြည့်လျှင် သိနိုင်ပေမည်။ အကယ်၍ ပေါက်ရောက်စေကာမူ ခိုင်မြဲသော ပညာမဟုတ်ချေ။ သေခြင်းကို မတားမြစ်နိုင်၊ အပါယ်တံခါးကို မပိတ်နိုင်ချေ။ အသက်ထောင်သောင်းရှည်စေကာမူ-ရုပ်နာမ်၏ ဖြစ်ပုံပျက်ပုံကို တနေ့တရက်သိရသူလောက် မမြတ်ချေဟု ဘုရားဟောတော်မူသည်။ ( ဥဒယဗ္ဗယဉာဏ်ကို ဆိုလိုသည်။)

## ဆရာကောင်းဆရာစစ်

သာသနာတွင်း၌အရိယာဝိဇ္ဇာ ဖြစ်ဘို့ရန် “သပ္ပုရိသသံသေဝ”ဟု ဆိုသည့်အတိုင်း တကယ့် ဆရာကောင်းဆရာမှန်ကိုတွေ့လျှင် အလွန်လွယ်ကူလျှင်မြန်သည်၊ ချက်ခြင်းမဂ်ပေါက် ဖိုလ်ဝင်ဖြစ်နိုင်သည်။ သို့ကြောင့်မြတ်စွာဘုရားသည် ဆရာကောင်းအရေးကြီးကြောင်းကို ၅၂၈ ကြိမ်တိုင်တိုင် ဟောကြားတော်မူခဲ့သည်။ စတုဂိရိ, မန်လည်, လယ်တီ, ဒိပဲယင်း, ကြောင်ပန်း, ဓမ္မစေတီ အစရှိသော သာဝက ဗုဒ္ဓများသည်လည်း ဆရာကောင်း ရှာဖွေရန် အထပ်ထပ်ညွှန်ကြားတော်မူကြသည်။ သပ္ပုရိသသံသေဝ”ဟုဆိုသောအချက်သည်နိဗ္ဗာန်ကိုတခါတည်းနှင့်ပြီးနိုင်သည်ဟု ဘုရားဟောတော်မူသည်။ သာသနာ

တွင်း၌ လူဖြစ်ကျိုးနပ်သို့ လူဖြစ်မရှုံးဘို့ လူ့ဘဝမဆုံးဘို့ အပါယ်တံခါးပိတ်ဘို့ရန် "သမ္ဗုဒ္ဓေ"မှတပါးဘယ်သိကြား ဘယ်ပြဟ္မာဘယ်ဝိဇ္ဇာ,ဘယ်ဘိုးဘိုးအောင် ဘယ်ဘိုးမင်းခေါင်တို့မှ မတတ်နိုင်ချေ။ " သမ္ဗုဒ္ဓေ" ဆရာကောင်း ဆရာမှန်တွေ့၍ ကလျာဏ ဗုဒ္ဓမဟာသောတာပန်အရိယာဝိဇ္ဇာဖြစ်ပါမှကား မူလကလောဘစိတ်သည့် ဆန္ဒသို့ ပြောင်းသွားပြီ ဖြစ်သောကြောင့် ဘယ်နတ်ပြဟ္မာ ဝိဇ္ဇာဓော်ဂျီတပသီတို့ကိုမျှ ကိုးကွယ် ဆည်းကပ်နေရန်မလို။ ဘိုးဘိုးအောင် ဘိုးမင်းခေါင်တို့လည်း မမချင်ဘဲ မနေနိုင်ကြ။ ၃၇-မင်းနတ်ဆိုတာလည်းပန်းမကိုင်ဘဲ ဒူးတုတ်လျက် ကျကြရမည်ဖြစ်သည်။ စကြဝဠာမန္ဓာတ်မင်းထက်မြင့်မြတ်လေပြီ။ဗာလုမ္ဗတ္တက'အန္ဓဗာလမဟုတ်တော့ပြီ၊ လူ့အထက်တန်းစား နတ်အထက်တန်းစား ပြဟ္မာအထက်တန်းစားဖြစ်လို့သေချာပြီ။ အပါယ်နှင့်အဝေးပြတ်ပြီ။ ဝိရုဠှိယဂုဏ်ခေတ်၌ မျက်နှာပန်းလှလှနှင့် အထက်တန်းကျကျနေနိုင်ကြ၍ဗုဒ္ဓရာဇာ (ဝါ) ဓမ္မရာဇာ သာသနာပြုမင်းနှင့် တွေ့နိုင်ကြမည်။ လောကီ ရတနာအမျိုးမျိုးတို့နှင့် ပြည့်စုံကြတော့မည်။ ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးသော ခေတ်ကောင်း သမယကောင်းနှင့်တွေ့ကြုံကြရတော့မည်။ သာသနာ အစစ် ဝိပဿနာ တရားအနှစ်ကိုသာ တရားနခန်းသတ်, ဆရာ နခန်းသတ် မပြုဘဲအားထုတ် ဆောင်ရွက်ကြစေလိုသည်။ မိမိကိုယ်ကိုဗုဒ္ဓဘာသာစစ်စစ် ဖြစ်အောင် လုပ်ထားဘို့ အရေးအကြီးဆုံးဖြစ်သည်။သို့မှသာ နတ်သိကြား ဝိဇ္ဇာများက

မ,နိုင်မည်၊ ဥက်ပျောပွဲအုန်းပွဲနှင့်ညာနေရုံနှင့် မ,လိမ့်မည် မထင်နှင့်၊ ဘယ်ဘော့မှ မမနိုင်မှတ်ပါ။

## အရိယာဝိဋ္ဌာ ဖြစ်နည်း ၅-မျိုး။

(၁) လက္ခဏာ သုံးပါး တည်းဟူသော ဝိပဿနာ တရားသက်သက်နည်း။
(၂) သမထချာန်နှင့် ဝိပဿနာ ဉာဏ်နှစ်ပါးကို ပြသောနည်း။
(၃) မဂ္ဂင်ရှစ်ပါးလမ်းနှင့်တနည်း။
(၄) သီလ သမာဓိ ပညာနှင့် အရိယာဖြစ်နည်း၊
(၅) သတိပဋ္ဌာန်နည်းဖြင့်တနည်း။

(၁) အချက်နည်းကို သုဒ္ဓဝိပဿနာနည်း (၂) အချက်မှ (၅) ချက်အထိ နည်းများကို သမထ ယာနိက နည်းဟူ၍၎င်း၊ သတိပဋ္ဌာန်နည်းဟူ၍၎င်း၊ ပေါ် လွင်ထင် ရှားလျက်နေသည်ကို တွေ့ရသည်။ စတုဂိရိ တောင်လေး လုံးဆရာတော် ဘုရားကြီး,မန်လည် ဆရာတော် ဘုရား ကြီး, လယ်တီ ဆရာတော် ဘုရားကြီး,ဒိပဲယင်း ဆရာ တော်ဘုရားကြီး,ကြောင်ပန်း ဆရာတော်ဘုရားကြီး, မြ ဝတီဆရာတော်ဘုရားကြီး, ဓမ္မစေတီ ဆရာတော်ဘုရား ကြီး, မိုးညှင်း ဆရာတော် ဘုရားကြီးများ၏ နည်းနာ နိသျှများ သည်ကား သုဒ္ဓဝိပဿနာ နည်းများ ဖြစ်ကြ သည်။ ၎င်းနည်းများသည်သာလျှင် ဝိပဿနာအစစ်ဖြစ် သည်၊ သမထက တက်သော နည်းများသည် ဝိပဿနာ

သန့်သန့်မဟုတ်ချေ။ (စံပြဝိပဿနာကျမ်း၌အကျယ်ပြဆိုထားသည်။)

ဌင်း၅-မျိုး ၅-နည်းအနက်အချိန်အနည်းဆုံးအလွယ်ဆုံးယခုခေတ်လူတို့နှင့် အသင့်လျော်ဆုံးအာဂါရိကအိမ်ရာထောင်လူဝတ်ကြောင်တို့နှင့်အတော်ဆုံးနည်း''မှန်လဲမှန် မြန်လဲမြန်တဲ့နည်း'' ဖြစ်သော သမထယာနိက ဝိပဿနာသက်သက်ဖြစ်သည့် သုဒ္ဓဝိပဿနာနည်း [ဝါ] သုက္ခဝိပဿကပုဂ္ဂိုလ်တို့အတွက် ပဋ္ဌမအမှတ် (၁) ဝိပဿနာစစ်စစ်နည်းကိုသာလျှင် သုံးသပ်ဆင်ခြင် လိုက်စားကြပါမှကား မြတ်စွာဘုရား လက်ထက်တော် သာဝတ္ထိ ရာဇဂြိုဟ်ပြည်တို့၌ သောတာပန်တွေမှိုလိုပေါက်ကြသကဲ့သို့ အနာဂတ်သာသနာတော်ဝက် ဝိမုတ္တိယုဂခေတ်၌လည်း အာဂါရိက အိမ်ရာထောင်လူဝတ်ကြောင်သောတာပန်တွေ၊ ၇နှစ် သားသမီး ကလေးသူငယ်များကမကျန် ဖြစ်ကြရမည်မှာအမှန်ဖြစ်ပေသည်။ ဝိမုတ္တိယုဂခေတ်ဆိုသည်မှာ တရားနာရင်း-သို့မဟုတ်-တရားနာပြီးသည်နှင့်ဘုံပိုင်နက်တမဂ်တဖိုလ် ရွဲနိုင်သော သာသနာ့ လေယာဉ်ပျံ ခေတ်မျိုးဖြစ်သည်။ စာတတ်မှသမထ ကမ္မဋ္ဌာန်းအလုပ်ကိုအချိန်ကုန်ခံပြီးအားထုတ်နေမှမဂ်ပေါက်ဖိုလ်ဝင်ဖြစ်နိုင်သောသမာဓိယုဂ၊ သီလယုဂ၊ သုတယုဂ၊ ဒါနယုဂ ခေတ်မျိုး မဟုတ်တော့ချေ။ ခေတ်လူတို့၏ အဆင့်အတန်းအလိုက် ဉာဏ်အမြင် ပေါက်အောင်၊ သဘောပေါက်အောင်၊ သဘာဝဆိုက်အောင်၊ အနတ္တအစစ်ကို ပိုင်အောင် ပြသနိုင်သော

''သပ္ပုရိသ''ဆရာကောင်း ဆရာစစ်ကိုတွေ့ဘို့သာလျှင် အရေးအကြီးဆုံး အချက် ဖြစ်လေသည်၊ ရဟန်းတော် များလည်း မြတ်စွာဘုရား၏ အာဓိသအမွေ ဓမ္မအမွေ ၂-ပါးအနက် ဘုရားနှစ်သက် ချီးမွမ်းတော်မူသော-ဓမ္မ အမွေကိုခံယူကြသော ရဟန်းတော်များ ပေါများလာပေ တော့မည်၊ ဝါဝါပြင်တိုင်း- ပရမတ္ထ သံဃာတော်များ ဖြစ်ကြပေတော့မည်။ ၁၂၉၆-ခုနှစ်ကောလိပ်ဝတ်ဆန်း ကစ၍ မွေးဖွားကြသော ကလေးများသည် ရဟန္တာ- ရဟန္တာမလောင်းကလေးများဖြစ်ကြသည်၊သာသနာ့ ဒါ ယကာ၊ ဒါယိကာမလောင်း ကလေးများ ဖြစ်ကြသည်။ စာသင် ကျောင်းတိုင်း၌ ဝိပဿနာ ပညာကို သင်ကြား ပေးသင့်ကြပြီ။

''ဓမ္မ ဒါယ ဒါ မေဘိက္ခဝေ ဘဝထ၊ နော အာ မိသ ဒါယဒါ။ ။ ဘိက္ခဝေ၊ ရဟန်းတို့။မေ၊ငါ၏။ ဓမ္မဒါယဒါ၊ တရားအမွေခံတို့သည်။ ဘဝထ၊ ဖြစ်ကြကုန်။ အာမိသဒါယဒါ၊ အာမိသဟူသော ပစ္စည်းဥစ္စာ အမွေခံတို့သည်။ နောဘဝထ၊ မဖြစ်ကြကုန်နှင့်။''

''ဤကဲ့သို့ မြတ်စွာဘုရားသည် အကြိမ်ကြိမ် ဟောတော်မူ သည်ကိုမတွေ့ဘူး၊ တွေ့ဘူးသော ရဟန်းတော်တို့လည်း သတိ မထားကြသဖြင့် ယခုအခါ အချို့သော ရဟန်းတော်တို့သည် ဘုရားပုထိုးတည်ထားကိုးကွယ်ခြင်း၊ ဆွမ်းတော်ကြီး၊ သက်န်း တော်ကြီးလှူခြင်း၊ မီးပွဲသဘင်ပြုလုပ်ပူဇော်ခြင်း၊ ရေတွင်း ရေ ကန်တူးလုပ်ကြခြင်း၊ ငွေကြေးဆင်းတု၊ ဓာတ်တော်များ ကို ကုတ်ကုတ် ပတ်ပတ်ရှာ၍ အမှုတခု ပြုလုပ်ကိုးကွယ်ကြခြင်း များကိုပြုလုပ်ကြလေသည်။''

> “ဒါနကုသိုလ်၊ စာရိတ္တကုသိုလ်များကိုသတ္တဝါတို့၏ဇာနြွေန်ရင့်အလိုဆန္ဒအဇ္ဈာသယအလျောက်သာဟောတော်မူရသည်။ မြတ်စွာဘုရားအလိုအားဖြင့် ရဟန်းတို့ကိုသာမဟုတ်၊ လူတို့ကိုလည်း ပြုစေတော် မမူလို။ ကမ္မဋ္ဌာန်း- ဘာဝနာ ဝိပဿနာကိုသာ အား ထုတ် တော် မူ စေ လို သည် မြဲမြဲကြီးမှတ်လေ” ဟူ၍၊ “ကာယာနုပဿနာကျမ်း” ၌ အကျယ်ပြဆိုထားသည်။

သို့ကြောင့် ရဟန်းရော လူပါ- ဘုရားအလိုတော်ကျ စစ်စစ်မဟုတ်သော ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဗောဓိ ပင် စိုက် ခြင်း၊ ဓာတ် တော် တွေ ကို ကိုး ကွယ် နေ ခြင်း အ စ ရှိ သော ဒါ န သီလ ကုသိုလ်မျိုးနှင့် အား ရ တင်း တိမ် အ ချိန် ဖြုန်း မနေကြဘဲ သာသနာတွင်း ပြီပြီ၊ ဓမ္မ အ မွေ ခံ ဖြစ် အောင် ဝိ ပ ဿ နာ ဘာဝနာကိုသာ ကြိုးစားအားထုတ် သင့်ကြသည်။

## ဘာသာရေး စစ်ပွဲ

ယခုအခါ တကမ္ဘာလုံး၌ ဝိဘဝတကျော ဦးစီးသည့် ဥရောပဒိပ်မြှ အယူသို့သက်လျက်ရှိသော ရုပ်ဝါဒနှင့်ဘဝတကျော်ဦးစီးသည့်သဿတဒိဋ္ဌိအယူသို့သက်လျက်ရှိသော နာမ်ဝါဒတို့ပဋိပက္ခဖြစ်လျက် ရှိကြသည်။ (ပြင်းမှား)နှင့် (ဆက်မှား)မိစ္ဆာဒိဋ္ဌိအယူများပင်ဖြစ်လျက် နေကြသည်။ ရုပ်ဝါဒီတို့သည် ရုပ်၏သဘာဝဓမ္မတာရေးကိုအခြေခံထားလျက်တိုက်ခိုက်ကြရာနာမ်ဝါဒီတို့သည်မိမိတို့မိရိုးဖလာဘာသာရင်းများကိုပင် စွန့်ပစ်ကြလျက် ရုပ်ဝါဒီ ဘဝသို့ကူးပြောင်းကြသည်မှာ ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော်

မှုရှိပြီဟုကြားသိရသည်၊ တကမ္ဘာလုံးတဘာသာတည်းဖြစ်ကြရမည်ဟုအချို့ကပြောဆိုကြသည်၊မည်သည့်ဘာသာကိုရည်ရွယ်၍ပြောဆိုကြ ပါသနည်း။ တကမ္ဘာလုံးဗုဒ္ဓဘာသာ တဘာသာတည်း ဖြစ်ရမည်ဟု ဆိုလိုလျှင်လည်း ယခုကမ္ဘာ့ ထက်ဝက်ကျော်မျှ ရှိနေပြီဖြစ်သောရုပ်ဝါဒီတို့ကိုမည်ကဲ့သို့ ဗုဒ္ဓဘာသာ ဖြစ်အောင် ပြုပြင်ပြောင်းလဲပေးကြပါမည်နည်း။သာသနာဘဝက်သိကြားသာသနာ၌ သိကြားမင်းက ရုပ်ဝါဒီတို့အား ဥစ္ဆေဒဒိဋ္ဌိ(ပြင်းမှား)သာသနာ့အပြင်ဘက်က လူများဖြစ်ကြသည်ဟု ဆိုပြီး၊ ဝရဇိန်လက်နက် မီးကြိုးစက်ဖြင့် ပစ်ခွင်း၍သတ်ပစ်ကုန်မည်ဟု ဆိုကြမည်လား။ ဤကဲ့သို့ ဆိုလျှင်သဿတဒိဋ္ဌိ ဖြစ်သော နာမ်ဝါဒီ (ဆက်မှား) တို့ကောသာသနာ့အတွင်းကလူများ အစစ် ဖြစ်ကြပါ့ရဲ လားဟုတွေးတော ကြစေလိုသည်။ ကမ္ဘာသကတာ သမ္မာဒိဋ္ဌိပင်လျှင်အတ္တဒိဋ္ဌိ ဖြစ်နေ သေးသည် မဟုတ် ပါလား။''အတ္တအယူ''ပျောက်ကြပြီလား။ကာရကဒိဋ္ဌိ၊ ဝေဒကဒိဋ္ဌိ၊ မဟုတ်ကြတော့ဘူးလား စဉ်းစားကြ။ အနတ္တကိုမြင်မှဗုဒ္ဓဘာသာစစ်၍ဗုဒ္ဓဝါဒီဖြစ်မည်၊ဗုဒ္ဓဘာသာဆိုပြီးစစ်အောင်လုပ်ကြဖို့အရေးကြီး၏။

ရှင်ကျင့်ဝတ်၌'' မိစ္ဆာဒိဋ္ဌိကော=သဿတ-ဥစ္ဆေဒအယူရှိခြင်းသည်လည်းကောင်း''ဟု လိင် ၁၀ ပါးတွင်၉-ခု မြောက်၌ အထင်အရှား ပြဆိုထားရာ၊အချို့ မိရိုးဖလာ- ဗုဒ္ဓဘာသာ ဆက်မှား သမားများသည် ငွေကုန်ကြေးကျခံ၍ ရှင်ပြု-ပဉ္စင်းခံ ပွဲကြီးများ ပြုလုပ်ကြသော်

လည်း သာမဏေ မဖြစ်ခင်က လိင်ကျပြီး ဖြစ်နေသဖြင့် ရှင်စစ် - ရဟန်းစစ်မှ ဖြစ်ကြပါရဲ့ လားဟု တွေးတော စဉ်းစားကြည့်ကြစေလိုသည်။ အသက်, လိပ်ပြာ, ဝိညာဉ် ရှိနေ၍ သေပြီးလျှင် လူဝင်စားဖြစ်သည့်, တစ္ဆေသူရဲဖြစ်သည့်, ရုက္ခစိုးဖြစ်သည့်, နတ်ဖြစ်သည့်, အသေထွက်ဝိဇ္ဇာ ဖြစ်သည့် အစရှိသော သဿတဒိဋ္ဌိ ဆက်မှားအယူဝါဒ ရှိနေသေးသမျှ ဗုဒ္ဓဘာသာစစ်, ရှင်စစ် ရဟန်းစစ်, ဖြစ်လိမ့်မည်မဟုတ်ချေ။

ဗုဒ္ဓဝါဒသည်သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိဟုဆိုအပ်သော ‘ဆက်မှား’‘ပြတ်မှား’ ၂-ခုတို့မှ ကင်းလွတ်သောမဇ္ဈိမ ပဋိပဒါကြားနေရေးဝါဒဖြစ်သည်။ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားသည် ရုပ်သဘာဝဓမ္မ တရားနှင့် နာမ်သဘာဝဓမ္မ တရားတို့ကို အခြေခံထားလျက် ရုပ်စွဲ-နာမ်စွဲတို့မှ ကင်းလွတ်ကြစေပြီး အသင်္ခတဓာတ် နိဗ္ဗာန်မြတ်ကို ညွှန်ကြားတော် မူခြင်း ဖြစ်သည်။ သို့ကြောင့် ရုပ်သဘာဝဓမ္မ တရား များကို လေ့လာပြီးသား ရုပ်ဝါဒီ တို့သည် မြတ်စွာ ဘုရား ဟောကြားတော် မူသော “နတ္တ, နပုရိသော, နပုဂ္ဂလော” အစရှိသောငါ, သူတပါး, ယောက်ျား, မိန်းမ, မရှိ စ သည့် တို့ ကို ကျွမ်း ကျင် လေ့ လာ ပြီး ဖြစ် ကြ သ ဖြင့် ‘နဇီဝေါ’ အသက်လိပ်ပြာ ဝိညာဉ်မရှိဟု ဟောကြား တော်မူခြင်းကိုလည်း နာမ်ဝါဒီတို့ထက် သဘောပေါက် လွယ်ကြမည်ဖြစ်ရာ ဗုဒ္ဓဘာသာ စစ်စစ် အရိယာဖြစ်ဘို့ ရန်အလွန်လျှင်မြန်လွယ်ကူလှပေသည်။ ရုပ်နာမ်သဘာ

ဝကို ပြာချနိုင်စေရမည်၊ သို့မှသာ ဗုဒ္ဓဘာသာစစ်မည်။ ပရိယတ် စာအဟောနှင့် လူထု သဘော မပေါက်နိုင်။ သဘောမပေါက်လျှင် ပိဋကတ်သုံးပုံကိုကုန်အောင်ရွတ်ပြသော်လည်း အရိယာ ဖြစ်နိုင်ကြမည်မဟုတ်ပေ။

ရုပ်ဝါဒနှင့် နာမ်ဝါဒတို့သည် ဤမျှထက် တိုး၍တိုး၍ ပဋိပက္ခ ဖြစ်လာရမည်။ ထိုအချိန်အခါကာလ၌ ဝိဘဇ္ဇဝါဒဖြစ်သော ဗုဒ္ဓဝါဒသည် ပိဋကတ်တော်ကို ခံတင်ပြီး ကြွားဝင်ရပေမည်။ သာသနာနှစ် ၉၅၆-နှစ်၌ သူ့ခေတ်နှင့်သူ့ဉာဏ် အဆင့်အတန်းမှီနိုင်သော ဝိသုဒ္ဓိမဂ်ကျမ်းကြီး ပေါ်ထွက်လာရသကဲ့သို့ ယခုလည်း တကမ္ဘာလုံး လူထုနားလည်နိုင်သော ပိဋကတ်စည်းမျဉ်းဝင် သမ္မာပဋိပတ္တိကျင့်စဉ်မဂ်ပေါက်မိလ်ဝင်ယထာဘူတကျနမှန်ကန်သော တရားဓမ္မခန် ပေါ်ထွက်လာရလိမ့်မည် ဖြစ်သည်။ ဆိုလိုရင်းမှာ ပိဋကတ်စည်းမျဉ်းနှင့်ကိုက်ညီ၍ ကမ္ဘာသူ ကမ္ဘာသားလူထုနားနှင့် တန်ရုံဖြစ်သော ဝိပဿနာပညာ တရပ်ပေါ်ပေါက်ရပေမည်၊ သို့မှသာ ဝိမုတ္တိယုဂခေတ် အနာဂတ် သာသနာတဝက်၌ အာဂါရိက အိမ်ရာထောင်များ၊ အနာဂါရိက အိမ်ရာမထောင်သူများ၊ မဂ်ပေါက် မိလ်ဝင်ဖြစ်ကြရပေမည်။ ထိုအချိန်အခါ၌ တကမ္ဘာလုံး ဘာသာရေးဆွေးနွေးပွဲကြီးတရပ်ပြုလုပ်ကြ၍ ဘာသာအမျိုးမျိုးဖြင့်ပြန်ဆိုထားသော ပိဋကတ်တော်များနှင့် ညှိနှိုင်းကြပြီးလျှင် ထိုဘုရားအလိုတော်ကျ အဓိပညာ ဝိပဿနာကျမ်းတကျမ်းကို တကမ္ဘာလုံးရှိ ဗုဒ္ဓဝါဒီများ အသိအမှတ်ပြုကြလိမ့်မည်ဟုယူဆရပေသည်။ သာသနာ

နှစ် ၅၀၀- ၌ သာဂလပြည် မိလိန္ဒမင်းကြီးသည် အရှင်နာဂသိန်နှင့် မိလိန္ဒပဥှာ ကိုပါ သင်္ဂါယနာတင်ခြင်း၊ သာသနာနှစ် ၉၅၆-နှစ်၌ သထုံပြည် ဓမ္မပါလမင်းသည် ရှင်မဟာဗုဒ္ဓဃောသနှင့် ဝိသုဒ္ဓိမဂ်ကျမ်းကြီးကိုပါ ဆဋ္ဌသင်္ဂါယနာတင်ခြင်းများပြုလုပ်ကြသကဲ့သို့ဖြစ်စေရမည်၊ သို့မှသာလျှင် သာသနာအစစ်အမှန် ပေါ်ထွက် ပေမည်။ တကမ္ဘာလုံးဗုဒ္ဓဘာသာစစ်စစ် တဘာသာတည်းဖြစ်ကြပေမည်။ ရုပ်ဓာတ် နာမ်ဓာတ် တထပ်တည်း တခုတည်း ဖြစ်သောအနတ္တတရားကို တွေ့မြင်ကြပေမည်။ ထိုအခါ အဝတ် သူတော်ကောင်း အနေ သူတော်ကောင်းအစား သူတော်ကောင်းဖြစ်ရုံမျှ၊ အဝတ်ဂုဏ် အနေဂုဏ်အစား ဂုဏ်ရှိရုံမျှနှင့် လူရာဝင် ကြတော့မည် မဟုတ်၊ ''တကဲ့တရား သူတော်ကောင်း'' ဖြစ်ကြရပေမည်။

## ပါကဋဆရာတော်ကြီးများ

မြန်မာပြည်၌ နေလအသွင် ထင်ရှားတော်မူကြသော စတုဂိရိ တောင်လေးလုံး ဆရာတော် ဘုရားကြီး၊ မန်လည်၊ လယ်တီ၊ ဒိုပဲယင်း၊ ကြောင်ပန်း၊ ဓမ္မစေတီ အစရှိသော ဆရာတော်ဘုရားကြီးများ၏ ဘုရားအလိုတော်ကျ ဆုံးမတော်မူခဲ့ခြင်းများကို ဗုဒ္ဓဘာသာ အမည်ခံ သူတိုင်း လေးလေး နက်နက် စဥ်းစား ဝေဖန်ကြစေရန် အနည်းငယ်စီ ဖော်ပြဦးမည်၊ ကျောက်ထိးတန္တု၊ အလေးပြုအပ်သော အာဘောဂများ ဖြစ်ကြသည်။

## စတုဂီရိတောင်လေးလုံးဆရာတော်ဘုရားကြီး

(စတုဂီရိရှုဘွယ် ၃၂ ကျမ်းမှ ထုတ်နုတ်ချက်များ)

"သာသနာတော်နေဝန်း- တက်ထွန်းစင် ကာလ တွင်မျှ၊ အနတ္တကိုမသိလိုက်ရ၊ မထင်လိုက်ရ၊ မမြင်လိုက်ရ ရှိချေသော် သာသနာတော် နေမင်းဝင်၍ မှောင်အတိ ဖြစ်သော အခါ ဆိုရာမရှိပြီမှတ်။"

"သူကရ သူကရိ စသည်တို့ကဲ့သို့ ဘာသာ အလေ့ အားဖြင့် အထီးအမသိကာမျှ၊ သုနခ—သုနခီ စသည်တို့ကဲ့သို့ ဝမ်းဝ ရုံရှာစားတတ်ကာမျှ၊ မနုဿတ္တဒုလ္လဘကိုရပြီဟု ဝမ်းမြောက် ထိုက်သည်မဟုတ်ချေ။"

"ဝိပဿနာကိစ္စ အပြီးသို့ မရောက်လျှင် နိဗ္ဗာန်စံရမည်ကို မဆိုလင့်ဦး၊ နိဗ္ဗာန်စော်မျှမနံ သံသရာ၌ နစ်မြဲ တလဲလဲသာ နစ်ကြရလိမ့်မည်။"

"တနေ့သုံးကြိမ်ငွေကျောင်းတရာရွှေကျောင်းတရာဆောက် လှူရသောထက်၊ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ ဤသုံးပါးတွင် တပါးပါးမျှကို ဘာဝနာပညာဖြင့် ရှု၍ ပညာ ပြဋ္ဌာန်းသော ကုသိုလ်စိတ်ဖြင့် ငြိမ်းငွေ့ရခြင်းသည်၊ အဆအရာ မက၊ အဆအထောင်မက၊ ကြီးမားလှစွာသော ကုသိုလ်ဖြစ် သည်။"

"ဘိက္ခု သွားသည်၊ဘိက္ခုနီသွားသည်။ ဇာတ္တိသွားသည် ပုရိသသွားသည်ဟု သမ္မုတိ ဒေသနာတော် နည်းဖြင့် ဟော တော်မူသည်။ငင်းဟောတော် မူတိုင်းသော ဘိက္ခု သွားသည် ဘိက္ခုနီသွားသည် ဇာတ္တိသွားသည် ပုရိသသွားသည်ဟု ရှုချေ လျှင် သတိပဋ္ဌာန်ကို ပွားစေသည်မမည်ချေ၊ ကမ္မဋ္ဌာန်းလည်း မဟုတ်ခဲ့၊ သတ္တဝါဟုယူသောဒိဋ္ဌိကိုလည်းမစွန့်ခဲ့၊ အတ္တဝါဒုပါ

ဒါနံ၊ အတ္တဟု စွဲလမ်းသော ဒိဋ္ဌိကိုလည်း မခွါခဲ့၊ ထို့ကြောင့် ထိုဆိုခဲ့ပြီးသောသမုတိဒေသနာတော်နည်းဖြင့်သာ သိချေသည် ဖြစ်လျှင် ဘိက္ခုနှင့် တိရစ္ဆာန်သည် ဤအရာ၌ ကေသဒိသ။”

“အနိစ္စ, ဒုက္ခ, အနတ္တကို ဆရာမပြ နည်းမရသောကြောင့် ပုဂ္ဂိုလ်သတ္တဝါ ငါ, သူတပါး၊ ယောကျ်ားမိန်းမ အစရှိသည်ဖြင့် မုချကေန်အမှန်စွဲယူလျှင် အတ္တဝါဒဒိဋ္ဌိဖြစ်ခဲ့လျှင်ဗာလအောက် အလွန်နိမ့်ညံ့ယုတ်သော ဗာလုမ္မတ္တက ဒိဋ္ဌိဖြစ်၏။ ဇာတ်သာ လွဲသည် နွားကျွဲနှင့် အတူတူဟူလို။”

“လောက၌ ဥမ္မတ္တကသည် ငါဥမ္မတ္တက ဖြစ်ချေသည်ဟု သိနိုင်မည့်အရေးအလွန်ပင်ခက်ခဲ၏။ ထိုထက်ပင်တုံသော်လည်း သာသနာတော်၌ မိစ္ဆာဒိဋ္ဌိဖြစ်သော သူသည်ငါကား မိစ္ဆာဒိဋ္ဌိ ကေန်ဖြစ်ချေသည်ဟု သိနိုင်မည်အရေးအလွန်တရာ ခက်ခဲလှ သည်။”

“ဤတရားကား အနိစ္စဖြစ်သည်၊ ဤသို့သော အကြောင်း ကြောင့် အနိစ္စဖြစ်သည်။ ဤတရားကားဒုက္ခဖြစ်သည်၊ ဤသို့ သောအကြောင်းကြောင့်မူကား-ဒုက္ခဖြစ်သည်။ ဤတရားကား အနတ္တဖြစ်သည်၊ ဤသို့သောအကြောင်းကြောင့်မူကား အနတ္တ ဖြစ်သည်ဟု ပညာစက္ခုဖြင့် တတ်ဘတ်ရှု၍ မနှစ်သက် မစုံမက် ငြီးငွေ့စက်ဆုပ်ခြင်းသည် နိဗ္ဗိန္ဒမည်၏။ ဤနိဗ္ဗိန္ဒပညာပြဋ္ဌာန်း သောကောင်းမှုသည်သာလျှင် မဂ္ဂဖလအာသန္နဟာရ မင်္ဂိုလ်နှင့် နီးစပ်လှသောကြောင့် မဟာပုညဖြစ်သည်။ နေ့တိုင်းနေ့တိုင်း ရွှေအတိဖြင့်ပြီးသောစေတီရှစ်သောင်းလေးထောင် တည်ထား ကောင်းမှုပြုရသည်ထက် အဆအရာ အဆအထောင် မကကြီး မားမြတ်လှသော နိဗ္ဗိန္ဒဉာဏ်ပြဋ္ဌာန်းသောကောင်းမှုကို ဝမ်း မြောက် ဝမ်းသာ သူ့ထက်ငါအားထုတ်ကြပါသည်ရှိသော် အ စိန္တေယျမြတ်စွာဘုရားအား နှစ်သက်မြတ်နိုး ဘွယ် သောဓမ္မပူ ဇာဖြင့် သူ့ထက်ငါ ပူဇော်ရသည်လည်းမည်၏”။

"ယခု ဗုဒ္ဓုပ္ပါဒ ဒုလ္လဘအတွင်း၌၊ ဆွေကြီး မျိုးကြီး မိကောင်းဘကောင်း သားသမီးဖြစ်ကြရကုန်ပြီးမှ အနိစ္စမှန်းမသိ၊ ဒုက္ခမှန်းမသိ၊ အနတ္တမှန်းမသိ၊ အသုဘမှန်းမသိမူ၍ သူရူးကဲ့သို့ မိစ္ဆာဒိဋ္ဌိမဖြစ်ကြစေကုန်လင့်။"

"ခန္ဓာငါးပါး- အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ အသုဘတရားကို၊ နိစ္စ၊ သုခ၊ အတ္တ၊ သုဘဟု ထင်မှတ်စွဲယူ ကျင့်သောသူမှာ လူပင်စင်စစ် ကေန်ဖြစ်သော်လည်းမဟာဗာလဉမ္မတ္တက မိစ္ဆာဒိဋ္ဌိအစစ်ဖြစ်လေပြီ။"

"အကြွင်သူသည် လောကီစည်းစိမ်၊ လောကီချမ်းသာမျှကို သာတောင့်တ၍ လွန်ကဲစွာပင်ဒါနသီလကိုအားထုတ်၏၊ လုံ့လပြု၏၊ ထိုသူသည်ကိုယ်ကိုကိုယ်ရှင်၊ သံသရာဝဋ်ဒုက္ခ၌ ရောင်းစားပေါင်နှံသောသူမည်၏။"

"လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံသုံးပါးတို့ကိုနှောင်အိမ်ကဲ့သို့ ပညာစက္ခုဖြင့် ရှုအပ်သည်ဟူ၍ ဟောတော်မူအပ်သော ဒေသနာတော်ကို လွန်ဆန်ကျော်နင်း၍ ထိုထိုဘဝ ဝဋ်ဒုက္ခကိုရပါလို၏ဟု တဏှာဖြင့်တောင့်တ၍၊ ရွှေကုန်ငွေကုန်ခံ၍ မဟာဒါနကို ပြုသောသူ၏ ရူးခြင်းထက် ရူးနိုင်မည့်သူကို တရားတော်၌ ရှာ၍မရပြီ ဖြစ်သောကြောင့် ထိုဉမ္မတ္တကကို မဟာဉမ္မတ္တကဟု၊ မဟာဗာလုမ္မတ္တကဟု ဆိုလိုက်သည်။"

"ပဉ္စက္ခန္ဓာအနိစ္စာ ပဉ္စက္ခန္ဓာအနိစ္စာဟုတကြိမ်တခါမျှ၍ကဲ့သို့ မဟာကုသိုလ်စိတ်ကို ဖြစ်စေရခြင်းသည် ပကတိ ရွှေစင်အတိ ဖြစ်သော ကျောင်းကြီးကို အဆောင်ဆောင် ဆောက်၍ လှူရသော ကုသိုလ်လည်း မတူမမျှနိုင်၊ ရွှေတုံး-ငွေတုံး— ပတ္တမြားတုံးဖြင့် ပြီးသော စေတီကြီးကို တည်ထားပြုရသော ကောင်းမှုကုသိုလ်စိတ်လည်း မတူနိုင်မမျှနိုင်၊ ပဒေသာပင်ကြီးကို မြေပြင်အပြည့် စိုက်၍ တသက်ပတ်လုံး အလှူကြီးကိုပေးရသော်လည်း မတူမမျှနိုင်။"

" လောက၌ သန်း–ကြမ်းပိုး၊ မှက်၊ ခြင်ကိုက်မည်ကိုသာ လွန်စွာကြောက်၍ ကျား-ဘီလူး-ဆင်ကိုက်မည် စားမည် နင်း သတ်မည်ကို မကြောက်သော ဗာလပုဂ္ဂိုလ်ကကဲ့သို့၊ မီးလောင် မည်၊ လှုံစူးမည်ကိုသာ လွန်စွာကြောက်၍ သံသရာ၌ကမ္ဘာ အဆက်ဆက် နှစ်စေ တတ်သော သက္ကာယဒိဋ္ဌိ စွဲငြိသည်ကို မကြောက်ရှိခဲ့လျှင် ခွေးဝက်နှင့် အတူတူ လူစော်မနံ အကျင့် တန် လူကန်းသာ ဖြစ်တော့သည်ဟူလို။"

"အနိစ္စ-ဒုက္ခ-အနတ္တ အရကို သဘောမိမိ မသိ မမြင်နိုင် လျှင်မိစ္ဆာဒိဋ္ဌိမှတ်။အနိစ္စ-ဒုက္ခ-အနတ္တအရကိုသဘောမိမိသိနိုင် မြင်နိုင်လျှင်သမ္မာဒိဋ္ဌိမှတ်။"

"အကြင် ဗာလသည် အနိစ္စ၊ ဒုက္ခ၊အနတ္တ ကေန်မုချမှန် သော ခန္ဓာငါးပါး သံသရာဝဋ်တရားကို သားသမီး ဥစ္စာမှတ် လေ၏။ ထိုသို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တခန္ဓာ သံသရာ စဉ်လျက် ငါ၏သမီး၊ ငါ၏သား၊ ငါ၏ဥစ္စာ ဖြစ်သည်ဟု စွဲယူ ထင် မှားသောဗာလသည် ကိုယ်၏ ပင်ပန်းခြင်း စိတ်၏ပင်ပန်းခြင်း သို့ ရောက်ရလေသည်။"

"တိရစ္ဆာန်အပေါင်းတို့တွင်ကေသရာကို အမြတ်ဆိုထိုက် သကဲ့သို့ ထို့အတူနိဗ္ဗာန်ရောက် စေတတ်သော တရားတို့တွင် ပညာန္ဒြေကို အထွဋ်ထား၍ ဘုရားဟောတော်မူသည်။"

"ခန္ဓာငါးပါး ပရမတ္ထတရားကေန်သာဖြစ်သည်ကိုလျှင်ဒိဋ္ဌိမုတ္တ က ဖြစ်လေသောကြောင့်ငါ့သမီးငါ့သား ငါ့မယား ငါ့လင်ဟု အထင်အယူအမှတ် လွဲသောကြောင့် ဆင်းရဲများစွာ တွေ့ရ သည်ဟုမှတ်။ သမ္မာဒိဋ္ဌိဆေးတော်ကို မဝင်သမျှ ချမ်းသာရပြီ ဟု မဆိုထိုက်ဟူလို။"

"အစိန္တေယျဘုရားသခင်သည်ပစ္စည်း အာမိသဖြင့်လှူဒါန်း ပူဇော်ခြင်းကို နှစ်သက်အားရတော်မမူ၊ကောင်းချီးပေးတော်

မမူ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်နှင့် လျော်သော အကျင့်ကိုကျင့်၍ ထိုအကျင့်ဖြင့် ပူဇော်ခြင်းကိုသာ နှစ်သက်အားရ ဝမ်းမြောက်တော်မူသောကြောင့်ကောင်းချီးပေးတော်မူသည်။”

“သူဌေးသူကြွယ် မင်းမိဖုရား၏အဖြစ်ကို ရလွယ်၏၊ ကလျာဏ ပုထုဇန် အဖြစ်ကို ရမည်ခဲလေစွ။ နတ်သမီး နတ်သား သိကြားဗြဟ္မာ၏ အဖြစ်ကိုရလွယ်ဘိစွ၊ ကလျာဏ ပုထုဇန် အဖြစ်ကို အလွန်တရာရခဲစွာ၏။ အဘယ့်ကြောင့် ဤသို့စင်ဆိုဘိသနည်း။ ခွေး–ဝက်မှစ၍ သတ္တဝါဟူသမျှ ကမ္ဘာ အဆက်ဆက် သူဌေး၊ သူကြွယ်၊ မင်း၊ မိဖုံရား၊ နတ်သမီး၊ နတ်သား၊ သိကြား၊ ဗြဟ္မာ၊ အကြိမ်ကြိမ်အဖန်ဖန် ဖြစ်သည်ကို ဘုရားသဗ္ဗညု ဟောတော်မူသောကြောင့် ဆိုသည်။”

“ပရမတ္ထ ဒေသနာတော်နည်းအားဖြင့် မူကား ဘုရားဟူသည်လည်း တရားပင်၊ တရားဟူသည်လည်း တရားရင်းပင်၊ သံဃာဟူသည်လည်း တရားရင်းပင်၊ ရတနာသုံးပါးဟူသည် ပရမတ္ထဓမ္မပင်ဟူလို။”

“သံသရာဝဋ္ဋဒုက္ခကိုပင်သုခချမ်းသာဟုထင်မှတ်၍သံသရာဝဋ္ဋဒုက္ခကေန်မှန်သောလူ့ဘုံ၊နတ်ဘုံ၊ ဗြဟ္မာ့ဘုံသို့ ရောက်လိုသောစိတ်ဖြင့် ကြီးစွာသောကောင်းမှုကိုပြုပါငြားသော်လည်း မေထုန်အပြားခုနစ်ပါးတို့တွင်သတ္တမမေထုနမ္မေကိုပြုမှားကျင့်မှား၍ သံသရာ၌ ရှည်လျားစွာ ကမ္ဘာ အဆက်ဆက်–ယခုတိုင်တိုင် နစ်ကြရကုန်သည်၊”

“သက္ကာယ ဒိဋ္ဌိမျိုးစေ့ ရှိသော ဗာလသည် သက္ကာယဒိဋ္ဌိမျိုးစေ့ရှိခြင်းအတူတူ ဖြစ်သော ဗာလကို ဆည်းကပ်ပြန်လျှင် သံသရာ၌ သာလျှင် အခါခါ နစ်ရ လေသောကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ပြီးမြောက်ရောက်လိုကုန်သော သူတို့

သည့် ကြည်ရွှင်အပ်သော ဗာလ၊ ဆည်းကပ်အပ်သော ပဏ္ဍိတ၊ မြတ်နိုးတနာ ပူဇော်ရသော ပုဂ္ဂလကို ပြတော်မူလို၍၊ ။အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ၊ ပူဇာစ ပူဇနေယျာနံ၊ေတံမင်္ဂလမုတ္တမံ။ ။ဟုသုံးဆဲ့ရှစ်ဖြာမင်္ဂလာတို့တွင်၊ ရှေးဦးတင်၍ ဟောဘော်မူပေသည်။ ဤသို့ သတိရကြလေစေ။" (**အန္ဓကို ဗာလ ဆိုတော်မူသည်။ ကလျာဏကအာစ အရိယာတို့ကိုပဏ္ဍိတဆိုတော်မူသည်။**)

"အကုသိုလ်ကံကိုမဆိုလင့်ဦး၊ လူ့ဘုံ ဗြဟ္မာ့ဘုံ၌ပဋိသန္ဓေ တကြိမ်မျှကို နေစေတတ်သော ကောင်းမှု ကုသိုလ်ကံကိုပင်လည်း ရန်သူကဲ့သို့ ကြောက်အပ်သည်ဟု ဟောတော်မူပြီ။ ထို့ကြောင့် ပဋိသန္ဓေ နေစေတတ်သော ပါပဓမ္မ၊ ကလျာဏဓမ္မ၊ ကောင်းမှု မကောင်းမှုနှစ်ခုစလုံးကိုပင် ရန်သူကိုကြောက်သည်ထက်လွန်ကဲစွာပညာဖြင့် ကြောက်အပ်သည် သတိရကြစေ။"

"လူ့ရွာ၊ နတ်ရွာ၊ ဗြဟ္မာ့ရွာသို့ အခါခါအခေါက်ခေါက်ရောက်လိုသည်ဟု တဏှာဖြင့် တောင့်တခဲ့သည်ဖြစ်လျှင်ဘုရားသခင်၏ အမိန့်တော်ကို မနာမယူ မခံမူ၍ ဘုရားသခင်ကိုပုန်ကန်၍ သံသရာ၌ အခါခါ နစ်ရမည့် အကြောင်းကိုသာမနေမနား လုံ့လ အားထုတ်သော မဟာဗာလမ္ဗတ္တကတို့၏ အပြုအမူအကျင့်သာ ဟူရတော့သည်။"

"ဗုဒ္ဓသာသနာတော်၌ယထာဘူတ ဉာဏ်စက္ခုကိုမျှ မရသော အန္ဓဗာလ ပုထုဇန်သည် ဤသို့ဆင်ခြင်ရာသည်။ သုနခ သုနခိတို့လည်း ငါ၏ကိုယ်ဟု ထင်ကြကုန်၏၊ ခန္ဓာဟု မထင်ကြကုန်၊ ငါလည်းငါ၏ကိုယ်ဟုထင်၏ ခန္ဓာဟု မထင်နိုင်။ သုနခ သုနခိတို့နှင့် ငါသည်-ဇာတ် ဇာတိမျှသာ ကွဲလွဲ ချေတော့သည်။ ဤသို့ ဆင်ခြင်ကြံစည် ပြီးသည့်နောက် သုနခ သုနခီတို့ထက်သာအောင် ယထာဘူတ ဉာဏ်စက္ခုကို ရအောင်လုံ့လလွန်စွာပြုလေ။"

"ခွေးထီး ခွေးမထက်သာလိုလျှင် သူ့မြီ တိုးပွား၍ သူ့ကျွန် သူ့သပေါက် ဖြစ်ရမည်ကို ကြောက်သည်ထက်၊ တဏှာလောဘ ရာဂတိုး၍ ကိုယ်ကျိုး ကမ္ဘာအဆက်ဆက် ယုတ်မည်ကို ကြောက်လေ့ရှိစေ။"

"ဧကန္တမုချအားဖြင့် နတ် လူဗြဟ္မာသတ္တဝါဟူ၍မျှမရမရှိ ဘဲကိုလျက်၊ နတ်လူဗြဟ္မာ သတ္တဝါဟူ၍ ဧကန္တမုချရှိ၏ ဟု ရ၏ဟု အယူဝါဒ ရှိသည်ကို အတ္တဝါဒ ဒိဋ္ဌိဟုမှတ်၊ သက္ကာယ ဒိဋ္ဌိဟူ၍လည်းမှတ်။ အတ္တဝါဒဒိဋ္ဌိဟူသည်သက္ကာယဒိဋ္ဌိဟူသည် ကား သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ အန္တရာယ်ကြီး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရနိုင်အောင် တားတတ်- ဆီးတတ် သော မဟာဒိဋ္ဌိဖြစ်သည်။"

"ကမ္ဘာတိုင်းကမ္ဘာတိုင်း ဘဝတိုင်း ဘဝတိုင်းပင် ခွေးက ဝက်က ရနေကြစက္ခုဖြင့် ခွေးက ဝက်ကကြည့်နေကြဖြစ်သော အဖြူ–အနီအဝါအပြာအစိမ်း အစရှိသော ရူပါရုံကိုသာသော်၎င်း၊ ဣတ္ထိပုရိသ မိန်းမယောကျ်ား သမီးသား–မယားလင်ကို သာသော်၎င်း၊ ရနေကြစက္ခုဖြင့်လည်း ကြည့်နေကြ–မငြီးမငွေ့ တစေ့စေ့ ကြည့်ရှု၍ တဏှာ ရာဂကိုပွားများစေ၍ နေမှား ချေသည်ရှိသော် ခွေးဝက်နှင့် အတူတူ လူစော်မနံ နိဗ္ဗာန်နှင့် ဝေးသည်ထက် ဝေး၍ ဘေးလွတ်နိုင်ကြတော့မည် မဟုတ် ကုန်ပြီ၊"

" ဘုံသုံးပါးကို နှောင်အိမ်ကဲ့သို့ မှတ်စေခြင်းငှါ တယော ဘဝေအန္ဓုဃရံဝိယဒဋ္ဌဗ္ဗံ-အစရှိသည်ဖြင့် ဟောတော်ကြားမူ သည်ကိုပမာဏမပြုကြ၊ ကျူးလွန်ကျော်နင်း၍လူ့ဘုံနတ်ဘုံသို့ အကြိမ်ကြိမ် အခေါက်ခေါက် ရောက်မည့် အကြောင်းကို ပြု သော–ကျင့်သောသူ လူ့ဘုံနတ်ဘုံသို့ အကြိမ်ကြိမ် အခေါက် ခေါက်-ရောက်မည့်အကြောင်းဖြစ်သောကောင်းမှုကိုပြုကြကုန် ဆုတောင်းကြကုန်-ဤသို့နှိုးဆော်တိုက်တွန်း ပြောဟော ပြသ

ကုန်သော သူတို့သည် ဘုရားသခင်၏ အမိန့်တော်ကို ကျူး လွန်ကျော်နင်း၍ အတင်းအရွဲ့ တရားမဲ့ ပြုသည်ကို သိသာ သည်မှာ လူကိုမဆိုထားဘိ၊ ကျွဲ နွား ခွေးဝက်ကပင် သိသာ လောက်လှတော့သည်။ အထင်အရှား အများ သိလောက် သည်ကိုမျှ မသိရှိခဲ့လျှင် လူအလွတ်စားတရားမဝင်ပြီ။"

" စိတ် စေတသိက် ရုပ် ဟူသော အနိစ္စ ဒုက္ခ အနတ္တ ခန္ဓာ သံသရာကို ပုဂ္ဂလ၊ သတ္တ၊ ဇီဝ၊ ပုရိသ၊ ဟုငါ,သူတ ပါးဟု စွဲယူ မှတ်လျှင် မိစ္ဆာ ဒိဋ္ဌိ ဖြစ်သည်၊ မိစ္ဆာ ဒိဋ္ဌိ ဖြစ်လျှင်လည်း ဥမ္မတ္တကသဒိသ၊ သူရူးနှင့်အတူတူ ဖြစ်တော့ သည်။ ဥမ္မတ္တကသူရူးနှင့် အတူတူဖြစ်ခဲ့လျှင်၊ ကျွဲနွားခွေးဝက် တို့နှင့်အတူတူ ပင်ဖြစ်တော့သည်။"

"တကြိမ်တလီမျှပင် ထက်မြက်သန်လှ စွာသော စိတ်စေတ နာဖြင့်၊ ရုပံအနိစ္စံ၊ ရုပံ အနိစ္စံဟူ၍ သော်၎င်း၊ ရုပံဒုက္ခံ, ရုပံ ဒုက္ခံဟူ၍သော်၎င်း၊ ရုပံအနတ္တာ ရုပံအနတ္တာဟူ၍သော်၎င်း ဖြစ်စေရသောသူသည် ရွှေဖြင့်ပြီးသော ကျောင်းကြီးကို အကြိမ် ကြိမ်ဆောက်၍၊ အကြိမ် ကြိမ် အလှူကြီးကို ပေးရသည်ထက် လည်း- အဆဆ၊ အဓိက၊ ဥတ္တမလွန်မြတ်၏။ ရွှေငွေ ပတ္တမြား တို့ဖြင့် အတိပြီးသော စေတီကြီးကိုအဆူဆူတည်ထား၍အကြိမ် ကြိမ် မဟာဒါနကောင်းမှုကြီးကို ပြုရသည်ထက်လည်း အဆ ဆ သာ လွန် သေး ၏။ နှစ်သက်ဘွယ် မြတ်နိုးဘွယ် ရှိသော အထူးထူး အတိုင်း မသိ အဘိုးထိုက်သော ဒါန ဝတ္ထု တည်းဟူ သော- အသီးနှင့် ပြည့်စုံကုန်သော အတိုင်းမသိ များစွာကုန် သော၊ ကပ္ပရုက္ခပဒေသာပင်တို့ကို တသိမ့်သိမ့် တခြိမ့်ခြိမ့်မျော တီး၍အလှူကြီးကို အကြိမ်ကြိမ် ပေးရသည်ထက်လည်း၊ အဆ ဆအဓိက ဥတ္တမဖြစ်၍သာလွန်မြတ်လေသေး၏။"

"မုချဇီဝ ပုရိသဟု မဆိုအပ်သောရုပ်တရား နာမ်တရားကို ဇီဝ၊ ပုရိသဟုစွဲယူ ခေါ်ဝေါ် ပြောဆို မှတ်ထင်သည် ဖြစ်လျှင်

သာသနာတော်၌ မုချအရှုး၊ မုချအမိုက်မဟာဗာလပုဗ္ဗုဇ္ဇကဖြစ်သည်။ သာသနာတော်၌ သည်ထက်တိုး၍ မိုက်နိုင်စရာမရှိပြီ အကုန်မိုက်ဖြစ်တော့သည်။”

“လူ့ပြည်စုံဆန်၊နတ်ပြည်စုံဆန်တက်သက်လူးလာကြံမ်ဖန်များစွာ ခံစားရပါလို၏ဟုဘဏ္ဍာဖြင့် တောင့်တသောသူသည် ငါသည်သံသရာ၌ ကြာကြာ နစ်မွန်းရပါလို၏ဟုဆိုသည်၊ ဆုတောင်းသည် မည်ရကား မဟာဥမ္မတ္တကဗာလအရူးကြီး၊ အမိုက်ကြီးဖြစ်သည်။ သုံးလူ့ထွတ်ထား-ဘုရားသခင်ပင် မတားမဆီး နိုင် အောင် ရူး သည် ဖြစ် ၍ အရူးကြီး-မဆီးမတားနိုင်ပြီ ဟူလို။”

“အနီးအစပ်၌ ကြီးစွာသော ရွှေအိုးကို ရစုရရန်ရှိလျက်မသိသောကြောင့် သမုဒ္ဒရာပင်လယ်ခြားရာ၌ ရှိသော ရွှေအိုးကိုသာ တောင့်တ၍ နေသော သူဆင်းရဲဗာလကဲ့သို့ မဂ်ဖိုလ်ရတနာရွှေအိုးကိုရထိုက်သောနဝမခဏနှင့် ပြည့်စုံပါလျက် ထိုသို့ပြည့်စုံကြောင်းကို မတွေ့ယျ လက်ထက်တော်၌ မဂ်ဖိုလ်ရလွယ်ပါလို၏ဟုဆုတောင်းသည်ကား မှားလေစွ။”

## မန်လည် ဆရာတော်ဘုရားကြီး

(ဒိဋ္ဌိဝိသောဓန ဝဇီရဂ္ဂဒီပနီမှ ထုတ်နုတ်ချက်များ)

“သစ္စာနုလောမိက ဝိပဿနာသမ္မာဒိဋ္ဌိယထာဘူတဉာဏ်မျိုးကိုပုထုဇန်တို့မရနိုင်၊ ဘုရားရဟန္တာ အရိယာတို့၏ ဉာဏ်သာဟူ၍ အချို့သော လူရှင်ရဟန်းတို့က ကြက်ကန်းဆွဲပြောဆို၍နေလေ့ရှိကြကုန်သည်။ ထို့ကြောင့် အချို့သောရှင်လူအရပ်သားအကြားအမြင်နည်းကုန်သော အပ္ပဿုတဒုပ္ပညပုဂ္ဂိုလ်တို့သည်ရုပ်နာမ်အရာသင်္ခါရသဘောကိုတရံတခါမျှ လက္ခဏာသဘာဝအားဖြင့် ထင်ရှားအောင် မသင်ရဘူး၊မနာရဘူး၊နှလုံး

မသွင်းရဘူးသဖြင့် အထူးမသိနိုင်ရကား လူကြီး, သူကြီး,ဘုန်းကြီး,ရဟန်းဆိုသူတို့ပြောလျှင် ဟုတ်တန်ရာ၏ဟူသော အမှတ်ကိုစွဲ၍ ယထာဘူတ ဉာဏ်ကား ငါတို့ပုထုဇန်အရာ မဟုတ် ဘုရားရဟန္တာတို့၏ အရာသာဖြစ်သည်ဟု စိတ်ချ နှလုံးချရှိရှာကြ၍ ယထာဘူတဉာဏ် ဖြစ်စရာ စကားကိုကြားရ နာရမည်ဆိုလျှင် သေမည်လို ကြောက်သဖြင့် မနာလို နိုင်အောင်ဖြစ်တော့သည်။နာမ်ရုပ် အရာခန္ဓာ,အာယတနစသော ယထာဘူတသဘာဝတရားစကားများကိုကြားရကောင်းဟူ၍မျှ မမှတ်နိုင်အောင်ဖြစ်တော့သည်။ယထာဘူတဉာဏ်ဆို၍မှလည်းမယုံ မကြည်နိုင်အောင်ရှိသူ များတော့သည်"

"အလိမ္မာမဲ့ သေးသော ဗာလ သူငယ် ကလေးသည် ရွှေကို ပြသော်မယူချင်၊ အသုံးမကျသော ပန်းကန်ခွဲကို ပြမှ ယူချင်ဘိသကဲ့သို့ ဖြစ်ကုန်သည်။ မသိမလိမ္မာသော သတ္တဝါတို့ကို ယထာဘူတဉာဏ်လမ်းပိတ်၍ တိတ်ဆိတ်ကွယ်ပျောက်အောင် ရောက်တတ်ရာရာ ပြောလေ့ ရှိကြကုန်သဖြင့်၊ မြတ်စွာဘုရားအဆုံးအမသာသနာကိုမိစ္ဆာလိမ်းလူး၊ညစ်ညူးပျက်စီးစေကုန်သော ရှင်ပေါ့,လူပေါ့တို့သာ များကြတော့သည်။"

"ယထာဘူတဉာဏ်ကို ဘုရားရဟန္တာတို့၏ဉာဏ်သာဟူ၍ ဆိုသောသူ၊ ယထာဘူတဉာဏ်ကို လူတို့မရထိုက်ဟူဆိုသောသူတို့သည် ကျမ်းဂန်အရာမလိမ္မာ၍ မိမိ တို့လည်း နာမ်ရုပ်လက္ခဏာကို မသိမ်းဆည်းတတ်၊ မသိမ်းဆည်းစဘူး၊ကျမ်းဂန်ကို စိုးစဉ်းမတ္တသင်ကြားဘူး ပါသော်လည်း သင်ရုံ မျှသာ၊ အတ္ထသဘာဝကို ထင်နိုင်အောင်မသင် ထင်ရကောင်း မှန်းမျှလည်း မသိသဖြင့်မိမိတို့ သဘောအတိုင်းပြောဆိုကြသည်သာ ဖြစ်သည်။"

"အချို့ဆရာတို့ကလည်း ဝိပဿနာ ကုသိုလ်သည် မဂ်ကိုသာပေးတတ်၏။ မဂ်ကိုမပေးလျှင် တစုံတခုသော လူနတ်

သုဂတိအကျိုးကိုမပေးတတ်ဟူ၍ ပြောဆိုကြသည်လည်းရှိ၏။ ထိုသို့ပြောဆိုခြင်းသည်လည်း ကျမ်းဂန်နှင့် မလျော်သည်သာ တည်း။"

" ရူပက္ခန္ဓော ဝေဒနက္ခန္ဓောစသည် ဆိုတတ်, မြည်တတ်, အံတတ်, ရွတ်တတ်ရုံနှင့်လည်း နာမ်ရုပ်ကို သိမ်းဆည်း တတ်သော နာမရူပ ပရိဂ္ဂဟဉာဏ်မဖြစ်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟေတုပစ္စယောစသည်တို့ကို ဆိုတတ် မြည်တတ်, အံတတ်, ရွတ်တတ်ရုံနှင့် ပစ္စယပရိဂ္ဂဟ ဓမ္မဋ္ဌိတိဉာဏ်မဖြစ်၊ အနိစ္စ၊ဒုက္ခ, အနတ္တ—ဟူ၍ ဆိုတတ်, မြည်တတ်, ရွတ်တတ်, အံတတ်ရုံနှင့် လည်း ဝိပဿနာ ဉာဏ်မဖြစ်သေး။"

"ယထာဘူတဉာဏ် ဖြစ်အောင်ကား ဆရာသမားတို့ထံ နားလည် လိမ္မာအောင် ရုပ်လက္ခဏာ နာမ်လက္ခဏာတို့ကို သင်ခြင်း, နာခြင်း, မှတ်သားခြင်းကိုပြုလျက် ထိုရုပ်လက္ခဏာ နာမ်လက္ခဏာတို့ကို ပိုင်းခြား သိမ်းဆည်း၍ သိနိုင်, မှတ်နိုင်, ဆောင်ကျဉ်း နိုင် သ ဖြင့် ငါကောင်, သူကောင်, လူကောင်, နတ်ကောင်, ကိုယ်ကောင်အတ္တ, ရှာမရဘဲ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကွာ၍ ရုပ်သဘာဝ, နာမ်သဘာဝ, ရုပ်ဖြစ်သည့်အတိုင်း နာမ်ဖြစ်သည့်အတိုင်း, မြင်တတ်, မှတ်တတ်, နှလုံးသွင်းတတ်, ဆင်ခြင်တတ်, သဘောကျတတ်သည်ရှိသော် သာလျှင် ယထာဘူတဉာဏ်ဖြစ်သည် ဟူ၍မှတ်။"

"ဤယထာဘူတဉာဏ်ကား အိမ်ရာထောင်သူ လူတို့နှင့်အကွာကြီးအဝေးကြီးဟူ၍ပြောလေ့ဆိုလေ့ရှိကြကုန်သည်။ ထိုသို့ဆိုသော်လည်းမသိမလိမ္မာ၍ ဆိုသည်သာမှတ်။ ရဟန်းဖြစ်စေ, လူဖြစ်စေ, ရုပ်နာမ် လက္ခဏာ တို့ကို အသေ အချာဆရာသွားထံ နာခံသင်ကြားရဘူး၍ သိတတ်, နားလည်တတ်,နှလုံးသွင်းတတ်၍ နှလုံးသွင်းလေ့ ပွါးလေ့, ရှုလေ့, ပိုင်းခြားသိမ်းဆည်းလေ့ရှိကုန်သော သူတို့ကား ဤရုပ်နာမ်ကို သိမ်းဆည်းတတ်သော ယထာဘူတဉာဏ်ကို မဆိုနှင့်ဦး၊ သောတာပန်၊

သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ်သို့ပင် ရောက်ကြလေကုန်သောဗိမ္ဗိသာရမင်း၊ မဟာနာမ်မင်း၊ သုဒ္ဓေါဒနမင်း၊ အနာထပိဏ်၊ ဝိသာခါ၊ နန္ဒမာတာ၊ ပုဏ္ဏ၊ ကျွန်မ၊ ဤသို့စသည့် အနန္တပရိမေယျအဆုံးအဆမရှိ များကုန်သည်။"

"သဒ္ဓါတရားအားကြီးထက်သန် ဝိပဿနာတရားကိုလည်း အားထုတ်လိုလားတတ်သော ပုဂ္ဂိုလ်အား၊ သွားစဉ် ရပ်စဉ်၊ ထိုင်စဉ်, စားစဉ်, မဂ်ဖိုလ်ကိုထိုးထွင်း၍ သိခြင်းမဖြစ်ဟု မဆိုရာဟူ၍ မူလ ပဏ္ဏာသ ဋီကာမဟာသာရောပမသုတ်အဖွင့်တွင်လည်း မိန့်ဆိုတော်မူသည်။"

"မလိမ္မာသူ ရှင်လူရဟန်းတို့စကားကို ကြားရ, နာရသဖြင့် ယထာဘူတဉာဏ်, ဝိပဿနာဉာဏ်တို့မှာ ငါတို့အရာမဟုတ်စွာဟူ၍ စိတ်ချနှလုံးချ, ဓုရနိက္ခေပဖြစ်၍ ရှုံ့နစ်ညှိုးဖုံးသော ပတ္တမြားတုံး ပမာ ဝါသနာရှိလျက် ဝါသနာပျက်၍ မဂ်အကြောင်း, ဖိုလ်အကြောင်း၊ ကောင်းကောင်းကြီးဝေးကွာ၊ ရှိနေရှာကြရတော့သည်။"

"ထိုကြောင့် သက္ကာယဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့သည် တရံတခါမျှ မကွာမကင်းစဘူး၊ ကွာကင်းရ ကောင်းမျှမသိ၊ ကင်းရမည့်တရားစကားကိုမျှမကြားမနာဝံ့အောင်ရှိလျက်၊ ငါကောင်၊ သူကောင်၊ ကိုယ်ကောင်၊ အသက်ကောင်၊ မိန်းမကောင်၊ ယောက်ျားကောင်၊ လင်ကောင်၊ မယားကောင်-ဟူ၍သာ အမှတ်ကြီး မှတ်ယူစွဲလမ်းခြင်းဖြင့် ပြင်းစွာစွဲလမ်း၍ ပြောဟောခေါ်ဆိုတိုင်းသောဝေါဟာရပညတ်မျှကိုသာ အကယ်စင်စစ်အစွဲကြီးဖြစ်၍ ငါကောင်၊ သူကောင်၊ ကိုယ်ကောင်၊ အသက်ကောင်မှတပါး ရုပ်နာမ်ခန္ဓာ၊ အာယတနဓာတ်၊ သစ္စာ၊ ဣန္ဒြေ ပဋိစ္စသမုပ္ပါဒ်၊ ပစ္စည်း ပစ္စယုပ္ပန်တရား၊ သဘာဝတို့ကိုမှတ်ရ၊ နှလုံးသွင်းရကောင်းသည်ဟူ၍မျှမထင်နိုင်အောင်ရှိသတည်း။"

"ရုပ်နာမ်တို့၏ လက္ခဏာခန္ဓာစသည်တို့ သဘောကိုမသိ၊ အလိုရှိတိုင်း ပြုနိုင်သော ငါကောင်, သူကောင်, အကောင်

သဏ္ဍာဝါဟု မှတ်ယူ စွဲလမ်းခြင်းကား ဒိဋ္ဌိဂါဟ၊ အတ္တသညာ မိစ္ဆာ စွဲလမ်းခြင်းသာ ဖြစ်သည်။”

## အနိစ္စဝိပဿနာ

“သေသည့်တိုင်အောင် ပဝတ္တိအခါ၌ ကံ, စိတ်, ဥတု အာဟာရဟူသော အကြောင်း တို့သည် မမြဲသောကြောင့် ဤပဝတ္တိ ရုပ် နာမ် ခန္ဓာ ဟူသော အကျိုးတရား တို့သည်လည်း စင်စစ်မမြဲသည်သာဖြစ်၍၊ ဖြစ်ရာကာလ, ဖြစ်သောအစဉ်၊ ဖြစ်သောခဏ၌သာ ကုန်တတ် ပျောက်တတ်သောကြောင့်မမြဲ။ ။ အနိစ္စံခယဋ္ဌေန-အနိစ္စံခယဋ္ဌေနဟူ၍ ကာလအနိစ္စ ခဏအနိစ္စ လက္ခဏာတို့ကိုစဉ်းစား၍ စိမ့်စိမ့်ထင်အောင်ရှု။”

## ဒုက္ခဝိပဿနာ

“မီးသို့ကျသော သစ်ရွက် သစ်ခက် စသည် တို့သည် ကျသောခဏ၌ ညှိုးခြောက် ကျွမ်းကြေပျောက်ပျက် လေကုန် သကဲ့သို့ ထိုရုပ် နာမ် ခန္ဓာတို့သည်လည်း ပဋိသန္ဓေ ဖြစ်စကစ၍ ဘဝတိုင်း, ကာလတိုင်း, အစဉ်တိုင်း, ခဏတိုင်း ရင့်ဟောင်း ဆွေးမြေ့ စုတေ ပျက်ချုပ်သည်သာဖြစ်၍၊ ဖြစ်ပျက်ဖြစ်ပျောက် ဘေးအတိ ရောက်သဖြင့် ကြောက်မက် ထိတ်လန့်ဘွယ်သာ ဖြစ်သောကြောင့် ဆင်းရဲအတိ, ဆင်းရဲအတိ။ ။ဒုက္ခံဘယဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန-ဟူ၍ ဒုက္ခလက္ခဏာကို စဉ်းစား၍ စိမ့်စိမ့်ထင်အောင်ရှု။”

## အနတ္တဝိပဿနာ

“မိမိတို့ အကြောင်း အားလျော်စွာ ဖြစ်လျက် မိမိသဘော အလျောက် ရင့်ဟောင်း ဆွေးမြေ့၊ စုတေ ချုပ်ပျက်၊ ဖြစ်ပျက်

ဖြစ်ပျောက်၊ ဘေးအတိသာ ရောက်သည်ဖြစ်၍ မြဲမြန်ချမ်းသာ အောင်ပြုနိုင်စီရင်နိုင်သော ငါကောင် ကိုယ်ကောင် အသက် ကောင်၏အဖြစ် အနှစ်သာရ မရှိသောကြောင့် ငါမဟုတ်, ကိုယ်မဟုတ်။ ။အနတ္တာအသာရကဋ္ဌေန၊ အနတ္တာအသာရ ကဋ္ဌေန-ဟူ၍ အနတ္တ လက္ခဏာကို စဉ်းစား၍ စိမ့်စိမ်ထင် အောင်ရှု။"

"သဘာဝတရားကို တရုံမျှမနာဘူး၊ သပ္ပုရိသ စက်ထူး နှင့်၊ မကြုံဘူးရသေး၊ ရှေးကောင်းမှုချိတဲ့၊ စက်သမ္ပာဘုန်းမဲ့ သော၊ ပုထုဇန် ပုဂ္ဂိုလ် တို့ကား၊ မိဘစဉ်လာ သတ္တဝါတို့ အလေ့၊ စွဲမှတ်၍သာ၊ မညာအလင်း၊ သက်သက် ကင်းသဖြင့်၊ တွင်းမမြင်၊ ကျင်းမမြင်၊ သူကန်းရှုးအသွင်ကဲ့သို့၊ ထင်သမျှ စွဲလမ်း၊ ဤခန္ဓာညစ်ညမ်း၏၊ ယုတ်မာမှန်း သက်သက်ကို၊ အိပ် မက်မျှ မမြင်သောကြောင့်၊ သုဘသညာ၊ မိစ္ဆာဝိပ္ပလ္လာသ၊ တရံတဆစ်မျှ မပျောက်မကွာနိုင်ကုန်သည်သာတည်း။"

"သုဘသညာ၊ မိစ္ဆာ ဝိပလ္လာသ၊ မကွာတတ်က တဏှာ မာန, ဒိဋ္ဌိ၊ ကပ်ငြိထောင်လွှား၊ ယူမှားခြင်းနှင့် မကင်းမကွာ သေကြရှာသော သတ္တဝါ ဟူသမျှတို့ကား၊ အပါယ်စသော ဒုက္ခဝဋ္ဋ်မှ မလွတ်ကုန်ပါ၊ ဓမ္မတာတည်း။"

"သက်ရှိ သက်မဲ့၊ သိမ်းဘွဲ့ရောရှု၊ အမှိုက်မှု ဝဋ္ဋ်မီးစာ၊ လောင်စရာ ကျွမ်းစရာ၊ နစ်မွန်းဘို့ ဖြစ်လာသော သတ္တဝါ၊ သင်္ခါရ၊ ထင်သမျှအာရုံ၊ ပြည့်စုံသမျှ ကာမဝတ္ထုတို့ဦ၊နိစ္စ၊သုခ အတ္တ၊ သုဘ၊ကောဋ္ဌာသဟု အန္ဓဗာလ လာမက ပုထုဇန်၊ ဉာဏ် အမြင်ကန်းကုန်သော သတ္တဝါသာမန်တို့ အလေ့ အမူအယူ အထင်၊ ငါ့လင် ငါ့မယား၊ ငါ့သား ငါ့သမီး၊ ငါ့ထီး ငါ့နန်း ငါ့သက်နန်း ငါ့ဆွမ်း၊ ငါ့ကျောင်း ငါ့လှေလောင်း၊ ငါ့လှည်း ယာဉ်၊ ငါ့ကိုယ် ငါ့ဟာ၊ ငါ့ဥစ္စာ ဟူ၍ တဏှာအားဖြင့်တပ် မက်သာယာ မာနအားဖြင့် မြှောက်ကြွ ထောင်လွှား၊ ဒိဋ္ဌိ

အားဖြင့် အယူမှားစွဲလမ်း ဒုစရိုက် အကျင့်သွမ်းတို့ဖြင့် ဟော့ ရမ်းရစ်ရှူး မိုက်မူးဝိတ်ဝိတ် တိရစ္ဆာန် အဟိတ်တို့ကဲ့သို့ အအိပ် အစား အပျော်အပါးနှင့် တရား လက်ကွာ တဏှာ လက်ရှိ ဒိဋ္ဌိလက်စွဲ မေ့လျော့ခြင်း မြဲကြသော လူရှင်ရဟန်း မိန်းမ ယောကျ်ား မင်းပုဏ္ဏားစသော သူတို့ကား ပစ္စုပ္ပန်ဘဝ၌သုခ သမ္ပတ္တိပျက်စီး၊ သေလွန်ပြီးသည့်နောက်ကာလတမလွန်ဘဝ၌ လည်း အပါယ်စသောဆင်းရဲတို့ကို ရမြဲစင်စစ်၊ ကေန်ဖြစ်၏။''

'' အင်္ဂုတ္တရ— အဋ္ဌကထာ၌ကား— ကျောက်စရစ်မှုန်က၊ ရေမှာကျသော်၊ မုချဧကန်စင်စစ်၊ အောက်သို့ နစ်သကဲ့သို့ ထိုအတူ မိစ္ဆာအယူမှန်က၊ သက္ကာယဒိဋ္ဌိမျှလည်း ငါ့ကိုယ်, ငါကောင်၊ စွဲယောင်စွဲမှား၊ စွဲလမ်းသော အားဖြင့် စွဲလမ်း၍ သေ သော်၊ မချွတ်အပါယ်သို့လားရကြောင်းကို မိန့်ဆိုတော်မူသည်။''

## လယ်တီဆရာတော်ဘုရားကြီး

(လယ်တီဒီပနီအမျိုးမျိုးမှ ထုတ်နုတ်ချက်များ)

''သာသနာတွင်း၌ကား၊ ဒိဋ္ဌိဇုကမ္မသမ္မာ ဒိဋ္ဌိ မျက်စိရှိရုံမျှ နှင့် ကလျာဏပုထုဇန် မခေါ်လောက်သေး၊ ပိဋကတ်ကျမ်းဂန် ကြေပြွန်နှံ့စပ်၊ စာပေဘတ်သော ပရိယတ်မျက်စိပေါက်ရုံမျှ နှင့်လည်း၊ ကလျာဏ ပုထုဇန် မခေါ်လောက်သေး၊ သက္ကာ ယဒိဋ္ဌိ။ ဝိစိကိစ္ဆာ ၂ ခု ရှိရာသော၊ မာတုစကျွ၊ ပစ္စယစကျွနှင့် တကွ၊ဝိပဿနာ သမ္မာဒိဋ္ဌိမျက်စိပေါက်မှသာလျှင်၊ ကလျာဏ ပုထုဇန်အမှန်ခေါ်ထိုက်သည်။''

''ဝိပဿနာမှုသည် ဉာဏ်ပညာမှ ဖြစ်၏။ ဉာဏ်ပညာ အဟုတ်အဟတ် ထိုးထွင်း၍ပေါက်အောင်ထင်မြင်နိုင်ပေလျှင်- ကိစ္စပြီး၏။ ထို့ကြောင့် ဉာဏ်ပညာထက်သန်သော ပုဂ္ဂိုလ်တို့ မှာ ထိုကာယဂတာ သတိပွားများမှုကို အထူး အားမထုတ် သော်လည်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ကောင်းကောင်းထင်မြင် ၍သွားလျှင်ပြီးစီးပါ၏။''

"မျက်စိမြင်သကဲ့သို့ ဉာဏ်အမြင်ပေါက်မှ ဝိပဿနာဉာဏ် ဖြစ်ရသည်။ အဘိဓမ္မာ ကျမ်းဂန်တတ်၍ ဓမ္မသဘာဝတို့ကို နေရာကျ သိနိုင်သောသဘောယုတ္တိဉာဏ်မျိုးသည် ဝိပဿနာဉာဏ် မဟုတ်၊ သုတမယ ဉာဏ်သာတည်း။ ဝိပဿနာဉာဏ်ကား စိန္တာမယဉာဏ်တည်း။ ယခုကာလ၌ကား သုတမယဉာဏ် အနေနှင့် ထင်မြင်မှုနှလုံးသွင်းမှုကိုပင် ဝိပဿနာဉာဏ်ဟု ထင် မှတ်၍နေကြသူများ၏။"

"အဘိဓမ္မာ၌အစေ့အစပ်တတ်သိလိမ္မာ၍သုတမယဉာဏ် ဖြင့် သဘောသကန့်ကို မြော်ဆ၍ သုတမယယုတ္တိ၌ အနိစ္စအ ခြင်းအရာကို ဆင်ခြင်မှု၊ ဟောပြောမှု၊ ကျမ်းစာဘုတ်အုပ်ရေး သားမှု များသည်လည်း သုတမယဉာဏ်အမှုသာတည်း။"

"နာမ်ရုပ်၌ ပိုင်နိုင်သည့်ရှိသော် ဗြဟ္မာ့စရိယကိစ္စအပြီးတိုင် လေ၏။ ယခုဘဝ၌လည်းဘယ်သီလလိုသေးသည်၊ ဘယ်သမာဓိ လိုသေးသည်၊ ဘယ်ပညာလိုသေးသည်ဟု ကြောင့်ကြပြုဘွယ် မရှိပြီ၊ သံသရာ၌ သီလမှု၊ သမာဓိမှု၊ ပညာမှု၊ ရသေ့လုပ်မှု၊ ရဟန်းလုပ်မှုသည် ကြီးကျယ်သော ဒုက္ခမှုကြီးဖြစ်၏။ အနမ တဂ္ဂ သံသရာ၌ အခါခါပေါင်း အနန္တ ထိုဒုက္ခကို ပြုခဲ့ လှလေ ပြီ။ အပြီးမတိုင် တပိုင်းကြောင်ချည်းဖြစ်ခဲ့၍ အပါယ်ငရဲသို့ တလဲလဲ ပြန်၍ကျသည်သာဖြစ်၏။"

"နာမ်ရုပ်တရားတို့၏ ဖြစ်မှု ပျက်မှုမှာမူကား လျှပ်တပြက် အတွင်းမှာအကြိမ်တရာ၊ အထောင်မက ဖြစ်နိုင်ပျက်နိုင်သည်။ ထိုသို့သော ခဏိကအချက် ဖြစ်ပျက်မှုတို့သည်မူကား သတ္တဝါ တို့၏ဉာဏ်အမြင်မှာ ပိုင်းခြား၍ထင်မြင်နိုင်သောအရာစုမဟုတ် ကုန်ပြီ။ မထင်မြင်နိုင်သောအရာကို ဝိပဿနာ၏ အချက် အ ကွက်ပြု၍ ရှုသည်ရှိသော် အနှစ်တရာ၊ အနှစ် တ ထောင်ပင် ရှုသော်လည်း၊ ဝိပဿနာဉာဏဒဿန-အဏုမြူမျှဖြစ်ခွင့်မရှိ။ သမ္မောဟဒုက္ခသာဖြစ်ခွင့်ရှိလေသည်။"

“အဘိဓမ္မာ အရာ၌ သဘောယုတ္တိနှင့်တကွ ဝိထိလက်ရိုးများကိုအလွန်ရေလယ်လှသည်ဖြစ်၍၊ အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရဝဇ္ဇန်းစသည်တို့၏ ဥပါဒ်ဋ္ဌီဘင်ခဏ်က အစဉ်ဖြစ်ပုံချုပ်ပုံကို မျ းစွာသော သဘောယုတ္တိတို့နှင့်တကွ၊ အသက်ထက်ဆုံး ချပို့ပြောဟော၍ နေငြားသော်လည်း၊ ထိုပုဂ္ဂိုလ်၏ မြင်မှုသည်ဖြစ်ထိုက်သော သဘာဝယုတ္တိကို မြင်မှုသာဖြစ်သည်။ ဝိပဿနာမြင်မျိုးပင်မဟုတ်။ ဝိပဿနာမြင်မျိုးနှင့် အလွန်ပင်ဝေးကွာ၏။ သို့ပါလျက် ထိုကဲ့သို့သောခဏ်ကမ္မအစီအစဉ် အဖြစ်အပျက်တို့ကို နေရာကျသိတတ်မှ ဝိပဿနာမှုကို နေရာကျသိနိုင်မည်ဟု- ထင်မှတ် ပြောဆိုကြသောအရာများသည် နေရာကျ အချက် မသိကြီး မသိလှ၍ ထင်မှတ်ပြောဆိုနေကြသောအရာသာဖြစ်သည်။”

“ဝိပဿနာ ကမ္မဋ္ဌာန်းသည် မှု ကား ဥာဏ်အလုပ်ဖြစ်၍ သယ်လုပ်ရင်းလည်းဖြစ်နိုင်၏။ ယာလုပ်ရင်းလည်းဖြစ်နိုင်၏။ လှေသွားရင်းလှည်းသွားရင်း၊ ဝန်ထမ်းရင်း၊ ရောင်းဝယ်ရင်းအစရှိသည်ဖြင့် အိမ်အလုပ် အိမ်မိီးပွါးနှင့် ဖက်တွဲ နိုင်သတည်း။”

“ဘုရား လက်ထက်တော်၌ သမထ ကမ္မဋ္ဌာန်းကို ပေါက်ရောက်အောင်လုပ်နိုင်သောသူသည် အလွန်နည်းလှ၏။ အိမ်၌နေ၍ အိမ့်မီးပွါးနှင့် ဖက်တွဲ၍ စွဲမြဲကြသူ အလွန်များ၏။ ထိုစကားမှန်၏၊ သမထကမ္မဋ္ဌာန်းပေါက်ရောက်သူ လူ၌ အလွန်နည်းလှ၏။ ရဟန်းတို့၌သာများ၏။ ဝိပဿနာ ကမ္မဋ္ဌာန်းပေါက်ရောက်၍ သောတာပန် အရိယာ ဖြစ်ကြသူကား- လူ၌အလွန်များလှ၏။”

“ရုပ် ၂၈ပါးတွင် မှာတ်ကြီးလေးပါးကိုပိုင်ပိုင်နိုင်နိုင်သိနိုင်ပေလျှင် ရုပ်၌ ဉာတ ပရိညာ ကိစ္စပြီး နိုင်၏။ နာမ်၌လည်း ဝိညာဏ်တပါး ဝေဒနာတပါး၊ သညာတပါး၊ စေတနာတပါး

ဤလေးပါးတို့ကို ပိုင်ပိုင်နိုင်နိုင် သိနိုင်ခဲ့လျှင် နာမ်ခွဲဉာဏပရိညာကိစ္စပြီးနိုင်၏။''

"ဝိပဿနာ တင်ရှုရန် တရားမှာလည်း ရုပ်တရားစုတွင် ဓာတ်ကြီး လေးပါးသည်သာ လိုရင်းဖြစ်၏။ နာမ်တရားစုမှာလည်း ဝိညာဏ်ခြောက်ပါး ဟူသော စိတ်သည်သာ လိုရင်းဖြစ်၏။"

''သောတာပန်ဖြစ်၍ နေသော ပုဂ္ဂိုလ်သည်၊ မိမိကိုယ်ကို ငါသောတာပန်ဖြစ်ပြီဟု အမှန်အားဖြင့် သိနိုင်ခဲ၏။ အဘယ့်ကြောင့်နည်းဟူမူ၊ ကိလေသာတို့၏ အနုသယအခိုက်အတန့် နက်နဲလှသောကြောင့်တည်း။"

"သဏ္ဌာယဒိဋ္ဌိရှိနေကြကုန်သောသူတို့သည်လူ့ဘုံနတ်ဘုံ ဗြဟ္မာ့ဘုံမှာနေကြကုန်သော်လည်း အပါယ်သို့ ဦးခေါင်းစိုက် ဆိုက်နင့်ချသုံးနေကြကုန်၏။ ဦးခေါင်းဇောက်ထိုး ခြေမိုးမြှော် နေကြကုန်၏။"

"ပဋ္ဌာန်း ၂၄-ပစ္စည်းကိုမူကား၊ (မောင်သော်) နားလည်နိုင်တည့်ရန် အခွင့်လည်းမရှိ၊ ဝိပဿနာအလုပ်မှာလည်း သုံးနိုင်သော နည်းမျိုးမဟုတ်၊ ပဋိသမ္ဘိဒါဉာဏ်၏ အလုပ်သက်သက်မျှသာဖြစ်ပေ၏။"

" ထိုမှတပါး ပဋ္ဌာန်းဒေသနာတော် အရနှင့် အနုတ္တ အချက်တို့ကို ပြဆိုရန် အလွန်ကြီးကျယ် လှ၏၊ သဗ္ဗညုတဉာဏ် တော်အရာသာ ဖြစ်သည်။ ဝိပဿနာယောဂီပုဂ္ဂိုလ်မှာအကုန် လိုရင်းမဟုတ်၊ တစိတ်တဒေသနှင့် အနုတ္တထင်လျှင် ပြီးတော့သည်။"

''ဤဓာတ် လေးပါးကို ဘုရား၏ နည်းလမ်းနှင့် အသင်အမြင်ထိုးတွင်း၍ ထမြောက်ပေါက်ရောက်အောင်လုပ်ကြိုးနိုင်လျှင် လောကုတ္တရာ အရိယာ ဝိဇ္ဇာလမ်း ပေါက်၏။ ဝိဇ္ဇာတို့နည်းလမ်းနှင့် ထမြောက် ပေါက်ရောက်အောင် လုပ်ကြိုးနိုင်လျှင်

လောကီ ဂန္ထာရီ ဝိဇ္ဇာလမ်း ပေါက်၏။ အလတ်သောလောကီ နည်းလမ်းနှင့် ထမြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် ဆေးလမ်း ခတ်လမ်း စက်ကရိယာလမ်းပေါက်၏။"

" ဤခန္ဓာကို လက္ခဏာရေးနှင့် ကြိတ်နယ်လိုသော သူမှာ၊ အဘိဓမ္မာနည်းမလို၊ ပညာပါရမီပွားများဘို့ ပဋိသမ္ဘိဒါဉာဏ် ပွားများဘို့ အရာ၌သာ အဘိဓမ္မာနည်း လိုသည်၊ မြတ်စွာ ဘုရားသည်လည်း အဘိဓမ္မာနည်းကို တာဝတိံသာ၌ တခါ၊ စန္ဒကူးတောတွင်ရှင်သာရိပုတ္တရာကိုတခါသာဟောလေသည်။ သည့်ပြင် ဘယ်သတ္တဝါကိုမျှ အဘိဓမ္မာ နည်းနှင့် ဟော၍ ချွတ်သည်ဟု မရှိ။ ကာဝတိံသာတွင် အဘိဓမ္မာ ဟောစဉ် အခါမှာလည်း နတ်ပြဟ္မာ တို့ကို သုတ္တန်နည်း ညှပ်၍ ညှပ်၍ ချွတ်ရသည်။"

"အဘိဓမ္မာနည်း မည်သည်ကား မဂ်ဖိုလ်ကို ရပြီးသော အရိယာပုဂ္ဂိုလ်တို့အား ပဋိသမ္ဘိဒါ ဉာဏ်ပွားစီးရန် အကျိုးငှါ ဖြစ်၏။ တရားအစိတ်အလီ များပြားလှသောကြောင့် ပုထုဇန် တို့ ကမ္မဋ္ဌာန်းအရာနှင့် သက်ဝင်နိုင်သောနည်းမဟုတ်။"

" အဘိဓမ္မာ ခုနစ်ကျမ်းလုံးကို တတ်၍ ပရမတ်စကား တသက်လုံးပြောဟောချ ပို့၍ နေငြားသော်လည်း ခတ်ကွဲ အောင်မမြင်တတ်လျှင် အဘိဓမ္မာ စာတတ်ကျမ်းတတ်ဟုတ်၏၊ အဘိဓမ္မာကိုမြင်သောသူ မဟုတ်။ အနိစ္စဒုက္ခအနတ္တ ကမ္မဋ္ဌာန်း စကားကို တသက်လုံး ပြောဟော၍ စီးဖြန်း၍ နေငြားသော် လည်း ပရမတ္ထမရဏကို-ပရမတ္ထ နိရောဓကို မမြင်တတ်လျှင် ဝိပဿနာဉာဏ်တရုံတဆစ်မျှ ဖြစ်ဘူးသောသူမဟုတ်၊"

" ပကတိကပင်ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိ ရုပ်နာမ်သက်သက် သာသာ ရှိသည်ဟု ယူသော သူတို့မှာ သံသရာစက် ပြတ်လေ ၏။ ရုပ်နာမ် အဆက်ပြတ်လေဟုယူ၍ ဥစ္ဆေဒဒိဋ္ဌိမဖြစ် သမ္မာ ဒိဋ္ဌိသာဖြစ်သတည်း။"

"ရုပ်တရားတို့ကို နိဿတ္တ၊ နိဇ္ဇီဝ၊ တုစ္ဆ၊ သုညသဘော များကို ဆိုခဲ့တိုင်းသော အစီအရင်ဖြင့် ထင်မြင် နိုင်ပေမူကား ထိုထိုရုပ်တရားတို့ထက် အဆများစွာ အားနည်း ပါးသော စိတ်စေတသိက် ဟူသော နာမ်တရားတို့၏လည်း နိဿတ္တ၊ နိဇ္ဇီဝ၊ တုစ္ဆ၊ သုညသဘော များသည် အလိုလို ထင်ရှား လာလတံ့။"

"ရုပက္ခန္ဓာသည် ခေတ်မျက်စိမရှိသောအန္ဓဗာလ ပုထုဇန် သတ္တဝါတို့အား အနှစ်သာရ အနေနှင့် လှည့်ပတ်၍ ကြီးစွာ သော အပြစ်ဒုက္ခကိုဖြစ်၏။"

"သက္ကာယ ဒိဋ္ဌိရှိကြသော သတ္တဝါတို့မှာမူကား၊ ယခုနေ့ နတ်မင်းကြီး၊ သိကြားမင်းကြီး၊နက်ဖြန်ခါ ခွေး,ဝက်,ခြ, ပရွက် သန်း၊ကြမ်းပိုး၊ယခုနေ့ သီလဝန္တကြီး၊နက်ဖြန်ခါ ဓါးပြ၊သူခိုး မုဆိုးတံငါ၊ ယခုနေ့-ဈာန်အဘိညာဉ်ရ၊ သမာဓိရှင်ကြီး၊ နက် ဖြန်ခါ ပွဲသဘင်အလယ်မှာ လူပျက်ကြီး၊ ယခုနေ့ကျမ်းတတ် ဂန်တတ်ပညာရှိကြီး၊ နက်ဖြန်ခါ အရူး-အသွပ်၊ ဥမ္မတ္တက လူ အ-လူနှမ်းကြီး ဖြစ်နိုင်သော သဘောရှိကုန်၏။"

"ဤသံသရာ၌ အယုတ်တမာ ဆိုးဝါးစွာသော အပြစ်ဟူ သမျှတို့သည် အတ္တဒိဋ္ဌိမှ ချည်းထွက်ကုန်၏။"

"ကောသလ္လ ခုနစ်ပါးတို့၌ ကောသလ္လအဖြစ်သို့ ရောက် ခြင်းငှါ ကောင်းစွာအားထုတ်၍ နေသောသူသည်ဗုဒ္ဓသရဏ ဂုံ၊ ဓမ္မသရဏဂုံ၊ သံဃသရဏဂုံကို တမင် ဆောက်တည် ဘွယ် ကိစ္စမရှိ၊ ဘုရားသွားဘွယ်ကိစ္စမရှိ၊ ထိုအလုပ်ကိုအားမ ထုတ် နိုင်သော သုတသရဏဂုံသမားတို့၏အမှုသာတည်း။"

"ဝိသုဒ္ဓိမဂ်မှာ ရူပသတ္တက အစီအရင် နာမသတ္တကအစီ အရင်တို့ဖြင့် အနုသာသနီခဏ်းကို ပြဆိုသော်လည်း ဆရာနေ ရာကျ လက်ထပ်ပြ၍ ဆုံးမမည့်သူ ရှိဦးမှနေရာ ကျနိုင်သည်။ ယခုအခါ၌မူကား-နေရာကျကျ လက်ထပ်ပြမည့်သူကို တွေ့ခြင်း ငှါ ခဲယဉ်းလှချေ၏။"

“ အဘိဓမ္မာဒေသနာတော် နည်းသည် ဉာဏ်တော်၏ အဟုန်ကို အစွမ်းကုန် လွှတ်၍ ဟောတော်မူသော နည်းဖြစ်လေသောကြောင့် ဝေနေယျ သတ္တဝါတို့အား ကျွတ်တန်း ဝင်စေခြင်းငှါ မစွမ်းနိုင်၊ ဝေနေယျ သတ္တဝါတို့၏ ဉာဏ်သည် သဗ္ဗညုတ ဉာဏ်တော်၏ ကျက်စားရာဖြစ်သောအဘိဓမ္မာ ဒေသနာနည်းကို မှီအောင် မလိုက်နိုင်။”

“ သမုတိ အထင်အမြင်ကြီးကို မဖျောက်နိုင်သမျှ ဏာလပင်လုံး၊ ပရမတ္ထ ခတ်သားအစစ်နှင့် အနတ္တ သဘောကို ပေါ်လော ပေါ်အောင် မြင်နိုင်ကြမည် မဟုတ်ချေ၊”

“ ယခုဘဝ၌ မြေလျှိုး မိုးပျံ ဈာန်ရ၊ အဘိညာဉ်ရ တိုင်းကျော် ပြည်ကျော် သူတော်ကောင်းကြီး၊ နောက်နောင်ဘဝ၌ ဂေါ်ပြ, သုခိုး, မုဆိုး, တံငါ, ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်၊ အပါယ်ဘုံသား၊ ဤသို့ဖြစ်၍ လာခဲ့ကြသည်။”

“မိုက်မှုမှာ ခဏတထောင် တရာ၊ အလိမ္မာမှုမှာ တခဏ၊ ယခုဘဝ၌ လောက အလိမ္မာ-ဓမ္မအလိမ္မာ စာပေ ပိဋကတ် ကျမ်းတတ်အကျော်-ဆရာဘော် သမားတော်၊ နောက်နောင့်ဘဝ၌ ဗာလ၊ မုဋ္ဌ၊ ဥမ္မတ္တက၊ သုနခ၊ သန်း၊ ကြမ်းပိုး။”

“ယခုနေ့တွင်-လေ ကျွန်းဘုရင် စကြာရှင်၊ နက်ဖြန်အဝီစိ။ ယခုနေ့မှာ သိကြားမြဟ္မာ နတ်ဒေဝါ၊ နက်ဖြန်ခါတွင် ခွေးဝက် ကြက် ငှက်။”

“ယခုအခါ ဤကမ္ဘာ၌ မေတ္တေယျ ဘုရားတဆူသာကျန်ရှိတော့သည်။ နောက်ကိုလည်း သုညကမ္ဘာတွေများစွာလာပြီးမှ ဗုဒ္ဓုပ္ပါဒ ကမ္ဘာလာတော့မည်။ယခုတွေ့ကြုံ၍နေဆဲဖြစ်သော အရှင်ဂေါတမ သာသနာကို လွှန်၍သွားသော သူတို့သည် မေတ္တေယျ ဘုရားတဆူကို မဆိုထားလင့်ဦး၊ နောက်ကို ဘုရားပေါင်းတရာကိုပင် လွဲနိုင်ကြ ကုန်သေး၏။ ဘုရား ပေါင်း တထောင်၊ တသောင်း၊ တသိန်း၊ တသန်းကိုပင်လွဲနိုင်ကြသေး၏။

အဘယ်ကြောင့်နည်းဟူမူ၊ တွေ့ကြုံရန်လမ်းကား- တလမ်းသာ ရှိ၏။ လွဲကြရန် လမ်းကား— အသင်္ချေပေါင်း အနန္တရှိ၏။ ထို့ကြောင့် ယခုအခါ နောက်မတွေ့ယျဘုရားကို ထင်စားကြ အားကိုးကြသော အမှုသည် လူ့ပြည်က အပ်တချက်ဘဝဂ်က အပ်တစင်း— အပ်သွားချင်း တိုက်မှုထက်ပင် ခဲယဉ်းလှချေ၏။ သတိမူကြပါလေကုန်။”

“ကျမ်းဂန်တို၌ဘိုက်ရိုက်ရှိနေသော ဝိသုဒ္ဓိခုနစ်ရပ်၊ ပဋိပတ်ကျင့်စဉ်များကိုသာတွေ့ရှိ၍၊ ခေတ် သ မ ယ ကို မမြော်မိကြကုန်သော ဆရာတို့သည်ကား၊ ယခုအခါ၌သမထအမှု ဝိပဿနာ အမှုများကို အားထုတ်ပါသည် ဆိုလျှင်၊ သီလဝိသုဒ္ဓိပြည့်စုံပြီလား၊ သီလဝိသုဒ္ဓိမရှိလျှင်၊ အာပေါက်အောင် စီးဖြန်းသော်လည်းမဖြစ်ဟုပြောဆိုလေ့ရှိကြကုန်၏။ အချို့သောလူပြိန်းတို့ကလည်း ထိုစကားကိုနားယောင်ကြကုန်၏။ ဓမ္မန္တရာယ်ဖြစ်လေ၏။”

“ဓမ္မန္တရာယ်ကိုပြုတတ်သော မိစ္ဆာဓမ္မ ဆိုသည်ကားသံသရာဘေးကိုကောင်းစွာမမြင်နိုင်ခြင်း၊ မဂ်ဖိုလ်ကို ရထိုက်သော ခေတ်ကာလမဟုတ်ဟု ထင်မှတ်ခြင်း၊ ပါရမီအရင့်ကိုစောင့်စားခြင်း၊ ယခုကာလရှိကြသူတို့ကို ဒွိဟိတ် ပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း၊ အဓိပတိဖြစ်သောရှေးရှေးဆရာကြီးတို့ပင် မဖြစ်နိုင်ကြကုန်ပြီဟု ဆန္ဒဥဿာဟကိုစွန့်ထားခြင်းစသည်တို့ဘည်း။”

“အနမတဂ္ဂ သံသရာဘွင်ကျင်လည်၍ နေကြရာ ရုံခါရုံဘန် ကျမ်းတတ်ဂန်တတ်၊ ပရိယတ် အကျော်၊ ဆရာတော်သမားတော်ကြီး၊ ရုံခါရုံဘန်အသက်ရှိသည်ဟူ၍ ပြောရရုံမျှရှိကြသော ခရု၊ ပက်ကျိ၊ တီ၊ မြွေ၊ သန်း၊ ကြမ်းပိုး၊ ပို လောက်၊ ကမြင်းနီ စသည်ဖြစ်ရိုးအစဉ် အထင်အရှားပင်တည်း။”

“အ နိစ္စ လက္ခ ဏာ တ ခု ကို လည်း ခန္ဓာ ငါး ပါး တို့တွင် ရူပက္ခန္ဓာတခု၌ပိုင်နိုင်စွာထင်မြင်နိုင်လျှင် အနာဂါမိမဂ်ဖိုလ်တိုင်

အောင်ဆိုက်နိုင်၏။ နဝမက္ခန္ဓာ လေးပါးတို့တွင် တပါးပါး၌ ဝိုင် နိုင် စွာ ထင် မြင် နိုင် လျှင် အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင် အောင်ဆိုက်နိုင်၏။"

"သခ်ါရဓာတ်တို့၏ ဖြောက်စားမှုအတွက်ကြောင့် ဘဝအဆက်ဆက်တို့ကို မဆိုထားဘိဦး၊ ယခုအခါ ဘုရားသာသနာအတွင်း၌ပင်လျှင် အပါယ်အိုးကြီး ငရဲအိုးကြီး ဖြစ်သော သက္ကာယဒိဋ္ဌိကိုပင် ထိမထင်ပြု၍နေကြကုန်၏။"

"ဒါနကုသိုလ်သည် လိမ္မာသူတို့မှာ သံသရာကြီးအတွင်း၌ လျှပ်တပြက်စာမျှ ကွဲ့သို့သော လူ့ချမ်းသာ နတ်ချမ်းသာကို ပေး၏။ မလိမ္မာပါမူကား ထိုဒါန ကုသိုလ်မှ တဏှာမာနဒိဋ္ဌိစသော ကိလေသာမီးဘို တောက်ထကုန်၍ အမျိုး အဆွေ အပေါင်း အသင်းတို့နှင့် တကွ ကြီးစွာသော အပါယ် ဒုက္ခသို့ ပစ်ချတတ်၏။"

"အတ္တဟူသည်ကား စွဲလမ်းသော မိစ္ဆာစိတ်ရှိမှ အတ္တဟု ရှိသည်။ စွဲလမ်းသော မိစ္ဆာစိတ်မရှိလျှင် အတ္တဟူ၍မရှိ။အတ္တ မရှိလျှင်လည်း ပုဂ္ဂိုလ်သတ္တဝါဟူ၍ ထင်မှတ်ဘွယ်မရှိ။ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိလျှင် ပုဂ္ဂိုလ် သေသည် ရှင်သည်ဟူ၍ပင် မရှိ၊ သေသည်ရှင်သည် ဟူ၍မရှိလျှင် သေလျှင်ပြတ်သည် မပြတ်သည်ဟုမရှိ၊ ထိုသို့မရှိဘဲလျက် အရှိပြု၍ ယူခဲ့လျှင် ဥစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိဖြစ်၏။မဂ်လမ်းဖိုလ်လမ်းမှဖဲလာဖြစ်၏။ထိုအယူ ရှိ၍နေလျှင် မဂ်ဖိုလ်ကို မဆိုထားဘိ၊ ဝိပဿနာ ဉာဏ်မျှပင် မသိနိုင်ပြီ၊ ဘုရားနှင့်တွေ့ရသောသူ၊ တရားနှင့် တွေ့ရသောသူ သာသနာနှင့် တွေ့ရသောသူ- ဟူ၍ မဆိုထိုက်ပြီ။ သတိရှိကြလေကုန်။"

"မိမိ၏ ကိုယ်အင်္ဂါဖြစ်၍နေသော စက္ခုစသည်တို့၌ သာယာစွဲလမ်းမြဲအတိုင်းနှင့်နေ၍၊ သေကြလတံ့သော သူတို့သည် ယခုအခါ အမှန် နိဗ္ဗာန်ကိုပင် ပြောဆို၍ နေကြသော်လည်း

နိဗ္ဗာန်နှင့် တနေ့တခြား ကွာဝေး၍ သွားသောသူတို့ မည်ကုန်၏။”

## ဒိပဲယင်း ဆရာတော်ဘုရားကြီး။

(ပရမတ္ထစက္ခုကျမ်းမှ ထုတ်နုတ်ချက်များ)

“ ယခုခေတ်အခါ များသောအားဖြင့်ငါတို့လည်းရတနာသုံးပါး အတွင်းဝင်ဟု မှတ်ထင်တတ်ကြ၏။ ရတနာသုံးပါးကို ငါတို့ ကိုးကွယ်သည်ဟု ဆိုတတ်ကြ၏။ ရဟန်းရော, လူရော- ရတနာသုံးပါးကိုအမှန်ကျ သိတတ်ခဲလှ၊ ကြည်ညိုတတ်လှခဲ၏။ ဥာဏ်အမြင် ကိုကြလှ၏။ ဘုရားဆိုလျှင် စေတီရုပ်ပွား–အုဋ္ဌ ရိုး ဘုရားတွင်ဆုံးနေ၏။ တရားဆိုလျှင်ယပ်လှဲ့တရား၊ ယပ်ထောင် တရား၊ ပိဋကတ်စာပေတွင်ဆုံး၍ နေ၏။ သံဃာတော် ဆိုလျှင် ယခုဘုန်းကြီးတွေဘွင် ဆုံး၍နေ၏။ အထက်ကို ကျော်ဖေါက်၍ ရတနာသုံးပါး အစစ်သို့ မရောက်နိုင်ကြကုန်၊ ရတနာသုံးပါးကို မဆိုထားဘိ၊ ပုဂ္ဂိုလ်ကိုသော်လည်းကြည်ညိုတတ်ခဲလှ၏။ ။ သဒ္ဓါအသွင်၊ တဏှာဝင် ခင်မင်သည်ကို အကြည်ညို၊ မသိကို အသိ၊ မောဟဖိ၊ မဟုတ်သိများ၊ အဟုတ်သိကား ရှားလှချေ၏၊”

“ အသား အနှစ် ပရမတ်အစစ်ကို ဘိသော ဥာဏ်မျက်စိရှိမှသာ ဘုရားမှန်း သံဃာမှန်း သိမြင် နိုင်သည်။ ဥာဏ်မျက်စိမရှိက ဘုရားမှန်းသံဃာမှန်းမသိနိုင်ကြသည့်အတွက် ပကတိ မျက်စိဖြင့် ဘုရားကို မြင်သော်လည်း·မြင်သည်မမည်၊ အကန်းပင်၊ တိရစ္ဆာန်တို့လိုပင် ဆိုလိုသည်။ ။ပရမတ် အစစ်ဆိုသည်မှာ ရုပ်တရား၊ နာမ်တရား ဤနှစ်ပါးကိုဆိုသည်။ သဘာဝနှင့်တကွ လက္ခဏာရေး သုံးပါးပါအောင်သိမှ ပရမတ်စစ်သည်၊ မပါလျှင် မစစ်။”

"မဟုတ်မရှိဘဲ ထင်မှားမြင်မှား, ယူမှား စွဲလမ်းကြသော အဝိဇ္ဇာဒိဋ္ဌိကို ဖျက်ဆီးရန် နည်းလမ်းကိုပင် **သာသနာ** ဆိုရသည်။"

"သုတအသိဖြင့်၊ အဟုတ်အမှန် ရုပ်နှင့် နာမ်ကို သိနိုင်မြင်နိုင်လျှင် ဘုရားကို မှန်မှန်မွဲမွဲ၊ တရားကို မှန်မှန်မွဲမွဲ၊ သံဃာကို မှန်မှန်မွဲ မွဲသိနိုင် မြင်နိုင်တော့သည်သာ။ ရတနာသုံးပါးကို မှန်မှန်မွဲမွဲ သိနိုင်မြင်နိုင်မှလည်း ပြုသမျှဒါနသီလဘာဝနာ ကုသိုလ်တို့ တုတ်ခိုင်သန်မြန်၍ နောင် မဂ်အခြေ၊ ဖိုလ်အခြေ ကောင်းကောင်းကြီး ဖြစ်နိုင်မည်။ အသိဉာဏ်ကား လောက အလုံးတွင် အမြတ်ဆုံးတရား၊ အရာရာမှာ ကျေးဇူးများလှ၏။ မသိခြင်းကား ယုတ်မာဆိုးဝါး အရာရာမှာအပြစ်များလှ၏။"

"မသိလျှင်တွယ်၊ သိလျှင်ပြယ်သည်။ တွယ်လျှင်လည်း ဘေး ပြယ်လျှင် အေးသည်၊ မသိက တပတ်ပတ်၊ သိမှအပြီး သတ်သည်။ မသိအစ သိကအဆုံး ကိစ္စတုံးသည်။မသိကား အဝိဇ္ဇာ,အသိကားပညာ၊ ပညာဉာဏ်ဖြင့် အမှန် အဟုတ်ကို အဟုတ်သိ,သိက၊ တလောကလုံးမှာ ရတနာသုံးပါးမှ တပါး ယူချင်စရာ၊ ရချင်စရာအနှစ်သာရကို မမြင်။"

"လောကီ အသိဉာဏ်ဖြင့် ဉာတ ပရိညာ ခေါ်လောက်ရုံ သိလျှင်ပင် အယူစင်၍ စူဠ သောတာပန်ဆိုရသဖြင့် သေသည်၏ အခြားမဲ့ဌ္ဌကတိမြဲခြင်း၊ တိဟိတ်ပဋိသန္ဓေ နေခြင်း၊ ပညာကြီးခြင်း၊ နောင်အသိအဆုံး ရောက်လွယ်ခြင်း အကျိုးတို့ကို ရနိုင်သည်။"

"မဟုတ်သိ၊အလွဲသိ၊အမှားသိများ-ခုခေတ်သား၊အဟုတ်အမှန်သိကား ရှားလှချေ၏။ မဟုတ်သိကား—မောဟ-အလွဲသိကား-တဏှာ။အမှားသိကား-ဒိဋ္ဌိ။"

"အဝိဇ္ဇာဖုံးအုပ်၍ နာမ်နှင့်ရုပ်ကို အဟုတ်ပိုင်ပိုင်မခွဲခြမ်းနိုင်,မပိုင်းခြားနိုင်၊နာမ်ရုပ်၏အဖြစ်သနစ်ကိုအဟုတ်သိတကယ်

သိ မသိမမြင်နိုင်ကြသည့်အတွက် ပညာတ်ကို မခွါမလှန် နိုင်ကြကုန်၊ ပညတ်ကို မခွါမလှန်နိုင်ကြသည့်အတွက် ပညတ်ကိုအစွဲပြု၍ ပုထုဇန်တို့သည် စာကျာ မာနဒိဋ္ဌိတရား သုံးပါးတို့ဖြင့် အလွဲလွဲ ထင်မှား၊ မြင်မှား၊ ယူမှား စွဲလမ်းကြကုန်၏။”

“အသိဉာဏ်တို့ဖြင့် ပညတ်ကို ခွါလှန် ရသည်။ ပညတ်ကွာရှင်းမှ အတ္တဒိဋ္ဌိ ကင်းသည်။ အတ္တဒိဋ္ဌိကင်းမှ လောကီကိုကျော်နင်း၍ လောကုတ္တရာသို့ ချဉ်းနိုင်ကြမည်။”

“မထင်ထင်အောင်၊ မမြင်မြင်အောင်စဉ်းစားဆင်ခြင်သည်ကို ဘာဝနာပွားသည်ဟူ၍ဆိုရသည်၊ ရွတ်ရုံအံရုံမျှကိုမဆို။”

“နိဗ္ဗာန်သို့ရောက်သည်၊ နိဗ္ဗာန်ကို ရသည် ဆိုရာမှာလည်း မဂ်ခဏ၌ ရသည် ရောက်သည် မှတ်လေ။ စုတိကမ္မဇရုပ်ချုပ်ပြီးမှ ရစရာ ရောက်စရာ နိဗ္ဗာန် တခြားမရှိ၊ နိဗ္ဗာန် ဟူသည် တပါးသာရှိသည်။”

“လူရောရှင်ရော ရှေးအစဉ်အလာဆိုလျှင် အမှန်ချည်းသာထင်တတ်သည်။ လူတို့လည်း ဘုန်းကြီးများပြောလျှင် ကျမ်းဂန်ထွက် ထင်တတ်သည်။ ကျမ်းဂန်ဆိုလျှင် ဘုရားဟော ကျမ်းဂန်ကဲ့သို့ အလွန် အလေး ပြုကြ၏။ ကျမ်းဂန်တွေကလည်းရှုပ်၊ အသိဉာဏ်တွေကလည်းနုပ်ကြလှ၏။ အိမ်ကြား လမ်းမ အက္ခရာစာကိုတွေ့ကမကျော်ဝံ့၊ မနင်းဝံ့၊ ရှိခိုး၍ရှောင်ကွင်းကြ၊ စာကိုဖတ်ကြည့်က အပျို လူပျိုပေးကြသောစာ၊ ဆဲရေးပစ်ချသောစာ၊ အရာရာမှာ အသိဉာဏ်လိုလှ၏။ ရှေးအစဉ်အလာဆိုသော်လည်း။ နဂိုရ်မှန်မှမှန်သည်။ ။ကျမ်းဂန်ဆိုသော်လည်း ပါဠိတော်အဋ္ဌကထာကိုချန်၊ နဂိုမှန်မှမှန်သည်။”

“မဟာဘုတ် ဥပါဒါန်ရုပ်တို့၏ အပေါင်း အစု အလုံး အထွေး၊ အစိုင်အခဲကြီးသာတည်းဟု၊ ဤသို့စသည်ရုပကန္ဓာကို မြင်အောင်ကြည့်ရသည်။ ။ကြည့်ဆိုသော်လည်း၊ ပကတိမျက်စိဖြင့် ကြည့်ရှု၍ ရုပကန္ဓာကိုမမြင်၊ ဉာဏ်မျက်စိနှင့်ကြည့်မှမြင်

သည်။ ဉာဏ်မျက်စိနှင့် ကြည့်ဆိုသည်မှာ၊ သင်ကြားမှတ်သား ပြီးလျှင် ကိုယ်ထဲ၌ ထင်မြင်အောင် စဉ်းစား ဆင်ခြင်သည်ကိုဆို သည်။ ယင်းသို့စဉ်းစားဆင်ခြင်သည်ကိုပင် ကမ္မဋ္ဌာန်း ဘာဝ နာ ပွားသည် ဟူ၍ ဆို သည်၊ ရွတ်ရုံအံရုံမျှကိုမဆို။ မစဉ်းစား မဆင်ခြင်က ပိဋကတ်သုံးပုံကို ကုန်အောင်ပင် တတ်သော် လည်း ရုပ်ကမ္မဋ္ဌာန်းကို မသိမမြင်မှတ်လေ။”

“ကျမ်းဂန်ဆိုသမျှ သရုပ်အရေအတွက်ကို အကုန်သိမှကိစ္စ ပြီးသည်မဟုတ်။ ဉာဏ်နိုင်လောက်ရုံ၊ မိမိသန္တာန်၊ သူတပါး သန္တာန်၊ ရုပ်တခြား၊ နာမ်တခြားစီ နေအောင်သော် ၎င်း ခန္ဓာငါးပါးတခြားစီနေအောင်သော်၎င်း၊ ဤသို့စသည် ဘာ ဝနာကို အဟုတ်သိတကယ်သိ၊ သိနိုင် မြင်နိုင် လျှင်လည်းကိစ္စ ပြီးတော့သည်။”

“စာတတ်မှ အားထုတ်တတ်သည်၊ စာတတ်မှ နည်းလမ်း ကျသည်၊ စာမတတ်လျှင် အားမထုတ်တတ် နည်းလမ်းမကျ ဟု မှတ်ထင်တတ်သည်။ မမှတ် ထင်လင့်။ ဘုရားလက်ထက် တော်ကစာမသင်၊ပေမသင်၊ စာမတတ်ဘဲ၊ ကကြီးလုံး၊ ခခွေး လုံးကိုမျှမသိဘဲ နိဗ္ဗာန်ရောက်သူတွေသာများသည်။ စာတတ် ၍နိဗ္ဗာန်ရောက်သူအနည်းငယ်သာရှိသည်။ ဝိပဿနာနှင့် ကင်း ၍လည်း နိဗ္ဗာန်ကိုမရောက်နိုင်၊ စာတတ် ကျမ်းတတ် ပိဋကတ် သုံးပုံဆောင်ဂိုဏ်းဆရာကြီး ပေါဋ္ဌိလမထေရ်ကြီးသည် သာမ ဏေ ငယ်ထံနည်းယူ၍ သာမဏေငယ် နည်းပေးမှ နိဗ္ဗာန်သို့ ရောက်သည်ဟု ဓမ္မပဒအဋ္ဌကထာမှာပင်ဆိုသည်။နည်းကောင်း ရသည်သာလိုရင်းဖြစ်သည်။ ။အမှန်ကျန၊ နည်းကောင်းရ လျှင် ယုံယုံကြည်ကြည်သာ အားထုတ်၊ သည့်ထက်ကောင်း သောအလုပ်တလောကလုံးမှာ မရှိ။”

“ နိဗ္ဗာန်ဟူသည် အခြားမှာ ရှိသည်မဟုတ်၊ ကာမဂုဏ်တို့ ၏ အကြား၊ကာမဂုဏ်တို့၏အလယ်ကိုယ့်အနားတွင်ရှိသည်။ ရှိသော်လည်းကာမဂုဏ်တွေမုံး၍ နေသောကြောင့်မမြင်နိုင်။”

# ကြောင်ပန်းဆရာတော်ဘုရားကြီး

(ကြောင်ပန်းဝိပဿနာခြောက်စောင်တွဲမှ ထုတ်နုတ်ချက်များ)

" ယုတ်နိမ့်လှသောဒုဂ္ဂတိဘုံဘဝသား ခွေး,ဝက်,ကျွဲ နွား အပါယ်ဘုံသားတို့က တောင့်တ ရှာကြသော လူ့ကောင်း နတ်ကောင်းဆုကို ယခုအခါ မြင့်မြတ်လှစွာသော လူ့ဘောင် လူ့ရွာ သာသနာ၌ ကြုံကိုက်ကြသော သူခပ်သိမ်းတို့က ဘဝ ကောင်းကို တောင်းဘွယ်ကိစ္စ မရှိလှဟု သိကြရမည်၊"

"ရုပ်တို့တွင် ဥပါဒါရုပ် ၂၄ ပါးတို့ထက် ပထဝီ တေဇော အာပေါ ဝါယော ဟူသော ဘူတရုပ် ၄ ပါးတို့သည်သာလျှင် လိုရင်းပဓာနဖြစ်ပေသည်။"

"တကဲ့ ပရမတ် ဆတ်ဆတ်ကို တကယ် ထိထိမိမိနှင့် တကယ် သိမြင်လျှင် ဘယ် အနိစ္စ၊ ဒုက္ခ၊ ဘယ်အနတ္တဟု ရှာဘွယ် မရှိ၊ တကယ်ကြီးပြီးစီးပါ၏။ လိုရင်းကား ပရမတ် ဆတ်ဆတ် ဓါတ်ကို ပေါက်လျှင်၊ ဝိသုဒ္ဓိ ခုနစ်ပါး ဝိပဿနာ တရားဟု တခမ်း တနား တခြားလုပ်ဘွယ်မရှိ အကုန်လုံး ပြီးစီးပါ၏။ ဤအရာတွင် ဝိပဿနာတင်လျှင်၊ မမြဲသောသဘောကို ဘယ် လိုပင် မြင်မြင်၊ ဘယ်ဟာမမြဲဟု ရှုလျှင်၊ မဟုတ်သောနည်း၊ မမှန်သောနည်း၊ ဒိဋ္ဌိပြုတ်နှင့် အဝေးကြီး၊ ဟုတ်မှန်သောနည်း မှာ ယိုမမြဲတဲ့ သဘောရဲ့ကိုသာ ဘယ်ဟာ ဆိုသည်ဟု ရှုမြင် လျှင်, အဟုတ်မြင် အမှန်မြင်၊ သောတာပန်ဟုသာ မှတ်ပါ။ ဤရုပ်၏ သဘာဝက ပြောကျအောင် စင်စင်၊ တကယ်မြင်လျှင် အနာဂါမ်ဖင် ဖြစ်နိုင်ပါ၏။ နာမကွန္ဓာ၊ နာမ်အရာကပြောကျမှ သာ အရဟတ္တဖိုလ်ကို ရသည်ဟုဆိုပါ။"

" ရုပ်ဓာတ်တို့ကို ပေါက်အောင် ရှုမြင်သော သမာဒိဋ္ဌိမဂ္ဂင် သည် ပညာရှိတို့ သိမြင်ပုံတည်း။ ဤကဲ့သို့ စာပေကို ကြည့်၍

သော်ရင်း၊ သူတပါး ဟောသောတရားကို ကြား၍သော်ရင်း မိမိစိတ်၌ချိုက်ကနဲ သိမြင်လျှင် သောတာပန်ဟုသာမှတ်ပါ။”

“ ယခုအခါ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့မှာ ဗုဒ္ဓဘာသာ ဟု ဆိုပါလျက်နှင့် တရားတော်မြတ်ကို မသိမမြင် မယုံကြည် လျှင် ဗုဒ္ဓ ဘာသာ လူမျိုး မျှသာ ဟုတ်သည်၊ မိမိမှာ ဗုဒ္ဓဘာသာမဟုတ်။”

“သူငါကစ- သက္ကာယဒိဋ္ဌိ-ရှိသမျှမှာ၊ ဗုဒ္ဓဘာသာမဖြစ်၊ စင်စစ်မှာ မိစ္ဆာအယူ ဘုရားရှင်၏ရန်သူတွေနှင့်သာတူကြပေ သည်”

“သင်္ခါကာသ၊ သင်္ခါရအားဖြင့်၊ လောကသုံးပါးတို့တွင်၊ သဝိညာဏက၊ အဝိညာဏက၊ ရုပ်နာမ်ဟူသမျှ၊ ခပ်သိမ်း သောဥပါဒ်၊ ဋ္ဌီ၊ ဘင်၊ ဖြစ်ပျက်စဉ်သင်္ခါရတို့သည် ပရမတ္ထ သဘာဝယူသောအကြောင်းကြောင့် အဆုံးသည်းမရ၊ အစလည်း မရှိ၊ နိယာမအားဖြင့် မသုဉ်းကောင်း မဆိတ်ကောင်းသော တည်ခြင်းရှိကုန်၏။ ဤအချက်က အရေးကြီးလှ၏။ ဤသာသ နာ- ဤအရာကလိုရင်းဆုံးကြီးဖြစ်ကြ၏။ သတိမူပါ။”

“အကုသိုလ်ဆယ်ပါး၊ ပုညကြိယာဆယ်ပါး၊ မဟဂ္ဂုတ်ကိုး ပါး၊ ဤနှစ်ဆဲ့ကိုးပါးသော သာသနာပ တရားတို့သည် စကြာ ဝဠာ အနန္တ၊ ကမ္ဘာအနန္တ၊ သဗ္ဗဝါ တည်ထောင်စကပင် လောကာတံထွာ မွေတာတရား၊ သဗ္ဗဝါဖြစ်ပွားသောတရားဖြစ် ၍ ဘုရား၏ရန်သူ အစစ်ကေန်ဖြစ်၏။”

“နိဗ္ဗာန် ပစ္စတ္တဗ္ဗာ-ဟူသော အဋ္ဌကထာ၏သဘောကား၊ နိဗ္ဗာန်ကို ရပါလို၏ဘုရားဟု ပါးစပ်စကားဖြင့်ဆိုသည်မဟုတ်၊ ပရမတ်နှစ် ခေတ်စစ်ကိုသိမှ၊ ရှိသမျှရုပ်နာမ်စုကို၊ တစုစီခွဲခြမ်း ၍၊ စွဲလမ်းသော ဒိဋ္ဌိခေတ်ကိုပရမတ်ဉာဏ်ဖြင့် ရှာသော်၊ ဗြဟ္မာ နတ် လူမပိုင်၊ မဆိုင်အလေ့ပေါက်၊ သူ့အလျောက်ဖြစ်မစဲ၊ မမြဲသည့်ခေတ်အစုကို၊ အတတ်ရှုမြင်လာသော်၊ ငါ၏ ကိုယ်

မဆိုထားဘိ ငါတကား စွဲဘွယ်ရန်မျှ၊ ရှာကြံ၍ဘယ်မစွေ၊ သိမ်မွေ့သော ဝိပဿနာတရား သစ္စာလေးပါးကျွ ပိုင်းခြား၍ သိမြင်မှသာ နိဗ္ဗာန်ကိုတောင်းရာကျသည်။”

“ဝိညာဉ်ပညာ၊ သိရောအမှု၊ မြင်နှစ်ခုတွင်၊ ဝိညာဉ်မြင်ပုံ၊ နွားမမြုံ့သား၊ နွားငယ်အားဖြင့်၊ နှမ့်မြင့်ဆူကြုံ၊ ငြင်းခုံအလား၊ ပုံမခြားတည်း၊ အများသူငါ၊ မိစ္ဆာယူလွှဲ၊ ငရဲကျွံးလျှ၊ ကုသိုလ်ရဟု၊ ပြုကြရှောင်ကြဉ်၊ ဝိညာဉ်မြင်တည်း၊ မှားပင်မှားဘိ၊ မှားဒခေါင်ထိ၏၊ ။ဉာဏ်၏သဘော၊ ပညာဇောမှာ၊ သတ္တောကာသ၊ သင်္ခါရမှ၊ လောကဝေါဟာ၊ ပညတ်သာလျှက်၊ ဖြစ်နှင့်ပျက်မျှ၊ သဘာဝသာ၊ အဗျာပါရ၊ ကေတ္တာနှင့်၊ နာနာတ္တနည်း၊ ဧဝံနည်းသာ၊ ဓမ္မတာဟု၊ ဖြူခါစင်စင်၊ ပညာမြင်မှ၊ ကြည်လင်လှသည်၊ မြင်ကြအများ၊ မှန်အမှား။”

“ကုသလာဓမ္မာကို ကုသိုလ်ဆိုတာ—လူ နတ် ဗြဟ္မာ၊ သတ္တဝါဖြစ်သည်ဟု အပြုအမူ အယူအစွဲ၌ အမျိုးမိုးလိုက် အစဉ်စိုက်၍ စရိုက်မြဲစွဲ၊ အလိုက်လွဲကြသည်။”

“အကုသလာဓမ္မာ၊ ဒေသနာမှာလဲ အကုသိုလ်ဆိုလျှင်ပဲ၊ ငရဲကြီးရှစ်သွယ်၊ အပါယ်လေးပါးကိုပင် အထင် အမြင် အယူ အစွဲက အမြဲကြီးငြိကြ၍၊ အလွဲကြီး လွဲခဲ့ကြသည်။ ယခုကာလလည်း လွဲဆဲလွဲတုန်း၊ သံသရာ မဆုံးမတုံးသဗျပတ်လုံးလည်း လွဲလိမ့်အုံး၊ မသုဉ်းသမျှမှာလည်း လွဲလတံ့သာမှတ်ပါ၊”

## ဓမ္မစေတီ ဆရာတော်ဘုရားကြီး

(သောတာပန်လင်း အလင်းကျမ်းမှ ထုတ်နုတ်ချက်များ။)

“ဓမ္မကထိက ပုဂ္ဂိုလ်များက ဟောကြားသောအခါဖြစ်စေ၊ ရုပ်နာမ် ခန္ဓာတရားအစုကို သင်ကြား လေ့လာသော အခါဖြစ်စေ၊ ဓာတ်ကောင်း၊ ရုပ်နာမ်ကောင်း၊ ခန္ဓာကောင်း၊ ပရမတ်

ကောင်၊ သဘောတူး သဘောခဲကောင်သာ ကေန်အမှန်ဘဲ ရှိသည်ကို တွေ့ရှိ၍ ဤအယူကို ယူလိုက်သဖြင့် ငါကောင်၊ မိန်းမကောင်၊ ယောကျ်ားကောင် ပျောက်သွားသည် ကိုပင် သက္ကာယဒိဋ္ဌိကွာသူ၊ သောတာပန်ဖြစ်သူ၊ သံသရာထွက်လမ်း အစကိုရောက်သူ၊ ဝိဇ္ဇာဉာဏ်ရှိသူ၊ သောတာပတ္တိမဂ်ဆိုက် ဖိုလ်ဆိုက်သူ၊ အပါယ်ကင်းသူ၊ ပရမတ္ထ သောတာပန်ဖြစ်သူ၊ အရိယာပုဂ္ဂိုလ်ဖြစ်သူ၊ အနတ္တ လက္ခဏာ ပေါက်သူ၊ အတ္တစွဲ ပျောက်သူ၊ သံဃာအစစ်ဖြစ်သူ၊ မြတ်စွာဘုရား သားသမီးအစစ် ဖြစ်သူ ဝိဝဋ္ဋဘုံစဉ်စံသူဟု ကျမ်းဂန်စကား အမျိုးမျိုးဖြင့် ပြကြ ပြောကြခြင်းဖြစ်လေသည်ဟုမှတ်လေ။”

“သီလ တရားကို ကျင့်က ဘဝ တနပ်စာ မျှ သာ အ ကျိုး ရောက်၏။ သမထ ၄၀ သမာဓိ တရားကျင့်က ဖြုတ္တာပြည်၊ လူ့ပြည်၊ နတ်ပြည် နှစ်ဘဝ–နှစ်နပ်စာအကျိုး ပြီးမြောက်၏။ အပါယ်ကျမငြိမ်းသေး။ ဝိပဿ နာ ပ ညာ တ ရား ကို ကျင့် က ကိလေသာအမြစ်ပြတ်၍ နောင်ကျင့် လမ်းခွင် ဝင်စရာ မရှိဖြစ် သည်။ ထိုကြောင့် ပညာအစ၊ သီလ အ လယ်၊ မသာဓိအဆုံးကို မြတ်စွာဘုရား၊ ဓမ္မဂုရုတရားဘော်၌ ဟောတော်မူသည်။”

“မဂ်ဉာဏ်မင်စိတ်- ဖိုလ်ဉာဏ် ဖိုလ်စိတ်ဆိုသည်မှာ အထူး ထူးအထွေထွေ ဖြစ်လာဦးတော့မလိုလို၊ ဘယ့်နှယ်ဖြစ်သွားဦး မလိုလို၊ ဘာ တွေ ထင် ရ မြင် ရ ဦး တော့မလိုလိုမှတ်၍မနေနှင့်၊ မဟုတ်ဘူး၊ ရုပ်ဓာတ်နာမ်ဓာတ်ကိုသာ်၍ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ တ ပါး အမှတ် ပျောက်သည်နှင့် တပြိုင်နက် သောတာပန် ဖြစ်၏။”

“ရုပ်နာမ်ခန္ဓာတို့၌မကျွမ်းကျင် မလိမ္မာဘဲ ဒါနစွဲသက်သက် နှင့် တရားဟောဆရာတွေ ဖျက်ခြင်းကြောင့် မဂ်ဖိုလ် ရထိုက် သော သူ များ ပျက် စီး ကုန် သည် တ ချက်။ ရုပ် နာမ် ခန္ဓာ၊ ဝိပဿနာဉာဏ်၌မလိမ္မာဘဲ သီလမှအစ သီလအရေးကြီး၊ သီလ တရား၊ ဦးစီးဦးကိုင်၊ အကောင်းဆုံးလုပ်၍ ဟောပြောသော

လူဆရာ၊ ရဟန်းဆရာတွေ၊ ဟောပြောနှိပ်စက်၍ မဂ်ဖိုလ်ရထိုက်သောသူများ ပျက်စီးကုန်ခြင်းတချက်။ သမထ- သမာဓိအရေးကြီး၊ ဥပစာသမာဓိအပ္ပနာသမာဓိအရေးကြီး၊ နိမိတ်ထင်ဘို့မြင်ဘို့အရေးကြီး၊ ပြောဟောပြသ— ဆုမ္မ နေသော လူဆရာ၊ ရဟန်းဆရာတွေ နှိပ်စက်၍၊ မဂ်ဖိုလ်ရထိုက်သောသူတွေ ပျက်ကုန်သည်လည်းတချက်။ ဝိပဿနာဉာဏ် ၁၀ ပါး၊ ၁၆ ပါးတို့ကို အစဉ်အတိုင်းတက်၍လုပ်ရမည်၊ ကျင့်ရမည်ဟု ပြောဟောသော ဆရာတွေအတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရထိုက်သူများ ပျက်စီး ကုန်သည် တချက်။ ဤကဲ့သို့နံမတား၍ (နားမတန်) ရုပ်တန်းသော (ရမ်းတုတ်) ဆရာများ အလွန်တရာ ပေါများသည့်အတွက်၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုလွယ်လွယ်ကူကူနှင့်မရဖြစ်ကုန်ကြလေသည်။”

“ဝိပဿနာဆရာက၊ တံငါမုဆိုး အရက်သမားကို ဝိပဿနာအချိုးကိုက်အောင်ပြ၊ တံငါမုဆိုးက အရက်သောက်ရင်းလုပ်၊ သမ္မာဒိဋ္ဌိဉာဏ်အမြင်သန်၍ သက္ကာယဒိဋ္ဌိကွာ ဝိပဿနာလမ်းအထမြောက်လျှင် ယခုဘဝကစ၍နိဗ္ဗာန်ရောက်အောင် ဤတံငါမုဆိုး အရက်တို့ သမုစ္ဆေဒပြတ်၏။ ထို့ကြောင့် ပညာသည်အကြောင်းတရား၊ သီလ သမာဓိသည် အကျိုးတရားဖြစ်၏။ ပညာစခမ်းပေါက်၍ တဏှာဒိဋ္ဌိ ၂ ပါးသေလျှင် သီလ-သမာဓိတရား ၂ ပါး၊ အလကားပြီးလေဘော့၏။”

“မိမိခန္ဓာ၌အမြင်မှားပျောက်၍ အမြင်မှန်ရောက်လျှင် သောတာပန်ဖြစ်၏။ မိမိခန္ဓာကို တွယ်တာခြင်းမရှိ၊ စွန့်လွှတ် နိုင်လျှင် အထက် မဂ်သုံးပါးပြီးဘော့၏။ ထို့ကြောင့် လောကုတ္တရာ ကုသိုလ်သည် အကျင့်ရအလွန် လွယ်ကူသည်ဟု မှတ်ပါလေ။ စဉ်းစားမှသိမည်။ ဉာဏ်ဆိုတာတခြားဟာမဟုတ်၊ စဉ်းစားတာ၊ ကြံကြည့်တာ၊ တွေးကြည့်တာ၊ ဆင်ခြင်ကြည့်တာ၊ စိတ်ကူးကြည့်တာကိုခေါ်သည်။ မဂ်တရား ဖိုလ်တရားသည် တောဘူ

မက- လောကတရားမျိုးကဲ့သို့မဟုတ်၊ အသိမှာ ကိစ္စ တုံး၏။ အကျင့်မှာ ကိစ္စမတုံးဟုမှတ်ပါလေ။"

"သူပြောလူပြောနှင့် သူလိမ် လူလိမ် ခံနေကြရသောရဟန်း ရှင်လူတို့သည် လောကီ ကုသိုလ်ကို ပြုပြီးလျှင် လောကုတ္တရာ တည်းဟူသော မဂ်ဖိုလ်နိဗ္ဗာန်ကို ဆုတောင်းကြကုန်၏။ ဤသူ တို့သည် ခုတ်ရာတခြား ရှရာတလွဲဖြစ်ကုန်သည်။"

"သောတာပန် မဖြစ်နိုင်ဘူး ဆိုသော လူရှင်ရဟန်းများမှာ သူတို့၏နားဌ ဒါန- သီလ- သမထတရားများကို များများကြီး ကြားရ၍ ဒါန-သီလ-သမထကိုစွဲသဖြင့် မဂ်ဘရားနှင့် လွဲနေသူ များဖြစ်ကြ၍-သော တာ ပန် ဖြစ် နိုင် သော နည်းလမ်း တရား စကားများကို ကြားလျှင် တီကိုဆားပက်မိသလို တွန့်ကာတွန့် ကာ နောက်ဆုတ်၍သွားတတ်သည်တကြောင်း။ မဂ်ဘရားကို အလွယ်ဆုံးနည်းလမ်းဖြင့်ရနိုင်အောင် ဟောပြောပြသနိုင်သော သူတော်ကောင်းကို ပြစ်မှားမိ၍ မဂ္ဂန္တရာယ်သင့်နေခြင်း တ ကြောင်း။ ဤကဲ့သို့သောအကြောင်းများကြောင့် သောတာပန် မဖြစ်နိုင်ဟုမှတ်ပါ။"

"အချို့ ကမ္မဋ္ဌာန်းပြ လူဆရာ- ရဟန်းဆရာတို့သည် မိမိ လည်း ပရမတ္ထ သဘာဝဖြစ်သော ပရမတ် ရုပ်ကိုလည်း မသိ၊ နာမ်၌လည်းမသိ၊ သမုတိနာမ်-ပရမတ်နာမ်ဟု မသိ၊ ရမ်း၍ ကျင့်၊ရမ်း၍ကမ္မဋ္ဌာန်းကိုပြ။ တပည့်များများ အခြွေအရံများ များ ရှိသည်အတွက်ငါမသိဟုလည်းဝန်မခံချင်၊ရုပ်မှုန့်ကလေး တွေ=ကလာပ်မှုန့် ကလေးတွေကို တပည့်များကမြင်ပါသည်ဟု လျှောက်လျှင် ဇေ- ဟုတ်ပေစွ၊ ငါ့တပည့်သည်ကောန်ရုပ်သိပြီ တကိုယ်လုံး ဖွားဖွား ဖွားဖွားနှင့် ရုပ်မှုန့် ကလေးတွေဟာကျ လာသည်ကိုပင် ရုပ်၌အသိအမြင် ရုပ်ကမ္မဋ္ဌာန်းပေါက်ပြီဟုမှတ် လေလော့ တပည့်ဟုလည်း ဆုမွှသည်။ ကျမ်းစာအုပ် များလည်း ရိုက်၍ သူ၏ရုပ်ပုံတွေနှင့် ဝေငှကမ်းလှမ်းသည်။ ဤကဲ့သို့ရမ်း၍ ကမ္မဋ္ဌာန်းပြသော ဆရာ၏ လမ်းစဉ်ကို ကျင့်ယူ နာခံကြကုန်

သော တပည့်အပေါင်းတို့သည် ကျင့်ပါသော်လည်း ကျင့်ကျိုး မနပ်၊ အာဠာရ–ဥဒကတို့နှင့်တူ၏။ တဏှာကုန်စေလို၍ ငယ်ပါယောက်ျားကိုယ်ကို ဖြတ်၍ပစ်သောကုလားနှင့်လည်းတူ၏။ စစ်မက်ကို အောင်စေလို၍ မိုလ်ပါကို သတ်၍ ပစ်သောသူနှင့်လည်း တူ၏။စဉ်းစားကြလေ။"

"၅ ပါးသီလရှိသူတယောက်၊ ၈ ပါးသီလမြဲသူတယောက် ၁၀ ပါးသီလထိန်းသူတယောက်၊ ၂၂၇ ပါးထိန်းသူတယောက် ဘာသီလမျှ မရှိသူတယောက်တံငါမုဆိုးလုပ်စားသူတယောက် ဤလူစုတို့သည် ဝိပဿနာပညာကို ကျင့်ကြံ လိုက်ကြ ပါလျှင် အလျင်အမြန် ဝိပဿနာ လမ်းပေါက်သူက မဂ်ဖိုလ်နိဗ္ဗာန်ကို အရင်ရမည်။ သီလရှိသည် မရှိသည်နှင့် မဆိုင်။ တံငါ မုဆိုး လုပ်သူက အရင်သက္ကာယဒိဋ္ဌိ တရားသေလျှင် သီလ ၂၂၇ ပါး ရှိသူက နောက်ကျ၍ နေသည်ဟု မှတ်ပါလေ။ ၂၂၇ ပါးထိန်း သူကဝိပဿနာတရားကိုမလုပ်လျှင်သာ၍ဆိုးသည်။ ဝိပဿ နာလုပ်သူ တံငါမုဆိုးလောက်မျှ ခနီးမရောက် မဂ်ဖိုလ်မပေါက် ဟုမှတ်ပါလေ။"

" ဗုဒ္ဓသာသာ အစစ်မှန်ကကုသိုလ်ကို အလိုရှိ၍ဒါနသီလ လုပ်ကြသည် မဟုတ်ဟု မှတ်ပါလေ။ သေသေ ချာချာ ဒေသနာ့ယုတ္တိနှင့် သိလိုလျှင် လယ်တီဆရာတော်ဘုရားရေးသား တော်မူသော ပရမတ်ဒီပနီမှာ ရှုကြည့်လေ။"

" ဘုရားရှင်တို့၏သာသနာတော်အဆုံးအမကိုဟောကြား တော်မူသော နည်းလမ်းအတိုင်း လူဖြစ်စေ၊ နတ်ဖြစ်စေ၊ အမှတ်မရှိ တစုံတယောက်သော သူသည် ဣရိယာပုထ်မှာဘဲ နေ၍ အားထုတ်ထုတ်ဘဝင်မှာဘဲနေ၍အားထုတ် ထုတ်၊ စင်္ကြာလမ်းမှာ တသောင်း အပြင်ကဘဲ အားထုတ်ထုတ်၊ ထိုသူသည် ဘုရား ရှင်၏သာသနာတော်ထမ်း ရဟန်းပင်တည်းဟု မှတ်ပါလေ။"

" အကြင်သူသည် ဤဘုရားရှင်၏ သာသနာတော် အဆုံးအမ ၉ ပါး၌ မတည်ငြားအံ့၊ ထိုသူသည် ဦးခေါင်းဖြည်းလျက် သင်္ကန်းကြီးကို ဝတ်ရုံ၍ သိမ်အပြင် ဘုရားရှင်၏ ရင်ခွင်ပေါ်၌ နေငြားသော်လည်း ဘုရားရှင်၏ သာသနာတော်ထမ်း ရဟန်း မဟုတ်၊ ဘုရားရှင်၏ တပည့်သားတော်မဟုတ်ဟု သန္နိဋ္ဌာန် ကျမှတ်ကြပါလေ။"

" သာသနာတွင်း စကား၊ သာသနာတွင်း တရားကား မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားသာ ဖြစ်သည်။ ၎င်းတရား ကို ယခုဘဝ ရလိုလျှင် ရုပ်နာမ်ခန္ဓာ၊ဓာတ်သစ္စာ၊ပဋိစ္စသမုပ္ပါဒ် အာယတန တရားတို့ကိုသာ သင်ကြားလေ့လာ ကျင့်ကြံဖို့ ရှိသည်။ ဤတရားများကို မသင်ကြား မကျင့် မကြံသော ရဟန်းရှင်လူ တို့သည် ဗုဒ္ဓ ဘာသာမဟုတ်၊ ဘုရား သားသမီး မဟုတ်၊ အသွင်သာ တူ၍ အမှုကွဲသကဲ့သို့ မှတ်ပါလေ။"

## သကဒါဂါမ်ဆရာဗကြီး

(မုံရွာမြို့ နိုင်ငံကျော်ဓမ္မကထိက သကဒါဂါမ် ဆရာဗကြီး၏ အာ ဘော်ကိုလည်း ယခုဘဝ၌မဂ်ဖိုလ်ဝင်ဖြစ်ချင်ကြသူများအတွက် စဉ်းစားတွေးတော ဝေဖန်ကြစေရန်ထည့်သွင်း ဖော်ပြပါဦးအံ့။)

"သာသနာ ငါးထောင်အတွင်း ယခု တဘဝ တည်းနှင့် သောတာပန်သကဒါဂါမ်,တည်လိုသော ပုဂ္ဂိုလ်များ အဖွဲ့ကြီး များများကြီး စဉ်းစားကြရန်၊ မေတ္တာကို ရှေ့ထား၍၊ သတိ ပေး နှိုးဆော် လိုက်ရပါသည်။ သူတော်ကောင်း အပေါင်းတို့ ငါတို့အဘအရှင်ဂေါတမ,ဟောတော်မူသော ဒေသနာတော် မြတ်၌ ကာမကုသိုလ်—ရူပကုသိုလ်,အရူပကုသိုလ်, လောကုတ္တ ရာ ကုသိုလ်ဟူ၍ လေးပုံ လေးစား, ထင်လျှားစွာ ရှိပါလျက် သားနှင့် မစဉ်းမစား ဆင်ကန်းတောတိုး၊ ဘယ်ကုသိုလ်ဘဲပြုပြု

နိဗ္ဗာန်ကိုရသည် ရောက်သည်ဟု ပြောဆိုယူဆ နေကြခြင်း ကြောင့်၊ များများကြီး စဉ်းစားကြရန်။’’

“သူတပါးသားများနှင့်ကိုယ့်သားပါသူငယ်တရာလောက် သာမဏေပြုလုပ်ပေးကာမျှနှင့် သောတာပန် တည်ပါ့မလား။ ရေတွင်း ရေကန် ဇရပ် တန်ဆောင်း ဂူ ကျောင်း ဘုရား, လှူ ဒါန်းကာမျှနှင့် သောတာပန် တည်ပါ့မလား။ နှစ်စဉ် ကထိန် ဒါယကာ ဒါယိကာမ ပြုလုပ်ကာမျှနှင့် သောတာပန် တည်ပါ့ မလား။ ရွှေတိဂုံ ဘုရားကဲ့သို့ ဆယ်ဆုလောက်တည်၍ ၎င်းဘု ရားဒါယကာ ဒါယိကာမတို့သောတာပန်တည်ပါ့မလား။ဗမာ နိုင်ငံ၌ ရှိသော ဘုရားတန်ခိုးကြီးတွေ သိဟိုဠ်ကျွန်း မဟာစေ တီကြီး ဗောဓိပင်မှစ၍ ဆယ်ခေါက်လောက် ၎င်းဘုရားတို့ကို လှည့်လည်၍ ဖူးကာ မျှနှင့် သောတာပန် တည်ပါ့မလား။ ဘုရားအစစ်မဟုတ်သော လူကလုပ်သောဘုရား ကြေးဘုရား ကျောက်ဘုရားသစ်သားဘုရား ကိုယ့်သဲ ကိုယ့်ထမ်းကိုယ့်သဲ ကိုယ်ရှိခိုး၊ ၎င်းဘုရားတို့ရှေ့၌ကြေးစည်ကလေးတနောင်နောင် နှင့် ဟေတုပစ္စယော, အာရမ္မဏပစ္စယော, အဓိပတိပစ္စယော အစရှိသည်တို့ကိုလေးဘက်ထောက်၍ကုန်း၍,အော်၍,ဟစ်၍, ဝတ်တက်ခါမျှနှင့်သောတာပန် တည်ပါ့မလား၊စဉ်းစားကြဘို့’

“ ထမင်းကိုမစားဘဲ ဘူးသီး ဘူးရွက်တို့ကို ပြုတ်၍စား ကာ မျှနှင့် သောတာပန် တည်ပါ့မလား၊ စဉ်းစားကြဘို့။ ငါးပါး သီလ လုံကာမျှနှင့် သောတာပန် တည်ပါ့မလား။ တလလျှင် လေးသီတင်း ရှစ်သီတင်း၊ သီလစောင့်ထိန်းကာ မျှနှင့် သော တာပန် တည်ပါ့မလား။ အချို့ သူတို့ ကလည်း အရင်းမှန်း အဖျားမှန်းမသိ ခန္ဓီနိုင်လျှင် နိဗ္ဗာန်ရောက် ဆိုသော စကား၌ သူဘထူး၏ အစော်ကား အထောင်းအရိုက်၊ အနှိပ်စက်၊ပါး ရိုက် ဘယ်နှစ်ခါ ခံနိုင်မှ သောတာပန် တည်ပါ့မလဲ။ စဉ်းစား ကြဘို့။မယ်သူတော်လုပ်ခါမျှနှင့် သောတာပန်တည်ပါ့မလား။ ရသေ့သူတော်ကောင်း, ဖြစ်ခါမျှနှင့် သောတာပန် တည်ပါ့

မလား။ ဆယ်ပါးသီလ ကိုယ်ရင်ကြီး လုပ်ခါမျှနှင့် သောတာပန် တည်ပါ့မလား။ဘုန်းကြီးလုပ်၍ ဆရာတော်ကြီးဖြစ်ပြီးလျှင် နိုင်ငံကျော်ကာမျှနှင့် သောတာပန်၊ တည်ပါ့မလား။ လူနှင့် မနီးတောကြီးရာတွင်နို၍ သစ်ပင်အောက် တယောက်တည်း ပုတီးစိတ်နေကာမျှနှင့် သောတာပန်တည်ပါ့မလား၊ မြဟ္မစိုရ တရားလေးပါးပွားများကာမျှနှင့်သောတာပန်တည်ပါ့မလား။ စဉ်းစားကြဘို့။”

“ ၎င်းပြင် အရိုးကမ္မဋ္ဌာန်း အပုပ် ကမ္မဋ္ဌာန်း ရှုရှိုက် ကမ္မဋ္ဌာန်း၊ ကျောက်ဂူ လိုဏ်ဂူထဲ တိတ်တိတ်ပုန်းကမ္မဋ္ဌာန်းများကို နှစ်ရှည်လများ ကမ္မဋ္ဌာန်းထိုင်၍ ဝင်းဝင်းကြီး တွေ့ပြန်ပါပြီ၊ ဝါဝါကြီး တွေ့ပြန်ပါပြီ။ ငရဲကောင်ကြီးတွေ တွေ့ပြန်ပါပြီ။ နတ်ပြည်ခြောက်ထပ်မြင်ရပြန်ပါပြီ၊ ၎င်းနိမိတ်ဆိုးနမာဆိုးတွေ, တွေ့ကာမျှနှင့် သောတာပန်တည်ပါ့မလား၊ များများကြီး စဉ်းစားကြဘို့။”

“ ရှင်အနုရုဒ္ဓါရေးသော ကျမ်းစာများကိုနှုတ်တိုက်အာဂုံ နှုတ်သွက် လျှာသွက် ရွတ်တတ်ခါမျှ သရုပ်ကွဲကာမျှနှင့် သောတာပန် တည်ပါ့မလား။ အရှင် ဗုဒ္ဓဃောသရေးသော ဝိသုဒ္ဓိမဂ် သမ္မောအဋ္ဌကထာကြီးတွေကို အရဆောင်ထားကာမျှနှင့် သောတာပန် တည်ပါ့မလား။ ဘုရားအစစ်က ဟောသော ပါဠိတော်ကြီးတွေကို နှုတ်တိုက် အာဂုံရကာမျှနှင့် သောတာပန်တည်ပါ့မလား။ ဘုရားချီးမွမ်းတော်မူရဲ့လား။ ပဋ္ဌာန်မကျော် တိုင်းကျော် ပြည်ကျော်အောင်ကာမျှနှင့် သောတာပန် တည်ပါ့မလား။ စဉ်းစားကြဘို့။ စာတတ်အန္ဓ ဖြစ်ရ သည်ထက် စာတတ်ကလျာဏ ဖြစ်ရခြင်းသည်သာ၍မကောင်းပါလား။”

“ကမ္မဋ္ဌာန်းထိုင်ရင်း တဖွါးဖွါးနှင့် အပျက်တွေကိုမြင်ပြန်ပါပြီ။သမထနှင့် ဝိပဿနာကိုလည်း မကွဲ၊ အလုပ်က သမထ၊ အပြောက ဝိပဿနာလိုလို၊ ယောင်ယောင်ယမ်းယမ်း လုပ်ခါ

မျှနှင့် သောတာပန် တည်ပါမလား။ မိမိက အတ္တ-အနတ္တကို လည်းမကွဲ၊ ဘယ်တရားကလောကီ ဘယ်တရားက လောကုတ္တရာဟူ၍ ပိုင်းပိုင်းခြားခြားမသိ၊ ဒိဋ္ဌိသတ်တရား - တဏှာသတ်တရားကိုလည်း ပိုင်းခြား၍မသိ၊အထက်မဂ်,အောက်မဂ်, မဂ်တက်စဉ်ကိုလည်းမသိ အဝိဇ္ဇာ တန်းလန်းနှင့် လူမလိမ္မာလူမတတ်တို့၏ အပေါ်၌ အနေချောင် အစားချောင်အောင် ဝါ၍ ညာ၍—ကြော၍—ရမ်း၍ ကမ္မဋ္ဌာန်းဆရာကြီး လုပ်ခါမျှနှင့် သောတာတန် တည်ပါမလား၊ ဘုရားအလိုတော် ကျပါမလား။"

"သံဃာတု — သံဃာယောင်တွေက ဟောသော ငါးရာငါးဆယ်—အလွှမ်း အဆွေး အသော အသံကောင်းကောင်းနှင့် ဟောသော တရားတွေကို အညောင်းခံ၍ တရားနာကာမျှနှင့် သောတာပန် တည်ပါမလား၊ တိုင်းပြည် နိုင်ငံပေါ်၌-ဒိဋ္ဌိတန်းလန်းနှင့် ရှိနေကြသေးသော ကလေးသူငယ် — သူငယ်မတို့၏ စိတ်နှလုံး၌ ကိလေသာ ပွားများအောင် တေးကဗျာလင်္ကာတွေအစီအကုံး-အနှုန်းအဖွဲ့ ရေးတတ်ခါမျှနှင့် သောတာပန်တည်ပါမလား၊ဘုရားအလိုတော်ကျပါမလား၊များများကြီး စဉ်းစားကြဘို့၊ သံဃာတု သံဃာယောင်လုပ်ရသည်ထက် သမုတိသံဃာ ဖြစ်ပါက သာ၍မကောင်းပါလား၊ သမုတိသံဃာဖြစ်ရသည်ထက် ပရမတ္ထသံဃာဖြစ်ရလျှင်သာ၍ အကျိုးမများပါမလား၊ စဉ်းစားကြပါ။"

"ငှင်းစာကို-ဖတ်ရှုရ၍ စိတ်ဆိုးခဲ့ပါလျှင်။ ငှင်းဆရာကမိုက်လို့ ရေးသလား၊ ငါကမိုက်လုံးကြီးလို့—မာနကြီးလို့ မစဉ်းစားတတ်လို့-သဘော မကျသလား၊စဉ်းစားကြဘို့။ နိုင်ငံပေါ်၌ ဤကဲ့သို့စာများ ပေါ်လာခဲ့ခြင်းသည် သာသနာတော်ကြီး-ပျက်စီးရန်လား၊သာသနာတော်ကြီးကြီးပွားရန်လား၊များများကြီး စဉ်းစားကြဘို့။ ။မြတ်စွာ ဘုရားအလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းပါရမီ-ဖြည့်ကျင့်ခြင်းသည် ဒါန

တရား–သီလတရား–ဟောလို၍ ပါရမီဖြည့်သလား၊သူတထူး၏ အဖူးအမြှော် အကန်ဘော့ခံလို၍ ဘုရား လုပ်လိုသလား များများကြီးစဉ်းစားကြပါ။ဘုရားဖြစ်မှ ဘုရားအစစ်က ဟောသော ရုပ်တရား နာမ်တရား ခန္ဓာ-အာယတန–ဓာတ်–သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ အနတ္တတရား နိဗ္ဗာန် တရားတော် မြတ်များကို ကြားရ နာရမှ သောဘာပန်တည်မည် မဟုတ်ပါလား။"

## ယောအတွင်းဝန် အမတ်ကြီး ဦးဘိုးလှိုင်

(ဝိမုတ္တိရသကျမ်းမှ ထုတ်နုတ်ချက်များ။)

"အလွန်သိမ်မွေ့ နက်နဲ ရှုပ်ထွေးသော ပဋိစ္စသမုပ္ပါဒ်ဟူသော နာမ် ရုပ်တွင်း၌ကြံဆ၍ မမြင်ငံ မတွေ့နိုင်သောအသက်ဟူ၍ ထင်မှတ်ကြသော အတ္တ ရှိ၏ဟု မိစ္ဆာဒိဋ္ဌိတို့က စွပ်စွဲ၍ ထားသောကြောင့် စွပ်စွဲရာ ဖြစ်သော နာမ်ရုပ်အလုံးစုံတို့၏ သဘောကို တပ်ဘပ်ရာရာကောင်းမွန်စွာ မသိလျှင် ဤအတ္တရှိ မရှိကို မသိနိုင်၊ စိတ်၌ အလွန်ရှုပ်ထွေးသောကြောင့် ဤပဋိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ်တို့ကို ဤသတ္တဝါ အပေါင်းတို့သည် အကြွင် မျှလောက်မသိ၊ ထိုမျှလောက်သော ကာလပတ်လုံး ချည်ဝင် အူပေါက်၊ စာဖူးထောင်း ကဲ့သို့ ရှုပ်ထွေးသည် ဟူ၍ ညီတော်အာနန္ဒာအား ဟောတော်မူသည်။"

"ထို့ကြောင့် အနတ္တအရာ၊ မိစ္ဆာဒိဋ္ဌိတို့ကို မဆိုနှင့်ဦး၊ ငါတို့ မြတ်စွာဘုရားကို ကိုးကွယ်သည့် လူမျိုးပင်ဖြစ်သော်လည်း ဤပဋိစ္စ သမုပ္ပါဒ် ဟူသော နာမ်ရုပ်ကို အကျယ်အားဖြင့် နေရာကျ ကောင်းမွန်စွာ မသိလျှင် ယုံယုံကြည်ကြည် သဘောခကျနိုင်၊ မြတ်စွာဘုရား ဟောတော်မူသောကြောင့်သာ အထူးအထွေ မပြောဝံ့။"

"နာမ်ရုပ်တို့ကိုမသိသော သူတို့ကို အတ္တမရှိကြောင်းပြော

ဟောသော်လည်း ဆိုခဲ့ပြီးသည့် အတိုင်း မြတ်စွာ ဘုရား ကိုး ကွယ်သည့် လူမျိုးဖြစ်လျှင် ပြန်လှန်၍လည်း မပြောဝံ့သဘော လည်းမကျဖြစ်လိမ့်မည်။"

"သာသနာ တော်မှ အပ ဖြစ်သော လူမျိုးတို့သည် မြန်မာ ဘုန်းကြီးတို့ကို- ကိုးကွယ်ရုံ၊ မြန်မာတရားများကိုနာရုံ၊ ဥပုသ် သီတင်းဆောက်တည်ရုံ၊ အလှူဒါနပေးကမ်းရုံ၊ ကျောင်းစရပ် ဆောက်လုပ်ရုံမျှနှင့် မိစ္ဆာ အယူ မပျက်သေးဘူးဟူ၍ မှတ်အပ် သည်။" (သာသနာတွင်း လူမျိုးကော ဤမျှလောက်သိရုံလုပ် ရုံဖြင့် သမ္မာအယူဖြစ်ကြပြီလား စဉ်းစားစရာ။)

"ဤပဋိစ္စ သမုပ္ပါဒ်ဟူသော နာမ်ရုပ် တရားတို့ကို သိပြီးမှ၊ အတ္တ မရှိကြောင်းကို သဘောကျကျ သိနိုင်ရန်ရှိသောကြောင့်၊ ဤအနတ္တ အရာသည် ပဋိစ္စ သမုပ္ပါဒ် ကဲ့ သို့ အ များ အားဖြင့် တဆဲ့ခြောက် သခ်ျာနှင့် ကမ္ဘာတသိန်း၊ အနည်းအားဖြင့် လေးသင်္ချေနှင့် ကမ္ဘာတသိန်း နက်နဲ သိမ်မွေ့ ခက်ခဲကြောင်း ကိုလည်း မြိမြိနှလုံးသွင်းထား၍ ကမ္ဘာ အသင်္ချေတို့ဖြင့် သော် လည်း ကြိုကြိုက်ခဲလှစွာသော မြတ်စွာ ဘုရား သာသနာတော် တွင်း၌ ကြုံကြိုက်ရသည့် အခါ ဤအနတ္တကို ကောင်းမွန်စွာ သိ ရအောင်၊ နာမ်ရုပ်သဘောဖြစ်သော၊ ဤပဋိစ္စသမုပ္ပါဒ် အစရှိ သောပရမတ်တရားတို့ကို အကျယ်အားဖြင့်ရအောင်၊အခြား အမှုကို မရှုက်ဆောင်၊ ပရမတ်အရာကိုသိရအောင်ချည်းသက် သက် လုံ့လထုတ်သင့်လှပေသည်ဟူ၍လည်း ခိုင်ခိုင် ခံ့ခံ့ မြဲမြဲ စွဲစွဲ လုံ့လထုတ်အပ်သတည်း။"

"သာသနာတွင်းမှာ ကြုံကြိုက်လိုက်လျက်နှင့်မှ၊ ဤအနတ္တ အရာကိုကောင်းမွန်စွာမသိလိုက်ရလျှင်၊ မည်သည့်အခါမျှသိရ တော့မည် မဟုတ်သောကြောင့် သံသရာဝဋ်ဆင်းရဲမှ မကျွတ် မလွတ်နိုင်၊ သံသရာ့ သစ်ငုတ်ဖြစ်၍ ရှုံးခြင်းကြီးရှုံးလိမ့်မည်။"

"နာမ်ရုပ်ကို သိပြီးသော ပုထုဇန်သည် ဤသင်္ခါရဟူသော ခန္ဓာငါးပါးတို့ကိုမြဲသည်ဟု ထင်၍မတတ်၊ ချမ်းသာသည်ဟု ထင်၍လည်းမတတ်၊ သို့သော်လည်း စွန့်ပစ်ရမည် လျစ်လျူရှု ထားရမည်ကို မရက်စက်၊ အကောင်းရှိနိုးနိုး၊ မစင်ကိုစွန့်ပစ် သကဲ့သို့ မပစ်မစွန့်ဝံ့သည်ဖြစ်၏။ ဤစကား၌ ရက်ရက် စက် စက် မပစ်ဝံ့၊ အခကောင်းရှိယောင်ယောင်ဟု စွဲလမ်းခြင်းသည် သိမ်မွေ့သောအားဖြင့် အတ္တကိုစွဲလမ်းခြင်းဟု မှတ်ရမည်။"

"အနှစ်သာရ အတ္တမရှိဟု ထင်သော မ စင် အ မှိုက် တို့ ကို မူကား ငဲ့ကွက်ခြင်းမရှိ စွန့်ပစ်နိုင်သည်။ အနှစ်သာရ အတ္တရှိ ၏ဟု ထင်သော ဤကိုယ်ခန္ဓာကိုမူကား- စွန့်ပစ်ရမည်ကို မဆို ထားနှင့်၊ စဉ်းငယ်မျှအခြားလူက နှုတ်ဖြင့်ရင်း၊ လက်ဖြင့်ရင်း၊ ထိပါးမည်ရှိလျှင်ပင် မခံမရပ်နိုင်၊ တရားကိုပင် ဖျက်ဆီးကျော် နင်းပြုကျင့်ခြင်း၊ ထိပါးမည်ထင်သူကို တတ်နိုင်သမျှနှိပ်စက်ခြင်း၊ တို့ကိုပြုလေသည်၊ လျစ်လျူမရှုနိုင်။ ဤမိမိခန္ဓာနှင့်စပ်၍မကောင်း ဖြစ်မည်ကို မခံနိုင်ခြင်း အားကြီးလေ၏။ ။ဤခန္ဓာ၌အနှစ် သာရ အတ္တဟု စွဲလမ်းခြင်း ကြီးလေ၏ ဟူ၍လည်း မှတ်ရ မည်။"

"ကံဆိုလျှင်လည်း စေတနာ ကံတခုကိုသာ သိသူများလေ သည်။ မဂ္ဂင်ရှစ်ပါး၊ ဗောဇ္ဈင်ခုနစ်ပါး တို့သည်လည်း ကံမည် ကြောင်းကို မသိကြလေ။"

"မဂ္ဂင်ရှစ်ပါးဟူသော ကံသည်၊ ကုသိုလ် အကုသိုလ်စိတ် တို့နှင့် ယှဉ်သော စေတနာစေတသိက်ဟူသော ကံကို ကုန်စေ နိုင်၏။ အဘယ်ကြောင့်နည်း ဟူမူကား၊ မဂ္ဂင်ရှစ်ပါး၌ ပါဝင် သောဝိပဿနာပညာ၊ မဂ်ဖိုလ်ပညာသည်ဝိဇ္ဇာဖြစ်၏။ စေတနာ ကံကို ဖြစ်စေတတ်သော မောဟဟူသော အဝိဇ္ဇာကို ဤ ပညာဟူသော ဝိဇ္ဇာဖြင့် ဖျောက်နိုင် ဖျက်ဆီးနိုင်၏။ စေတနာ ကံ၏ အကြောင်းဖြစ်သော အဝိဇ္ဇာ ပျက်လျှင် အကျိုးစေ တနာကံ မဖြစ် နိုင်သောကြောင့်တည်း။"

"ထို့ကြောင့် သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသော သူသည် စေတနာဟူသော ကုသိုလ်-အကုသိုလ်ကံကို အဆိပ်ကဲ့သို့၊ ဘေးရန်ကဲ့သို့၊ စေတနာ ကံ၏အကျိုးကို သေမင်းနိုင်ငံကဲ့သို့ စွဲစွဲမြဲမြဲ ထင်မှတ်ပြီးလျှင် မဂ္ဂင်ရှစ်ပါး ဟူသော ကံကို အသက်ကဲ့သို့, အမြိုက်အရသာကဲ့သို့ စုံမက်မြတ်နိုး၍ မဂ္ဂင်ရှစ်ပါးကို ပွားများအောင် ပြုလုပ်ရာ၏။"

"ဗာလပုဂ္ဂိုလ်ကိုစွဲ၍ အဝိဇ္ဇာ၊ ပဏ္ဍိတပုဂ္ဂိုလ်ကိုစွဲ၍တဏှာတို့သည် သံသရာစက်၏ အမြစ်မူလ ဖြစ်သည်ကိုလည်း သိအပ်၏။"

## နိုင်ငံတော်ဝန်ကြီးချုပ်-ဦးနု

အထက်က ဤကျမ်းအစ၌ "ရာဇောပဝါဒနီ"ဟု ဆိုသောစကားကို ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ကြောင့် နိုင်ငံတော်အစိုးရ၏ ဝန်ကြီးချုပ်သည် သာသနာ့အစစ် ဖြစ်သော ဝိပဿနာတရားတော်နှင့် ပတ်သက်၍ မည်ကဲ့သို့ မိန့်ကြားခဲ့သည်ကိုလည်း ဖော်ပြဦးမည်။

(၁၃၁၃-ခု နှစ်ဆန်း ၁-ရက်နေ့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု-မိန့်ခွန်း။)

"ဒီကနေ့ဆိုရင် နှစ်ဆန်းတရက်နေ့ဘဲ။ အဲဒီတော့ဗုဒ္ဓဘာသာဝင်တွေအတွက် ဒီနေ့ဟာ ကျက်သရေမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံတဲ့ နေ့ထူး နေ့မြတ်ကြီးဖြစ်တယ်။အဲဒီနေ့ထူးနေ့မြတ်ကြီးမှာ ဗုဒ္ဓ ဘာသာဝင် တွေကို သတိပေးစကား ပြောကြားပါရစေ၊"

"ကျွန်တော် ပြောကြားလိုတဲ့ သတိပေး စကား ကတော့ တခြားဟာ မဟုတ်ပါဘူး။ "မမေ့ကြနဲ့" ဆိုတဲ့ သတိပေး

စကားဘဲ ဖြစ်ပါတယ်။မုဒ္ဓဘာသာဝင်တိုင်း အတွက် ဒီ–"မ မေ့ကြနဲ့"ဆိုတဲ့စကား ၄ လုံးဟာ ဘယ်လောက်အရေးကြီး တယ်ဆိုတာကို ဗုဒ္ဓဘာသာ ဝင်ထဲက သိပြီးဖြစ်တဲ့ လူတွေ အင်မတန်များပါတယ်။ ဒါကြောင့် ပညာရှိ သတိဖြစ်ခဲ ဆို တဲ့စကားလို ကျွန်တော်ပြောတာဟာသတိပေးတဲ့ အနေနဲ့ ဘဲ ပြောရခြင်း ဖြစ်ပါတယ်လို့ မှတ်ယူကြစေလိုပါတယ်။"

"ကျွန်တော်တို့ တတွေ အစမထင်တဲ့ သံသရာကြီး တ လျှောက်လုံးမှာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေထိုင် လာခဲ့ကြတဲ့အတွက် အိုဘေး, နာဘေး, သေဘေး, ဆိုတဲ့ ဘေးဆိုးကြီးတွေက တကယ်တန်း လွတ်မြောက်နိုင်တဲ့ အခွင့် အလမ်းကောင်းကြီးတွေနဲ့ ကြုံကြိုက်ခဲ့ရပေတဲ့လဲ ဒီအခွင့် အ အရေးကြီးတွေကို တခါဘူးမျှ မသုံးခဲ့ကြရဘူး။အခု တကြိမ်လဲ မအိုရ, မနာရ,မသေရ,အောင်လုပ်ပေးနိုင်တဲ့ အခွင့်ကောင်း ကြီးနဲ့ ကျွန်တော်တို့ ကြုံကြိုက် နေကြရပေပြီ။ အစ မထင်တဲ့ သံသရာကြီး တလျှောက်လုံးမှာလိုဘဲ၊ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆ၊ နေသွားကြဦးမယ်ဆိုရင် အင်မတန် ကြုံကြိုက် ခဲတဲ့ဒီအခွင့်အရေးကြီးနဲ့ တခါထပ်ပြီး လွဲကြရလိမ့်ဦးမယ်။"

"လူတွေရဲ့ သက်တန်းဟာ တိုတိုကလေးရယ်။ အဲဒီလို တိုဘောင်းလှတဲ့ သက်ဘန်းကလေးအတွင်းမှာ အဖိုးမတန် တာတွေ၊ အနှစ်သာရ မရှိတာတွေနဲ့သာ အချိန်ကုန်မနေကြ ပါစေနဲ့၊ ရွှေမိုး ငွေမိုးရွာနေတဲ့ အခါမှာ ရွှံ့တုံး ရွှံ့ခဲတွေ လိုက်ပြီး ကောက်နေခြင်းအားဖြင့် အချိန် မကုန်ကြပါစေနဲ့။ အင်အား တော်ဇတ်တန်တန်ရှိသေးတဲ့ အရွယ်ထဲက ဆိုရင် တလလောက်၊ အတော်ကလေး အိုမင်းမစွမ်းဖြစ်နေတဲ့ အ ရွယ်ထဲက ဆိုရင်၊ နှစ်လ သုံးလလောက် အချိန်အတိ၊ ဒီ–အို ဘေး၊ နာဘေး၊သေဘေးကြီးတွေက လွတ်မြောက်နိုင်စေတဲ့ လမ်းစကြီးကို တွေ့ဘို့ အချိန်မပေးနိုင် ကြဘူးလား။ဟေးလား ဝါးလား အလုပ်တွေဟာ၊ အစမထင်တဲ့ သံသရာကြီး တခု

လုံးမှာလဲ လုပ်ခဲ့ပြီးပြီ။ မွေးတဲ့အချိန်ကစပြီး ဒီကနေ့ အထိလဲ လုပ်ခဲ့ကြပြီးပြီ။ အဲဒီတော့ ဟေးလား ဝါးလား အလုပ်တွေပေါ်မှာ အားရဘို့ကောင်းကြပြီ။''

'' အခုအခါဆိုရင် ပြည်ထောင်စုကြီးရဲ့ အရပ်တိုင်းမှာ လိုလိုဘဲ၊ ဗုဒ္ဓဘာသာဝင်တွေ အတော် ခပ်များများဟာ သတိတရားများ ရလာကြပြီ။ ကိုယ့်အင်အား ရှိသရွေ့ တလစီ၊ နှစ်လစီ၊ ဝိပဿနာလုပ်ငန်းများကို ကြိုးစားအားထုတ်ကြတဲ့အတွက် ဒီအိုဘေး၊ နာဘေး၊ သေဘေးကြီးကလွတ်မြောက်စေနိုင်တဲ့ လမ်းစကြီးကို သူတို့တသက်လုံး မမြင်စဘူး ထူးထူးကဲကဲကြီး မြင်တွေ့ကြရတဲ့အတွက် လှိုက်လှိုက်လှဲလှဲဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်ကြပြီ။ ဒီပုဂ္ဂိုလ်တွေလို ကိုယ်တိုင် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်ကြရအောင် ဗုဒ္ဓဘာသာဝင်တိုင်း အနည်းဆုံးတလ၊ နှစ်လလောက်တော့ ဝိပဿနာလုပ်ငန်းများကို အားထုတ်ကြစေချင်တယ်။''

''သူများတွေ အားထုတ်လို့ ရပေတဲ့ ငါကတော့ အားထုတ်လို့ရမှာ မဟုတ်ပါဘူးဆိုပြီး စိတ်အားငယ်မနေကြပါနဲ့။ ကြိုးကြိုး စားစားနဲ့သာ တရား အားထုတ်ကြမယ်ဆိုရင် ဗုဒ္ဓဘာသာဝင်တိုင်း အောက်ဆုံး မဂ်ဖြစ်တဲ့ သောတာပတ္တိမဂ်ကိုတော့ ကေန်မုချရရမယ်။ မြေကြီးကို လက်ဝါးနဲ့ ပုတ်လျှင်သာလွဲရမယ်။ နည်းလမ်း မှန်မှန်ကန်ကန်နဲ့ အဟုတ်တကယ် ကြိုးစားအားထုတ်တဲ့ ဗုဒ္ဓဘာသာဝင် တဦးအတွက်မှာတော့ ဒီမဂ်နှင့်လွဲဘို့ လမ်းမရှိဘူး။''

''လူတွေဟာ တသက်လုံး ဟေးလား-ဝါးလား-လုပ်နေကြတဲ့အတွက် သတိမမူ-ဂရုမပြုမိဆိုတဲ့ စကားလို ကိုယ်ရဲ့တန်ဘိုးကို၊ ကိုယ်ကောင်းကောင်းမသိကြဘူး။ ထမင်းနပ်မှန်အောင်မစားရတဲ့ သူတောင်းစားပင် ဖြစ်လင့်ကစား၊ သူ့မှာ အင်မတန်ကြီးကျယ်တဲ့ တန်ဘိုးကြီးနဲ့ ပြည့်စုံနေတယ် ဆိုတာကို ကျွန်တော်တို့ သတိ ပြုကြရလိမ့်မည်။ ဒီသူတောင်းစားဟာ

ထမင်းနပ်မှန်အောင် မစားရတဲ့ သူတောင်းစားပင်ဖြစ်လင့်က စား၊ လူဖြစ်တဲ့ အတွက် မနုဿတ္တဘာဝ ဒုလ္လဘဆိုတဲ့ ဒုလ္လဘ တရားနဲ့ ပြည့်စုံနေပြီ။ ဘုရားပွင့်တော်မူတဲ့ ဗုဒ္ဓုပ္ပါဒ နဝမ ခေတ်နှင့် တွေ့ကြုံနေတဲ့ အတွက် ဗုဒ္ဓုပ္ပါဒ ဒုလ္လဘဆိုတဲ့ ဒုလ္လဘ တရားနှင့် ပြည့်စုံနေပြန်ပြီ။ ရတနာသုံးပါးကို မြတ်နိုး ယုံကြည် တဲ့ သဒ္ဓါတရားနှင့် ပြည့်စုံတဲ့ အတွက် သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ ဆိုတဲ့ ဒုလ္လဘ တရားကြီး တခုလဲ ထပ်ပြီးရပြန်ပြီ။ ဒီထမင်း နပ်မှန်အောင် မစားရတဲ့ သူတောင်းစားဟာ ရှင်ပြုဘူးရင် ဖြစ်ဖြစ်၊ ပဉ္စင်းတက်ဘူးရင်ဖြစ်ဖြစ်၊ ပဗ္ဗဇ္ဇိတဘာဝဒုလ္လဘဆိုတဲ့ ဒုလ္လဘတရားကြီးတပါးကို ထပ်ပြီးရပြန်ပြီ။ အဲဒီသူတောင်းစား ဟာ မြတ်စွာဘုရားဟောကြားတော်မူအပ်တဲ့ ပိဋကတ်ဓမ္မက္ခန် တရားသံကိုနာခံမှတ်သား ကြားနာရဘူးရင်၊ သဒ္ဓမ္မသဝနအတိ ဒုလ္လဘဆိုတဲ့ ဒုလ္လဘတရားကြီးတပါးကို ထပ်ပြီးရပြန်ပြီ။ အဲဒီ တော့ ဗုဒ္ဓဘာသာဝင်မှန်ရင် ထမင်းနပ်မှန်အောင် မစားရတဲ့ သူတောင်းစားဘဲဖြစ်ဖြစ်၊ ဇောတိကတို့လို ချမ်းသာတဲ့သူဌေး ကြီးတွေဘဲဖြစ်ဖြစ်၊ စကြဝတေး မန္ဓာတ်တို့လို ဘုန်းတန်ခိုးအာ နုဘော်နဲ့ပြည့်စုံတဲ့ မင်းစိုးရာဇာတွေဘဲဖြစ်ဖြစ်၊ ဒုလ္လဘတရား ငါးပါးစလုံးနဲ့ပြည့်စုံနေပြီ၊ ဒီလိုဒုလ္လဘတရားတွေနဲ့ပြည့်စုံနေ တဲ့ပုဂ္ဂိုလ်တွေမှ တရားကိုအားထုတ်လို့မရဘူးဆိုရင်၊ တရား အားထုတ်ဘို့ ရနိုင်တဲ့လူဟာရှိတော့မှာမဟုတ်ဘူး။ အဲဒီတော့ ကိုယ့်စိတ်က ကိုယ့်ပြန်ခြောက်ထားနဲ့အားငယ်မနေကြပါနဲ့။ ဒုလ္လဘတရားတွေနဲ့ပြည့်စုံနေတဲ့ပုဂ္ဂိုလ်ရှင့်မကြီးတွေ၊ ဘုရား၌ ယုံကြည်မှု၊ တရား၌ ယုံကြည်မှု၊ သံဃာ၌ ယုံကြည်မှုဆိုတဲ့၊ ယုံကြည်မှုတွေနဲ့ တရားကို အောင်တဲ့အထိ အားထုတ်နိုင်တဲ့ လုံလောက်တဲ့ လုံ့လဝီရိယသာရှိကြပါစေ၊ ဗုဒ္ဓဘာသာဝင် တိုင်း အနည်းဆုံး အောက်ဆုံး မဂ်ဖြစ်တဲ့ သောတာပတ္တိမဂ်ကို ရ-ရမယ်။ ဒီမဂ်လောက်ကိုရရင်ဘဲ-လူမသေဘဲနဲ့ဘဝပြောင်း သွားပြီ။”

“ဒီမဂ်ကို မ ရ ခင် က ဆို ရင်၊ အစ မထင်တဲ့ သံသရာတ

လျှောက်လုံးမှာ နိဗ္ဗာန်ကို ဘယ်တုန်းကမှ အာရုံပြုလို့မရဘူး။ ဒီမဂ်ကိုရသည့်နှင့်တပြိုင်နက်၊ အိုခြင်း၊ သေခြင်း ကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကိုအာရုံပြုနိုင်ပြီ။"

"ဒီမဂ်ကိုမရခင်တုန်းက အစမထင်တဲ့ သံသရာတလျှောက်လုံးမှာ ဘယ်လောက်ဘဲလှလှ၊ ဘယ်လောက်ဘဲ ပုတီးစိပ်စိပ်၊ ဘယ်လောက်ဘဲ ဥပုသ်စောင့်စောင့်၊ သေတဲ့အခါ အပါယ်မကျပါဘူးလို့ဘယ်သူမှအမှန်မပြောနိုင်ဘူး။ သိဒ္ဓိရှိမွှာသောကမင်းကြီးလောက် ကောင်းမှုကုသိုလ်တွေလုပ်နိုင်တဲ့လူတွေဟာ၊ ရှားကြပါလိမ့်မယ်။ အဲဒီ သိဒ္ဓိရှိမွှာ သောက မင်းကြီးတောင် သေခါနီးမှ ဒေါသဇောရဲ့ ဖေါက်ပြန်မှုကြောင့် သေတဲ့အခါ၊ အပါယ်လေးဘုံမှာ တဘုံဖြစ်တဲ့ တိရစ္ဆာန်ဘုံမှာ မြွေသွားဖြစ်ရသေးတယ်။"

"အဲဒီတော့ ဒီငအောက်ဆုံးမင်ဖြစ်တဲ့ သောတာပတ္တိမဂ်ကိုရလိုက်ထာနဲ့တပြိုင်နက် ဘဝအသင်္ချေကဘယ်အကုသိုလ်တွေကိုဘဲလုပ်ခဲ့၊ လုပ်ခဲ့၊ အပါယ်လေးပါးကို ဘယ်လိုနည်းနဲ့မှမကျရတော့ဘူး။"

"အဲဒီမဂ်ကို မရခင်တုန်းက ဘယ်သူမှကိုယ်ရဲ့ နောက်ဆုံးဘဝကို မြှော်တွေးကြည့်လို့မမြင်နိုင်ကြဘူး။ အဲဒီလိုမမြင်နိုင်ကြတဲ့အတွက်၊ အင်မတန် အင်မတန်ကြီးရှည်လျားလှတဲ့ သံသရာကြီးထဲမှာ၊ အိုဘေးကြီးတွေ၊ နာဘေးကြီးတွေ၊ သေဘေးကြီးတွေနဲ့ ဘဝအသင်္ချေပေါင်းများစွာ အဘန်တလဲလဲ တွေ့ကြုံကြရပေဦးမယ်။ ဒါပေမဲ့ ဒီအောက်ဆုံး မဂ်ဖြစ်တဲ့သောတာပတ္တိမဂ်ကို ရတာနဲ့တပြိုင်နက်၊ ပျော်ချင်သလိုပျော်၊ နေချင်သလိုနေ၊ လုပ်ချင်သလိုလုပ်၊ နောင်ကိုအိုဘေး၊သေဘေး။ နာဘေးကြီးနဲ့ အလွန်တကာ့အလွန်ဆုံး ခုနစ်ဘဝဘဲတွေ့ရတော့မယ်၊ ခုနစ်ဘဝက လွန်ပြီး ရှစ်ဘဝ နေချင်ရင်တောင်၊ မနေရတော့ဘူး၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ ဖြစ်တဲ့ နိဗ္ဗာန်ကို ကေန် အမှန်ဝင်ရပေတော့မယ်။"

" အဲဒီဘဝကို ရောက်ဘို့ဆိုတာ ဟာလဲ၊ လူတွေဟာမေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆနေကြတဲ့အတွက်သာ အဝေးကြီး ဝေးတယ် ထင်နေကြရတာ၊ တကယ်တန်းကြိုးပမ်းကြမယ် ဆို ရင် တလ နှစ်လလောက်နဲ့ဘဲကိုယ့်လက်ထဲရောက်နိုင်တယ်၊"

"အဲဒီတော့ အစမထင်တဲ့ သံသရာတခုလုံး၊ ယခုပစ္စုပ္ပန် ဘဝဆိုရင်လဲ တသက်လုံး ဟေးလား ဝါးလား မေ့မေ့လျော့ လျော့ ပေါ့ပေါ့ဆဆ နေမှုထိုင်မှု၊ ပြောမှုဆိုမှု၊ ကြံစည်စိတ်ကူး မှုတွေကို၊ ရပ်တန်းမှာ ရပ်ထားကြပြီး၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းရာ,ကုန်းရာဖြစ်တဲ့ နိဗ္ဗာန်ကို အာရုံပြုနိုင်မည့်အောက်ဆုံး မဂ်ဖြစ်တဲ့ သောတာ ပတ္တိမဂ်ကို အနည်းဆုံး ရနိုင်အောင် ဗုဒ္ဓဘာသာဝင်တိုင်းအနည်းဆုံးတလနှစ်လလောက်ဝိပဿနာ တရား ပွါးများအားထုတ်ကြဘို့ ကျွန်တော်လေးလေးနက်နက် တိုက်တွန်းပါတယ်။"

" အင်မတန် ကြောက်စရာ ကောင်းလှတဲ့ အပါယ်လေး ဘုံကို ဘယ်နည်းနှင့်မှ မရောက်ရအောင် တားမြစ်ပေးနိုင်တဲ့ သောတာပတ္တိမဂ်ကို အနည်းဆုံးရရှိအောင် ဗုဒ္ဓဘာသာဝင် တိုင်း အနည်းဆုံးတလ နှစ်လ ဝိပဿနာတရားများကို ပွား များ အားထုတ်ကြဘို့ ကျွန်တော်တိုက်တွန်းပါတယ်။"

"အင်မတန်ရှည်လျားလှတဲ့သံသရာကြီးထဲမှာရေစုံမြောပြီး အကြိမ်ကြိမ် အဘန်ဘန် အိုနာ သေနေရတဲ့ ဘေးဆိုးကြီးက လွတ်မြောက်ပြီး၊ နောက်ဆပ် အလွန်ဘကာ့ အလွန်ဆုံးခုနစ် ဘဝသဲနဲ့အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းရာ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကို ဝင်နိုင်ဘို့အတွက် သောတာပတ္တိမဂ်ကို အနည်းဆုံး ရအောင် ဗုဒ္ဓ ဘာ သာ ဝင် တိုင်း၊ အ နည်း ဆုံး တ လ နှစ် လ ဝိပဿနာတရားများကို ပွားများအားထုတ်ကြရန်၊ ဤနှစ်ဆန်း တရက်နေ့၊ နေ့ထူး နေ့မြတ်ကြီးမှာ ဗုဒ္ဓဘာသာဝင်သူတော်စင် အပေါင်းဘို့ကို၊ ကျွန်တော်က လေးနက်စွာ သတိပေး စကား ပြောကြားလိုက်ပါတယ်ခင်ဗျား။"

ကျောက်ဆည်မြို့ကျောက်သဘော ဆရာတော် ဘုရား၏ တရားတော်ကို ဖေါ်ပြပြီးအံ့။ နောက် ဆုံးမှ ဖေါ်ပြခြင်းသည်ဆုံးမစကားထက် တရား သား အကျဉ်းချုပ် ပဋိပတ် တရား ဖြစ်သော ကြောင့်တည်း။ အထူးစဉ်းစား၍ဖတ်ရန်သင့်၏။

## ကျောက်ဆည်မြို့

## ကျောက်သဘော ဆရာတော်-၏ မဂ်--ပေါက်--ဖိုလ်ဝင်--နိဗ္ဗာန်မြင် တရားတော် ဒေသနာ။

မြတ်စွာဘုရား၏-ဗုဒ္ဓဝင်ကြောင်းကို ပြန်ပြောင်း၍ သတိပြု ကြည့်ရှုရာတွင်-

၁။ မြတ်စွာဘုရားသည်၊ သစ္စာလေးပါး၊မြတ်တရားကိုရှေးဦးစွာ သိတော်မူတယ်။

၂။ သစ္စာလေးပါးမြတ်တရားကို၊မိမိကိုယ်တော်တိုင်သိမြင်တော် မူတဲ့အတိုင်း၊သစ္စာလေးပါးကိုပင်၊စတင်၍ဟောတော်မူပါ တယ်။

၃။ ထိုသစ္စာလေးပါးတို့တွင်လည်း၊ ဒုက္ခသစ္စာကိုပင် ရှေးဦးစ တင်ပြီးဟောတော်မူပါတယ်။

၄။ ဒုက္ခသစ္စာ ထိုက်တဲ့ တရားအပေါင်းတို့တွင်လဲ ဇာတိပိ ဒုက္ခာ၊ လို့-ရှေးဦးထား၍ ဟောတော်မူခဲ့ ပါတယ်။
ဇာတိ၊ ဆိုတာအကျဉ်းချုပ် မှတ်စေလိုတာကတော့၊ မိမိ မိမိတို့ရဲ့ မနော စိတ်မှာ၊ ကောင်းကောင်း ဆိုးဆိုး အ မျိုးမျိုး ပေါ်ပေါက်မှု ဟူသမျှတွေကို၊ ဇာတိလို့မြင်ပါ။
ဖြစ်ပေါ်သမျှ ပျက်စီးရတဲ့ သဘာဝမို့၊ အနိစ္စလို့ ဒုက္ခလို့၊ အနတ္တလို့ မြင်ကြဘို့ပါဘဲ။

ဇာတိချုပ်ကြောင်း တရားကတော့။ မိမိ၊ မိမိတို့ရဲ့ (မနောစိတ်မှာ) ကောင်းကောင်း ဆိုးဆိုး၊ အမျိုးမျိုး သော ပေါ်ပေါက်မှု ဟူသမျှတွေ၊ မပေါ်ပေါက်မီက **"မပေါ် ပေါက်ဘဲ"** နေတာကို မြင်ပါ။

ဤလိုမြင်ခြင်းဟာ "မဂ္ဂင်"အကျင့်ပါဘဲ၊ ပါဠိလိုဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ ခေါ်တယ်။

ထင်ရှားအောင်ကတော့၊ မိမိတို့ မနောစိတ်မှာ၊ တွေတွေ ရာရာ၊ဘာသာ၊ ညာညာ-အလီလီ-အလာလာ-အောက်မေ့ မှုကြံစီမှုတွေ၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော သိမှု တွေ မှတ်မှုတွေ-စွဲယူမှုတွေ (ဝါ) ဟုတ်ဟုတ် မှန်မှန် မှားမှား၊ အများအပြား၊ အစားစား သိတတ်သော အသိတွေ **ဘယ် အသိမှ မပေါ်ပေါက်ထာကို (ဝါ) မပြုမပြင် မစီရင်ဘဲ တည်မြဲနေသော အသင်္ခတ-ဓာတ်=ကို ဒီအတိုင်းတိုင်း မြင်နေရမယ်။**

ဤလိုမမြင်လို့၊ ဇာတိဒုက္ခ တွေဖြစ်နေတယ်....ဇာတိ ဖြစ် မှတော့၊ ဇရာ၊ မရဏ၊ သောက၊ ဒေါသ၊ သောက၊ ပရိဒေဝ၊ အစရှိတဲ့ တရားတွေ ဖြစ်ကြကုန်ရော။

ဤလို လွယ်လွယ် သိရာ၊ ဓမ္မစကြာ ဒေသနာတော်မှာ မြတ်စွာဘုရားက သစ္စာလေးပါး ဟောကြားတော် မူခဲ့ပါ တယ်၊

## သိထားရမှာကတော့

မြတ်စွာဘုရားသည် ရှေးဦးစွာ အဘိဓမ္မာကိုလဲ မဟော၊ ဓာတ်, ပရမတ်တွေကိုလဲ အလီလီ အလာလာ မဟော၊ ဇာ တိပိဒုက္ခာ စသည့် ဒုက္ခသစ္စာကိုသာ-ရှေးဦးစွာဟောပါတယ်။

သင်္ခါရဓာတ်-ပရမတ်တွေ-စင်စင် ကြယ်ကြယ် မြင်မှု မြင် သဘော၊သိမှု၊ သိသဘော ဖြစ်ပေါ် လာခြင်းကိုပင် ဇာတိ

ဒုက္ခ ပါကလားလို့ မြင်နိုင်ပါမှ၊ အယူမမှား၊ အပြုမမှား နိုင်တော့ပြီ၊

## ယုံမှားခြင်း ကင်းလွတ်လေတော့သည်။

နိဗ္ဗာနံ၊ အာဂမ္မ—ရာဂါဒယော—ခိယန္တိ၊

နိဗ္ဗာနံ၊ ဖြစ်သဘောတူရဲ့ အေးငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို။ အာဂမ္မ၊အကြောင်းပြု၍။ရာဂါဒယော၊ ရာဂအစရှိသောကိလေသာတို့သည်။ခိယန္တိ၊တဖြေးဖြေးကုန်ခန်း၍သွားကုန်၏။

ဘုန်းကြီးဘို့ဟောပြောလိုတဲ့ တရားကတော့ လွယ်လွယ်ပါဘဲ၊ မခက်ပါဘူး။

လောဘ-ဒေါသ—မောဟ—ခေါ်တဲ့ တရားတွေကိုကအမြဲမရှိနှင့်ဘဲကိုး။

ယခုတော့အမြဲမရှိတဲ့တရားတွေကို ငါ့မှာ သူ့မှာ အမြဲရှိတဲ့အနေနဲ့ ထင်မြင်ယူဆနေလို့ခက်နေကြတာပါ။

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ။

ကြွခေါ်- အာဂန္တုကေဟိ- ဥပက္ကိလေသေဟိ၊ ဥပက္ကိလိဋ္ဌံ။ စိတ်ဟာ ပကတိပင်ကို သူ့အတိုင်းကတော့ ကြည်လင်တယ်။

အာဂန္တုဧည့်သည်ဘရန်စံ သူစိမ်းခေါ်တဲ့ညစ်နွမ်းစေတတ်တဲ့အကြောင်းကြောင့် ညစ်နွမ်းတယ်။

ညစ်နွမ်းစေတတ် အာဂန္တုက၊ ဥပက္ကိလေသတွေကလဲ အကြောင်းတိုက်ဆိုင်မှပေါ်တယ်၊ ပေါ်ပြီးက ပျက်တယ်လို့၊ ပါဠိတော်ကြီးတွေထဲမှာ အများအပြား ဟော ထား တော် မူ ခဲ့ပါတယ်။

**“အမြဲမရှိဘူးဆိုတာ”** တချို့က၊ ဖြစ်ရင်ပျက်တဲ့သဘောမျှလောက်သာသိနေကြပါတယ်။

ဖြစ်ရင်ပျက်တယ် ဆိုတာကတော့ လူတိုင်းလောက် သိကြပါတယ်။

ဒီလိုဖြစ်ထာပျက်ထာ သိရုံမျှနှင့်တော့ နိဗ္ဗာန်မမြင်နိုင်ဘူး၊ မျက်မှောက်မပြုနိုင်ဘူး။

ဖြစ်တဲ့ပျက်တဲ့ တရားတွေကိုက အမြဲ မရှိပါကလားလို့မြင်နိုင်ပါမှ နိဗ္ဗာန်တွေ့ရမယ်။

ယခုတော့လိုလားတာက မဖြစ်ရာမပျက်ရာ အနိမိတ္တနိဗ္ဗာန်၊ ပြုလုပ်အားထုတ်ရှာနေကြ ကြည့်နေကြမြင်နေကြတာက ဖြစ်ပြီးပျက်တဲ့နိမိတ္တ ရုပ်-နာမ်။

## နိဗ္ဗာန်က အမြင်မခက်ပါဘူး။

အမြဲမရှိတာ၊အနိမိတ္တ ထင်ရှားအောင် ဘုန်းကြီးတို့ကဗမာလို လွယ်လွယ်ကလေး ဘွင်းဘွင်းနှင့် ရှင်းရှင်းဘဲ ဟောလေ့ရှိပါတယ်။

ယခု တရားနာ လာကြတဲ့ ပရိသတ်တွေ ဘုန်းကြီးကမေးမယ်၊ ဖြေကြစမ်းပါ။

မိမိ-မိမိတို့ရဲ့သန္တာန်မှာ၊ ကောင်းမှုရေးရာနှင့် စပ်ဆိုင်တဲ့စိတ်တွေ၊ ဖြစ်မဲ့စိတ်တွေ၊ အမြဲရှိနှင့်ပါသလား။

အမြဲမရှိတာ မှန်ပါတယ်၊ ငြင်းကွယ်လို့မရပါဘူး၊မှန်တာသစ္စာခေါ်တယ်။

## ထင်ရှားစေဦးအံ့

ဘုရားနှင့် တွေ့မှ- ဘုရားရယ်+စိတ်ရယ်=ဘုရားစိတ်ဖြစ်လာတယ်။

စေတီနှင့်တွေ့မှ စေတီရယ်+စိတ်ရယ်=စေတီစိတ်ဖြစ်လာတယ်။

တရားနှင့်တွေ့မှ တရားရယ် + စိတ်ရယ် = တရားစိတ်ဖြစ်လာတယ်။

ဘုန်းကြီးနှင့်တွေ့မှ ဘုန်းကြီးရယ် + စိတ်ရယ် = ဘုန်းကြီးစိတ်ဖြစ်လာတယ်။

ကျောင်းနှင့် တန်ဆောင်းနှင့် ဇရပ်နှင့် တွေ့ကြမှ ကျောင်းစိတ်, တန်ဆောင်းစိတ်, ဇရပ်စိတ်တွေဖြစ်ပေါ်ကြတာပါ။

## အလွယ်ဆုံးကတော့

သားထဲ့ပေး၊ သားရယ် + စိတ်ရယ် = သားစိတ်ဖြစ်။
သမီးထဲ့ပေး၊ သမီးရယ် + စိတ်ရယ် = သမီးစိတ်ဖြစ်။
အိမ်ထဲ့ပေး၊ အိမ်ရယ် + စိတ်ရယ် = အိမ်စိတ်ဖြစ်။
လူထဲ့ပေး၊ လူရယ် + စိတ်ရယ် = လူစိတ်ဖြစ်။
ရွှေထဲ့ပေး၊ ရွှေရယ် + စိတ်ရယ် = ရွှေစိတ်ဖြစ်။
ငွေထဲ့ပေး၊ ငွေရယ် + စိတ်ရယ် = ငွေစိတ်ဖြစ်။
နိဗ္ဗာန်ထဲ့ပေး၊ နိဗ္ဗာန်ရယ် + စိတ်ရယ် = နိဗ္ဗာန်စိတ်ဖြစ်။

ဘာဘာ-ညာညာ-ထွေထွေ- လာလာ-အရာရာ-ကောင်းကောင်း—ဆိုးဆိုး အမျိုးမျိုး နာမည်တွေ၊ နာမပညတ်တွေ ထဲ့ ပေးကြည့်ပါလား။

ဘာဘာ ညာညာ ထွေထွေ လာလာ အရာရာ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသောစိတ်တွေ ဖြစ်ကြမှာဘဲမဟုတ်ပါလား။

**ဖြစ် ထာမှန်ပါတယ်**
**ဖြစ်ဖြစ်သမျှ-ဇာတိဒုက္ခတဲ့၊**
**အဲဒါမြင်အောင်ကြည့်ကြ။**

ဖြစ်ထာ= ဖြစ်ပေါ်တာ= ပင်ပန်းတာတွေဟာ ဒုက္ခလို့= ဘေးလို့= **သင်္ခါရ**လို့= သံသရာလို့၊ မဖြစ်ထာ= မဖြစ်ပေါ်

တာ=မပင်ပန်းတာဟာ-နိဗ္ဗာန်လို့=ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်မှာ ဟောတော်မူပါတယ်။

တွေ့ တွေ့—လာ လာ—ဘာ ဘာ—ညာ ညာ— အရာရာ—ကောင်းကောင်း—ဆိုးဆိုး=အမျိုးမျိုးသော တွေးစရာ-ကြံစရာအောက်မေ့စရာတွေ၊ နာမည်—နာမပညတ်တွေ— ထဲ့မပေးတော့ "စိတ်" ကလေး ဘာဖြစ်နေသလဲ၊ ဘာစိတ်မှ=မဖြစ်ပါဘူး။

မဖြစ်တော့ အဖြစ်တွေ ငြိမ်းမနေပေဘူးလား။
အဖြစ်တွေ-ချုပ်မနေပေဘူးလား။
အဖြစ်တွေ=ကင်းမနေပေဘူးလား။
ငြိမ်းပါတယ်-ချုပ်ပါတယ်။
ချုပ်ငြိမ်းတာမှန်တယ်။

ချုပ်ငြိမ်းအောင်များ မိမိက တမင်သက်သက် ပြုလုပ်ပေးရသေးသလား။"**အသန်တာ=တရားပါတဲ့**" ပြုလုပ်မပေးရပါဘူး။

ပြုလုပ်မပေးတော့ အပြုကင်း၊ အပြုရှင်းပြီး၊
အေးငြိမ်းနေပါတယ်၊ အဲတာ နိဗ္ဗာန်တွေ့တာပါ။
ချုပ်ငြိမ်းအောင်များ တမင်ပြုလုပ် ပေးလို့ရလျှင်
"သင်္ခတာ-ဓမ္မာ"လို့ ဘုရားဟောခဲ့မှာပေါ့။

## မယုံလျှင်

အားထုတ်ကြည့်ကြပါလား၊ အားထုတ်တော့—အားထုတ်မှု စိတ်တွေ ဖြစ်လာမှာပေါ့။

" အာယူဟနာ သင်္ခါရာ—အနာယူဟနာ နိဗ္ဗာနံ" လို့ ဟောတော်မူပါတယ်။

ပြုလုပ် ကြည့်ပါလား၊ ပြုလုပ်မှုတွေ ဖြစ်လာမှာပေါ့။

## "ဖြစ်ဖြစ်သမျှ - ဓာတ်ဒုက္ခတဲ့"

မှတ်လိုလျှင်=မှတ်ကြည့်ပါလား၊ ပွားလိုလျှင် — ပွားကြည့်ပါလား။ မှတ်တော့— မှတ်စိတ်ဖြစ်မှာပေါ့၊ ပွားတော့ — ပွားစိတ်ဖြစ်မှာပေါ့။

လောကီသင်္ခါ-တရားက ပြုပြင်ပေးမှ ဖန်တည်းပေးမှဖြစ်ထာပါ၊ သဗ္ဗေသင်္ခါရာ—အနိစ္စာ-ဒုက္ခာ —အနတ္တာ လို့ဟောတော်မူပါတယ်။

ထွေထွေ—လာလာ -ဘာဘာ— ညာညာ—အရာရာကို—ကြံစီမှ စိတ်ကူးမှ စိတ်တွေ ဖြစ်လာတာ မမှန်ဘူးလား။

စိတ်မကူးမှိက ...... စိတ်ကူးမဲ့ စိတ်တွေ ရှိမနေနှင့်တာ, အမြဲမရှိတာ—မမှန်ဘူးလား။

အမြဲမရှိတာ—မှန်ပါတယ်၊ ငြင်းကွယ်လို့ မရပါဘူး။

မရှိတော့-မရှိတဲ့ အတိုင်းထားတော့၊ မအေးပေဘူးလား, မငြိမ်းပေဘူးလား။

အေးငြိမ်းတာ မှန်တယ်၊

အေးငြိမ်းတာ—အပြင်မှတပါး။ နိဗ္ဗာန်ရယ်လို့ တခြားမရှိပါဘူး။

ရှိဘယ်ထင်လျှင်—ရှာကြည့်ပါလား။

ရှာတော့-ရှာတဲ့စိတ်တွေဖြစ်၊ ဖြစ်တိုင်းဖြစ်တိုင်းပျက်

"ကြံစီကြည့်ပါလား"

ကြံစီတော့....ကြံစီတဲ့စိတ်တွေ၊ ကြံတိုင်းကြံတိုင်းဖြစ်၊ ဖြစ်တိုင်းဖြစ်တိုင်းပျက်။

အောက်မေ့တော့—အောက်မေ့တဲ့ စိတ်တွေ၊ အောက်မေ့တိုင်း—အောက်မေ့တိုင်းဖြစ်၊ ဖြစ်တိုင်းဖြစ်တိုင်း=ပျက်။

မှတ်တော့—ပွါးတော့ - အားထုတ်တော့၊ အားထုတ်ပွါးများ မှတ်သားစိတ်တွေဖြစ်ကြရော။

ဖြစ်ကြဘော့–ဖြစ်တိုင်းဖြစ်တိုင်း၊ ပျက်ကုန်ကြရော။

ကဲကဲ–ရှာကြံ-,ပွါးများ-,မှတ်သားတဲ့ စိတ်တွေ ဖြစ်သမျှ ပျက်ကြမဲ့အတူတူ.....

မရှာဘော့ဘူး-မကြံတော့ဘူး-မအောက်မေ့တော့ဘူး ဆိုပြီး အလျှော့ပေး–အရှုံးပေး- စွန့်ရေး–လွှတ်ရေး လုပ်ကိုင်ပါက လွတ်ရေး–ကျွတ်ရေး မရပေဘူးလား။

ယခုတော့၊ ကိုယ့်အစွမ်းကောင်း၊ ငါ့အစွမ်းကောင်း လုပ်ပြီး အဣာအနေနဲ့၊ ဖြစ်ပျက်နှစ်တန်ကို ခုခံတိုက်ခိုက်နေကြတယ်။

## " သတိ-ရှိကြစေ "

မကောင်းမှု ရေးရာနှင့်၊ စပ်ယှဉ်တဲ့ စိတ်တွေကလဲ မိမိ မိမိတို့ရဲ့သန္တာန်မှာ၊ အမြဲမရှိတာမှန်တယ်၊
မှန်ပါတယ်–ငြင်းကွယ်လို့မရပါဘူး။

## အလွယ်ဆုံးကတော့

ခိုးမဲ့စိတ်၊ ဖောက်မဲ့စိတ်၊ ဓါးပြတိုက်မဲ့စိတ်၊ ပစ္စည်းယူ လူသတ်မဲ့စိတ်တွေ၊ တကာ–တကာမတို့ရဲ့စိတ်မှာ အမြဲရှိနှင့်ပါမလား။

## " မရှိတာ–မှန်တယ် "

ခိုးခြင်း၊ဖောက်ခြင်း၊လုယက်-သတ်ဖြတ်ချင်တဲ့ စိတ်တွေ မိမိ၊ မိမိ-တို့စိတ်မှာ သပ်ကြီး လျှိုထားသလို အမြဲ ပကတိ ရှိနေရိုး မှန်လျှင်–

ဘုရားသွား ကျောင်းတက်ကောင်းဘက်ကို အာရုံပြုမှုတွေ ဖြစ်နိုင်ပါအုံးမလား။

ရောင်းရေး၊ ဝယ်တာ၊ အဖြာဖြာသော ပြောမှု ဆိုမှုတွေဖြစ်နိုင်ပါအုံးမလား။

ဒါန၊ သီလ၊ ဘာဝနာ အစု လောကီ သန်တမှုတွေဖြစ်နိုင်ပါအုံးမလား၊

ခိုး၊ ဖွက်၊ လုယက်၊ တိုက်ဖျက်မဲ့စိတ်တွေကိုက အမြဲမရှိတာမှန်လို့ ဒါန၊ သီလ၊ ပစာယန၊ ဝေယျာဝစ္စ၊ သုစရိတအမှုတွေပြုလုပ်ခွင့်ရတာမှန်ပါတယ်။

**မကောင်း ဘက် နှင့် စပ်ယှက်တဲ့ လောဘ၊ ဒေါသ၊ မောဟတရားတွေကိုက အမြဲမရှိတာ မှန်ပါလျက်၊ အမြဲရှိတယ်လို့ အသိမှား၊ အမှတ်မှား၊ အယူမှားကြပြီး၊ လောဘကုန်အောင်၊ ဒေါသကုန်အောင်၊ မောဟကုန်အောင်၊ ကြိုးဆောင်အားထုတ်ပြုလုပ်ကျင့်မှား မနေကြဘူးလား။**

အမြဲမရှိတာ—တွေ့အောင်ရှာပါလေ၊

## “ ရုပ်-နှင့်-နာမ် ”
## စဉ်းစား ကြည့်ရှု သတိပြု

တရားတခု- ပွားရှုရာဝယ်၊ ရုပ်နာမ်—ဖြစ်ပျက်ကိုဘဲ ပွားရှုရပါတယ်၊ ဖြစ်ပြီးပျက်ထာကို စိတ်ချလက်ချယုံကြည်မှုရအောင်ရှုလိုက်ပါ။ ထိုကဲ့သို့ ယုံကြည်မှု ရပြီးတဲ့နောက် အမြဲမရှိတာတွေ့အောင်ရှာပါ၊ အဲသည်လိုအမြဲမရှိတာ မရှာဘဲဖြစ်ပျက်ထာတွေကိုသာ ဆက်ပြီးရှုတော့၊ အရှုခံရတဲ့ ရုပ် နာမ် တွေကလဲဖြစ်ပျက်၊ရှုတဲ့စိတ်ကလဲ ဖြစ်ပျက်၊အရှုခံရတဲ့ ရုပ်နာမ်တွေရောရှုတဲ့စိတ်ကရော၊ ဖြစ်ခါ–ပျက်ခါ၊ စကြာလို လည်မနေကြပေဘူးလား၊ တသက်လုံး ထိုင်ရှု၊ ထရှု၊ အိပ်ရှုသော်လဲ၊ ရှုမှုတွေဆုံးကြပါမလား။

မဆုံးတာမှန်ပါတယ်၊

ဒါကြောင့်-လယ်တီဆရာတော်ကြီးက
ဖြစ်–မဆုံးနိုင်ဘူး၊ခေတ်သုံးနှောင်ဘွေမှာ
ယောင်ပေပေ၊ အကောင်ကြီးနှယ်၊မှောင်မိနိုင်ကောလို့၊
ရေးခဲ့ – ဟောခဲ့တာပေါ့။
ဒါကြောင့်–ဘုန်းကြီးတို့ကလဲ
ရုပ် နာမ် ဟူသမျှ ဖြစ်ပျက်၊
ဖြစ်ပျက်ကိုက (အမြဲမရှိ) ဘူးလို့ ဟောခဲ့တယ်။
တရားရှုတော့ ရှုတဲ့စိတ်ကိုက ဖြင်ပျက်၊
ဖြစ်ပျက်မဲ့ စိတ်ကိုက အမြဲမရှိ၊ ပင်ကိုကမရှိ၊
အစကမရှိ ပကတိကကွက်လပ် ကွက်လပ်လို့ဟောခဲ့တယ်။
တွေးစရာ ကြံစရာ အောက်မေ့စရာ ထဲ့မပေးဘဲ
စိတ်ကို လုံးဝအသုံးမချဘဲ စိတ်ကို-စိတ်အတိုင်းထား၊
အဲဒီဟာ ☆ ကျောက်သဘော်ာ ☆ တရားပါဘဲ။

## " မယုံသေးလျှင် "

တွေးစရာထဲ့ပေးတော့ - တွေးမှုတွေ ဖြစ်လာမှာပေါ့၊ ဖြစ်လာတာဟာ ဓမ္မစကြာက–ဇာတိပိ ဒုက္ခာတဲ့။ ကြံစရာတွေထဲ့ပေးတော့– ကြံမှုတွေဖြစ်မလာပေဘူးလား၊ အောက်မေ့စရာတွေထဲ့ပေးတော့–အောက်မေ့မှုတွေဖြစ်မလာပေဘူးလား။

ဖြစ်လာတာမှန်ပါတယ် ငြင်းကွယ်လို့မရပါဘူး၊ ဖြစ်လာတာဟူသမျှ ဓမ္မစကြာက–ဇာတိပိဒုက္ခာတဲ့။

ဇာတိဖြစ်မှာတော့ ဇရာမရဏ– သောက- ပရိဒေဝ– ဒုက္ခဒေါမနဿ–ဥပယာသ စသည့် ဆင့်ပွား ထိုတရားတွေ ဖြစ်ကြပါရော။

ဟိုဟိုဒီဒီ=အလီလီ ကြံစည်မှုတွေ

ဟုတ်ဟုတ်— မှန်မှန်— မှားမှား ဖြစ်ပျက်မှန်ငြား လောကီ တရားကို သိတတ်တဲ့အသိတွေ၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော အသိတွေဖြစ်ပေါ်သမျှ ဇာတိဒုက္ခလို့မြင်ပါ။

ထိုထိုဤဤ—အလီလီ၊ ဖြစ်ပေါ်မှုတွေ (မနေ) မှာမဖြစ် ပေါ်မီက "မပေါ်ပေါက်ဘဲနေတာ" ကိုမြင်အောင်ကြည့်ပါ။

အဲဒါဟာ မဂ္ဂင်—အကျင့်ပါဘဲ၊

ပါဠိလို, ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါခေါ်တယ်၊

| | | |
|---|---|---|
| ဖြစ်ဖြစ်သမျှ | — | ဒုက္ခသစ္စံ။ |
| ဖြစ်လိုမှုက | — | သမုဒယံ။ |
| အလိုသိမ်းမှ | — | ငြိမ်းအေးနိဗ္ဗာန်။ |
| ငြိမ်းအေးမှု | — | ပွားရှုမဂ်သစ္စံ။ |

နည်းတြ — သဗ္ဗနိသဂ္ဂါ — သောတ္တိံပဿာမိ — ပါဏိနံ။

---

စတုဂိရိ, မန်လည်, လယ်တီ, ဒိဖဲယင်း, ကြောင်ပန်း ဓမ္မစေတီ စသောဆရာတော်ဘုရားကြီးတို့၏ အာဘော် များနှင့်တကွ သကဒါဂါမ် ဆရာဗကြီး, ယောမြို့စား အမတ်ကြီးဦးဘိုးလှိုင်, မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်ဦးနု တို့၏ အာဘော်များကိုပါ ထုတ်ပြခဲ့လေသည်။ ၎င်းအာ ဘော်များအတိုင်း ဒါန, သီလ, သမထ အလုပ်များသည် ဝိပဿနာ အလုပ်နှင့် နှိုင်းယှဉ်လျှင် ဘာမျှမဟုတ်သေး ကြောင်းကိုတွေ့မြင်ကြပေမည်။

သို့ကြောင့် ဒါန, သီလ, သမထနှင့် ဝိပဿနာနှိုင်းယှဉ် ချက်များကို မြတ်စွာဘုရား ဟောကြားတော် မူသော ဝေလာမသုတ်၏ အဓိပ္ပါယ်အတိုင်း အလွယ်နှင့် သိကြ စေရန် ပေါ်ပြဦးအံ့။

ဝေလာမသုတ်တွင်၊ဘုရားအလောင်းတော်ဝေလာမ ပုဏ္ဏားသည် ရွှေအပြည့်နှင့် ရွှေခွက်ပေါင်း ၈၄၀၀၀ လေးထောင်၊ ငွေအပြည့်နှင့် ငွေခွက်ပေါင်း ၈၄၀၀၀ လေးထောင်၊ ရတနာ ခုနှစ်ပါးအပြည့် ကြေးခွက်ပေါင်း ၈၄၀၀၀ လေးထောင်၊ တန်ဆာ အပြည့် အစုံဆင်ပြီး သားဆင်, မြင်း,ရထား,နွားမ, သတို့သမီး, ပလ္လင်ပေါင်း ၈၄၀၀၀ လေးထောင်စီ၊ဆယ်ထည်တစုံပြုထားသော ပုဆိုးပေါင်း ၈၄၀၀၀ လေးထောင်နှင့် တကွ ထမင်း ရေချောင်းစီး၊ မဟာဒါန အလှူတော်ကြီးကို ခုနစ်နှစ်နှင့် ခုနစ်လတိုင်တိုင် ပေးလှူဘူးသည်။

(၁) ထိုဝေလာမ ပုဏ္ဏားပေးလှူသော အလှူကြီး ထက်၊ တယောက်သော သောတာပန်အား တကြိမ်မျှ ဆွမ်းလှူရခြင်းက အကျိုးကြီး၏။

(၂) တရာသော သောတာပန် ပုဂ္ဂိုလ် များအား ဝေလာမပုဏ္ဏားကဲ့သို့ လှူဒါန်းခြင်းထက် သကဒါဂါမ် တယောက်အား ဆွမ်းတကြိမ် လှူရခြင်းကမြတ်၏။

(၃) တရာသော သကဒါဂါမ်ပုဂ္ဂိုလ်များအား ဝေ လာမ ပုဏ္ဏားကဲ့သို့ လှူဒါန်းခြင်းထက် အနာဂါမ် တဦး အားဆွမ်းတကြိမ်လှူရခြင်းက မြတ်၏။

(၄) အနာဂါမ် တရာအား ဝေလာမ ပုဏ္ဏားကဲ့သို့ လှူဒါန်းရခြင်းထက် ရဟန္တာတပါးအား ဆွမ်း တကြိမ် လှူဒါန်းရခြင်းက မြတ်၏၊

(၅) ရဟန္တာ တရားအား ဝေလာမ ပုဏ္ဏားကဲ့သို့ လှူဒါန်းရခြင်းထက် ပစ္စေကဗုဒ္ဓါတပါးအား ဆွမ်းတကြိမ်လှူဒါန်းရခြင်းကမြတ်၏။

(၆) ပစ္စေကဗုဒ္ဓါတရားအား ဝေလာမပုဏ္ဏားကဲ့သို့ လှူဒါန်းရခြင်းထက် - သဗ္ဗညု မြတ်စွာဘုရားအား ဆွမ်းတကြိမ်လှူဒါန်းရခြင်းက မြတ်၏။

(၇) မြတ်စွာဘုရားတပါးတည်းအားလှူဒါန်းရခြင်းထက် ဘုရားအမှူးရှိသော သံဃာတော် များအား တကြိမ်လှူဒါန်းရခြင်းက မြတ်၏။

(၈) ဘုရားအမှူးရှိသောသံဃာတော်များအားလှူရသောအကျိုးထက် စတုဒ္ဒိသာ သံဃာကိုရည်၍ ကျောင်းဆောက်လှူဒါန်းရခြင်းကအကျိုးကြီးမြတ်၏။

(၉) စတုဒ္ဒိသာ သံဃိကကျောင်းထက် တကြိမ်မျှ သရဏဂုံကိုဆောက်တည်ရခြင်းက အကျိုးကြီးမြတ်၏။

(၁၀) သရဏဂုံဆောက် တည်ရသော အကျိုးထက် သရဏဂုံနှင့်တကွ ခံယူဆောက်တည် ရသော ငါးပါးသီလက အကျိုးကြီးမြတ်၏။

(၁၁) ငါးပါးသီလ, ရှစ်ပါးသီလ,ဆယ်ပါးသီလထက် သီလနှင့်တကွ မေတ္တာစိတ်ကို တခဏမျှ ပွားများရခြင်းက အကျိုးကြီးမြတ်၏။

(၁၂) သီလနှင့်တကွ မေတ္တာစိတ်ကို ပွားရသော ကုသိုလ်ထက် လက်ဖျစ်တတွက် လျှပ်တပြက်မျှ ကာလဖြင့် အနိစ္စသညာ,ဒုက္ခသညာ-အနတ္တသညာဝိပဿနာတရား

ကိုပွားများ အားထုတ်ရခြင်းက လွန်ကဲ ထူးမြတ်သော ကြောင့်ဤရွေ့ဤမျှဟု မပြတ်နိုင်သောအကျိုးရှိကြောင်း ကိုဟောတော်မူ၏။

(မေတ္တာ၌ အပ္ပနာသနင့်ယှဉ်သောမေတ္တာဖြစ်၍အနိစ္စသညာ ၌မဂ်အားအနန္တ ရပ္ပစ္စည်း တတ်သောဗလဝဝိပဿနာပညာကို ဆိုသည်။)

သို့ကြောင့် သာသနာဘွင်း၌ လူဖြစ်လာရသော အခွင့် အရေးချင်း အဘူတဘူဖြစ်ပါချက်၊ အောက်တန်းစား နင်း ပြား ကျောသွဲ့ဘဝနှင့် နေ့မအား ညမအား လုပ် ကိုင် ရှာ ဖွေစားသောက် နေထိုင် ရသောကြောင့် ဒါန, သီလ, သမထတို့ကို ပြုလုပ်ချင်လျက်နှင့် မပြုလုပ် နိုင်စေကာမူ လိုရင်းဖြစ်သော ဝိပဿနာ ပညာကိုရလျှင် လူ့ဘဝ သာသနာတွင်း၌ လူဖြစ်ကျိုးနပ်ရုံမျှခက၊ အပါယ်သို့မလွဲ တန်းကျကြရမည်ဖြစ်သော အန္ဓ, ဗာလ, ဥမ္မတ္တကဖြစ်နေ ကြသေးသည့် လူ, နတ်, ဗြဟ္မာ, စကြာမင်္ဂတ်, ရှင်ဘုရင်, သူဌေးကြီး, သူကြွယ်ကြီးတို့ထက် သာလွန်မြင့်မြတ်ကြရ ပြီဖြစ်ကြောင်းကို ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင် သိမြင် ကြဘို့ရန်အရေးအကြီးဆုံးအချက်ဖြစ်၏။

အထက်ပါ စတုဂိရိ,မန်လည့်,လယ်တီစသော ဆရာတော် ဘုရားကြီး များနှင့် ပညာရှိ ပုဂ္ဂိုလ်ကြီးများ၏ အာဘောဂ လိုရင်းသို့ ရောက်အောင် (၀၁) အားလုံးသော အာဘော်များနှင့် သင့်လျော် ကိုက်ညီအောင်၊ (၀၁) အာဘော်အားလုံးအကျုံး ဝင်အောင် ဒေသနာယုတ္တိ, အာဂမယုတ္တိ,သဘာဝယုတ္တိ, သာဒက ယုတ္တိတို့ဖြင့် တန်းဆာဆင်၍ သုတ္တ, သုတာနုလောမစသော မဟာပဒေသကြီး လေးပါးနှင့်အညီ မိမိဉာဏ်မှိသလောက် ဝိပဿနာ သန့်သန့်သက်သက်နည်းကို ဝေဖန်ရှင်းလင်း ပြဆိုပေအံ့။

## ဘုရားရှိခိုးနည်းအစစ်

ယောခေါ အာနန္ဒ ဘိက္ခုဝါ ဘိက္ခုနီဝါ ဥပါသကောဝါ ဥပါသိကာဝါ ဓမ္မာနုဓမ္မပဋိ ပန္နော ဟောတိ၊ သော တထာဂတံ သက္ကရောတိ ဂရုံကရောတိ မာနေတိ ပူဇေတိ ပရမာယ ပူဇာ ယ။ ။

အနက်ကား။ ။အာနန္ဒ၊ ညီတော်အနန္ဒာ၊ ယော ဘိက္ခုဝါ၊ အကြင်ရဟန်း ,သည်ဖြစ်ရင်း။ ယာဘိက္ခုနီဝါ၊ အကြင်ရဟန်း မိန်းမသည်ဖြစ်ရင်း။ ယောဥပါသကောဝါ၊ အကြင် ဥပါ သကာသည်ဖြစ်ရင်း။ ယာဥပါသိကာဝါ၊ အကြင် ဥပါသိကာသည်ဖြစ်ရင်း။ဓမ္မာနုဓမ္မပဋိပန္နော၊လော

ကုဏ္ဍရာတရား ကိုးပါးအားလျော်သော ဝိပဿနာတရား
ကို လိုက်စားအားထုတ် ကျင့်ကြံသည်။ ဟောတိ၊ ဖြစ်၏။
သော၊ ထိုဝိပဿနာ တရားကို လေ့လာ ဆည်းပူးသော
အကျင့်နှင့် ပြည့်စုံသော ရဟန်းရှင်လူသည်။ တထာဂတံ၊
ငါဘုရားကို။ သက္ကရောတိ၊ ပူဇော်သက္ကာရ-ကောင်းစွာ
အရိုအသေပြုသည်မည်၏။ ဂရုံကရောတိ၊ အလေးအမြတ်
ပြုသည်မည်၏။ မာနေတိ၊ မြတ်နိုးသည်မည်၏။ ပရမာယ၊
အလွန်မြတ်လှစွာသော။ ပူဇာယ၊ ရှိခိုးပူဇော် ခြင်းဖြင့်။
တထာဂတဿ၊ ငါဘုရားအား။ ပူဇေတိနာမ၊ ရှိခိုးပူဇော်
ဖူးမြှော် ကန်တော့ရသည် မည်၏။

အထက်ပါ-ပါဠိတော်အတိုင်း လိုက်နာနိုင်ကြစေရန် ဝိပဿနာပညာကိုလေ့လာဆည်းပူးခြင်းသည်သာလျှင် လိုရင်းဖြစ်၏။ သို့ရာတွင် ဝိပဿနာပညာ၌ အထက်က ဖော်ပြခဲ့သည့်အတိုင်း ၅ နည်း ၅ မျိုးရှိရာ မည်သည့် နည်းသည်ယခုခေတ်နှင့် သင့်လျော်သည်ကိုသာစဉ်းစား သင့်၏။ ကာလ, ဒေသ, ဌာန, ပုဂ္ဂလ, အဇ္ဈာသယ အစရှိ သည်တို့ဖြင့် နှိုင်းညှိ ဝေဖန်ပါမူကား ဝိပဿနာမဂ္ဂ, ဝိပဿနာယာနိက ဖြစ်သော သမထမဖက်-ဝိပဿနာ သက်သက်သန့်သန့် နည်းသည် သာလျှင်ယခုခေတ် လူတို့ နှင့်သင့်လျော်ပေ၏။ ကျန်နည်း ၄ မျိုးမှာ သတိပဋ္ဌာန်သို့ အကျုံးဝင်သော သမထယာနိက နည်းလမ်းများဖြစ်ကြ ကုန်၏။

သတိပဋ္ဌာန်နည်းကို မှားသည်ဟုမဆိုလို။ သို့ရာတွင် သတိပဋ္ဌာနသုတ်၌–" တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ

ပါဠိကဉ်° ဝိဇ္ဇောဝမွေ အညာသတိဝါ ဥပါဒိသေသေ အနာဂါမိတာ ''-ဟူသော ပါဠိတော်ကိုထောက်သဖြင့် သတိပဋ္ဌာန်တရားကို အားထုတ်သော ပုဂ္ဂိုလ်သည် အထက် မဂ်ဖြစ်သော အနာဂါမိဖိုလ်နှင့် အရဟတ္တ ဖိုလ် ၂-ပါးအနက် ဥပါဒါန် အကြွင်းအကျန်ရှိသေးလျှင် အနာဂါမိဖိုလ်၌တည်၍၊ အနာဂါမိဖြစ်၍၊ ဥပါဒါန် အကြွင်းအကျန်မရှိလျှင် ရဟန္တာဖြစ်၏ဟု ဆိုတော်မူသဖြင့် သောတာပန်, သကဒါဂါမိဖြစ်ပြီးသော ပုဂ္ဂိုလ်တို့ နှင့် သာ သင့်လျော် သော တရားဖြစ်၏။ သို့မဟုတ်သန္တတိအမတ်,ပဋာစာရီတို့ကဲ့သို့ ဉာဏ်ပါရမီထူးရှိကြသူ ဝိပဉ္စိတညူပုဂ္ဂိုလ်များအတွက်သာ သင့်လျော်သော တရားဖြစ်ကြောင်းကို အဋ္ဌကထာ ဆရာဖြတ်တို့ မိန့်ဆိုကြ၏၊ နေယျခေတ်၌- နေယျ ပုဂ္ဂိုလ် များသည် အောက်မဂ် အောက်ဖိုလ်ကို မရသေးလျှင် မကျင့် ထိုက်သေးသော တရားဖြစ်၏။

အဋ္ဌကထာဆရာအဆိုမှာ—

''ကုရုတိုင်း၌ နေ ထိုင် ကြ သော သူ တို့ သည် ဥတုသပ္ပါယမျှတသောအရပ်ဖြစ်သည့်အပြင် ပကတိသော အနာရောဂါ ကင်း ခြင်း၊ ကိလေ သာ တည်းဟူသောအနာကင်းသဖြင့် စိတ်တည်ကြည်ခိုင်ခံ့ခြင်း၊ မြတ်စွာဘုရားသခင်ချီးမြှင့်ဟောကြားထားသောတရားများကို အဖန် တလဲလဲကြားနာနေကြရ၍ ပညာ ဉာဏ် အ စွမ်း ထက် သန်ခြင်း၊

နက်နဲ ခက်ခဲသော ဂမ္ဘီရ ဒေသနာတော်ကိုနာခံမှတ်သား သဘော ပေါက်လွယ်သော အစွမ်းရှိခြင်းဘို့နှင့် ပြည့်စုံကြသောကြောင့်သာ ဤမဟာသတိ ပဋ္ဌာနသုတ်တော်ကို ဟောတော်မူခြင်းဖြစ်သည်။''

ဟူ၍ဖွင်း၊

''တေနေဝ၊ ထိုကြောင့်သာလျှင်။ ဧတ္ထ၊ ဤကုရုတိုင်း၌။ အညာနိပိ၊ ဤမဟာ သတိပဋ္ဌာန်သုတ်မှတပါးလည်းဖြစ်ကုန်သော။ ဂမ္ဘီရဋ္ဌာနိ၊ နက်နဲသော အနက်ရှိသောသုတ်တို့ကို။ ဒေသေသိ၊ ဟောတော်မူ၏။''- ဟူ၍ ဖွင်း၊ သုတ်မဟာဝါ အဋ္ဌကထာ- မ ဟာ သတိ ပဋ္ဌာန သုတ် ၂၉၈-စာမျက်နှာ (၂၆၀)၌ပြဆို၏။

ထို့ ပြင်မှ တ ပါး လည်း-ဖွင်းအဋ္ဌကထာ (၁၀၄)-၌ ''ဌပေတွာပန သာသနယုတ္တိ ကောဝိဒေအညေသံနပါကဋာနိ'' ဟူသောပါဠိ၏အနက်ကို ဖွင်း အဋ္ဌ ကထာနိသျ စာမျက်နှာ (၂၇၈)၌-

''ပနတာသာပိ၊ ထိုသို့ပင်ဖြစ်ကုန်သော်လည်း။ (နိဗ္ဗာန်ကို မျက် မှောက် ပြု စေ နိုင် သော်လည်း-ဟူသို။) သာသနယုတ္တိကောဝိဒေ၊ သစ္စာနှင့် ပဋိစ္စသမုပ္ပါဒ်စသည့်လက္ခဏာရှိသောတရား၌ လိမ္မာသောပုဂ္ဂိုလ်တို့ကို။ ဌပေတွာ၊ ချန်ထား၍။ အညေသံ၊ ထိုဆိုအပ်ပြီးသည်မှ တပါးသော ပုဂ္ဂိုလ်တို့အား။ နပါကဋာနိ၊ မထင်ရှားကုန်။''......

ဟူ၍ပြဆိုထားသဖြင့် သစ္စာလေးပါး နှင့် ပဋိစ္စသမုပ္ပါဒ်တရားကို ပညာသိဆိုက်ဘို့ရန် ပဌမရှေးဦးစွာ အရေးအကြီးဆုံးအချက်ဖြစ်ကြောင်း ထင်ရှားလှပေ၏။ ထို့ကြောင့် သစ္စာလေးပါး၌-အကျုံးဝင်သော ပဋိစ္စသမုပ္ပါဒ်-ဝိပဿနာကိုနားသည့်ကြမှသာလျှင် သာသနမုခ=သာသနာ့မုခ်ဦးဖြစ်သော သာသနာ့အထွဋ်အထိပ်သို့ တက်ရောက်နိုင်ကြပေမည်၊ သာသနမုခ=သာသနာ့ အကြောင်းရင်းဖြစ်သောပညာသိ အနတ္တ, ပညာသိဝိပဿနာကိုသာ လေ့လာဆည်းပူးသင့်ကြပေသည်။

ထို့ပြင်မှတပါးလည်း—

အာတာပီ သမ္ပဇာနော သတိမာ
ဝိနေယျ လောကေ အဘိဇ္ဈာ
ဒေါမနဿံ။

ဟူသောပုဒ်ဖြင့် (၁) ကိလေသာကို ပူပန်ခြောက်ခန်းစေတတ်သော အာတာပ-ဝီရိယနှင့်ပြည့်စုံခြင်း၊ (၂) အမြော်အမြင် အဆင်ခြင်ဉာဏ်နှင့်ပြည့်စုံခြင်း၊ (၃) သတိတရားကိုမပြတ်ရှေ့သွားပြုခြင်း၊ (၄) မက်မောသည့်အဘိဇ္ဈာနှင့် နှလုံး မသာယာသည့် ဒေါမနဿတို့ကို ပယ်ဖျောက်ခြင်း-ဟူသောအင်္ဂါ-၄-ပါးနှင့်ပြည့်စုံပြီးမှသာလျှင်သတိပဋ္ဌာန်တရားကိုပွားများအားထုတ်နိုင်၏။ ဤအင်္ဂါလေးပါးနှင့်ပြည့်စုံနိုင်ရန် အောက်ထစ် သောတာပန်ဖြစ်ရပေဦးမည်ဟု တိုက်ရိုက် မိန့်ဆိုတော်မမူစေကာမူ—မိန့်ဆိုဘိ

သကဲ့သို့ သ ဘော သက် ဝင် နေ ကြောင်း ကို ကောင်း ကောင်းကြီးစဉ်းစားကြရာ၏၊ အနည်းဆုံး သောတာပန် ဖြစ်မှ ဤအင်္ဂါ ၄-ချက်နှင့်ပြည့်စုံနိုင်၏၊

## ပညာစခန်းအရေးကြီးပုံ

ဝိပဿနာသည် ပညာ စခန်းဖြစ်၏။ ပညာစခန်းသို့ ပေါက်ရောက်လျှင် သီလ,သမာဓိ စခန်းများ အလိုလိုပါ ပြီးဖြစ်၏၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ ဟူသော သာသနာ့သုံးရပ်သည် တထပ်တည်း, တခုတည်းပင်ဖြစ် တော့၏။

ပညုတ္တရာ သဗ္ဗေကုသလာဓမ္မာ နပရိဟာယန္တိ၊
ပညာပနကိမတ္ထိယာ၊ ပညာဝတော ဘိက္ခဝေ
အရိယ သာဝကဿ တဒနွယာ သဒ္ဓါ သဏ္ဌာတိ၊
တဒနွယံ ဝီရိယံ သဏ္ဌာတိ၊ တဒနွယာ သတိ
သဏ္ဌာတိ၊ တဒနွယော သမာဓိ သဏ္ဌာတိတိ
ဧဝမာဒီနိ ပနေတ္ထ သုတ္တာနိ ဒဋ္ဌဗ္ဗာနိ၊ ဣတိ
လောကုတ္တရဓမ္မေ ပတ္တာ ပညာဇေဋ္ဌကာ ပညာဓုရာ
ပညာပုဗ္ဗင်္ဂမာတိ ဝေဒိတဗ္ဗာ။ ။

(အဋ္ဌသာလိနီ အဋ္ဌကထာ ၉၉)

အနက်ကား။ ။ပညုတ္တရာ၊ ပညာလွန်ကဲသည်ဖြစ်၍၊ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်

တရား တို့သည်။ နပရိဟာယန္တိ၊ မဆုတ်မယုတ်ကုန်။ ပညာပန၊ ပညာကိုပွားများလေ့ လာခြင်းသည်။ ကိမတ္ထိ ယာ၊ အတယ်အကျိုးရှိပါသနည်း။ဘိက္ခဝေ၊ ရဟန်းတို့။ ပညာဝတော၊ ပညာနှင့် ပြည့်စုံသော။ အရိယာ သာဝ ကဿ၊ငါဘုရားတပည့်သားအား။ တဒန္ဓယာ၊ ထိုပညာ သို့ အစဉ်လိုက်သော။ သဒ္ဓါ၊ သဒ္ဓါသည်။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။ တဒန္ဓယံ၊ ထိုပညာသို့ အစဉ်လိုက် သော။ဝီရိယံ၊ ဝီရိယသည်။ သဏ္ဌာတိ၊ ကောင်းစွာတည် ၏။ တဒန္ဓယော၊ ထိုပညာသို့ အစဉ်လိုက်သော။ သမာ ဓိ၊ သမာဓိသည်။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။ ဧတ္ထ၊ ဤစကားရပ်၌။ ဣတိဝေမာဒိနိ၊ ဤသို့ အစရှိကုန်သော။ သုတ္တာနိ၊ သုတ်တို့ကို။ ဒဿနာနိ၊ မှတ်အပ်ကုန်၏။ ဣတိ၊ ဤသို့။ လောကုတ္တရဓမ္မ ကိုးပါးသော လောကုတ္တရာ တရားသို့။ ပတ္တာ၊ရောက်သည်ရှိသော်။ ပညာဓေဣကာ၊ ပညာ အကြီးအမှူးသည်။ ပညာဝုရာ၊ ပညာပြဋ္ဌာန်း သည်။ ပညာပုဗ္ဗင်္ဂမာ၊ ပညာရှေ့သွားသည်။ ဟောတိ၊ ဖြစ်၏။ ဣတိဝေဒိတဗ္ဗာ၊ ဤသို့ပိုင်းဖြတ်-သိမြင်အပ်၏။

အဘိညေယျ အဘိဇာနန္တော၊ ဉာတိသောသိက္ခာ ယော သိက္ခတိ။

သိသင့် သိထိုက်, သိအပ်သော တရားတို့ကို အမှန် အတိုင်း အထူးထူးအပြားပြား သိမြင်နိုင်ကြသည်ရှိသော် သီလ,သမာဓိ,ပညာဟူသော သိက္ခာသုံးပါးတို့ကို,တပါး စီ ခွဲခြားအားထုတ်နေရန် မလိုဘဲ သိက္ခာသုံးပါးလုံးပင်

တပြိုင်နက် ပြီးစီး၏ဟု ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောကြားတော်မူသည်ကိုလည်း ထောက်ရှုကြရာ၏။

သိသင့်, သိထိုက်, သိအပ်သော တရားဆိုသည်မှာလည်း ဒုက္ခ သစ္စာထိုက်သော ဥပါဒါနက္ခန္ဓာ ငါးပါးပင် ဖြစ်၏။ ထို့ကြောင့် ဓမ္မစကြာသုတ်၌ ဇာတိပိ ဒုက္ခာ, ဇရာပိ ဒုက္ခာစသည်ဖြင့် မိန့်ဆိုပြီးနောက် ''သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ'' - ဒုက္ခဟူသမျှတို့ကို ပေါင်း၍ ချုံးလိုက်သည်ရှိသော် ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် သာလျှင် ဒုက္ခမည်ကုန်၏ဟု ဟောတော်မူ၏။ ဥပါဒါနက္ခန္ဓာငါးပါးဆိုသည်မှာလည်း အဝိဇ္ဇာ၊တဏှာစသည် တို့မှ ပေါက်ပွါးကြကုန်သော ဝိညာဏ်, နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ ဟူသော အကျိုးခန္ဓာ ငါးပါးပင် ဖြစ်၏။ အကျယ်ကို နောက်မှ ပြဆိုအံ့။

ပညာ ဥပ္ပဇ္ဇမာနာ အဝိဇ္ဇန္ဓကာရံ
ဝိဒ္ဓံသေတိ၊ ဝိဇ္ဇောဘာသံဇနေတိ၊
ဉာဏာလောကံ ဝိဒံသေတိ၊
ပါကဋ္ဌာနိအရိယသစ္စာနိ ကရောတိ။ ။

(သမ္မောအဋ္ဌကထာ-သစ္စဝိဘင်းအဖွင့် ၇၅)

ပညာ၊ ပညာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်သည်ရှိသော်။ အဝိဇ္ဇန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသော မှောင်ကို။ ဝိဒ္ဓံသေတိ၊ ပယ်ဖျောက်၏။ ဝိဇ္ဇောဘာသံ၊ ဝိဇ္ဇာရောင်ကို။

ဇနေတိ၊ ဖြစ်စေ၏။ ဉာဏာလောကံ၊ ဉာဏ်တည်းဟူသော အလင်းကို။ ဝိဒံသေတိ၊ ပြ၏။ အရိယသစ္စာနိ၊ အရိယ သစ္စာတို့ကို။ ပါကဋာနိ၊ ထင်ရှားသည်တို့ကို။ ကရောတိ၊ ပြု၏။

ဝိပဿနာပညာသည် အဝိဇ္ဇာ တည်း ဟူ သောမှောင် ကို ပယ်ဖျောက်၍ ဝိဇ္ဇာတည်းဟူသော အလင်းရောင်ကို တောက်ပစေပြီးလျှင်အရိယသစ္စာတို့ကိုထင်ထင်ရှားရှား သိမြင်စေနိုင်၏ဟုဆိုတော်မူ၏။

ထို့ ကြောင့် ဋီကာ ချော်- စေ တ သိက် ပိုင်း တွင်- ''ဉာ ဏံ ဟိ အာ ရမ္မဏံယထာသဘာဝတော ဇာနာတိ'' ဟူ၍မိန့်ဆို၏။ ။

ဟိ၊ အထူးကိုဆိုဦးအံ့၊ ဉာဏံ၊ ပညာ၏အလင်းရောင် တည်း ဟူသော ဉာဏ်သည်။ အာရမ္မဏံ၊အာရုံကို၊ ယ ထာ သဘာဝတော၊ နဂိုမူလ သူ့ သဘာဝအတိုင်း ဟုတ် မှန်သောအားဖြင့်။ ဇာနာတိ၊ သိ၏။

ဤအချက်၌ ''ယထာသဘာဝတော'' နဂိုမူလသူ့ သဘာဝအတိုင်း ဟုတ်တိုင်းမှန်စွာ သိမြင်ရမည်ဟုဆိုရာ ဝယ်၊ ရုပ်နာမ်ဟုအသမုတ်ခံရသော သဘောတရားတို့၏ နဂိုမူလပကတိအားဖြင့် ဘယ်ပုံ, ဘယ်နည်း, ဘယ်လိုအ ခြေအနေမျိုးဖြင့် ဖြစ်ပေါ်နေကြသည်ကို သိမြင်အောင်ပြု လုပ်ရမည်ဖြစ်သည်။ သို့မှသာလျှင် ယထာဘူတဉာဏ်ကို ရမည်ဖြစ်၏။ ယထာဘူတဉာဏ်ကို ရရန်ဆရာကောင်း ထံ၌သင်ယူ, မှတ်သား, နာကြား, တွေးကြံ, မကျေနပ်-

နောက်ထပ်မေးမြန်းရန် ဟူသော ကလျာဏအင်္ဂါပါး နှင့်ပြည့်စုံအောင်ဆောင်ရွက်ရာ၏၊ ဤကဲ့သို့မှ မဟုတ်ဘဲ (ဝါ) ယထာဘူတဉာဏ်ကိုမှ မရသေးဘဲလျက် တရားကို ကျင့်ကြံအားထုတ်ပါက လက် သ မား ပညာကို မတတ် သေးဘဲအိမ်ဆောက်မှားသော လက်သမားကဲ့သို့ အကျိုး မပြီး အချည်းနှီးဖြစ်ရပေမည်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌ ကထာ-နံပါတ် ၂-တွင်—

ယထာဘူတံ အဇာနန္တာ၊ သုဒ္ဓိကာမာပိ ယေဗ္ဗဓ၊
ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။ ။

ဗ္ဗဓ၊ဤမြတ်စွာဘုရား၏ သာသနာတော်၌။ ယောဂိ နော၊အကြင်ယောဂီတို့သည်၊ သုဒ္ဓိကာမာပိ၊ ကိလေသာ မှ စင်ကြယ်ခြင်းကို အလိုရှိကြပါသော်လည်း၊ ယထာ ဘူတံ၊ ခတ်သဘာဝတို့၏ နဂိုမူလအတိုင်း ဟုတ်တိုင်း မှန်စွာ-သုဘာသာသူ အနိစ္စ,ဒုက္ခ, အနတ္တ သဘောဖြစ် နေကြသည်ကို၊ အဇာနန္တာ၊ မသိ မထင်, မမြင်ကြခြင်း ကြောင့်။ ဝါယမန္တာပိ၊ လုံ့လကြိုးကုတ်၊ ပြုလုပ်ကြပါ သော်လည်း၊ ဝိသုဒ္ဓိံ၊ ကိလေသာမှ စင်ကြယ်ခြင်းကို။ နာဓိဂစ္ဆန္တိ၊ မရ, မရောက်နိုင်ကြကုန်၊ ၊ဟူ၍ မိန့်ဆို ပေ၏၊

ဤကဲ့သို့ လက္ခဏာရေး သုံးပါးအစစ်ကို ကျပ်ပြည့် မသိမမြင်မဆင်ခြင်တတ်သော (ဝါ) ဝိပဿနာ သမ္မာ ဒိဋ္ဌိဉာဏ်-ယထာဘူတဉာဏ်ကို မရသေးသော သူတို့ သည် ဒါနမှု, သီလမှု, သမထမှုတို့ကို ပြုလုပ်ကြိုးစားကြ

ကုန်သော်လည်း သံသရာ့ဝဋ်စက်မှ လွတ်ထွက်ခြင်းငှါ မတတ်နိုင်ကြချေ။ အကြောင်းမူကား အန္ဓ ပုထုဇန်မှန် သမျှ ဘာကုသိုလ်ကောင်းမှုကိုဘဲပြုလုပ်ပြုလုပ် တဏှာ နိဿိတ-တဏှာ ဦးစီး၍ အဝိဇ္ဇာ တန်းလန်းနှင့်သာ ပြု လုပ်ကြသောကြောင့်တည်း၊

နပဏ္ဍတာ ဥပဓိသုခဿ ဟေတုဒါနာနိဒဒန္တိ
ပုနဗ္ဘဝါယ။ နပဏ္ဍတာ ဥပဓိ သုခဿ ဟေတု
သီလာနိ ရက္ခန္တိ ပုနဗ္ဘဝါယ။
နပဏ္ဍတာ ဥပဓိ သုခဿဟေတု
ဘာဝေန္တိ ဈာနာနိ ပုနဗ္ဘဝါယ။ ။
(မဟာနိဒ္ဒေသ ပါဠိတော်)

နပဏ္ဍတာ၊ ဝိပဿနာ တည်းဟူသော သမ္မာဒိဋ္ဌိ ဉာဏ်ကင်းသော - အန္ဓပုထုဇန်တို့သည်။ ပုနဗ္ဘဝါယ၊ မျက်စိစသော အာယတနပသာဒ၌ အဖန်တလဲလဲ ဘဝ သစ်ဟူသော စေတနာကံကိုဖြစ်စေခြင်းအကျိုးငှါ၊ ဥပဓိ သုခဿ ဟေတု၊ ဝိညာဏ်,နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာတို့၏ ဖြစ်ဆဲ, ရင့်ဆဲ, ချုပ်ဆဲဖြစ်သော ဇာတိ, ဇရာ, ဗျာဓိ, မရဏတည်းသော ဥပဓိ လေးပါးကို သုခ ချမ်းသာ အစစ်ဖြစ်သည်ဟု မှတ်ထင်စွဲလမ်းခြင်း တည်း ဟူသောအကြောင်းကြောင့်။ ဒါနာနိ၊ အလှူတို့ကို။ ဒဒန္တိ၊ ပေးလှူကြကုန်၏၊ သီလာနိ၊ သီလတို့ကို၊ ရက္ခန္တိ၊ စောင့်ကြ ကုန်၏။ ဈာနာနိ၊ မဟဂ္ဂုတ် ဈာန်တို့ကို၊ ဘာဝေန္တိ၊ ပွားများကြကုန်၏။

အန္ဓပုထုဇ္ဇန်တို့သည်ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာအနုသယများ အမြဲကိန်းနေကြ၍ ဒါန,သီလ, ဘာဝနာဟူသော ချွန် တရားတို့ကို ပွားများအားထုတ်ပြုလုပ်ကြသော်လည်း ဥပဓိလေးပါးဟူသော ဥပါဒါနက္ခန္ဓာ ငါးပါး ကိုသာ တောင့်တ၍ မျက်မိစ္ဆာဖြစ်သော ပဿာဒ၌ သခ်ါရ ဟူသော စေတနာကမ္မဘဝ၏ဖြစ်ခြင်းကိုသာ အလိုရှိခြင်းကြောင့် ဒါနပ္ပရမာသ, သီလပ္ပရမာသ, ဘာဝနာပရမာသ ကုသိုလ်မျှသာဖြစ်စေနိုင်၏ဟူ၍ဟောတော်မူ၏။

ထို့ပြင် ပညာက္ခန္ဓာမဂ္ဂင် ဖြစ်သော ဝိပဿနာတရား ကို လိုက်စားအားထုတ်ရာ၌လည်း အဝိဇ္ဇာကို မဖေါက် ခွဲနိုင်ဘဲလျက် တရားကိုအားထုတ်လျှင် အမှားဘက်သို့ သာ ပါတတ်ပေ၏။ လမ်းမှားကို ရောက်စေ၏ ဟူလို။ လမ်းမှားသို့ ရောက်ပါက အဘယ်မှာလျှင် သာသနမုခ ဖြစ်သော သာသနာ့မုခ်ဦးသို့ ချိတက်နိုင်ပါအံ့နည်း။

ထို့ကြောင့် မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ အဝိဇ္ဇာ ရှိသော သူအား မိစ္ဆာဒိဋ္ဌိဖြစ်၏။ ဝိဇ္ဇာဉာဏ် ရှိသော သူအား သမ္မာဒိဋ္ဌိဖြစ်၏ဟူ၍ဟောတော်မူ၏။

အဝိဇ္ဇာဂတဿ ဘိက္ခဝေ အဝိဒ္ဒသုနော
မိစ္ဆာဒိဋ္ဌိ ဟောတိ။ ။
ဝိဇ္ဇာဂတဿ ဘိက္ခဝေ ဝိဒ္ဒသုနော
သမ္မာဒိဋ္ဌိ ဟောတိ။ ။
( မဟာဝဂ္ဂသံယုတ်ပါဠိတော် )

ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဇ္ဇာဂတဿ၊ အဝိဇ္ဇာနှင့် ပြည့်စုံသော။ အဝိဒ္ဒသုနော၊ အဝိဇ္ဇာကို မပေါက်ခွဲနိုင် ဘဲနှင့် တရားအားထုတ်သော သူအား။ မိစ္ဆာဒိဋ္ဌိဝ၊ မှား သော မိစ္ဆာဒိဋ္ဌိအယူသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိဇ္ဇာဂတဿ၊ ဝိပဿနာ ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံသော။အဝိဒ္ဒသုနော၊ယောဂီအား။ သမ္မာဒိဋ္ဌိဝ၊ မှန်ကန်သော သမ္မာဒိဋ္ဌိအယူသည်သာလျှင် ဟောတိ၊ ဖြစ်၏။

ဤနေရာ၌အဝိဇ္ဇာကိုပေါက်ခွဲရမည်၊ (ဝါ) ဝိဇ္ဇာဉာဏ် နှင့် ပြည့်စုံရမည်ဟူ၍ ဟောတော်မူရာမည်ကဲ့သို့ပြုကျင့် ရမည်ကို ဝေဖန်စဉ်းစားသင့်၏။

"အဿာဒ သမုဒယာဒအဝိဇ္ဇာ သမုဒယော၊ အာသ ဝါနံ သမုပ္ပါဒါ အဝိဇ္ဇာစပဝတ္တတိ။ ။ဟူ၍ သင်္ဂဟ အဋ္ဌကထာ ဆရာ မိန့်ဆိုသည့်အတိုင်း အဝိဇ္ဇာစသော သဘောတရားများဖြစ်ရခြင်း၏ အကြောင်းရင်းမှာ အာ သဝေါတရားပင်ဖြစ်၏၊ အာသဝေါတရားမှာ ၄-ပါး ဖြစ်၏။

## အာသဝေါတရား ၄ ပါး

(၁) ကာမာသဝ- —ကာမဂုဏ် ငါးပါးနှင့်ကာမ တဆယ့်တဘုံ၌ ကပ်ငြိတွယ်တာလိုသည့် အာ သာဖြစ်သော စိတ်။

(၂) ဘဝါသဝ - —ပြဟ္မာ့ဘုံနှစ်ဆယ်၌ ကပ်ငြိ
တွယ်တာလိုသောစိတ်၊

(၃) ဒိဋ္ဌာသဝ - — သဿတ, ဥစ္ဆေဒ အယူရှိ
သော ၆၂-ပါးသောမိစ္ဆာဒိဋ္ဌိအယူ၊

(၄) အဝိဇ္ဇာသဝ- —ပဋိစ္စ သမုပ္ပါဒ် တရားနှင့်
သစ္စာလေးပါးကိုမသိခြင်း။

ကာမာသဝနှင့် ဘဝါသဝသည် သမုဒယသစ္စာ,ပယ်အပ်သော ပဟာတဗ္ဗတရားဖြစ်၍ ဒိဋ္ဌာသဝနှင့် အဝိဇ္ဇာသဝသည် ဒုက္ခသစ္စာ,သိအပ်သော အဘိညာပရိညေယျတရားဖြစ်၏။ သိအပ်သော တရားကိုအမှန် အတိုင်းသိအောင် အားထုတ်လျှင်ပယ်အပ်သော တရားကို အထူးပယ်နေစရာမလို၊ သစ္စာလေးချက် တပြိုင်နက်ဟုဆိုသည့် အတိုင်း အလိုလိုပယ်ပြီး ဖြစ်တော့၏။ နောက်၌ထင်ရှားစေအံ့။

## ပဋိစ္စသမုပ္ပါဒ်တရားခဲယဥ်းပုံ

ဂမ္ဘီရောစာယံ အာနန္ဒ ပဋိစ္စ သမုပ္ပါဒေါဂမ္ဘီရာဝဘာသောစ ဧတဿစာနန္ဒ ဓမ္မဿ အညာဏာ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမယံပဇာ တန္တာကုလကဇာတာ ဂုဏာ ဂုဏ္ဌိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံနာတိဝတ္တတိ၊ တဿာ အတ္တ နောဝါ ပရေ သံဝါ ဟိတာယ သုခါယ ပဋိပန္နော အဝသေသာ ကိစ္စာနိ

ပဟာယ၊ ဂန္ထိံ ရေ ပဗ္ဗဇ္ဇာ ကာရုပ္ပဘောဒေ ဈုဝ
ပဏ္ဍိတော ယထာ ဂါဓံလဘောထေဝ မနုယုဒ္ဓေ
သဒ္ဒါသတောတိ။ ။

(သမ္မွာအဋ္ဌကထာ ၁၇၂)

အာနန္ဒ၊ ညီတော်အာနန္ဒာ။ အယံ၊ ပဋိစ္စသမုပ္ပါဒေါ၊ ဤပဋိစ္စ သမုပ္ပါဒ် တရားတော်သည်။ ဂမ္ဘီရောစ၊ နက် လည်းနက်၏။ ဂမ္ဘီရာဝဘာသောစ၊ နက်သောအသွင် လည်းရှိ၏၊ အာနန္ဒ၊ အာနန္ဒာ။ ဧတဿဓမ္မဿ၊ ဤပဋိစ္စ သမုပ္ပါဒ်တရားတော်ကို။ အညာဏာ၊ မသိခြင်းကြောင့်။ အနနုဗောဓာ၊ ပရိညာသုံးပါးတို့ဖြင့်ပိုင်းခြား၍ပိုင်နိုင်စွာ မသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ မဂ်ညာဏ်ဖြင့်ထိုးထွင်း၍ မသိခြင်းကြောင့်။ ဧဝံ၊ ဤသို့။ အယံပဇာ၊ ဤသတ္တဝါ အပေါင်းသည်၊ တန္တာကုလကဇာတာ၊ ချည်ဝင်ထွေးကဲ့ သို့ ဖြစ်၍နေ၏၊ ဂုဏာဂုဏ္ဍိကဇာတာ၊ စာပေါင်းသိုက် ကဲ့သို့ဖြစ်၍နေ၏။ မုဉ္ဇပဗ္ဗဇဘူတာ၊ ပြူဆံမြက်ကဲ့သို့ဖြစ် ၍နေ၏။ ဒုဂ္ဂတိံ၊ မကောင်းသူတို့၏လားရာဖြစ်သော၊ ဝိနိ ပါတံ၊ ဖရိုဖရဲ ကြွ၍ကျရာဖြစ်သော၊ အပါယံ၊ ချမ်းသာ ကင်းသော။ သံသာရံ၊ သံသရာဆင်းရဲကို။ နာတိဝတ္တတိ၊ မလွန်နိုင်။ တသ္မာ၊ ထို့ကြောင့်၊ ဈာဝ၊ ဤမြတ်စွာဘုရား သာသနာတော်မြတ်၌၊ အငသောသကိစ္စာနီ၊ ပဋိစ္စသမုပ္ပါဒ် ကို ညာဏ်ဖြင့် ထောက်တည်နိုင်ရန် ကိစ္စမှ- တပါးသော ကိစ္စတို့ကို၊ ပဟာယ၊ ပယ်စွန့်၍၊ အဘ္ဘနောဝ ါ၊ မိမိ၏ ရင်း၊ ပရေသံဝါ၊ သူတပါးတို့၏ရင်း။ ဟိတာယ၊ စီးပွား

ခြင်း၌၁။ သုခါယ၊ ချမ်းသာခြင်း၌၁။ ပဋိပန္နော၊ ကျင့်သော၊ ပဏ္ဍိတော၊ ပညာမြော်မြင် ဆင်ခြင်တတ်သော သူတော်ကောင်းသည်။ ဂမ္ဘီရေ၊ နက်စွာသော။ ပစ္စယာကာရပ္ပဘေဒေ၊ ပဋိစ္စသမုပ္ပါဒ်တရားတော်၌။ ယထာ၊ အကြင်သို့သောအခြင်းအရာအားဖြင့်။ ဂါဠံ၊ ဉာဏ်ဖြင့် ထောက်မှီရာကို။ လဘေထ၊ ရရာ၏။ ဧဝံ၊ ဤသို့သော အခြင်းအရာအားဖြင့်။ သဒါသတော၊ အခါခပ်သိမ်း။ အနုယုဉ္ဇေ၊ လုံ့လကြိုးကုပ်အားထုတ်ရာ၏။

ပဋိစ္စ သမုပ္ပါဒ်တရားတော်သည် အလွန်ခက်ခဲ နက်နဲလှကြောင်း၊ သတ္တဝါတို့သည် ပဋိစ္စ သမုပ္ပါဒ် ဟူသော ဤခန္ဓာ, ဤသံသရာကို မသိ မမြင်ကြသဖြင့် ဝဋ်သုံးပါး၌ မရပ်မနားကျင်လည်ကျက်စားကာနေကြရ၏။ သံသရာ့ဝဋ်စက်မှ လွတ်ထွက် လိုသော သူသည် အခြား ကိစ္စကို ဘာတခုမျှမလုပ်ဘဲပဋိစ္စသမုပ္ပါဒ်တရားတော်ကိုသာမနေ မနားကြိုးစားအားထုတ်၍ နားလည် ပိုင်နိုင်အောင်ပြုလုပ် ရာသည်ဟု ဆိုလိုတော်မူ၏။

ထို့ပြင်မှ တပါးလည်း ခဲကြီး လေးချက်, ခက်ကြီး လေးပါးဟူ၍ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ပြဆိုတော်မူပြန်၏။

သစ္စံ သတ္တော ပဋိသန္ဓိ ပစ္စယာကာရမေဝစ
ဒုဒ္ဒသာ စတုရောဓမ္မာ ဒေသေတုဉ္စ သုဒုက္ကရာ။

သစ္စံ၊ သစ္စာလေးပါးတရားရင်း။ သတ္တော စ၊ သင်္ခါရတရားတို့၌ သတ္တဟုခေါ်ဝေါ်ခြင်းရင်း။ ပဋိသန္ဓိ စ၊ ပဋိသန္ဓေ ကိစ္စတပ်သော အရာရင်း။ ပစ္စယာကာရမေဝ စ၊

ပဋိစ္စသမုပ္ပါဒ်တရားဂုဏ်း၊ ဉာတံ၊ ဤသို့။ စတုရော၊ လေးပါးကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဒုဒ္ဒသာ၊ မြင်နိုင်ခဲကုန်၏။ ဒေသေတုဉ္စ၊ ဟောခြင်းငှာလည်း။ သုဒုက္ကရာ၊ အလွန်ခဲခက်ကုန်၏။

## ဝိပဿနာ ကမ္မဋ္ဌာန်း

ပဋိစ္စသမုပ္ပါဒ်တရားတော်သည် ဝိပဿနာ ပညာ၏ တည်ရာ ဝိပဿနာကမ္မဋ္ဌာန်းဖြစ်၏။ ဝိပဿနာကမ္မဋ္ဌာန်း ဆိုသည်မှာ ဝိပဿနာပညာ၏ အာရုံဖြစ်၍ ဝိပဿနာ ရှုအပ် ရှုထိုက်သော တရားဖြစ်သည်။ ဝိပဿနာ မရှုအပ်၊ မရှုထိုက်သောတရားကို ဝိပဿနာ ကမ္မဋ္ဌာန်းထင်မှတ်၍ အား ထုတ် နေလျှင်အဘယ်မှာလျှင် သောတာပန်စစ်စစ် ဖြစ်နိုင်ပါအံ့နည်း။

ထို့ကြောင့် ဉာဏဝိဘင်းအဖွင့် (၃၉၇) ၌-

> ဉာဒံ ဝုတ္တံ ဟောတိ ပစ္စယသမုပ္ပန္နေသုစ ပစ္စယသမုပ္ပန္နဓမ္မေသုစ ဧတေ ဥဘော သဿတုစ္ဆေဒ အန္တေ အနုပဂန္တွာ ဝိပဿနာ ပဋိလဒ္ဓာ ယာဝ တတော ဥဒ္ဒရိမဂ္ဂဉာဏံ။ ။

ဟူ၍မိန့်ဆိုတော်မူ၏။

အနက်ကား၊ ။ဉာဒံ၊ ဤ သို့ သော အ ဓိပ္ပါယ်ကို၊ ဝုတ္တံ-ဝုတ္တာ၊ဆိုလိုသည်။ဟောတိ၊ဖြစ်၏။ပစ္စယသမုပ္ပန္နေသုစ၊ အကြောင်းပစ္စည်းတရားတို့၌ဂုဏ်း၊ ပစ္စယသမုပ္ပန္န

ဓမ္မသုစ၊ အကြောင်းကိုစွဲမှီ၍ဖြစ်သောအကျိုးပစ္စယုပ္ပန်တရားတို့၌ဓိုင်း။ ဥဘော၊ နှစ် ပါး ကုန် သော တရားတို့သည်၊ ဧဝေသသတုန္တေဒအန္တော၊ ထိုရှိ၏, ဖြစ်၏ဟူသော သဿတ၊ မရှိဘူး, မဖြစ်ဘူးဟူသော ဥစ္ဆေဒအယုတ်တရားတို့ကို။ အနုပဂမ္မ၊ မငြိမကပ်စေမူ၍။ ဝိပဿနာ၊ မဂ်ဆိုက်ကြောင်းဖြစ်သောဝိပဿနာကို။ ပဋိလဒ္ဓါ၊ ရအပ်၏။ တတော၊ ထိုဝိပဿနာဉာဏ်ထက်။ ဥတ္တရိ၊ အလွန်။ ယာဥ္စမဂ္ဂညာဏံ၊ အကြင်မဂ်ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

ဝိပဿနာပညာ၏တည်ရာ,ဝိပဿနာ၏အာရုံကျက်စားရာဖြစ်သော အကြောင်း,အကျိုး၊ ပစ္စည်း, ပစ္စယုပ္ပန်တရားတို့ကို ပဋိစ္စသမုပ္ပါဒ် နည်းအတိုင်း အနုလောမ, ပဋိလောမ စသည်အပြန်အလှန် ကျကျနနစဉ်းစား ဝေဘန်တတ်လျှင်ဆင်းမှား, ပြတ်မှားဟုဆိုအပ်သော သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ၊ ၎င်းတို့မှ ပေါက်ပွားလာကြကုန်သော ၆၂-ပါးသော ဒိဋ္ဌိအယူများမှ ကင်းစင်၍ ဒိဋ္ဌာသဝဟူသော အာသဝေါတရားမှ ကင်းလွတ်ခြင်း၊သစ္စာလေးပါးနှင့် တကွ ပဋိစ္စသမုပ္ပါဒ်တရားကို ပိုင်နိုင်သဖြင့် အဝိဇ္ဇာသဝတည်းဟူသော 'အာသဝေါတရားမှ ကင်းလွတ်ခြင်းတို့နှင့် ပြည့်စုံနိုင်၏။

အချုပ်မှာ-သတ္တာဝါဟူသော သတ္တလောကနှင့်ဘုံဌာနဟူသော ဩကာသလောကတို့ကို ပညတ်ဖြစ်၍ ဝိပဿနာ မရှုမဆင်ခြင်ရ၊ ခန္ဓာလောက, အာယတနလောက

ဓာတုလောက စသော သင်္ခါရ လောကကိုသာ ပရမတ် ဖြစ်၍ ဝိပဿနာရှုရမည်ဟု သဠာယတနဝဂ္ဂ သံယုတ် ပါဠိတော်၌ ဟောတော်မူ၏။

ထို့ကြောင့်ပဋိစ္စသမုပ္ပါဒ်ဟူသောသင်္ခါရလောကကို ပြဆိုဦးအံ့။

## ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါး

| | | |
|---|---|---|
| ၁—အဝိဇ္ဇာ၊ | ၂—သင်္ခါရ၊ | ၃—ဝိညာဉ်၊ |
| ၄—နာမ်ရုပ်၊ | ၅—သဠာယတန၊ | ၆—ဖဿ၊ |
| ၇—ဝေဒနာ၊ | ၈—တဏှာ၊ | ၉—ဥပါဒါန်၊ |
| ၁၀—ဘဝ၊ | ၁၁—ဇာတိ၊ | ၁၂—ဇရာ,မရဏ၊ |

## သင်္ခါရလောက ဝဋ်သုံးပါးဖြစ်ပုံ

| (ကိလေသာဝဋ်) | (ကမ္မဝဋ်) | (ဝိပါကဝဋ်) |
|---|---|---|
| ၁—အဝိဇ္ဇာ၊ | ၁—သင်္ခါရ၊ | ၁—ဝိညာဉ်၊ |
| ၂—တဏှာ၊ | ၂—ဘဝ၊ | ၂—နာမ်ရုပ်၊ |
| ၃—ဥပါဒါန်၊ | | ၃—သဠာယတန၊ |
| | | ၄—ဖဿ၊ |
| | | ၅—ဝေဒနာ၊ |

ဤပဋိစ္စသမုပ္ပါဒ်ဟုဆိုအပ်သောစက်ရဟတ်အလား ဝဋ်သုံးပါးကို တဖန်ခွဲခြားလိုက်လျှင် အောက်ပါ ပုံစံ အတိုင်းဖြစ်၏။

| အကြောင်းတရား ၅-ပါး။ | အကျိုးတရား ၅-ပါး။ |
|---|---|
| ၁-အဝိဇ္ဇာ။ | ၁-ဝိညာဉ်၊(၆ ပါး)။ |
| ၂-တဏှာ၊(၆ ပါး)။ | ၂-နာမ်ရုပ်၊(၂ ပါး)။ |
| ၃-ဥပါဒါန်။(၄ပါး)။ | ၃-သဠာယတန၊(၆ပါး)။ |
| ၄-သင်္ခါရ၊(၃ပါး)။ | ၄-ဖဿ၊ (၆ ပါး)။ |
| ၅-ဘဝ၊ (၂ ပါး)။ | ၅-ဝေဒနာ၊ (၆ ပါး)။ |

၁— အကြောင်းတရား ၅ ပါးသည် သမုဒယသစ္စာ ဖြစ်၏။ ပဟာတဗ္ဗ=ပယ်ရမည့်တရားဖြစ်သည့် သင်္ခတသင်္ခါရ ဖြစ်၏။ သင်္ခတ သင်္ခါရဆိုသည်မှာ ပေါင်းစည်း၍ ဖြစ်ပေါ်နေသော သဘောတရားကိုခေါ်သည်။

၂— အကျိုးတရား ၅ ပါးသည် ဒုက္ခသစ္စာ ဖြစ်၏။ အဘိညာပရိညေယျ=ပိုင်းခြား၍သိအပ်သော သဘောတရားဖြစ်သည်။ အဘိသင်္ခတသင်္ခါရ ဖြစ်၏။ အဘိသင်္ခတ သင်္ခါရဆိုသည်မှာ ပွားစီးရန် လှုံ့ဆော်၍ ဖြစ်ပေါ်လာရသော သဘောတရားကိုခေါ်သည်။

၃— အကြောင်း အကျိုးတို့၏ ချုပ်ငြိမ်း မှုသည် နိရောဓသစ္စာ ဖြစ်သည်။ သစ္ဆိကာတဗ္ဗ= မျက်မှောက်ပြုအပ်သည့် သဘော တရားဖြစ်သည်။ သင်္ခတ, အသင်္ခတ သဘော တရားတို့မှ ချုပ်ငြိမ်း လွတ်မြောက်ခြင်း နိဿရဏ သဘောဖြစ်သည်။

၄-- အကျိုးတရား ၅-ပါးဖြစ်သော ဒုက္ခသစ္စာကို သိအောင် ပွားများ အားထုတ် တတ်သည့် သဘောတရားသည်မဂ္ဂသစ္စာဖြစ်၏။ (သိအပ်သည့် တရားသည် ဒုက္ခသစ္စာဖြစ်၍ သိဘတ်သည့်တရားသည်မဂ္ဂသစ္စာဖြစ်၏ဟုဆိုသို၏။)

(၁)- သင်္ခတဆိုသည်မှာသဘောတရားများပေါင်းစည်း၍ နေခြင်းကို ဆို၏၊ ၎င်း၏လက္ခဏာမှာ ဥပါဒ်, ဌီ, ဘင်ဖြစ်၏။

(၂)- အသင်္ခတဆိုသည်မှာ သဘော တရားများ မပေါင်း မစည်းဘဲ နဂိုမူလ သူ့သဘာဝ အတိုင်းရှိနေခြင်းကိုဆို၏။ ၎င်း၏ လက္ခဏာမှာ ဥပါဒ်, ဌီ, ဘင်မရှိ၊ ကာလဝိမုတ်ဖြစ်၏။

(ဤသင်္ခတ, အသင်္ခတ ၂-ချက်ကားအထူးမှတ်ရန်တည်း။)

## အဝိဇ္ဇာအကြောင်း

အဝိဇ္ဇာဆိုသည်မှာ မသိခြင်းဖြစ်၏။ဘာကိုမသိသလဲ ဆိုလျှင်အထက်ပါ သစ္စာလေးပါးနှင့်တကွပဋိစ္စသမုပ္ပါဒ် တရားကို မသိခြင်းပင်ဖြစ်၏။ မသိခြင်း အရာဌာနမှာ ၈-ပါးဖြစ်၏။

(၁) အဝိဇ္ဇာနှင့်သင်္ခါရဟူသောအတိတ်အကြောင်း ကို မသိခြင်း။

(၂) ဝိညာဉ်အစ-ဘဝအဆုံးရှိသော အလယ်၈ပါးပစ္စုပ္ပန်အကျိုးအကြောင်း သဘော တရား များကို မသိခြင်း။

(၃) ဓာတ်နှင့်ဓာရာမရဏာဟူသောအနာဂတ်အကျိုး တရားကိုမသိခြင်း။
(၄) ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးကိုမသိခြင်း။
(၅) သင်္ခါရဒုက္ခဖြစ်သော အကျိုးဒုက္ခသစ္စာကိုမသိ ခြင်း။
(၆) သင်္ခါရဒုက္ခကို ဖြစ်စေတတ်သည့် အကြောင်း ဒုက္ခဖြစ်သော သမုဒယသစ္စာကို မသိခြင်း။
(၇) အကျိုးဒုက္ခ, အကြောင်း ဒုက္ခတို့၏ ချုပ်ငြိမ်းပုံ နိရောဓသစ္စာကို မသိခြင်း။
(၈) အကျိုးဒုက္ခ, အကြောင်း ဒုက္ခတို့၏ ချုပ်ငြိမ်း ပုံလမ်းစဉ် ဖြစ်သည့် မဂ္ဂသစ္စာကို မသိခြင်း- ဟူ၍ မသိခြင်းအရာဌာန ၈စ်ပါးဖြစ်၏။

အခွန့်သုံးပါးဆိုသည်မှာ အတိတ်, ပစ္စုပ္ပန်, အနာဂတ် ကို အခွန့်သုံးပါးဟုခေါ်၏။

(၁)—အစပ်သုံးပါးဆိုသည်မှာ အတိတ် အကြောင်း သင်္ခါရနှင့် ပစ္စုပ္ပန် အကျိုးဝိညာဉ်၏ အကြားတစပ်။

(၂)—ပစ္စုပ္ပန် အကျိုးဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်း တဏှာ၏ အကြားတစပ်။

(၃)—ပစ္စုပ္ပန်အကြောင်း ဘဝနှင့် အနာဂတ် အကျိုး ဓာတိ၏ အကြားတစပ်။ ။ဟူ၍အစပ် သုံးပါးဖြစ်၏။

အစပ်သုံးပါးဖြစ်ခြင်းကြောင့် အလွှာလေးလွှာဖြစ်၏။ အလွှာတလွှာ၌ အကြောင်း ၅-ပါး, အကျိုး ၅-ပါးဖြစ် ခြင်းကြောင့် အခြင်းအရာ(၂၀)ဖြစ်ပေ၏။

အဝိဇ္ဇာသည်အတိတ်အကြောင်း၌မူလဖြစ်၏၊
တဏှာသည် ပစ္စုပ္ပန်အကြောင်း၌မူလဖြစ်၏၊
ထို့ကြောင့်အဝိဇ္ဇာနှင့်တဏှာသည်မူလ ၂ ပါးဖြစ်၏။

ထို့ကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ, ပဋိစ္စသမုပ္ပါဒဝိဘင်း အဖွင့် (၁၆၅) တွင်- "ဧတေသ ဘဝစက္ကဿ အဝိဇ္ဇာ တဏှာ စာတိ ဒွေ ဓမ္မာ မူ လန္တိ ဝေ ဒိ တဗ္ဗာ"- ဟူ ၍ မိန့်ဆို၏။

ဧတေသ ဘဝစက္ကဿ၊ ဤဥပါဒါနက္ခန္ဓာ သံသရာဟု ဆိုအပ်သော ဘဝစက်၌။ အဝိဇ္ဇာစ၊ သစ္စာလေးပါးကို မသိမှု အဝိဇ္ဇာသည်၎င်း၊ တဏှာစ၊ သုံးဆယ့်တဘုံလျှောင် ပြီတွယ်ရာ ဖြစ်သော စိတ်ဟု ဆိုအပ်သော တဏှာသည် ၎င်း၊ ဣတိ ဣမေ ဒွေဓမ္မာ၊ ဤနှစ်ပါးသောတရားတို့ကို၊ မူလန္တိ၊ သတ္တဝါဖြစ်စရာအမြစ်မူလဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဤကဲ့သို့ အဝိဇ္ဇာနှင့်တဏှာဟူသောအမြစ်မူလတရား ၂-ပါးကို ပယ်ဖြတ်ချတ်ထွင်နိုင်ရန် အဘိညာ ပရိညေယျ တရားဖြစ်သောဒုက္ခသစ္စာထိုက်သည့် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကို ကျပ်ပြည့် ဝေဖန် စဉ်းစားဆင်ခြင်ရမည်ဖြစ်၏။

ဝိပဿနာဘူမိသန္ဒဿနဏ္ဍ်ပန
သာသဝါ ဥပါဒါနက္ခန္ဓာတိ။ ။
(ဋီကာကျော်-သမုစ္စည်းပိုင်း။)

ဝိပဿနာ ဘူမိ သန္ဒဿနံ ပန၊ ဝိပဿနာဉာဏ်၏ တည်ရာကိုပြခြင်းအကျိုးငှာ။ သာသဝါ၀၊ အာသဝနှင့် တကွ ဖြစ်သော တရားကို သာလျှင်။ ဥပါဒါနက္ခန္ဓာတိ၊ ဥပါဒါနက္ခန္ဓာဟူ၍၊ ဒေသိတာ၊ ဟော အပ် ကုန် ၏။ ဝိပဿနာရှုသင့်သောခန္ဓာဟုမှတ်။

ခေါ်ဘ်၁၈-ပါးဖြစ်ပုံ

ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ်ကြောင့်သဠာယတနဖြစ်၏ဟုဟောတော်မူရာ နာမ်ဝိညာဉ်သည် ၆ ပါး ဖြစ်၏။

စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှာဝိညာဉ်, ကာယဝိညာဉ်, မနောဝိညာဉ်များဖြစ်ကြသည်။

ရုပ်မှာလည်း ရူပရုပ်, သဒ္ဒရုပ်, ဂန္ဓရုပ်, ရသာရုပ်, ဖောဋ္ဌဗ္ဗရုပ်, ဓမ္မာရုံဖြစ်သော ဝိညာတရုပ်ဟူ၍ ၆ ပါးဖြစ်၏။

သဠာယတနမှာသည်း ရုပ်ပင်ဖြစ်ရာ စက္ခု ဝတ္ထုရုပ်, သောတဝတ္ထုရုပ်, ဃာနဝတ္ထုရုပ်, ဇိဝှာဝတ္ထုရုပ်, ကာယဝတ္ထုရုပ်, ဟဒယဝတ္ထုရုပ်ဟူ၍၎င်း, ပသာဒ= အကြည် ၆ ပါးဟူ၍၎င်း, ဒွါရ ၆ပါး ဟူ၍ ၎င်း ခေါ်ဆို ကြ သည်။ မနောအကြည်ဟု ခေါ်ဆိုသောမနာယတနသည် ဟဒယဝတ္ထု ရုပ်ဖြစ်သောနှလုံးသွေးကိုမှီ၍ ဖြစ်သောအကြည်ဖြစ်၍နာမ်အကြည်ဘဝင်စိတ်ပင်ဖြစ်၏။ "မနောတိ ဘဝင်္ဂစိတ္တံ"ဟုအဋ္ဌကထာဆရာကဆိုထားသည်ဟုပြဆိုကြ၏။

သို့ရာတွင်အထူးစဉ်းစားရန်ရှိသည်ကား—ခြောက်ပါးသော အာယာတနတို့တွင် မနမည်သော မနောဒွါရ်ဆိုသည်မှာ ဘဝင်္ဂုပစ္ဆေဒမည်သော ဘဝင်စိတ် ၁၉—ပါးနှင့် ပြိုင်၍ဥပါဒ်အား

ဖြင့် ဖြစ်ပေါ်လာသောကမ္မဇ,ဟဒယဝတ္ထုရုပ်ကို မနဟုဆို၏။ မနောဒွါရဟူ၍၎င်း၊ ဟဒယဝတ္ထုရုပ်ဟူ၍၎င်း၊ မနာယတ ဟူ၍၎င်း၊ မနိန္ဒြေဟူ၍၎င်း၊ ပရမတ္ထမွောရုံ ဖြစ်သော မနကို ဟောဘော်မူ၏။ ဤနေရာ၌ မနသဒ္ဒါသည် ရုပ်ကိုဟော၏၊ စိတ်ကိုမဟောနိုင်၊ အကြောင်းမူကား ဝတ္ထုပုရေဇာတ နိဿယ ပစ္စည်းသည် ရုပ်ပစ္စည်း ဖြစ်သောကြောင့်တည်း။

အကယ်၍ ဘဝင်စိတ်ကို မနောဒွါရယူသော် ဘဝင်စိတ်သည် ပစ္စည်းဖြစ်၍ ဝိညာဏ စရိယတရားသည် ပစ္စည်းဖြစ်ရာ၏။ ဘဝင်ဟူသော ဝိညာဏ စရိယသည် ပစ္စည်း မဖြစ်နိုင်ရာ။ မရဏာသန္နအခါ စုတိစိတ်မှ နောက်သို့ပြန်၍ ရေတွက်သော် ၁၇–ချက်မြောက်သော စိတ်ဥပါဒ်နှင့် ပြိုင်၍ဖြစ်သော ကမ္မဇ ဟဒယဝတ္ထုရုပ်ကိုသာ စုတိစိတ်သည် ပုရေဇာတ နိဿယ ပစ္စည်းတတ်နိုင်၏။ ထို ၁၇–ချက်မြောက်သောစိတ်ကို နိဿယ ပစ္စည်းမဘတ်နိုင်။ ထို့ကြောင့် ဘဝင်စိတ်ကို မနောဒွါရဟူ၍ မယူရာ။ ပဉ္စဒွါရ ဝဇ္ဇာန်းစိတ်နှင့် မနောဒွါရ ဝဇ္ဇာန်းဟူသော စိတ်နှစ်ပါးတို့သည် မနောဒွါရမည်သော ဟဒယဝတ္ထုရုပ်ကိုသာမှီ၍ နိဿယပစ္စည်းတပ်၏ ဟူ၍လည်း တွေ့ရှိရ၏။ (ပရိယတ္တိဗဟုလ ပုဂ္ဂိုလ်များ အထူးစဉ်းစား ဝေဖန်သင့်သော အချက်ပင်ဖြစ်ပေ၏။)

၎င်းခုတ်(၁၈)ပါးတို့တွင်ဖဿ(၆)ပါး၊ဝေဒနာ(၆) ပါးထည့်လျှင်အဋ္ဌာဒိဗ္ဗ(၃၀)ဖြစ်၏။ အဋ္ဌာဒိဗ္ဗ(၃၀) ဆိုသည်မှာ သင္ဂါယတနသံယုတ်ပါဠိတော်၌ ဟောတော်မူသည့်အတိုင်းဖြစ်၏၊

(အကျယ်ကို ကန္ဒာ့ဝိပဿနာ နေယျသင်တန်းကျမ်း၌ ကြည့်ရှုကြပါကုန်။)

ဖဿနှင့် ဝေဒနာတို့ကို မပြဆိုသည်မှာ "ရူပေဝိဘူ တေဗဿောနဟောတိ" - ရုပ်ကို အမှီပြု၍မွေမှန်းကျပ်ပြည့်

သိလျှင် ဖဿသဘော မဖြစ်တော့ပြီ၊ ဖဿ မဖြစ်လျှင် ဝေဒနာမဖြစ်တော့ပြီ-ဟူ၍ မဟာနိဒ္ဒေသပါဠိတော်၌မိန့်ဆိုထားသောကြောင့်တည်း။

## ခေတ်(၁၈)ပါးအကြောင်း

ထို့ပြင်မှ တပါးလည်း ဝိဘင်းအဋ္ဌကထာ၌ .....
ဝိဇာနနသဘာဝေ ဝိညာဏေ ဇီဝသညိနံ
သညာ သမူဟာနတ္တဿ အဋ္ဌာရသေဝဓုတ္တာ။ ။

ဝိဇာနနသဘာဝေ၊ အာရုံအရပ်ရပ်ကို သိခြင်း သဘောရှိသော၊ ဝိညာဏေ၊ပရမတ္ထဓမ္မာရုံဖြစ်သော ဝိညာဏ၊ပါဒါနက္ခန္ဓာတည်းဟူသောဝိညာဏ်၌၊ ဇီဝသညိနံ၊ အသက်ဟုထင်မှတ်သော အယူကို၊သညာသမူဟာနတ္ထံ၊ မှားယွင်း ဘောက်ပြန်၍ စွဲယူထားသော မိစ္ဆာသညာကို ကောင်းစွာ ပယ်နှုတ်ခြင်း အကျိုးငှါ၊ အဋ္ဌာရသေဝ၊ တဆယ့်ရှစ်ပါးသော ခေတ်တို့ကိုသာလျှင်၊ ဘဂဝဘာ၊ မြတ်စွာဘုရားသည်၊ ဝုတ္တာ၊ ဟောတော်မူအပ်၏။

ဟူ၍ မိန့်ဆိုသည့်အတိုင်း ခေတ် (၁၈) ပါးကိုသာလျှင် ထုတ်ဖေါ်၍ ရှင်းလင်း ပြဆိုပေအံ့။

အန္တပုထုဇန်တို့၏သဘာဝသည်ဘူတရုပ်လေးပါးကို စွဲမှီ၍ဖြစ်သောပကတိစိတ်ဝိညာဏ်နှင့် အဝိဇ္ဇာ,တဏှာ, ကံ,နာမ်ရုပ်ဟူသော အကြောင်းလေးပါးကြောင့် ဖြစ်

သောဓမ္မာရုံစိတ်ဝိညာဏ်တို့ကိုမသိမမြင်ဘဲမိစ္ဆာနိရုတ္တိပထ, မိစ္ဆာအဓိဝစနပထ, မိစ္ဆာပညတ္တိပထ သုံးမျိုးတို့ဖြင့်သာ အသုံးပြုနေကြသောဥပါဒါနက္ခန္ဓာ ဝိညာဏ်ကို သတ္တ, ဇီဝ, သရီရဖြစ်သော ပကတိစိတ်ဝိညာဏ်ဟု အထင်မှားလျက် သံသရာ၌ ကျင်လည်မျောပါးကာ နေကြရရှာသဖြင့် ထိုအယူမှား, အစွဲမှားကို ပယ်နှုတ်ခြင်း အကျိုးငှါ ဓာတ်(၁၈)ပါးကိုဟောတော်မူ၏ဟုဆိုလိုတော်မူ၏။ အချုပ်မှာ ပဋိစ္စသမုပ္ပါဒ၌ လာသော " ဝိညာဏပစ္စယာ" ဟူသော ဝိညာဏုပါဒါနက္ခန္ဓာဖြစ်သည့် ဝိညာဏ်၊ (ဝါ) ဓာတ်(၁၈) ပါး၌လာသော မနာယတနဟူသော မနောဝိညာဏ်၌ အတ္တ, ဇီဝ မရှိကြောင်းကို အမှန်အတိုင်းသိမြင်အောင် ဓာတ်(၁၈)ပါးတို့၏ အနိစ္စဓမ္မ, ဒုက္ခဓမ္မ, အနတ္တဓမ္မ, ဖြစ်ကြောင်းကို ဟောတော်မူ၏ဟူလို။

အထက်ပါဓာတ် (၁၈) ပါးကို ပုံစံနှင့်ထုတ်ပြလျှင် အောက်ပါအတိုင်းဖြစ်၏။

| | | | | | |
|---|---|---|---|---|---|
| အဆင်း | အသံ | အနံ့ | အရသာ | အတွေ့ | စိတ်ကူး |
| မြင်စိတ် | ကြားစိတ် | နံ့စိတ် | စားစိတ် | ထိစိတ် | သိစိတ် |
| မျက်စိ | နား | နှာခေါင်း | လျှာ | ကိုယ် | မနော |

ဝိပါကဝဋ်ဖြစ်သော ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့သည် အတ္တဒိဋ္ဌိ၌, သက္ကာယဒိဋ္ဌိပြုတ်ဘို့

ရန် ဆင်ခြင်စဉ်းစား ဝိပဿနာ ပွားများ အပ်သော သဘောတရားများဖြစ်လေရာ ၎င်းတို့ကို အကျဉ်းချုပ်လျှင် နာမ်နှင့် ရုပ်ပင်ဖြစ်၏။ နာမ်ရုပ်ဟု ဆိုသော်လည်း မည်သည့် နာမ်ရုပ်ဖြစ်သည်ကိုအထူးစဉ်းစားသင့်၏။ ဥပါဒါနက္ခန္ဓာဖြစ်သော နာမ်ရုပ်ကို မျက်ခြေမပြတ် သင့်ချေ။ ၎င်းကို အကျယ်ပွား၍ ဓာတ်(၁၈)ပါး၊ ၎င်းကိုပင် သံသရာဟူ၍ ဟောတော်မူ၏။ ရုပ်နာမ် ၂-ပါး, ခန္ဓာ ၅-ပါး, အာယတန ၁၂-ပါး, ဓာတ် ၁၈-ပါးတို့သည် အမည် အမျိုးမျိုးပြားသော်လည်း သဘောတရားမှာ အတူတူချည်းဖြစ်ကြသည်။ ပဋိစ္စသမုပ္ပါဒ်-ဒုက္ခသစ္စာထိုက်သော အကျိုးဝိပါကဝဋ်-၏ခန္ဓာ- ၏သံသရာသည် နိစ္စ,သုခ, အတ္တအနေမျိုးလား, အနိစ္စ, ဒုက္ခ, အနတ္တ အနေမျိုးကမှန်သလား ဆိုတာကို ဗဉ်းစားဝေဖန်ဆုံးဖြတ်နိုင်သော ဉာဏ်ကို ဝိပဿနာဉာဏ်ဟုခေါ်သည်။

ခန္ဓာနဉ္စ ပဋိပါဋိ ဓာတုအာယာတနာနစ
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ သံသာ ရောတိ
ပဝုစ္စတိ။ ။

(သမ္မောအဋ္ဌကထာ—၁၂၉)

ခန္ဓာနဉ္စ၊ ဥပါဒါနက္ခန္ဓာတို့၏၎င်း။ ဓာတု အာယာတနာနဉ္စ၊ ဓာတ်အာယတနတို့၏၎င်း။အဗ္ဗောစ္ဆိန္နံ၊ မပြတ်။ ဝတ္တမာန၊ ဖြစ်သော။ ပဋိပါဋိ၊ အစဉ်ကို။ သံသာရောတိ၊ သံသရာဟူ၍။ ပဝုစ္စတိ၊ ဟောတော်မူ၏။ ။ထို့ကြောင့် အထက်ပုံစံပါ ဓာတ် ၁၈-ပါးသည် သံသရာ မည်၏။

# ဝိပဿနာခဏ်း

အထက်က ဘော်ပြခဲ့သည့် ဆရာတော် ကြီးများ၏ အာဘော်များနှင့်တကွပဋိစ္စသမုပ္ပါဒ် အနုလောမနည်းကို ခင်းကျင်းပြဆိုခဲ့ရာ၌ဝိပဿနာပညာ၏ အခြေခံဖြစ်သော အချက်အလက်တို့ကို သိသင့် သိထိုက်သည် အားလျော်စွာ သိရှိထားကြစေရန် ဘော်ပြရခြင်းဖြစ်၏။

အဝိဇ္ဇာပစ္စယာသင်္ခါရာ၊သင်္ခါရပစ္စယာ ဝိညာဏံ...... အစရှိသည့်တို့သည် သံသရာဝဋ်ဒုက္ခဖြစ်စဉ်ကိုပြဆိုခြင်း အနုလောမနည်း ဖြစ်၏။

အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော — စသည့်တို့သည် သံသရာဝဋ်စက်မှ လွတ်ထွက်ချုပ်ဆုံးပုံကို ပြဆိုခြင်း ပဋိလောမနည်းဖြစ်၏။

ဝိပဿနာပညာ၌ ရုပ်နာမ်ဟု အသမုတ် ခံရသော သဘောတရားတို့ကို ပဋိလောမနည်း အားဖြင့် ဝေဖန် ဆုံးဖြတ်နိုင်ရန် လိုရင်းဖြစ်၏။

ဝိပဿနာ၌ အရေးအကြီးဆုံး အချက်သည်ကား......

သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ
ဝဝတ္ထာပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ
ဂဏှာတော ပန ဒိဋ္ဌိသမုဂ္ဃါဋနံ နာမ ဟောတိ။ ။

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၅၄၃) တွင် မိန့်ဆိုချက်ပင် ဖြစ်၏။

သင်္ခါရာဝ၊ သင်္ခါရတရားတို့သည်သာလျှင်။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ ဝိပဿန္တိ၊ ရှုကုန်၏။ သမ္မသန္တိ၊ ဆင်ခြင်သုံးသပ်ကုန်၏။ ဝဝတ္ထာပေန္တိ၊ ပိုင်းခြား မှတ်သားကုန်၏။ ပရိဂ္ဂဏှန္တိ၊ သိမ်းဆည်းကုန်၏။ ပရိစ္ဆိန္ဒန္တိ၊ ဝေဖန်ပိုင်းခြားကုန်၏။ ဣတိ၊ ဤသို့။ ဂဏှတော၊ ယူသောသူအား။ ဒိဋ္ဌိသမုဂ္ဃာတနံနာမ၊ ဒိဋ္ဌိ၏ကွာခြင်း-ဒိဋ္ဌိကိုစွန့်ခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။

ဆိုလိုတော် မူရင်းမှာ ငါဝိပဿနာ ရှုသည့်, ငါ ဝိပဿနာတရားကို အားထုတ်သည်ဟူသော အထင်အမြင်ပျောက်၍ အရှုခံရသောသဘောတရားတွေလည်းသင်္ခါရတရားတွေ၊ ရှုသောသဘောတရားတွေကလည်းသင်္ခါရတရားတွေ၊ သင်္ခါရတရားတွေဆိုတာကလည်း အနိစ္စ, ဒုက္ခ, အနတ္တသဘောတရားတွေဖြစ်ကြသည်။ ထို့ကြောင့်အနိစ္စ, ဒုက္ခ, အနတ္တ သဘောတရားတွေသာဖြစ်ကြသည့် သင်္ခါရသဘောတွေ အချင်းချင်း ဝေဖန် စဉ်းစား သုံးသပ်နေကြပါတကားဟု မိမိ အသိဉာဏ်မှာ ကြောင်ကြောင်ကြီးမြင်နေရမည်၊ သို့မှသာလျှင် အတ္တဒိဋ္ဌိပြုတ်နိုင်သည်ဟု ဆိုလိုတော်မူ၏။

ထို့ပြင်မှ တပါးလည်း အချို့သော ယောဂီတို့သည် ဘင်္ဂဉာဏ်သို့ ရောက်သောအခါ အပျက်တွေကိုသာမြင်နေသည်ဟု ဆိုကြ၏။ မြင်နေသည်ဟု ဆိုသော မိမိစိတ်

သည့်ပင်လျှင် ပျောက်ပျက် ကုန်ဆုံး နေသောသဘောဖြစ်ကြောင်းကိုသတိမထားမိကြချေ။

ဣဒါနေဝ မေတံအာရမ္မဏိကဝိပဿနိက စိတ္တံ ဥပ္ပဇ္ဇိတွာနိရုဇ္ဈတိ။ ။

ဣဒါနေဝ၊ ယခုအခါ၌လျှင်။ မေ၊ ငါ၏။ တံအာရမ္မဏိက ဝိပဿနိကစိတ္တံ၊ ထိုလက္ခဏာသုံးပုံ အာရုံစွဲပြီး အမြဲရှိသော ဝိပဿနာစိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ ဟူ၍ရင်း။ ။

တဿ စိတ္တဿ အပရေန ဘင်္ဂံ အနုပဿတီတိ အတ္ထော။ ။

တဿစိတ္တဿ၊ ထိုရုပ်နာမ်နှစ်ပါး, ခန္ဓာငါးပါးကို ခယဝယအားဖြင့် ပျောက်ပျက် ကုန်ဆုံးနေသောသဘောတရားတွေပါတကားဟု ရှုသောစိတ်၏။ ဘင်္ဂံ၊ ဘင်ကို။ (ဝါ) ပျောက်ပျက်မှုကို။ အပရေန၊ တပါးသော။ စိတ္တေန၊ ဝိပဿနာစိတ်ဖြင့်။ အနုပဿတိ၊ အဖန်တလဲလဲရှု၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဟူ၍ရင်း။ ။

ဉာတဉ္စ ဉာဏဉ္စ ဥဘောပိဝိပဿတီတိ။ ။

ဉာတဉ္စ၊ အနုပဿနာဉာဏ်ဖြင့် သိအပ်သောရုပ်ဝေဒနာစသောအာရုံကိုရင်း။ ဉာဏဉ္စ၊ ရုပ်ဝေဒနာစသောအာရုံကိုအဖန် တလဲလဲ ရှုတတ်သော အနုပဿနာဉာဏ်ကိုရင်း။ ဥဘောပိ၊ နှစ်ပါးစုံတို့ကိုလည်း။ (ဝါ) ရှုအပ်သောဉာတနှင့် ရှု တတ် သော ဉာဏ နှစ် ပါး ကိုလည်း။

ဝိပဿတိ၊ ခယဝယအားဖြင့် အဖန်ဖန်ရှု၍-ဟူ၍ဝင်း မိန့်ဆိုထားရာ အရှုခံရသော သဘော တရား များနှင့် ရှုသော သဘောတရားများ အားလုံး ပျောက်ပျက် ကုန်ဆုံး ယုကျုံးမရကြသော သဘောတရား တွေပါတကားဟု မိမိ၏ဉာဏ်ဝ၌ ရှင်းရှင်းလင်းလင်းကြီး သိမြင် နေရန်အ ရေးကြီးလှ၏။ ဟိုတိုနှင့်လိုရင်းချုံးလိုက်လျှင် ရှေ့အာရုံ, နောက် အာရုံ ဖြစ်ကြသော အာရုံ အာရမ္မဏိက, အာရုံ အာရမ္မဏိကတို့သည် ခယဓမ္မ, ဝယဓမ္မတွေဘဲ ဟုသဘောပေါက်စေရမည်။ သို့မှသာလျှင် ဥပေက္ခာဓမ္မ မျှသာဖြစ်သော သင်္ခါရတရားတွေပါတကားဟု အရှုခံ ရသော သဘောတရားများနှင့် ရှုတတ်သော သဘော တရား၊ (ဝါ) အသိမ်းပိုက်ခံရသော သဘောတရားများ နှင့် သိမ်းပိုက်တတ်သော သဘောတရားများ အပေါ်၌ တွယ်တာစွဲလမ်းမှုမရှိဘဲ လျစ်လျူထားနိုင်သော သင်္ခါ ရုပေက္ခာဉာဏ်ကိုရနိုင်မည်။ ထိုအခါကျမှ သိခပဋ္ဌ္ဌာဟု ဆိုရသော ဝိပဿနာ၏ အထွဋ်အထိပ်သို့ရောက်သည် မည်၏။

ဤအချက်များသည် အရေးကြီးသော အချက်များ ဖြစ်ကြ၍ ဝိပဿနာပညာကို မပေါ်ပြနိုင်ကြ၍တင်သိရှိ နားလည်၍ ဆင်ခြင်စဥ်းစားနိုင်ရန်အတွက် ဖော်ပြလိုက် ရခြင်းဖြစ်၏။ သတိရှိကြပါကုန်။

## ပိဋကတ်သုံးပုံ၏အဆီအနှစ်

ပိဋကတ်သုံးပုံကို အကျဉ်းချုံး၍ လိုရင်းအဆီအနှစ် ကိုထုတ်လိုက်လျှင် ဘုရား, တရား, သံဃာ, အနိစ္စ, ဒုက္ခ,

အနတ္တဟူ၍စကား ၆-လုံးသာလျှင် ဖြစ်၏၊ ထို ၆-လုံး တွင်လက္ခဏာရေးသုံးပါးအနက် လက္ခဏာတပါးပါးကို ကျပ်ပြည့်သိပါမှကျန်လက္ခဏာ ၂-ပါးနှင့်တကွရတနာ ၃-ပါးကို သိမြင်နိုင်၏၊ ထို့ကြောင့် လက္ခဏာရေးသုံး ပါးအနက် နေယျပုဂ္ဂိုလ်,အောက်မဂ်အောက်ဖိုလ်ပုဂ္ဂိုလ် တို့အတွက် အနတ္တလက္ခဏာသည် အရေး အကြီးဆုံး အ ချက်ဖြစ်၏။ ဗုဒ္ဓဘာသာစစ်စစ်-ဗုဒ္ဓဝါဒီဖြစ်တို့ရန်လည်း အနတ္တအစစ်ကို ပိုင်နိုင်ရန်အရေးကြီးလှ၏။ အနတ္တကိုမသိ မမြင်, မပိုင်နိုင်သေးသမျှကာလပတ်လုံး သာသနာတွင်း သား ဗုဒ္ဓဝါဒီမဖြစ်သေးချေ။

ဗုဒ္ဓေါ ဓမ္မော စ သံဃော စ၊ အနိစ္စံ ဒုက္ခလက္ခဏံ။
အနတ္တမေဆဝါစာဝ၊ သာရာဟိ ပိဋကတ္တယေ။ ။

ဗုဒ္ဓေါ စ၊ ဘုရားရှင်း။ ဓမ္မော စ၊ တရားရှင်း။ သံဃော စ၊ သံဃာရှင်း၊ အနိစ္စံ၊ အနိစ္စလက္ခဏာရှင်း။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာရှင်း။ အနတ္တာ၊ အနတ္တလက္ခဏာရှင်း။ ဣမေဆဝါစာဝ၊ ဤစကား ၆-ခွန်းတို့ သာ လျှင်။ ဟိ၊ အကယ်မလွဲသဖြင့်။ ပိဋကတ္တယေ၊ ပိဋကတ်သုံးပုံ၌၊ သာရာ၊ လိုရင်းအဆီအနှစ်တို့ပင်တည်း။

လက္ခဏေ ကမ္ဘိ ဝိညာတေ၊ သဗ္ဗေဓာနာတိဉာဏိမာ။
အထသာနိဗ္ဗိန္ဒတိ ကိစ္စံ၊ သီတိဘူတောဝ သောနရော။

ဉာဏိမာ၊ ဉာဏ်ရှိသော ပုဂ္ဂိုလ်သည်။ ဧကမ္ဘိ၊ တခုသော။ လက္ခဏေ၊ လက္ခဏာကို။ ဝိညာတေ၊ အဟုတ်သိ တကယ်သိ, ကျပ်ပြည့် သိလိုက်သည် ရှိသော်။ သဗ္ဗေ၊

ခပ်သိမ်းကုန်သော ရတနာသုံးပါး, လက္ခဏာရေးသုံးပါး တို့ကို။ ဇာနာတိ။ သိနိုင်တော့သာတည်း။ အထ၊ ထိုသို့ သိသောအခါ၌။ အဿ၊ ထိုပုဂ္ဂိုလ်အား၊ ကိစ္စံ၊ တသံ သရာလုံး လက်စတင်းလင်းတွေနှင့် လာခဲ့သော ချမ်းသာ ဘို့ရန် အားထုတ်ရသော ကိစ္စဘော့သည်။ သီတိဘူတော ဝ၊ စိတ်ချ, လက်ချ ကိစ္စပြီး၍ အေးကြီး အေးရတော့ သည်သာတည်း။

[ပရမတ္ထစက္ခုကျမ်း—၃၀၀]

## အတ္တမြင်ပုံ

အနတ္တကိုသိရှိထင်မြင်နိုင်ရန်ရှေးဦးစွာအတ္တဆိုသော ပုဒ်၏ သဘောအနက်ကို သိမြင်ရန် အရေးကြီး၏။

အတ္တာတိ အတ္တဒိဋ္ဌိ၊ နိရတ္တာတိ ဥစ္ဆေဒဒိဋ္ဌိ၊
အတ္တာတိ ဂဟိတံနတ္ထိ၊ နိရတ္တာတိ မုဥ္စိတဗ္ဗံ နတ္ထိ။

[ဂူဠ္ဌနိဒ္ဒေသပါဠိတော်]

အတ္တာတိ၊ အတ္တဟူသည်ကား။ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိအယူတည်း။ နိရတ္တာတိ၊ နိရတ္တဟူသည်ကား။ ဥစ္ဆေဒဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတည်း။

အတ္တာတိ၊ အတ္တဟူသည်ကား။ နတ္ထိ၊ အနှစ် အသား မရှိ၍ ကိုယ်ပိုင် အားအစွမ်း သတ္တိမရှိသော ဝတ္ထုကို။ ဂဟိတံ၊ တကယ်ရှိ, တကယ်ဖြစ်သည်ထင်၍ စွဲမြဲစွာ ယူ ထားခြင်းတည်း။

နိရတ္ထာဒိ၊ နိရတ္ထဟူသည်ကား။ နတ္ထိ၊ တကယ်ရှိ, တကယ်ဖြစ်မဟုတ်သော ဝတ္ထုကို။ မုစ္စိတဗ္ဗံ၊ ရှိသည် ဖြစ်သည်ထင်၍ လွှတ်လိုခြင်းဘည်း။

အဓိပ္ပါယ်ကား ရုပ်နာမ်ဟု အသမုတ်ခံရသော သဘောတရားတို့ကို အနှစ်အသားရှိ၍ ကိုယ်ပိုင်အားအစွမ်း သတ္တိဖြင့် ဖြစ်နိုင်သည်, ရှိနိုင်သည်ဟု တလွဲထင်မှတ်ပြီး မလွှတ်နိုင် ခွာနိုင်ဘဲ ဆုတ်ကိုင်စွဲမြဲ ထားခြင်းကို အတ္တဒိဋ္ဌိ, သဿတဒိဋ္ဌိဟုခေါ်သည်။ တဖန်ရင်းတကယ်ရှိ, တကယ်ဖြစ် မဟုတ်သော သဘောတရားများကို အမှန်အတိုင်းမသိဘဲ လွှတ်လိုခြင်းကို နိရတ္ထဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟုခေါ်သည်။

အချုပ်မှာ- ဥပါဒါနက္ခန္ဓာငါးပါးသည် လောကီဘုံသားတို့၌ ပရမတ္ထ အားဖြင့် ထင် ရှား မရှိသော မိစ္ဆာပညတ်မျှသာတည်း။ ထိုတကယ်ရှိ, တကယ်ဖြစ်မဟုတ်သောဓမ္မာရုံမိစ္ဆာပညတ်ကို အရှိပြု၍ သာယာ နှစ်သက်ခြင်းသည် သဿတဒိဋ္ဌိမည်၏။ မသာယာမနှစ်သက်ခြင်းသည်ဥစ္ဆေဒဒိဋ္ဌိမည်၏။ ထို့ကြောင့် ရှိသည်ဖြစ်သည်ဆိုသည်မှာ မည့်ကဲ့သို့ရှိကြသည်, ဖြစ်ကြသည်ကိုရင်း၊ မရှိဘူး, မဖြစ်ဘူး ဆိုသည်မှာ ဘယ်ပုံ ဘယ်နည်း ဖြင့်မရှိ, မဖြစ်ကြသည်ကိုရင်း။ အသေ အချာ ပိုင်ပိုင် နိုင်နိုင်သိရှိ ထင်မြင်အောင်ပြုလုပ်တို့ရန်မှာ ဗုဒ္ဓ ဝါဒီတို့၏ အရေးအကြီးဆုံးအချက်ကြီးဖြစ်၏။ အတိဂမ္ဘီရတ္ထဖြစ်၏။ ဆရာကောင်းလိုလှ၏။

ထို့ကြောင့်—

မရှိ၂ မျိုး၊ ရှိ၂ မျိုး၊ ကြိုးစားအားထုတ်၊ သိအောင်လုပ်။
မသိကြလျှင်၊ ဒိဋ္ဌိဝင်၊ သည်တွင်အခက်၊ မှားလမ်းထွက်။

ဟူ၍ စံပြဗိပဿနာ (၁၆၁)၌ဖေါ်ပြထားပေ၏၊ အကျယ်ကို စံပြဗိပဿနာကျမ်း၌ကြည့်ရှုကြပါကုန်။

တဖန်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ (၁) နိဝါသီ, (၂) ကာရက, (၃) ဝေဒက, (၄) သယံဝသီ, (၅) အဓိဋ္ဌာယ, (၆) သာမိအစရှိသည်ဖြင့် အတ္တ၏သဘောများကိုဖွင့်ဆိုထား၏။

(၁) နိဝါသီဆိုသည်မှာ ရုပ်နာမ်ဟု အသ မှတ်ခံရသော သဘောတရားတခုသည် သူ့ဘာသာသူ တခုတည်းတည်ရှိဖြစ်ပေါ်နိုင်ခြင်းကိုဆို၏။

(၂) ကာရကဆိုသည်မှာ သဘောတရားတခုသည် သူ့ဟာသူပြုလုပ်နိုင်သောသတ္တိရှိခြင်းကိုဆို၏။

(၃) ဝေဒကဆိုသည်မှာ သဘောတရား တခုသည် သူ့ဟာသူ ခံစားနိုင်သော သတ္တိရှိခြင်းကိုဆို၏။

(၄) သယံဝသီ ဆိုသည်မှာ သဘော တရား တခုသည် သူ့ဟာသူ အသိုလိုဖြစ်နိုင်ခြင်းကို ဆို၏။

(၅) အဓိဋ္ဌာယ ဆိုသည်မှာ သဘော တရား တခုသည်သူ့ဟာသူတခုတည်း ဆောက်တည်နေနိုင်ခြင်းကို ဆို၏။

(၆) သာမိဆိုသည်မှာ သဘော တရား တခုသည် သူ့ဟာသူ ပိုင်စိုး ပိုင်နင်း ဖြစ်ပေါ်နိုင်ခြင်းကိုဆို၏။

ဤအတ္တ၏ သဘောအနက် အဓိပ္ပါယ် များကို အတို ချုံးလိုက်လျှင်—

အတ္တာတိ ယာမ ကဋ္ဌတ္တာ။ ။အတ္တာတိ၊ အတ္တဟူသည် ကား။ယာမကဋ္ဌတ္တာ၊ အားအစွမ်းမည်၏။

ဟူ၍ ရုပ်နာမ်ဟု ခေါ် အပ်သော သဘောတရားတခု ချင်း၌ ကိုယ်ပိုင် အားအစွမ်းသတ္တိရှိခြင်းကို (အတ္တ)ဟု မှတ် ကြရာ၏။

## အနတ္တဖြစ်ပုံ

အနတ္တပုဒ်မှာ အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်၏၊ ၎င်းအ နတ္တပုဒ်သည် သမာသ်ပုဒ်ဖြစ်၏။ ထို့ကြောင့်--

အနတ္တံ။ ။အတ္တံ၊ အားအစွမ်းသည်။ နတ္ထိ၊ မရှိ။ အနတ္တံ၊ အားအစွမ်းသတ္တိမရှိခြင်းတည်း။

ဟူ၍ ရုပ်နာမ်ဟု အသမုတ်ခံရသော သဘော တရား တခုခုသည် ကိုယ်ပိုင် အားအစွမ်းသတ္တိ အနှစ် သာရ ဘာဘာမျှမရှိခြင်းကိုဆို၏။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ (၁) အသာရ, (၂) အဝသ ဝတ္တန, (၃) အသာမိ,(၄)သုညတ,(၅)တုစ္ဆ,(၆)ရိတ္တ, စသည်ဖြင့် အနတ္တ၏ သဘောများကို ပြဆိုထား၏။

(၁) အသာရဆိုသည်မှာသဘောတရားတခု၌ အနှစ် အသားမရှိခြင်းကို ဆို၏။

(၂) အဝသဝတ္တန ဆိုသည်မှာ သဘောတရားတခု သည် သူ့အလို သူမလိုက်နိုင်ခြင်း ဆို၏။

(၃) အသာဓိက ဆိုသည်မှာ သဘောတရား တခုသည် သူ့ဟာသူ မပိုင်ဆိုင်ခြင်း, အစိုးမရခြင်းကိုဆို၏။

(၄) သုညတ ဆိုသည်မှာ သဘောတရား တခုသည် သူ့ဟာသူ အလိုလို သုဉ်းဆိတ်နေခြင်းကိုဆို၏။

(၅) တုစ္ဆ ဆိုသည်မှာ သဘော တရား တခုသည် သူ့ဟာသူ အချည်းနှီးသဘော ဖြစ်နေခြင်းကိုဆို၏။

(၆) ရိတ္တဆိုသည်မှာ သဘောတရား တခုသည်သူ့ အလိုလို အရိပ်အရောင်းကင်းနေခြင်းကို ဆို၏။

> မှတ်ချက်။ ။သဘောတရားတခုခုဟုဆိုရာ၌ ရုပ်နာမ်ဟု ဝိဇ္ဇမာန ပညတ်အားဖြင့် အသမုတ်ခံရသော ပရမတ်သဘော, ဓာတ်သဘောတခုခုကို ဆိုလို၏။

## ပညတ်နှင့် ပရမတ်

ပညတ်ဆိုသည်မှာ ခေါ် ဝေါ်သုံးစွဲခြင်း ဝေါဟာရ ဖြစ်၍ အနက်များပြားလှ၏။ လိုရင်းမှာ အဝိဇ္ဇမာနပညတ် နှင့် ဝိဇ္ဇမာနပညတ်ဟူ၍ ၂-မျိုးသာဖြစ်၏။

အဝိဇ္ဇမာနပညတ် ဆိုသည်မှာ အကြောင်းပြ အခြေခံ လုံလုံ လောက်လောက် မရှိဘဲ ကမ္ဘာသူ ကမ္ဘာသား တို့ တွေးတော ကြံဆကြပြီး ခေါ် ဝေါ်သုံးစွဲ ကြသော ဝေါဟာရ စကားများဖြစ်ကြ၏။

ဥပမာ-လူ, နတ်, ဗြဟ္မာ, လိပ်ပြာ, အသက်, ကြက်, ငှက်, တော, တောင်, ရေ, မြေ, အတွေတွေ ဖြစ်ကြ၏။

ဝိဇ္ဇမာနပညတ် ဆိုသည်မှာ အကြောင်းပြ အခြေခံလို လောက်သောပညတ်မျိုးဖြစ်၏။

ဥပမာ- ပထဝီ, တေဇော, အာပေါ, ဝါယော, ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ, အစရှိသည်များဖြစ်ကြ၏။

ပရမတ်ဆိုသည်မှာ အမှန်ရှိသည့် သဘောတရားကို ဆို၏။ ထိုအမှန်ရှိသည့်သဘောတရားအသီးသီးကိုပြော ဆိုနားလည်နိုင်ရန် နာမည် အမျိုးမျိုး တတ်ကာ ပြောဆို ခြင်းကို ဝိဇ္ဇမာန ပညတ်ဟုခေါ်၏။ ထိုဝိဇ္ဇမာနပညတ် ဖြင့်ခေါ် ဆိုခြင်းကိုလူတို့ကကြိုက်ကြ၍ ပုံသဏ္ဍာန်အမျိုး မျိုးကိုလိုက်ပြီး လူတို့၏ဝေါဟာရဖြင့်တဖန် ခေါ်ဝေါ်သုံး စွဲကြခြင်းကို အဝိဇ္ဇမာနပညတ်ဟုခေါ်၏။

ထို့ကြောင့် ပညတ်အမျိုးမျိုးဖြစ်ပေါ်လာရခြင်းသည် အမှန်ရှိသော ပရမတ်သဘာဝတို့ကိုအမှီပြုပြီးမှဖြစ်ပေါ် လာ ရ ခြင်း ဖြစ် ၍ ပရမတ် ပျောက်မှ သာ လျှင် ပညတ် ပျောက်ရမည်ဖြစ်၏။ ပရမတ်ပျောက်ရမည်ဆိုသည်မှာ ပရမတ်နိရောဓကိုသိမြင်အောင်ပြုလုပ်ရမည်ဖြစ်၏။ ပရ မတ္ထ နိရောဓကိုသည်း ဘာဝနာ မယဉာဏ်ဖြင့် သာလျှင် သိမြင်နိုင်ပေ၏။ ဘာဝနာမယဉာဏ်ဖြင့် ဝေဖန်သင့်၏ ဟူသို။ ဘာဝနာမယဉာဏ်ကိုရအောင် ဆရာကောင်းထံ ၌နည်းခံသင်ကြားရာ၏၊ ဤကားနေသူပုဂ္ဂိုလ်များအတွက် ဖြစ်၏။

# နေယျပုဂ္ဂိုလ်

ယဿ ပုဂ္ဂလဿ ဥဒ္ဒေသတော၊ ပရိပုစ္ဆတော၊ ယောနိသော မနသိကာရေတော၊ ကလျာဏမိတ္တေ သေဝတော၊ ဘဇတော၊ ပရိရုပါသတော၊ အနုပုဗ္ဗေန ဓမ္မာဘိသမယော ဟောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော နေယျော ။

(သုတ်မဟာဝါအဋ္ဌကထာ)

ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဥဒ္ဒေသတော၊ ပါဠိကိုသင်ပြသဖြင့်၎င်း။ ပရိပုစ္ဆတော၊ ထိုပါဠိတော်၏အနက်ကိုဆွေးနွေးမေးမြန်းသဖြင့်၎င်း။ ယောနိသော မနသိကာရေတော၊ သင့်မှန်သော အကြောင်းဖြစ်သော အနိစ္စစသည်တို့ကို အနိစ္စစသောအားဖြင့် နှလုံးသွင်းခြင်းရှိသော။ ကလျာဏမိတ္တေ၊ အဆွေခင်ပွန်းကောင်းသဘွယ်တကယ်အားထားရာဖြစ်သောဆရာတို့ကို၊ သေဝတော၊ မှီဝဲသော။ ဘဇတော၊ ဆည်းကပ်သော။ ပရိရုပါသတော၊ ခယသောပုဂ္ဂိုလ်အား။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတရားကိုပိုင်းခြား၍သိမြင်သည်၊ ဟောတိ၊ ဖြစ်၏။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို၊ နေယျော၊ နေယျဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သင်ယူ, မှတ်သား, နားကြား, တွေးကြံ, မေးမြန်းရန် ဟူသောကလျာဏအင်္ဂါငါးပါးနှင့်ပြည့်စုံရမည်ဟူလို။

# သုညတ အနတ္တဖြစ်ပုံ

လယ်တီဆရာတော်ဘုရားကြီး၏သြဝါဒကိုလေးလေးနက်နက် စဉ်းစားနိုင်ကြစေရန် မူရင်းအတိုင်း ဖေါ်ပြပြီးအံ့ (ရူပဒီပနီ၀၁ မျက်နှာ ၇၅ မှ–၇၈အထိ။)

"မြေဓာတ်ကိုဉာဏ်ဖြင့် နှုတ်ယူ၍ကြည့်လျှင် ထိုလေပြင်ကြီး သည် မီးဘောက်သေသကဲ့သို့ ချုပ်ပျောက်ခွင့် ထင်မည်။ ။ ရေဓာတ်ကိုလည်း ထို့အတူ ဉာဏ်ဖြင့်နှုတ်၍ရှု။ ။ဤကဲ့သို့ ချည်းအရာဘိုင်းမှာသင် (ပစ္စည်းကို) နှုတ်၍ကြည့်တတ်မှတုစ္ဆ သဘော, သုည သဘော ပေါ်လေသည်။" XXX

"အဲချက်အလက်တို့ကို နေရာကျသိ၍ ဉာဏ်ဖြင့် နှုတ်ကာ နှုတ်ကာကြည့်ရှုပါလျှင် လှုပ်လှုပ်မြင်သမျှ အားလုံးသည် တုံး လုံးပုံလျက် သက်သက် အသေထင်မြင်ပေသည်။ ယင်းသို့ထင် သည်ကို တုစ္ဆ သုည ခေါ်သည်။"

"ပဋိစ္စသမုပ္ပါဒ်နည်း,ပဋ္ဌာန်းနည်းများနှင့် ပစ္စည်းအမျိုးမျိုး တို့ကို ဟောတော်မူသည်မှာလည်း ပစ္စည်းအပြားကို သိစေလို ၍ဟောတော်မူရင်းပင်မဟုတ်၊ ပစ္စည်းတရားကို နေရာကျသိ၍ နှုတ်ကာနှုတ်ကာ ရှုတတ်ပါမှ လောကဓာတ်အားလုံး၏ တုစ္ဆ သဘော,သုည သဘောကို သိနိုင်မည်ဟု နှလုံးပြု၍ နိဿတ္တ, နိဇ္ဇီဝ, တုစ္ဆ, သုညအဖြစ်ကိုသိစေလို၍သာ ဟောတော်မူရင်း ဖြစ်ပေသည်။ ။ဤကဲ့သို့သဘောကိုမသိကြကုန်သော သူတို့ သည် ပဋ္ဌာန်း ၂၄–ကျမ်းကိုအသက်ထက်ဆုံးနှုတ်ဝယ်ငုံသော် လည်း ဤသတ္တလောက,သင်္ခါရလောက, သြကာသလောက၏ တုစ္ဆအဖြစ်, သုညအဖြစ်,နိဿတ္တ, နိဇ္ဇီဝ, အနတ္တ, အသာရ အဖြစ်များကို မရိပ်မိကြကုန်။"

"အနိစ္စလက္ခဏာကို သန္တတိဖုံးလွှမ်းသည်၊ သန္တတိကို ခွါ၍ရှုမှ အနိစ္စလက္ခဏာပေါ်သည်။ ဒုက္ခလက္ခဏာကိုဣရိယ

ပထဖုံးလွှမ်းသည်၊ ဇုရိယ ပထကို ဖွင့်လှစ်၍ကြည့်တတ်မှ ဒုက္ခ လက္ခဏာပေါ်သည်။ အနတ္တကို ဃနဖုံးလွှမ်းသည်၊ ဃနကို ဖွင့်လှစ်၍ ကြည့်တတ်မှ အနတ္တလက္ခဏာ ပေါ်သည်ဟု လာ သော သမ္မော, ဝိသုဒ္ဓိမဂ်တို့ကိုမှီ၍ အနတ္တ၏ ပရိယာယ်ဖြစ် သော တုစ္ဆ, သုည,အသာရကို ပစ္စယ သာမဂ္ဂီ ဖုံးလွှမ်းသည် ဖြစ်၍ ပစ္စယ သာမဂ္ဂီကို ဉာဏ်ဖြင့်ဖေါက်ခွဲ မှတ်လှင့်၍ တုစ္ဆ သဘောကို ရှုပုံနည်းအမြွက်တည်း။”

“လေခဓာတ်ကို နှိုးလျှင်လေပွ၍ ပွင့်လတံ့၊ သဟဇာတ် ပစ္စည်းတို့ကို နှုတ်ခွါ၍ကြည့်လျှင် တုစ္ဆ, သုည အဖြစ်ထင်ရှား လတံ့။”

“ပစ္စယ သာမဂ္ဂီတို့ကိုနှုတ်ခွါ၍ရှုလေ၊သုညတသဘော ထင်ရှားလတံ့။”

အထက်ပါ လယ်တီဆရာတော်ဘုရားကြီး၏ မိန့်ဆို ချက်များ၌ လိုရင်းကို ကောက်နှုတ်ချက် ထုတ်လိုက်လျှင် ရုပ်နာမ်ဟုအသမှတ်ခံရသောခည့်သည့်ပရမတ် သဘော တရား၌မဆို ပစ္စယသာမဂ္ဂီဟု ဆိုအပ်သော ပတ်ဝန်း ကျင် အကြောင်း တရားများနှင့် သဟဇာတ် ပစ္စည်းဟု ခေါ်ဆိုသည့် မြိုင်တူဖြစ်ပေါ်ကြသော သဘောတရားတို့ ကို တခုစီ-တခုစီဉာဏ်ဖြင့် နှုတ်ကာ၊ နှုတ်ကာ ကြည့်ရှု တတ်ပါမူ တလောကလုံး၏ အနတ္တသဘော, တုစ္ဆ သ ဘော, အသာရသဘော, သုညတ သဘောများ ပေါ် လောပေါ် နေသည်ကို ကြောင်ကြောင်ကြီး မြင်လိမ့်မည် ဟု ဆိုလိုတော်မူရင်းဖြစ်၏။ ကြောင်ကြောင်ကြီးမြင်လိမ့် မည်ဟု ဆိုရာ၌လည်း မျက်မြင်, ဝိညဉ်မြင်မျိုး မဟုတ်၊

ဉာဏ်မြင်ဖြစ်သည့်ကို သတိထားရာ၏။ ဉာဏ်မြင်မဟုတ်သရွေ့ ဝိပဿနာမဟုတ်၊ သမထသာဖြစ်လေသည်။

ဤကဲ့သို့ ဉာဏ်အမြင်ပေါက်ရန် မှာလည်း မြတ်စွာဘုရားမှာသာ စိန္တာမယ ဉာဏ်ဖြစ်၍ ဥဿာဃဋိတညူ ပုဂ္ဂိုလ်နှင့် ဝိပဉ္စိတညူ ပုဂ္ဂိုလ်တို့မှာမှုသုတမယဉာဏ်ဖြင့် မဂ်သို့ရောက်နိုင်ကြသော်လည်း ယခုနေယျ ခေတ်၌ နေယျပုဂ္ဂိုလ်များအတွက်မူကား ဆရာကောင်းထံ၌ ဘာဝနာမယဉာဏ်ကို မရသေးသရွေ့ ကာလပတ်လုံးတမဂ်တဖိုလ်ကို မရနိုင်ချေ။ ဘာဝနာမယ ဉာဏ်ကို ရပါမှ ဘာဝနာပွားတတ်မည်။ အလုပ်ကိုလုပ်တို့ထက် အလုပ်လုပ်နည်းကို သိဖို့ကအရေးကြီးသည်။ အလုပ်လုပ်နည်းကိုသိဖို့ဆိုသည်မှာဘာဝနာမယဉာဏ်ကို ရအောင်သင်ယူ, မှတ်သား, နာကြား, တွေးကြံ, မေးမြန်းရန်ဟုဆိုအပ်သော ကသျှာဘာအင်္ဂါငါးပါးနှင့် ညီညွတ်အောင်ဆည်းပူးလေ့လာမှသာ ဖြစ်နိုင်သည်ဟု ဆိုလို၏။ သတိရှိကြပါကုန်။

ထို့ကြောင့်လယ်တီဆရာတော်ဘုရားကြီးက

"ဓမ္မကထိက ပုဂ္ဂိုလ်တို့ပြောဟောမှုသည် ဒေသနာမှု, အနုသာသနီမှုဟူ၍ ၂ ပါးရှိ၏။ ရုပ်အနိစ္စံ,ဝေဒနာအနိစ္စံ - စသည်ဖြင့် ဓမ္မဒေသနာတော်ရှိတိုင်းဟောပြောသည်ကား ဒေသနာမှုတည်း။ ရုပ်အနိစ္စံအရကိုရုပ်၌အနိစ္စပရိညာပေါ်၍လာအောင် ဟောပြောမှုကား အနုသာသနီမှုတည်း။ ဒေသနာမှုမှာ တကြိမ်တခါပင်ဟောပြောသော်လည်းမှတ်သားမိလျှင်ပြီးတော့သည်။

> အနုသာသနီမှုမှာ နာခံသော သူ၏ဉာဏ်ထဲမှာ အနိစ္စပရိညာ စခန်းမပေါ်သမျှ ကာလပတ်လုံး ရုပ်အနိစ္စံကိုပင် ဒိဋ္ဌယုတ္တိ, ပစ္စက္ခယုတ္တိများစွာနှင့် နေ့ရက်များစွာ အခါခါ အထပ်ထပ် ပြောဟောရသည်။ ××××ဤကဲ့သို့ နာခံသောသူ၏ ဉာဏ်မျက်စိနှင့် မြင်ရသကဲ့သို့ ထင်မြင်ရန်အချက် ကွက်ကွက် ကွင်းကွင်း ပေါ်လာမှ အနုသာသနီ ဒဿနကုန်လေသတည်း။ အနုသာသနီ စကားမည်သည် ရုပ်အနိစ္စံ တပုဒ်မှာပင် ဆယ်အင်္ဂါ မကများပြားရာ၏။ ထို့ကြောင့်ကျမ်းဂန်တို့၌ဒေသနာ စကားမျှကိုသာ ထားနိုင်သည်၊ အနုသာသနီ စကားမျိုးကို မထားနိုင်။ ဝိသုဒ္ဓိမဂ်မှာ ရူပသတ္တက အစီအရင် နာမသတ္တက အစီအရင်တို့ဖြင့် အနုသာသနီ ခဏ်းကို ပြဆိုသော်လည်း ဆရာနေရာကျ လက်ထပ်ပြ၍ ဆုံးမသူရှိဦးမှ နေရာကျနိုင်သည်။ ယခုအခါ၌မူကား နေရာကျကျ လက်ထပ်ပြမည့်သူကို တွေ့ခြင်းငှါ ခဲယဉ်းလှ၏။ ”

ဟူ၍လောကပါလ ပုံနှိပ်တိုက်က ရိုက်နှိပ်သော အာဟာရဒီပနီ စာမျက်နှာနံပါတ် ၃၅-၃၆-၌ မိန့်ဆိုတော်မူလေသည်။

ထို့ကြောင့် လယ်တီဆရာတော် ဘုရားကြီး၏ ညွှန်ကြားမိန့်ဆိုချက်အတိုင်း ဝါတ်(၁၈)ပါးတို့၏၊ (ဝါ) ဝိပဿနာရှုထိုက်သော ဒုက္ခသစ္စာဖြစ်သည့်ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့၏ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ကြပုံကို အနုသာသနီနည်းဖြင့် ကုန်စင်အောင် မပြနိုင်စေကာမူ ဤ“**သာသနမုခဒီပနီ**”၌ သဲလွန်စမျှ ရှင်းလင်းအောင်ပြဆိုပေအံ့။ အနုသာသနီနည်းကိုမူကား “**စံပြဝိပဿနာ**” ကျမ်းတွင်ကြည့်ရှုသင့်ကြပေ၏။

## ဝိပဿနာသန့်သန့်သက်သက်

ဝိပဿနာနှင့်ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီး၏ သတိပေးတော်မူချက်သည် ယခုလို တရားတွေ ရှုပ်ထွေးလာသောခေတ်အခါမျိုးနှင့် သာ၍သင့်လျော်လှသဖြင့် နှစ်ပေါင်း ၄၀-ခန့်က လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော ''သာသန ဝိသောဓနီကျမ်း'' ပဌမတွဲ (ဟံသာဝတီမူ) စာမျက်နှာ ၃၁၃-မှ ၃၁၅-အထိထုတ်နှုတ်ပြဆိုဦးအံ့။

''ဝိပဿနာ အလုပ်ကောင်းကောင်းဆိုသည်မှာ ပညတ်တရားနှင့် မရောမယှက် သက်သက်သော ပရမတ္တဓမ္မတို့ကိုထင်မြင်၍ လက္ခဏာရေးသုံးပါးတို့ကို နေရာတကျထင်မြင်မှုကိုဆိုသတည်း။ အချို့သောသူတို့ကား—ဆံပင်,မွေးညှင်း အစရှိသော၃၂—ပါးသော ကောဋ္ဌာသတို့ကို ခွဲခြမ်း၍ ထင်မြင်နိုင်လျှင် ပုဂ္ဂိုလ်သတ္တဝါဟူ၍မတွေ့ပြီ၊ အတ္တဇီဝဟူ၍ မတွေ့ပြီ၊ အနတ္တ ထင်မြင်ချက် နေရာကျသည်ဟု မှတ်ထင်ကြကုန်၏။ ဆံပင်,မွေးညှင်းအစရှိသော ကောဋ္ဌာသတို့သည်လည်း ပညတ်မျိုးတို့သာတည်း။ ထို့ကြောင့်—ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်းအစရှိသော ၃၂- ပါးသောကောဋ္ဌာသတို့ကို ဆင်ခြင်မှုသည် အနတ္တ သို့ မဆိုက်၊ အတ္တဘက် ၌ သာ တည် လေသတည်း။''

''ယခုလောက၌ဘာဝနာအလုပ်ကိုအားထုတ်ကြသူအလွန်ပေါများ၏။ သမထလုပ်နည်းအမျိုးမျိုး, ဝိပဿနာလုပ်နည်းအမျိုးမျိုးရှိကြ၏။ ရုပ်,နာမ်တရားတို့ကို ကောင်းကောင်းနားလည်၍ ရှုကြသူလည်းရှိကြ၏။ ရုပ်,နာမ်တရားတို့ကို ကောင်းကောင်းနားမလည်မူ၍ ထင်မိထင်ရာ ရှုကြသူလည်း ရှိကြ၏။

သမထအလုပ်ဖြစ်စေ,ဝိပဿနာအလုပ်ဖြစ်စေမြဲမြဲစွဲစွဲအားထုတ်၍ လုပ်နိုင်လျှင် နိဝရဏတရားကို ခွါနိုင်၏။ စိတ်၏ တည်ကြည် ခြင်း အ ထူး သို့ ရောက် နိုင်ကြ၏။ ကိုယ်ရောင်ကိုယ်ဝါများလည်းဖြစ်ပေါ်လာကြ၏။ ဤသို့အထူးအထွေ ဖြစ်ပေါ်လာသည်ကိုအချို့က မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရပြီ၊ သောတာပန်ဖြစ်ပြီဟု မှတ်ထင်ကြကုန်၏။ မဟုတ်လေစွ၊ နိဝရဏကွာမှု၏အကျိုးဆက်မျှပေတည်း။"

"လောက၌ ကမ္မဋ္ဌာန်း နည်းဆန်းတွေ လည်း အလွန် ပေါများကြ၏။ အချို့သောဆရာတို့သည် နတ်မှော်သွင်းသကဲ့သို့ကမ္မဋ္ဌာန်းမှော်သွင်း၍ပေးကြကုန်၏။ အချို့သောဆရာတို့သည်ဘီလူးမှော်သွင်းသကဲ့သို့ ကမ္မဋ္ဌာန်းမှော်သွင်း၍ ပေးကြကုန်၏။ အချို့သော ဆရာတို့သည် အနောက်နိုင်ငံမှ ရောက်လာသောစိတ်ညှို့အတတ်ကဲ့သို့ သူတပါးစိတ်ကို မိမိစိတ်ဖြင့် ဖိနှိပ်၍ခဏချင်းထင်ချက်, မြင်ချက် ရ အောင် ပေးကြကုန်၏။ ထိုအခါလောက၌ အချို့သော ကသဲနတ်, ရှမ်းနတ်, တလိုင်းနတ်တို့သည်ခဏချင်း ဝင်ရောက်လာကြကုန်၍၊ ကမ္မဋ္ဌာန်းယူသူတို့၏စိတ်၌ အထူးထူးအထွေထွေ, ထင်အောင်ပြကြကုန်၏။"

"အချို့သောသူတို့မှာ အသုဘကောင်ကြီးထင်လာကြ၏။ အချို့သောသူတို့မှာ အရိုးစုကြီးထင်လာကြ၏။ အချို့သောသူတို့မှာ မြတ်စွာ ဘုရား ရွှေရုပ်ပွားတော်ကြီးထင်လာကြ၏။ အချို့ သော သူ တို့မှာ ရဟန်းတော်ကြီးများ ထင်လာကြ၏။ အချို့သောသူတို့မှာလှပတင့်တယ်သော လူရုပ်ပုံ, နတ်ရုပ်ပုံ, များထင်လာကြ၏။ ထိုတွင်ရဟန်းတော်ကြီးထင်သည်ကို ကမ္မဋ္ဌာန်းပေးဆရာတို့က မြတ်စွာဘုရားဟုပြောဆိုကြကုန်၏။ လှပတင့်တယ်သော လူရုပ်ပုံ, နတ်ရုပ်ပုံများထင်လာသည်ကို ကမ္မဋ္ဌာန်းပေးဆရာတို့က ဝေဿဝဏ္ဏ နတ် မင်း ကြီး ဖြစ် သည် ဟုပြောဆိုကြကုန်၏။ အချို့ဆရာတို့က အရိမေတ္တေယျမြတ်စွာဘုရားအလောင်းတော် နတ်မင်းကြီး ဖြစ်သည်ဟု ပြောဆိုကြ

ကုန်၏။ အချို့ဆရာတို့ကသိကြားမင်းကြီး, ဗြဟ္မာမင်းကြီးဖြစ်သည်ဟု ပြောဆိုကြကုန်၏။လောကဥ္စလူတို့သည် ဘုရားရုပ်ပွါးတော်, ဘုရားအသွင်တော်မြင်ရသည်ဆိုလျှင် အလွန်မက်မောကြ၏။ ထို့အတူ နတ်မင်းကြီး သိကြားမင်းကြီး, ဗြဟ္မာမင်းကြီးဖြစ်သည်ဆိုလျှင် အလွန်မက်မောကြ၏။ အရိမေတ္တေယျဘုရားအလောင်းတော်ကြီးဆိုလျှင် တလောကလုံးပင်မက်မောတတ်ကြ၏။ သတိထားကြလေကုန်၊"

ပညာသိ ဝိပဿနာကို မပေါ် ပြမီ ဒေသနာ့ယုတ္တိ, အာဂမယုတ္တိစသော ကျမ်းဂန်အကိုးအကားကို အထူးတွေးတော ဆင်ခြင်စဉ်းစား၍ ဉာဏ်သက်ဝင်နိုင်ကြစေခြင်းအကျိုးငှါ ပေါ် ပြဦးအံ့။

နသက္ကေန ဗလေန ဇာယရေ,
နာပိ သက္ကေန ဗလေန တိဋ္ဌရေ၊
ပရဓမ္မ ဝသာနု ဝတ္တိနော,
ဇာယရေ သင်္ခတာ အတ္တဒုဗ္ဗလာ။ ။
(ဝိသုဒ္ဓိမဂ်—ဒိဋ္ဌိဝိသုဒ္ဓိအဖွင့်။)

သက္ကေန ဗလေန၊ဘခုသော ပရမတ်သဘော, ဓာတ်သဘောတရားသည် သူ၏ အစွမ်း သတ္တိအားဖြင့်။ နဇာယရေ၊ မဖြစ်ပေါ် ရာချေ။သက္ကေန ဗလေန၊ မိမိ၏အစွမ်းအားဖြင့်။ နာပိတိဋ္ဌရေ၊ရပ်လည်းမရပ်တည်နိုင်ချေ။ ပရဓမ္မဝသာနုဝတ္တိနော၊ အခြားသော သဘောတရားတို့၏ အလိုသို့သာလိုက်ပါနေရရာ၏။သင်္ခတာ၊ဥပါဒါနက္ခန္ဓာ တည်းဟူသော သင်္ခတသင်္ခါရ, အဘိသင်္ခတ သင်္ခါရ

တရားတို့သည်၊ အဇ္ဈတ္တဗဟိဒ္ဓလာ၊ ပင်ကိုယ်အစွမ်း ပင်ပန်း အားသေးကြလျက်၊ ဇာယရေ၊ ပတ်ဝန်းကျင် သဘော တရားတို့ကြောင့် တကယ်ရှိယောင်ဟန်ဆောင်ပမာ ဖြစ် ပေါ်လာကြရကုန်၏။

ပရပစ္စယတော စ ဇာယရေ
ပရအာရမ္မတော သမုဋ္ဌိတာ၊
အာရမ္မဏာ ပစ္စယေဟိ စ,
ပရဓမ္မေဟိ စိမေ ပဘာဝိတာ။ ။
(ဝိသုဒ္ဓိမဂ်-ဒုဋ္ဌိဝိသုဒ္ဓိအဖွင့်။)

ပရပစ္စယတော စ၊ပစ္စယသာမဂ္ဂီဟု ဆိုအပ်သောပတ် ဝန်းကျင် အခြား သဘောတရားတို့က ဖေါ်ပြ၍သော် ၎င်း၊ ဇာယရေ၊ဖြစ်ပေါ်လာကြရကုန်၏။ ပရအာရမ္မဏ တော၊ အခြားသော ပရမတ္ထဓမ္မာရုံဖြစ်သော အာရုံ ကြောင့်၊ သမုဋ္ဌိတာ၊ပေါ်ထွက်တည်ရှိလာကြရကုန်၏။ အာရမ္မဏာပစ္စယေဟိ စ၊ အာရုံ၏ ကျေးဇူးပြုချက်အရနှင့် ၎င်း။ ပရဓမ္မေဟိ စ၊အာရုံမှတပါး အခြားသော သဘော တရားတို့ကြောင့်၎င်း၊ဣမေ၊ ဤပရမတ္ထဓမ္မာရုံ ဖြစ်သော ရုပ်နာမ်သဘောတရားတို့သည်။ ပဘာဝိတာ၊တကယ်ရှိ ယောင် ဟန်ဆောင်ပမာ ကမ္ဘာသူ ကမ္ဘာသားတို့၌ ဘာဘာ ညာညာ ထင်စရာအဖြစ်ဖြင့် ပေါ်ထွက်လာကြ ရကုန်၏။

ပရမတ္ထဓမ္မာရုံဖြစ်သော ပဋိစ္စသမုပ္ပါဒ,ပဋိစ္စသမုပ္ပန္န ဖြစ်ကြသည့် ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ် တရားတို့

သည် အကြောင်းအကျိုး တွဲဘက်ခါ သမုဟယာန,သန္တတိယာန, ကိစ္စယာန, အာရမ္မဏယာန အနေမျိုးဖြင့်ဖြစ်ပေါ်လာကြကုန်၏၊ ထိုအခါ ထိုသဘောတို့သည် ၎င်းတို့၏ ကိုယ်ပိုင် အားအစွမ်းသတ္တိဖြင့် ဖြစ်ပေါ်လာကြကုန်၏ဟူ၍ မနှသာ လူသားတို့က အထင် မှားကြ ကုန်သဖြင့် အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ ဖြစ်ကြရကုန်၏။ ထို့ကြောင့် အတ္တ-ယာနဖြစ်သော ခတ်သဘာဝပေါ်တွင် သောင်တင်မနေကြရန် ယာနတို့ကိုဘာဝနာမယဉာဏ်ဖြင့်ဖေါက်ခွဲကြည့်ရှုကြရမည်ဟူလို။

## အနတ္တထင်နိုင်ပုံ

နာနာဓာတူယော ဝိနိဗ္ဘုဇိတွာ ယာနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။ ။

[သမ္မောဟဝိနောဒနီအဋ္ဌကထာ။]

နာနာဓာတုယော၊ အထူးထူးအပြားပြားသော ဓာတ်တို့ကို၊ ဝိနိဗ္ဘုဇိတွာ၊ ခွဲခြမ်းဝေဖန်နိုင်သည်ဖြစ်၍၊ ယာနဝိနိဗ္ဘောဂေ၊ ယာနလေးစုံ ကြေကွဲပုံကို၊ ကတေ၊ ပြုအပ်သည်ရှိသော်၊ အနတ္တလက္ခဏံ၊ ပင်ကိုယ် အားအစွမ်းသတ္တိမြူကမျှ မရှိသော အနတ္တသဘောသည်၊ ယာထာဝသရသတော၊ နဂိုမူလသူ့သဘာဝအဘိုင်း-ဟုတ်တိုင်းမှန်ရာ၊ ဥပဋ္ဌာတိ၊ မိမိ၏အသိဉာဏ်၌ထင်မြင်ပေါ် ပေါက်လာရပေ၏။

## အနိစ္စထင်နိုင်ပုံ

ဥဒယဗ္ဗယံ ပရိဂ္ဂဟေတွာ သန္တတိယာ
ဝိကောပိတာယ အနိစ္စလက္ခဏံ ယထာဝ
သရသတော ဥပဋ္ဌာတိ။ ။

(သမ္မောအဋ္ဌကထာ)

ပန၊ဆိုဦးအံ့။ ဥဒယဗ္ဗယံ၊ဖြစ်ပုံ,ပျက်ပုံ နည်းမျိုးစုံကို။ ပရိဂ္ဂဟေတွာ၊ ပညာဉာဏ်ဖြင့်- ထင်စွာအမှန်ယူဆနိုင်သည်ဖြစ်၍။သန္တတိယာ၊အဟောင်းပျက်အသစ်ဆက်ဆိုသည့်ဖြစ်ပျက်, ဖြစ်ပျက်အစရှိသော ရုပ်နာမ်တဖွါးဖွါး, တဒိဗ်ဒိဗ်, တသိမ့်သိမ့်, တအိအိနှင့် ဓမ္မနိယာမ အတိုင်းအမှန်ရှိသည့် သန္တတိအစဉ်ယာနကို။ ဝိကောပိတာယ၊ အချက်ပိုင်ပိုင်,ပျက်နိုင်ဖြတ်နိုင်ခြင်းကြောင့်၊ အနိစ္စလက္ခဏံ၊ဒိဋ္ဌအစစ်, အနိစ္စဖြစ်သော သဘာဝတရားသည်၊ ယထာဝ သရသတော၊ နဂိုမူလ,သူ့သဘာဝ ပင်စစ်သမုပ္ပန္န အနိစ္စဓမ္မာအတိုင်း။ ဥပဋ္ဌာတိ၊ မိမိ၏ပကတိ ဉာဏ်၌ ဂုန်းဂုန်းလင်းလင်းနှင့်ဘွင်းဘွင်းကြီးထင်မြင်ပေါ်ပေါက်လာရပေ၏။

---

ပြင်ဆင်ချက်။

စာမျက်နှာ ၁၃ဝ-အကျိုးတရား ၅-ပါးအောက်၌ နာမ်ရုပ် ၂-ပါး အစား ၆-ပါးဟုပြင်ဆင်ဖတ်ရှုပါ၊

# ဒုက္ခထင်နိုင်ပုံ

အတိဏှ သမ္ပဒ္ဓို ပိဋ္ဌနံ မနသိကတွာ
ဣရိယာပထေ ဥဃာဋိတေ ဒုက္ခလက္ခဏံ
ယထာဝ သရသတော ဥပဋ္ဌာတိ။ ။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ။)

အဘိဏှသမ္ပဋိ ပီဋ္ဌနံ၊ မပြတ်မလပ် အထပ်ထပ်ဖြင့် တလစပ် နှိပ်စက်အပ်သော သဘောကို။ မနသိကတွာ၊ ပိုင်ပိုင်နိုင်နိုင် နှလုံးသွင်းနိုင်သည်ဖြစ်၍။ ဣရိယာပထေ၊ သွားခြင်းကိုမှတ် ရပ်ခြင်းကတသွယ်, ထိုင်ခြင်းကတမျိုး, လျောင်းခြင်းကတနည်း, မှတ်လိုပင်မပြီးနိုင်သည့်အချည်းနှီးသော ဣရိယာပုထ်ကို။ ဥဃာဋိတေ ကွာပျက်သည်ရှိသော်၊ ဒုက္ခလက္ခ ံ၊ ထောက်တည်ရာမရှိ, ပကတိပင်ကိုယ်ကဒုက္ခအတိမ္ပသာဖြစ်သော သဘောတရားသည်။ ယထာဝ သရသတော၊ နဂိုမူလ - သူ့သဘာဝအတိုင်း ဟုတ်တိုင်းမှန်ရာ။ ဥပဋ္ဌာတိ၊ မိမိ၏ဉာဏ်ဝဌ်အလိုလိုထင်ဖြင်ပေါ် ပေါက်လာရပေ၏။

ဒုက္ခကို ဣရိယာပထဖုံးသည်ဟု ဆိုသဖြင့် ထိုင်လျှင် ထိုင်တယ်လို့မှတ်၊ ထလျှင်ထတယ်လို့မှတ် စသည်ဖြင့် တမှတ်ထဲမှတ်နေကြသော်လည်း မူလအနိဋ္ဌသဘောက အမြဲမပြတ်တလစပ် အနှိပ်စက်ခံနေရသဖြင့် သူ့ဟာသူ ထောက်ရာတည်ရာမရသော သင်္ခါရဒုက္ခကို မသိမမြင်သရွေ့ ကာလပတ်လုံး ဝိပဿနာဉာဏ်တရံတဆစ်မျှဖြစ်လိမ့်မည်မဟုတ်ချေ။

## ဃနကိုဖေါက်ခွဲရန်အရေးကြီးပုံ

တသ္မိံ ယေဝ သမယေ ဖဿော ဟောတိ
ဝေဒနာ ဟောတိ ပေ ံ တသ္မိံ ဝိတ္တုဒ္ဒိယမိတော
သမယေ ဌတော သန္တတိ သမူဟာကိစ္စာရမ္မဏာ
ဃာန ဝသေန ဒုရန္နယော ဝပ္ပဘောဒေဖဿ
ဝေဒနာ ဒယောဝမ္မေ ပေဝဓေတုန္တိ အဝစ္စဉ္ဇာ။ ။

ဟူသောအဋ္ဌသာလိနီ အဋ္ဌကထာ စာမျက်နှာ (၁၁၁) ဓိတ္တုပ္ပါဒကဏ္ဍ-ကမာဝစရကုသလပဒ (၆)တွင် ဖေါ်ပြထားသည့်အတိုင်းတွေ့ကြုံခံစားဟုဆိုအပ်သော သဘောတရားတို့ကို သန္တတိဃန, သမူဟာဃန, ကိစ္စဃန, အာရမ္မဏာဃနဟူသော ဃန ၄-မျိုးကို ဖေါက်ခွဲ ပိုင်းခြားခြင်းအားဖြင့် သိမြင်နိုင်ရန် အလွန့်အလွန် ခဲယဉ်းလှပေသည်ဟု မိန့်ဆိုတော်မူ၏။ သို့ကြောင့် မိမိဉာဏ်ဖြင့် သလောက် ဃနတို့ကို ဖေါက်ခွဲ၍ပြဆိုပေအံ့။

## ရူပါရုံ-အဆင်းရုပ်၌-ဝိပဿနာရှုပုံ

(၁) အဆင်းဟူသမျှမမြဲသောကြောင့် အနိစ္စ၊ မမြဲသဖြင့် ဆင်းရဲသောကြောင့် ဒုက္ခ၊ ထိုမမြဲ, ဆင်းရဲတို့ကို ဘယ်နည်းနဲ့မှ တားလို့မရ, အစိုးမရ သောကြောင့် အနတ္တဖြစ်၏ စသည်ဖြင့်ဆင်ခြင်စဉ်းစား ခြင်းကို သညာသိဝိပဿနာဟုခေါ်၏။

(၂) ရူပါရုံဘဲ, အဆင်းဘဲ ဆိုသည့်မှာ ဝိဇ္ဇမာန ပညတ်ဖြစ်၍တကယ်မရှိ၊ ရူပါရုံဘဲ, အဆင်းဘဲဟု အသ မှတ်ခံရသော ပရမတ်သဘော,ဓာတ်သဘော မြည့်မြည့် ကလေးသာ အမှန်ရှိ၏။ ထိုအမှန်ရှိသည့် ပရမတ်သ ဘော, ဓာတ်သဘောကလေးသည် ဖြစ်ပျက်, ဖြစ်ပျက် နှင့် အသစ်ဆက်နေတဲ့ သဘောပါတကား-အနိစ္စ၊ ထိုဖြစ် ပျက်, ဖြစ်ပျက်တို့ဖြင့် အနှိပ်စက်ခံနေရလို့ ဆင်းရဲတဲ့ သ ဘောပါတကား-ဒုက္ခ၊ ထိုအနိစ္စ, ဒုက္ခသဘောတို့ကို အ စိုးမရသောကြောင့် အနတ္တပါ တကား---ဟု ဆင်ခြင် နည်းမျိုးသည် ဝိညာဉ်သိဝိပဿနာဖြစ်၏။

(၃) ပညာသိဝိပဿနာ ဆိုသည်မှာ အဆင်းဟု အသမှတ်ခံရသော ပရမတ်သဘော, ဓာတ်သဘောက လေးသည်မည်ကဲ့သို့ဖြစ်ပေါ်ချုပ်ဆုံးနေပုံကိုအကြောင်း ရင်းနှင့်တကွပိုင်ပိုင်နိုင်နိုင်ကြီး- မိမိ၏ ဉာဏ်ဝယ်မှာသိမြင် နေ၍ အကြောင်းပြတ်၍ အကျိုးရပ်ခြင်း၊ သန္တတိအစဉ် ပြတ်၍ ပရမတ္ထ မရဏ, ပရမတ္ထ နိရောဓ ဖြစ်ခြင်း၊ တ ကယ်ဖြစ်, တကယ်ရှိမဟုတ်သော ဥပါဒါနက္ခန္ဓာ အ ဆင်းရုပ်ဖြစ်သဖြင့် ကာလသုံးပါးမှ လွတ်ခြင်း၊ နိရုမ္ဘသ သျှ္ဘာဝအတိုင်း အနိစ္စစစ်, ဒုက္ခစစ်, အနတ္တစစ်ဖြစ် နေခြင်းတို့ကို ကွက်ကွက် ကွင်းကွင်း ရှင်းရှင်း လင်းလင်း ကြီးသိမြင်နေရမည်ဖြစ်၏။

ထို့ကြောင့် ရူပါရုံဘဲ, အဆင်းဘဲ,ဟုခေါ်ဆို အသ မှတ်ခံရသော ရုပ်သဘောတရား၏ ဖြစ်ပေါ် တည်ရှိနေ ပုံကို ယထာဘူတ ပုံစံနှင့် ရှင်းလင်းပြဆိုပေအံ့။

## ရူပါရုံယထာဘူတပုံစံ

| | |
|---|---|
| ၁—စက္ခုပသာဒ = မျက်စိအကြည်၊<br>၂—စက္ခုဝိညာဏ် = မြင်စိတ်၊<br>၃—အာလောက = အလင်း၊<br>၄—မနသိကာရ = နှလုံးသွင်း၊ | ဗဟိဒ္ဓ=အပြင်ဘက်က အကြောင်းတရား ၄—ပါး (ယာယီဿန ၄—ပါး။) |

(ရူပါရုံ=အဆင်းသဘော) = အကျိုးတရားတပါး။

| | |
|---|---|
| ၁-ပထဝီ=တည်ပေးဓာတ်၊<br>၂—တေဇော=စောင့်ရှောက်ဓာတ်၊<br>၃—အာပေါ =ဖွဲ့စည်းဓာတ်၊<br>၄—ဝါယော =တွန်းကန်ဓာတ် | အဇ္ဈတ္တ=အတွင်းဘက်က အကြောင်းတရား ၄-ပါး။ (မူလ ဿန ၄—ပါး။) |

ဤပုံစံကို ကြည့်လျှင်အဆင်းဟု အသမုတ် ခံရသော သဘောကလေးဖြစ်ပေါ် တည်ရှိနေရပုံကို သိနိုင်ပေမည်။

အဆင်းသဘော၏ အတွင်းဘက်၌ ပထဝီ,တေဇော, အာပေါ, ဝါယောဟု ဆိုအပ်သော ဓာတ်ကြီး လေးပါး တို့သည် ကျောထောက်နောက်ခံအနေမျိုးနှင့် ရှိကြသည်။ ပထဝီသည် အခြားနီးကပ်လျက်ရှိသော ဓာတ် ၃ ပါးနှင့် တကွ အဆင်းသဘောကိုတည်ပေး၏၊ တေဇောသည် ကျန်ဓာတ် ၃ ပါးနှင့်တကွအဆင်းသဘောကိုရင့်ကျက် စေအောင် စောင့်ရှောက် ပေး၏။ အာပေါသည် ကျန် ဓာတ် ၃ ပါးနှင့်တကွ အဆင်းသဘောကို မပြိုမကွဲ ဖရို ဖရဲမဖြစ်ရအောင် ဖွဲ့စည်းထား၏၊ ဝါယောသည် ကျန်

ခါတ် ၃ ပါးနှင့် အဆင်းသဘောကိုသမအောင်တွန်းကန်ပေး၏။

ပထဝီ, တေဇော, အာပေါ, ဝါယော, ဟူသော ဓါတ်ကြီး ၄-ပါးတို့သည် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဟူသော အဆင်း, အနံ့, အရသာ, ဩဇာတို့ကို တလုံး တစည်းတည်း ဖြစ်အောင်တည်ထောင် ပြုလုပ်ပေးဘိ သကဲ့သို့ အခြား ဓါတ်များ၏ တည်ရာ မှီရာ ဖြစ်သောကြောင့် မဟာဘုတ်ဖြစ်သည်။ မဟာဘုတ် ဆိုသည်မှာ မဟာဘူတဖြစ်၍ အခြားဓါတ်များကို ကြီးကျယ်အောင် ပြုလုပ်နိုင်သော သတ္တိရှိသော ဓါတ်သဘောများဟု ဆိုလို၏။

ယထာဘူတ ပုံစံအတိုင်း ရူပါရုံဟုခေါ် ဆိုအပ်သော အဆင်းသဘော ကလေးသည် ၎င်း၏ အတွင်း ဘက်၌ မူလဟနဖြစ်သော ဓါတ်ကြီး ၄ ပါးနှင့် မျက်စိအကြည်, မြင်စိတ်,အလင်း, နှလုံးသွင်းဟူသော ဟာဟဇီဟန ၄ပါးတို့၏ ပေါင်းဆုံရစည်းခိုက်၌ ၎င်းအဆင်းသဘောတပါးပါ၊ ပေါင်း ၉-ပါးသော သဘောတရားတို့သည် အာရမ္မဏာဟနအဖြစ်ဖြင့် ရူပါရုံဘဲ, အဆင်းဘဲ,ဟု ခေါ် ဝေါ် ပြောဆိုစရာအနေမျိုးဖြင့် ဖြစ်ပေါ် လာရပေ၏။ အမှန်စင်စစ်မှာမူကား ဥပါဒါန်၏ အါရုံမျှသာဖြစ်သေါကြောင့် တကယ်ဖြစ်, တကယ်ရှိဟုတ်သော သဘောမဟုတ်ချေ။ တကယ်ဖြစ်, တကယ်ရှိခဟုတ်သော သဘော တရား၌ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟူသော ကာလ သုံးပါး, အဝေး၊ အနီး, အကြမ်းအနု, အယုတ်, အမြတ် စသည်

ဖြင့် ဝေဖန် ပြုလုပ်နေပါက ယုန်ချို လိပ်မွေး ဟူသော
စကားကဲ့သို့ အပိုအလကား ရယ်ဘွယ်မျှသာ ဖြစ်ပေ၏။
သို့ရာတွင် အဝိဇ္ဇာရှိ သူတို့သည် မရှိတရားကို အရှိလုပ်
ထားကာ သဲသဲမဲမဲစွဲမြဲ ယူဆထားကြရာ၊ မရှိဆိုသည်မှာ
မည်ကဲ့သို့ မရှိသည် မည်သည့် သဘောတရားများ မရှိ
သည်၊ ရှိဆိုသည်မှာ မည်ကဲ့သို့ ရှိသည် မည်သည့်သဘော
တရားများသာ ရှိသည်ကို တတ်တတ် အပ်အပ် သိမြင်
နိုင်အောင်ဝေဖန်နိုင်မှသာလျှင် အဝိဇ္ဇာကိုထွင်းဖေါက်၍
ဝိဇ္ဇာဉာဏ်အလင်းသို့ ရောက်ကြရပေမည်။

ရူပါရုံဟု ခေါ် ဆိုအပ်သော အဆင်းသဘောကလေး
သည် အာရမ္မဏဃန အနေမျိုးဖြင့် ဖြစ်ပေါ်လာရာ အ
နတ္တကို ဃနဖုံးသည်ဟု ဆိုသည့်အတိုင်း ဃနကို ဖေါက်
ခွဲကြည့်ရှုနိုင်ပါက ပညာသိအနတ္တ ပညာသိ ဝိပဿနာ
ဖြစ်ရတော့၏။

ထို့ကြောင့်ရူပါရုံဘဲအဆင်းဘဲဟု ခေါ် ဆိုအသမုတ်
ခံရသော ပရမတ်သဘော၊ ဓာတ်သဘောကလေးသည်
သူ့ဟာသူ ဖြစ်ပေါ် နိုင်သော ကိုယ်ပိုင်အားအစွမ်းသတ္တိ
မရှိ၊ ကျောထောက် နောက်ခံအဖြစ်ဖြင့်ပထဝီ၊ တေဇော
အာပေါ၊ ဝါယောဟူသောမဟာဘုတ်လေးပါးကိုလည်း
အမှီပြုရဦးမှမျက်စိအကြည်၊ မြင်စိတ်၊ အလင်း၊ နှလုံးသွင်း
တို့ကလည်းထောက်ခံကျေးဇူးပြုကြဦးပါမှဖြစ်ပေါ်နိုင်သ
ဖြင့်အတ္တသတ္တိအနှစ်အသားမရှိသောကြောင့်အသာရက
ဋ္ဌေနအနတ္တာဟု ဆိုသည့်အတိုင်း အနတ္တ သဘောဖြစ်၏။

သူ့အလိုအတိုင်း-သူ့ဟာသူမဖြစ်ပေါ်နိုင်သောကြောင့် အဝသဝတ္တန အနတ္တသဘောဖြစ်၏။ သူ့သဘောကိုသူ မပိုင်ဆိုင်ခြင်းကြောင့်အသာမိကအနတ္တဖြစ်၏။ အခြားသဘောတရားများအနက်တခုခုချို့ယွင်းပျက်ကွက်နေပါက သူကိုယ်တိုင်လည်း သုဉ်းဆိတ်နေသောကြောင့် သုညတ အနတ္တဖြစ်၏။ သူ့ဟာသူသုဉ်းဆိတ်နေ၍ အချည်းနှီးဖြစ်နေသောကြောင့် တုစ္ဆ အနတ္တဖြစ်၏။ သူ့မှာဘာမျှအရိပ်အရောင်မရှိသောကြောင့် ရိတ္တ အနတ္တဖြစ်၏။

ဤကဲ့ သို့ ပတ် ဝန်း ကျင် နိုး ကပ် ဖြစ် ပေါ် လျက်ရှိကြသော ပစ္စယသာမဂ္ဂီသဘောများ, သဟဇာတ်သဘောများကို တခုစီ,တခုစီဉာဏ်နှင့်နှုတ်ကာ, နှုတ်ကာကြည့်ရှုပါမူကား အဆင်းဟု အသမုတ် ခံရသော သဘောကလေးသည် ပင်ကိုယ်အား အစွမ်းသတ္တိ နဂိုမူလကပင်မရှိကြောင်းကို ယောဂီ၏ ဉာဏ်ဝယ် ဘွင်းဘွင်းကြီးဝန်ခံနေရပေလိမ့်မည်။ ဤကဲ့သို့ အရှုခံရသော(ဝါ) အစဉ်းစားအဝေဖန်ခံရသော သဘောတရား ကိုယ်တိုင်က ကျွန်ုပ်တွေ့အနတ္တပါ၊ သင်တို့က အတ္တပြုလုပ်ကာသိမ်းပိုက်နေကြငြားသော်လည်းအလကားပါဘဲ၊ အပိုအချည်းနှီးပါဘဲဟုပြောဆိုဝန်ခံနေဘိသကဲ့သို့ ပိုင်ပိုင်နိုင်နိုင်ကြီးသိမြင်ရပေမည်။ သို့မှသာလျှင်အတ္တဒိဋ္ဌိပြုတ်နိုင်၏။ မိမိ၏မနောဝိညာဉ်ကစွဲပြီး, အနိစ္စ, ဒုက္ခ, အနတ္တတွေပါတကားဟုအရှုခံရသော သဘောတရားတွေအပေါ်၌ လက္ခဏာရေးသုံးပါးတင်နေကြသော်လည်း ဉာဏ်ကွဲအောင်နဂိုမူလ သူ့သဘာဝအတိုင်း အနိစ္စ, ဒုက္ခ, အ နတ္တသဘောမျှ

သာဖြစ်ပေါ်တည်ရှိနေသည့်ကိုမမြင်လျှင် ဝိပဿနာဉာဏ်တရံတဆစ်မျှဖြစ်လိမ့်မည်မဟုတ်ချေ။

အဆင်းဟုအသမုတ်ခံရသောသဘောတရားကလေးသည် အခြားသောပတ်ဝန်းကျင်သဘောတရားထဲမှာလည်းမရှိဘဲ ပျောက်ပျက်ကုန်ခန်းနေခြင်း၊ အခြားသဘောတရားတို့ကို မှီခိုအားထားပြီးမှ ဖြစ်ပေါ်လာရသဖြင့် သူ့အားအစွမ်းသတ္တိ နဂိုကပင် ပျောက်ပျက်ကုန်ခန်းနေခြင်းတို့ကြောင့် ခယဋ္ဌေနအနိစ္စံ — ဟု ဆိုသည့်အတိုင်း အနိစ္စသဘောမျှသာဖြစ်ပေ၏။

အဆင်းသဘောကလေးသည် နဂိုကပင် ကိုယ်ပိုင်အားအစွမ်းသတ္တိမရှိခြင်း၊ ကိုယ်ပိုင်အားအစွမ်းသတ္တိပျောက်ပျက်ကုန်ခန်းနေခြင်းတို့ကြောင့် ၎င်းသဘောတရားကလေးကိုယ်တိုင် ထောက်ရတည်ရာ, ပုန်းအောင်းရာ, မှီခိုရာမရသော သဘောကလေးဖြစ်ရကြောက်မက်ဘွယ်ကောင်းသောဘေးဘယနှင့်တူသောကြောင့် ဘယဋ္ဌေနဒုက္ခံ — ဟုဆိုသည့်အတိုင်း မူလဒုက္ခသဘောတရားမျှသာဖြစ်ပေ၏။သူကိုယ်တိုင်ကကျွန်ုပ်သည်ဒုက္ခသဘောအစစ်ပါဟုမပြောသော်လည်း ပြောဆိုဝန်ခံနေသကဲ့သို့ ယောဂီ၏ဉာဏ်၌ထင်ရှားသိမြင်နေရမည်ဟူလို။

**သင်္ခတ, အသင်္ခတလက္ခဏာရေးသုံးပါး**

အထက်က ဖော်ပြခဲ့သော အနိစ္စ, ဒုက္ခ, အနတ္တသဘောများသည်ကား အသင်္ခတလက္ခဏာရေးသုံးပါးဖြစ်

၏။ အသင်္ခတဆိုသည်မှာသဘောတရားတခုစီ, တခုစီ သီးခြားတည်ရှိနေခြင်းကိုဆို၏။ သင်္ခတဆိုသည်မှာ သဘောတရားများစုပေါင်းဆုံစည်းမိခြင်းကိုဆို၏။

သဘောတရားများစုပေါင်းဆုံစည်းပြီးမှဖြစ်ပေါ်လာရသော အဆင်းသဘောကလေးသည် မမြဲသောကြောင့် အနိစ္စ၊ မမြဲသဖြင့် ဆင်းရဲသောကြောင့် ဒုက္ခ၊ မမြဲခြင်း, ဆင်းရဲခြင်းကိုမြဲအောင်,ချမ်းသာအောင်လုပ်၍မရသောကြောင့်အနတ္တဟူ၍ရှုနည်း,ဆင်ခြင်နည်းမျိုးသည်၊သင်္ခတအနိစ္စ, သင်္ခတဒုက္ခ, သင်္ခတအနတ္တမျိုးဖြစ်၍ ဥဃ္ဃာဋိတညူပုဂ္ဂိုလ်နှင့် ဝိပဉ္စိတညူ ပုဂ္ဂိုလ်တို့အတွက် ဘာဝနာမယဉာဏ်ပေါ်စေရန်အကြောင်းခံမျှသာဖြစ်သော သုတမယဉာဏ် ဝိပဿနာ မျှသာ ဖြစ်သောကြောင့် နေယျပုဂ္ဂိုလ်တို့အတွက် တမဂ်တဖိုလ်ကိုရနိုင်သောလက္ခဏာရေးသုံးပါးမဟုတ်ချေ။ သံဝေဂဖြစ်ရုံမျှသာရှိ၏။ နေယျပုဂ္ဂိုလ်များအတွက်မူကား- အသင်္ခတအနိစ္စ, အသင်္ခတဒုက္ခ, အသင်္ခတအနတ္တဟုဆိုအပ်သောဘာဝနာမယဉာဏ်ဝိပဿနာကို ဖော်ပြဟောကြားပေးမှ သာလျှင်ဘာဝနာပွားနည်း,လုပ်နည်းကိုသိမြင်၍ ဝိပဿနာဘာဝနာပွားတတ်၏၊ လုပ်တတ်၏၊ ဆင်ခြင်တတ်၏။ အသင်္ခတအနိစ္စ, ဒုက္ခ, အနတ္တဆိုသည်မှာ ပရမတ္ထ မရဏ, ပရမတ္ထနိရောဓဖြစ်၏။ ပရမတ္ထနိရောဓကိုမမြင်တတ်လျှင် ဝိပဿနာဉာဏ်မဟုတ်ချေ။

ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက ဥတ္တမ

ပုရိသဒီပနီ(ဟံသာဝတီမူ)စာမျက်နှာ၁၁၀၆၊(မူဟောင်း) စာမျက်နှာ ၈၇-၈၈ တို့တွင်-

"အနိစ္စ,ဒုက္ခ, အနတ္တ ကမ္မဋ္ဌာန်းစကားကိုတသက်လုံးပြောဟော၍၊ စီးဖြန်း၍နေငြားသော်လည်း ပရမတ္ထမရဏကို, ပရမတ္ထနိရောဓကိုမမြင်တတ်လျှင် ဝိပဿနာဉာဏ် တ ရံ တ ဆစ်မျှ ဖြစ်ဘူးသေးသောသူမဟုတ်။"

ဟူ၍ တင်း တင်းကြပ် ကြပ် ပြတ် ပြတ် သတ် သတ်မိန့်ဆိုတော်မူ၏။ ကျောက်ထီးတန္တု-အလေးပြုအပ်သော ဩဝါဒပေတည်း။

ရူပံ, ဝေဒနာ, သညာ, သင်္ခါရာ, ဝိညာဏံ ခေါ အာနန္ဒ,အနိစ္စံ,သင်္ခတံ, ပဋိစ္စသမုပ္ပန္နံ,ခယဓမ္မံ, ဝယဓမ္မံ, ဝိရာဂဓမ္မံ, နိရောဓဓမ္မံ၊ တဿ နိရောဓော, နိရောဓောတိ ဝုစ္စတိ။ ။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

အာနန္ဒ၊ ညီတော်အာနန္ဒာ။ရူပံ၊ ရူပါရုံစသည်ဖြစ်သော ရူပုပါဒါနက္ခန္ဓာသည်၎င်း။ဝေဒနာ၊ ဝေဒနုပါဒါနက္ခန္ဓာသည်၎င်း။ သညာ၊ သညုပါဒါနက္ခန္ဓာသည်၎င်း။ သင်္ခါရာ၊ သင်္ခါရုပါဒါနက္ခန္ဓာသည်၎င်း၊ ဝိညာဏံ။ ဝိညာဏုပါဒါနက္ခန္ဓာသည်၎င်း။ အနိစ္စံ၊ မခိုင်ခံ့သော သဘောဖြစ်၍။ သင်္ခတံ၊ အကြောင်းတရားတို့ ပေါင်းစည်းပြုပြင်၍ တခံတည်း ခံနေရသော သဘော တရားဖြစ်၍။ ပဋိစ္စသမုပ္ပန္နံ၊ အခြားသော သဘောတရားများကိုအားထား

မှီခိုပြီးမှ ဖြစ်ပေါ်လာရသော သဘောတရားဖြစ်၏။ ခယဝမ္မံ၊ အခြားသဘော တရားထဲမှာလည်း မရှိဘဲနှင့် ကုန်ခန်းခြင်း သဘောဖြစ်၏။ ဝယဝမ္မံ၊ နဂိုကပင် ပျောက်ခြင်းသဘောဖြစ်၏။ ဝိရာဂဓမ္မံ၊ ပတ်ဝန်းကျင် သဘောတရားများဟု ဆိုအပ်သော ပစ္စယသာမဂ္ဂီ, သဟဇာတ်သဘောတရားများနှင့်လည်း ကင်းကွာခြင်း သဘောဖြစ်၏။ နိရောဓ ဓမ္မံ၊ သူ့ဟာသူ ချုပ်ငြိမ်းခြင်းသဘောဖြစ်၏။ တသာ၊ ထိုချုပ်ငြိမ်းပြီးသော နိရောဓမ္မဟူသော ဓမ္မာရုံ၏။ နိရောဓော၊ အကြွင်းမဲ့ ချုပ်ငြိမ်း ခြင်းကို။ နိရောဓောတိ၊ နိရောဓသဗ္ဗာမည်သော နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဝိနည်းမဟာဝါ ပါဠိတော်, ပဋိသမ္ဘိဒါမဂ် ပါဠိတော် မဟာနိဒ္ဒေသပါဠိတော်တို့၌လည်း ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံ နိရောဓဓမ္မံ ''-ဟူ၍ဟောတော်မူ၏။

ယံကိဉ္စိ၊ အလုံးစုံသော ပဋိစ္စသမုပ္ပါဒတရား ဟူသမျှသည်။ သမုဒယဓမ္မံ၊ အကြောင်းကို စွဲပြီးမှ ဖြစ်ရသော သမုဒယဓမ္မမည်၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော တရားသည်။ နိရောဓ ဓမ္မံ၊ ချုပ်ငြိမ်းသော နိရောဓ ဓမ္မမည်၏။

## ရူပါရုံ၌ အကြောင်းပြတ်၍ အကျိုးရပ်ပုံ

ရူပါရုံဟုအသမုတ်ခံရသောအဆင်းသဘောကလေးသည့် မူလယာနဖြစ်သောဓာတ်ကြီးလေးပါးကြောင့်ဖြစ်ရသည်၊ ယာယီယာနဖြစ်သော မျက်စိအကြည်, မြင်စိတ်,

အလင်း, နှလုံးသွင်း တို့ကြောင့် ဖြစ်ရသည်ဟု ဆိုရာ အကြောင်းတရားများဟု ဆိုကြသော သဘော တရား ၅စ်ပါးအနက် မည်သည့် သဘော တရားကမျှ အဆင်းသဘောကလေးကို ဖြစ်စေအောင်ပြုလုပ်ပေးနိုင်သောသတ္တိ မရှိချေ။ ၎င်းသဘောတရား ၅စ်ပါးကို တခုစီ, တခုစီစစ်ဆေး ဝေဖန်ကြည့်လျှင် အားလုံးပင် အဗျာပါရသဘော, အနတ္တသဘောများ ဖြစ်ကြ၏။ တခုကို စစ်ဆေးကြည့်လျှင် အခြားနီးကပ်သော သဘောတရား များကြောင့်ဟု လွှဲကာလွှဲကာ ချနေသဖြင့် ကြက်ဥကြက်မမည်သူကအစလဲဟု အစရှာ၍မရအောင်ဖြစ်၏။ ထို့ကြောင့်အကြောင်းတရား များဟု ပြောဆို ရစေကာမူ အဆင်း သဘောကလေးနှင့် နီးကပ်၍သာပြောဆိုရခြင်းဖြစ်သောကြောင့် အကျိုးကို ဖြစ်စေနိုင်သော အတ္တသတ္တိ ဘာတခုမျှမရှိကြသည့်အနတ္တဓမ္မမျှသာဖြစ်ကြပေ၏။ အနတ္တဓမ္မချင်းပေါင်းဆုံ ညီညွတ်တုန်း အခိုက်အတန့်ကလေးမှာ အတ္တယောင်ယောင် ဟန်ဆောင်ပမာ ကမ္ဘာသူ ကမ္ဘာသားတို့အား တကယ်ဖြစ်ပေါ်သည်ဟု အထင်မှားအောင် လှည့်စားခြင်းမျှသာဖြစ်သော အနတ္တဓမ္မအဆင်း သဘောကလေး ဖြစ်ပေ၏။ ဤကဲ့သို့ ဝိဇ္ဇာဉာဏ်ဦးစီး၍ သဘောတရား တခု၏အခြေအမြစ်ကို ဆုံးအောင် ဝေဖန်နိုင်ခြင်းကိုသာ ပညာသိ ဝိပဿနာဟု ဆို၏။ အကြောင်း တရားတွေလည်း အနတ္တ, အကျိုးတရားလည်း အနတ္တ ဖြစ်သဖြင့် အနတ္တဓမ္မတွေကို အတ္တပြုလုပ်ကာသိမ်းပိုက်နေကြသဖြင့် ကမ္ဘာသူ ကမ္ဘာသားတို့မှာ သောက, ပရိဒေဝ, ဒုက္ခ,

ဒေါ်မနုဿ, ဥပါယာသ အစရှိသော မီးတွေ တောက်လောင်ခြင်းကို ခံနေကြရကုန်၏။

''သမုဒယောနတ္ထိ၊ နိရောဓောအတ္ထိ ''-ဟူ၍ ဟောတော်မူသည်ကို လောကီဘုံသားတို့သည် ''သမုဒယောအတ္ထိ၊ နိရောဓောနတ္ထိ''ဟု ပြောင်းပြန်ထင်မြင်ယူဆနေကြ၏။ ထို့ကြောင့် သံသရာဝဲဩဃတွင်ဆုံလည် နွားပမာနစ်မွန်း၍ မဆုံးရှာဘဲ ဖြစ်ကြရ၏။ '' သမုဒယောနတ္ထိ ''ကို သဘောပေါက်အောင် ဆရာကောင်းကို မှီဝဲဆည်းကပ်ရာ၏။

## ရူပါရုံ၌ ကာလသုံးပါးလွတ်ပုံ

အဆင်းသဘောကလေးသည်အတိတ်,ပစ္စုပ္ပန်,အနာဂတ်ဟူသောကာလသုံးပါးမှလွတ်၏။ တဲ့တဲ့ပြောရလျှင် ဥပါဒါန်၏အာရုံမျှသာဖြစ်၍ တကယ်ရှိ, တကယ်ဖြစ်မဟုတ်သော ဓမ္မာရုံဖြစ်၏။ ထို့ကြောင့်မရှိသော သဘောတရားကို အရင်, ခု, နောင်ဟုပြုလုပ် ဝေဖန်နေစရာမလိုချေ။ သို့ရာတွင် ဥ ပါ ဒါန် မ ကင်း သေး သော ကမ္ဘာသူကမ္ဘာသားတို့မှာ အဆင်း သဘောတကယ်ရှိလို့သာ ခုလက်ငင်း တွေ့မြင်နေကြရသည် မဟုတ်ပါလောဟု စောဒနာကြပေမည်၊ ရှင်းပြပေအံ့။

အဆင်းသဘောကလေးသည် အရင်ကမရှိ, ခုလည်းမရှိ, နောင်လည်းရှိမည်မဟုတ်။ အရင်ကမရှိဆိုသည်မှာ လွန်ခဲ့ပြီးဖြစ်၍ နောင်လည်းမရှိဆိုသည်မှာ မရောက်သေ

သော၅အချိန်ကာလဖြစ်သောကြောင့် မှန်သည်ဟု ထားပါဦးတော့၊ ခုမရှိဆိုသည်ကိုလက်မခံနိုင်ပါ၊ ခုရှိလို့သာ-ခုလက်ငင်း မြင်နေရသည် ဟုဆိုငြားအံ့၊ ခု-ပစ္စုပ္ပန်၌ အဆင်းသဘောကလေးရှိတာ အမှန်ဘဲဟု ၎င်းအဆင်းကိုယ်တိုင်ကဝန်ခံခြင်းမဟုတ်၊ မျက်စိအကြည်,မြင်စိတ်, အလင်း, နှလုံးသွင်းတို့ကပိုင်းဝန်းကူညီ၍ သမုတ်ကြခြင်းမျှသာ ဖြစ် ပေ ၏။ အတိုချုပ်လျှင် မြင်စိတ် ခေါ် စက္ခုဝိညာဏ်၏စွပ်စွဲချက်မျှသာဖြစ်၏။မြင်စိတ်ကလည်း မျက်စိအကြည်, အလင်း,နှလုံးသွင်းတို့ကို အားကိုးအားထားပြုပြီးမှစွပ်စွဲနိုင်သဖြင့် ၎င်းကိုယ်တိုင် အနတ္တ, အနိစ္စ, ဒုက္ခသဘောဖြစ်၍ကာလသုံးပါးမှလွတ်နေပြန်၏။ထို့ကြောင့် အဆင်းသဘောကလေးသည် အရင်, ခု, နောင်ဟုဆိုအပ်သောကာလသုံးပါးမှလွတ်၏။ ကာလ ဝိမုတ် အေးပြီး, ချုပ်ပြီး, ငြိမ်းပြီး နိရောဓဓမ္မဖြစ်၏။ ဆရာကောင်းလိုလှ၏။ သိခဲလေစွ၊ တွေ့ခဲလေစွ။

အသံ, အနံ့, အရသာ, အတွေ့, စိတ်ကူး သဘောတရားဟူသော ဥပါဒါနက္ခန္ဓာ ဓမ္မာရုံ ရုပ်များအတွက် အဆင်းရုပ်တလုံးအပေါ်၌ ဝိပဿနာ ရှုနည်းအတိုင်းပင် ဝေဖန်သင့်ပေ၏။ သို့ရာတွင်ယာယ ဈာနဟုဆိုအပ်သော ပစ္စုပ္ပန်အကြောင်းတရားများ(ဝါ) ပတ်ဝန်းကျင်သဘောတရားများမှာ မတူကြဘဲ ကွဲပြားခြားနားကြသည်အားလျော်စွာ၎င်းသဘောတရားတို့ကိုသာအကြောင်းအကျိုးလုပ်၍ပြဆိုပေအံ့။ မူလဈာနဖြစ်သောဓာတ်ကြီးလေးပါးမှာအတူတူပင်ဖြစ်ကြ၏။

| အကျိုးတရား၊ (အာရမ္မဏဃန) | အကြောင်းတရားများ (ယာယီဃန၊) |
|---|---|
| သဒ္ဒါရုံ=အသံရုပ် | (၁) သောတပသာဒ=နားအကြည်၊<br>(၂) သောတဝိညာဏ်=ကြားစိတ်၊<br>(၃) ဝိဝရ=ဟင်းလင်း၊<br>(၄) မနသိကာရ=နှလုံးသွင်း။ |
| ဂန္ဓာရုံ=အနံ့ရုပ် | (၁) ဃာနပသာဒ=နှါခေါင်းအကြည်၊<br>(၂) ဃာနဝိညာဏ်=နံစိတ်၊<br>(၃) ဝါတ=နှာခေါင်းလေ၊<br>(၄) မနသိကာရ=နှလုံးသွင်း။ |
| ရသာရုံ=အရသာရုပ် | (၁) ဇိဝှာပသာဒ=လျှာအကြည်၊<br>(၂) ဇိဝှါဝိညာဏ်=စားစိတ်၊<br>(၃) အာပ=လျှာ၌စွတ်စိုခြင်း၊<br>(၄) မနသိကာရ=နှလုံးသွင်း။ |
| ဖောဋ္ဌဗ္ဗာရုံ= အတွေ့သဘော | (၁) ကာယပသာဒ=ကိုယ်အကြည်၊<br>(၂) ကာယဝိညာဏ်=ထိစိတ်၊<br>(၃) ထဒ္ဓ=ကြမ်းကြမ်းသဘော၊<br>(၄) မနသိကာရ=နှလုံးသွင်း။ |
| ဓမ္မာရုံ=စိတ်ကူးစရာ သဘော | (၁) ဟဒယဝတ္ထု=မနောအကြည်၊<br>(၂) မနောဝိညာဏ်=ကြံသိစိတ်၊<br>(၃) မနောဒွါရ=ဘဝင်စိတ်၊<br>(၄) မနသိကာရ=နှလုံးသွင်း။ |

မှတ်ချက်။ ။ဤပရမတ္ထဓမ္မာရုံရုပ် ၆-မျိုးအနက်ရူပါရုံ=အဆင်းရုပ်ကို ဒိဋ္ဌရုပ်၊ သဒ္ဒါရုံ=အသံရုပ်ကိုသုတရုပ်၊ဂန္ဓာ

ရုံ=အနံ့ရုပ်, ရသာရုံ=အရသာရုပ်, ဖောဋ္ဌဗ္ဗာရုံ=အတွေ့ရုပ်၊ ဤ ၃–ပါးတို့ကိုမှတရုပ်၊ အတိတ်အနာဂတ်ဖြစ်သောဣန္ဒြိယရုပ်, သုတရုပ်, မုတရုပ်များဖြစ်ကြသည့်ဓမ္မာရုံ=စိတ်ကူးရုပ်များကို ဝိညာတရုပ်ဟူ၍ မှတ်သားကြရာ၏။

## စက္ခုပသာဒ=မျက်စိအကြည်၌ ဝိပဿနာရှုပုံ

(၁) မျက်စိ ဆိုသည်မှာ အဟောင်းပျက်, အသစ်ဆက်နှင့်ဖြစ်ပျက်, ဖြစ်ပျက်သဘောဖြစ် သောကြောင့်မမြဲဘူး-အနိစ္စ၊ ဖြစ်ပျက်, ဖြစ်ပျက်သဘောတို့ဖြင့် အနှိပ်စက်ခံနေရသောကြောင့် ဆင်းရဲ၏-ဒုက္ခ၊ ထိုဖြစ်ပျက်, ဖြစ်ပျက်တို့ကိုမဖြစ် မပျက်ပါနှင့်ဟုတားဆီး၍မရ, ကိုယ့်အလိုသို့မလိုက်သောကြောင့် အနတ္တ=ဟူ၍ စဉ်းစား ဆင်ခြင်နည်းမျိုးသည် သာသနာ့ရမျက်လုံးအိမ် အဆောက်အဦကြီးကို လက္ခဏာရေးသုံးပါး တင်နေခြင်း ဖြစ်သဖြင့် သညာသိဖြစ်၏။ အမှန်မှာ ဝိပဿနာမဟုတ်၊ သမထကမ္မဋ္ဌာန်းမျှသာ ဖြစ်၏။

(၂) မျက်စိဆိုသည်မှာ မဟုတ်၊ မျက်စိအကြည်သာလျှင် ဟုတ်၏။ မျက်စိအကြည် ဆိုသည်မှာလည်း ဝိဇ္ဇမာနပညတ်ဖြစ်၍ တကာယ်မရှိ၊ မျက်စိအကြည်ဟု အသမုတ်ခံရသော ပရမတ်သဘော, ဓာတ်သဘော ကလေးသာ အမှန်ရှိ၏၊ ထိုအမှန်ရှိသော မျက်စိအကြည် ဓာတ်ကလေးသည် ရုပ်ဓာတ်ဖြစ်၏ လက်ဖျစ်တတွက်၌ ကုဋေငါးထောင်ကျော်ဖြစ်ပျက်, ဖြစ်ပျက်နှင့် အပျက်တွေ အဆက်မြန်သောကြောင် ရုပ်ရှင်ဓာတ်ကားကဲ့သို့အရှင်ထင်

ရ၏။ သန္တတိပညတ်အားဖြင့် ဘယ်လိုပင် အရှင်ထင် ရသော်လည်း အဟောင်းပျက် အသစ်ဆက်နှင့်ဖြစ်ပျက်, ဖြစ်ပျက်ကသာ မှန်သောကြောင့် အနိစ္စ၊ ဤကဲ့သို့ ဖြစ်ပျက်, ဖြစ်ပျက်သဘောမှာ ဆင်းရဲတာ အမှန်ဖြစ်သောကြောင့်ဒုက္ခ၊ ထိုဖြစ်ပျက်,ဖြစ်ပျက်တို့ကိုဖြစ်မပျက်ပါနှင့်ဟု ဘယ်နည်းနှင့်မျှတား၍မရ၊ သူ့ဟာသူဖြစ်ချင်သလိုဖြစ်, ပျက်ချင်သလိုပျက်နေသောကြောင့်အနတ္တ-စသည်ဖြင့် စဉ်းစားဆင်ခြင် နည်းမျိုးသည် သညာ, ဒိဋ္ဌိဥသီမျိုးဖြစ်၏၊ ပညာသိဝိပဿနာမျိုးမဟုတ်၍တမဂ်တဖိုလ်နှင့် အဝေးကြီးဝေးလှပေ၏။ အတ္တဒိဋ္ဌိ ပြုတ်နိုင်သောနည်းမျိုးမဟုတ်ချေ။ သန္တတိမပြတ်သဖြင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်မှ ထွက်ရပ်လမ်းကိုမရနိုင်ချေ။

(၃) ပညာသိ ဝိပဿနာရှုနည်းမှာ မျက်စိအကြည်ဆိုတာပညတ်၊ မျက်စိအကြည်ဟု အသမုတ်ခံရသောသဘောကလေးသာလျှင် ပရမတ်ဖြစ်၏၊ ထိုပရမတ်သဘောကလေးသည် သန္တတိဃန, သမူဟဃန အဖြစ်ဖြင့်တည်ရှိသောကြောင့် ပရမတ္ထ ဓမ္မာရုံ အတ္တပင် ဖြစ်၏။ ထို့ကြောင့် အတ္တ-ဃနကိုဖေါက်ခွဲ၍ အနတ္တကို ဉာဏ်မျက်စိနှင့် မြင်အောင်ကြည့် ရှုရမည်။ မျက်စိအကြည်သဘောတရားကလေးသည် မည်ကဲ့သို့ တည်ရှိဖြစ်ပေါ်နေသည်ကို ယထာဘူတပုံစံဖြင့် ပြဆိုပေအံ့၊

## မျက်စိအကြည်ဖြစ်ပေါ်ပုံ-ယထာဘူတပုံစံ

အာပေါ=ဖမ်း၊

| | | | |
|---|---|---|---|
| ပထဝီ<br>တည်ပေး၊ | စက္ခုပသာဒ၊<br>မျက်စိအကြည်၊<br>ကမ္မဇအရှိန်၊ | } | တေဇော<br>စောင့်ရှောက်၊ |

ဝါယော=ထောက်ခံ။

စိတ်———ဥတု———အာဟာရ၊

(ကြီးဆွဲသမား ၃ ယောက်)

ဇီဝိတ—ခေတ်ပိုင်ရှင်၊

ဝဏ္ဏ......ဂန္ဓ .... ရသ......ဩဇာ

(ပွဲကြည့်သမား ၄ ယောက်)

ဤပုံစံမှာ စက္ခုပသာဒခေါ် မျက်စိအကြည် သဘော ကလေး၏ဖြစ်ပေါ်ပုံ မူလယာဉ်ဖြစ်၏။ သမုဟာယာဉ်, သန္တတိယာဉ်ပင်ဖြစ်၍အဏ္ဍာဖြစ်၏။

မျက်စိအကြည်ဆိုသည်မှာပထဝီ,တေဇော,အာပေါ, ဝါယော ဟူ သော ဓာတ် ကြီး လေး ပါးတို့၏ကြည်နေရ ခြင်း ကမ္မဇအရှိန်ဖြစ်၏။ ထို့ကြောင့် မျက်စိအကြည်ကို ကမ္မဇရုပ်ဟုခေါ်၏။

ပထဝီဟူသောဓာတ်ကအာပေါဆိုသည့်ယိုစီးဖွဲ့ဖမ်း သည့်အရှိန်, တေဇောဆိုသည့်ပူအေးစောင့်ရှောက်သည့်

အရှိန်, ဝါယောဆိုသည့် ထောက်ခံ လှုပ်ရှားသည့်အရှိန် ရတို့ကိုတည့်ပေးလက်ခံရ၏။

အာပေါဓာတ်ကလည်း ကျန်ဓာတ်ကြီးသုံးပါးကိုမပြို မကွဲအောင်ဖမ်းဖွဲ့ထား၏။

တေဇောဓာတ်ကလည်း ကျန် ဓာတ်ကြီး သုံးပါးကို မပုပ်မသိုးရအောင် ပူမှုသဘော, အေးမှုသဘောတို့ဖြင့် စောင့်ရှောက်၏။

ဝါယော ဓာတ် က လည်း ကျန် ဓာတ် ကြီးသုံးပါးကို တွန်းကန်လှုပ်ရှားပေါင်းပွအောင်ထောက်ခံနေရ၏။

ထိုကမ္ဘာ့အရှိန်ဖြစ်သော ဓာတ်ကြီး လေးပါးတို့သည် စိတ်, ဥတု, အာဟာရဟူသော ကြီးဆွဲသွားသုံးယောက် တို့၏ ခြယ်လှယ်ခြင်းကို ခံနေရကြသဖြင့် အကသွားလေး ယောက်နှင့်တူကြကုန်၏။ စိတ်ဆိုးလျှင်ဆိုးသလို၊ စိတ် ညစ်လျှင် ညစ်သလို, စိတ် ချမ်း သာ လျှင် ချမ်း သာ သလို မျက်စိအကြည့် သဘောမှာ အမျိုးမျိုး ပြောင်းလဲနေရ၏။ ရာဂစိတ်, ဒေါသစိတ်စသည့်စိတ်အမျိုးမျိုးတို့၏ကြိုးဆွဲ ရာကိုတခံတည်းခံနေရ၏။ ဥတုကလည်း ပူလျှင်ပူသလို, အေးလျှင်အေးသလို မျက်စိအကြည့်မှာကျိန်းခြင်း, စပ် ခြင်း, မှုန်ခြင်းအစရှိသည်ဖြစ်ရ၏။ အာဟာရကလည်း အနည်းအများကိုလိုက်၍ချားများစား သိုက်လျှင်အိပ်ချင် ငိုက်မျည်း၍ မျက်စိအကြည့်ကိုထိခိုက်စေ၏။ ထို့ကြောင့် စိတ်, ဥတု, အာဟာရ သုံးပါးသည် ကြိုးဆွဲသွားသုံး ယောက်နှင့်တူကြ၍ မျက်စိအကြည့်ဟု သမုတ်အပ်သော

ခေတ်ကြီးလေးပါးသည် အကာသွား လေးယောက်နှင့် တူကြပေ၏။ ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာဟူသော ခေတ်လေးပါးသည်ကား ပွဲကြည့်သွားများနှင့်တူကြ၍ ဇီဝိတမည်သော ရုပ်အထူးသည်ကား ထိုခေတ်များကိုမပုပ်မသိုး မပျက်စီးရအောင် စောင့်ရှောက်ရသော ကမ္မဇအရှိန်၏ ကိုယ်စားလှယ်ဖြစ်၍ခေတ်ပိုင်ရှင်နှင့်တူ၏။

ထိုမူလဃာနဖြစ်သော ၁၃-ပါးသောအခြင်းအရာများ စု စည်း ပေါင်း ဆုံ နေ ခြင်း ကို စက္ခုပသာဒ=မျက်စိအကြည်ဟုခေါ်ဆိုအပ်၏။

ထို့ပြင်မှတပါးလည်းယာယီဃာနအနေမျိုးဖြင့်ဗဟိဒ္ဓ အပြင်ဘက်က မြင်စိတ်, အဆင်း, အလင်း, နှလုံးသွင်း ဟူသောသဘောတရားလေးခုလည်းရှိပေသေး၏။ ဤကဲ့သို့အတွင်းဘက်က သဘောတရား ၁၃-ပါး, အပြင်ဘက်က ယာယီအခိုက်အတန့်သဘောတရား ၄- ပါး, ပေါင်း ၁၇-ပါးသောသဘောတရားများပြည့်စုံလုံလောက်သော အခါကျမှ မျက်စိအကြည်ဟုအသမုတ်ခံရသောသဘော ကလေးသည် တည်ယောင်ဖြစ်ယောင်ဖြစ်ပေါ်လာရ၏။

မျက်စိအကြည်၌ ပညာသိ ဝိပဿနာရှုရာတွင်ရင်း၏ ပစ္စယသာမဂ္ဂီဖြစ်ကြသောသဘောများ, သဟဇာတ်ဖြစ် ကြသော သဘောများအနက် (ဝါ) ၁၇- ပါးသော သ ဘောတရားများအနက် တခုခုကိုညှပ်နှင့်နှုတ်ကာကြည့် ရှုပါလျှင်မျက်စိအကြည် သဘောကလေးသည်တုံးလုံးပုံ လျက်သက်သက်အသေကောင်ဖြစ်ကြောင်းကိုတွေ့မြင်ရ ပေမည်။ ပတ်ဝန်းကျင် သဘောတရားများလည်း တခု

ပျက်က အားလုံးပျက်ကြရ၍ အားလုံးအနတ္တပကာတိဖြစ် ကြရတော့၏။

ထို့ကြောင့် မျက်စိအကြည်ဟု အသမုတ် ခံရသော သဘောတရားကလေးသည် အခြားသဘော တရားများ ကို မှီခိုအားထားခြင်း မပြုဘဲ သူ့ဟာသူ ဖြစ်ပေါ်နိုင် သော အနှစ်အသား အဆန်အခံ ဗလာနတ္ထိ ဖြစ်သော ကြောင့် အသာရကဋ္ဌေန အနတ္တာ-ဟု ဆိုသည့်အတိုင်း အနတ္တဖြစ်၏။

သူ့အလိုကို သူမလိုက်နိုင်ဘဲ သူတပါး အလိုကိုသာ လိုက်ခါနေရသောကြောင့် အဝသဝတ္တန အနတ္တဖြစ်၏။

သူ့အလိုကို သူမပိုင်သောကြောင့် အသာမိက အ နတ္တဖြစ်၏။

သူ့ကိုယ်ပိုင် အားအစွမ်းသတ္တိ သုဥ်းဆိတ်နေသော ကြောင့် သုညာအနတ္တဖြစ်၏။

သူ့ဟာသူ အချည်းနှီးသဘော ဖြစ်နေခြင်းကြောင့် တုစ္ဆအနတ္တဖြစ်၏။

ကိုယ်ပိုင် အားအစွမ်းသတ္တိ အရိပ်အရောင် ဘာတခု မျှ မရှိသောကြောင့် ရိတ္တအနတ္တဖြစ်၏။

တဖန်မျက်စိအကြည် သဘောကလေးသည် သူကိုယ် တိုင် အတ္တသတ္တိ ပျောက်ဆုံးနေခြင်း, ပတ်ဝန်းကျင် သ ဘောတရားများထဲ၌လည်းသူ့ကိုရှာ၍မတွေ့ရဘဲပျောက် ဆုံးကုန်ခန်းနေခြင်းတို့ကြောင့် ခယဋ္ဌေန အနိစ္စံ-ဟု ဆို သည့်အတိုင်း အနိစ္စဖြစ်တော့၏။

ဝင်းသဘောတရားသည် ဘာကမျှ အနှစ်အသားမရှိ ဘဲပျောက်ပျက်ကုန်ဆုံးယူကျုံးမရသော သဘောတရား ဖြစ်၍ ကြောက်မက်ဘွယ် ကောင်းသည့် ဘေးဘယ နှင့် တူလှ သောကြောင့် ဘယဋ္ဌေန ဒုက္ခံ=ဟု ဆိုသည့် အတိုင်း သူကိုယ်တိုင်ထောက်ရာ,တည်ရာမရသော ဒုက္ခ သဘောပင်ဖြစ်၏။

၎င်းကဲ့သို့ အရှုခံရသော သဘောတရား ကိုယ်တိုင်က ကျွန်ုပ်တော့ အနှစ်အသား မရှိတဲ့သဘောပါ၊ ကျွန်ုပ်အ လိုကို ကျွန်ုပ်မလိုက်နိုင်,မပိုင်ဆိုင်တဲ့ အချည်းနှီးသဘော ပါ၊ ကျွန်ုပ် ကိုယ်တိုင် နဂိုမူလ ပကတူပကတည်းက ပျောက်ပျက်ကုန်ခန်းနေတဲ့ သဘောပါ၊ ကျွန်ုပ်ကိုယ်တိုင် ထောက်ရာ, တည်ရာ, အားကိုးရာမရသဖြင့်ကြောက်လန့် စရာကောင်းတဲ့ သဘောပါလို့ မဆိုသော်လည်း ပြောဆို ဝန်ခံနေဘိသကဲ့သို့ ယောဂီ၏ ဉာဏ်ဝဋ္ဋ အကွင်းလိုက် အကွင်းလိုက်ပေါ်လော ပေါ်နေအောင် ပညာ မျက်စိ ဖြင့် သိမြင်နေခြင်းကိုသာလျှင် ပညာသိဝိပဿနာ ဖြစ်၏။

## မျက်စိအကြည်၌ အကြောင်းအကျိုးပြတ်ပုံ

မျက်စိအကြည်သည် သန္တတိဃနဖြစ်၏။ အကြောင်း အကျိုးပြတ်ပုံဆိုသည်မှာ သန္တတိအစဉ်ကိုဖြတ်နည်းဖြစ် ၏။ သန္တတိအစဉ်ကို မဖြတ်တတ်လျှင် ပစ္စုပ္ပန်ရုပ် လိမ့်မည်မဟုတ်။ ပစ္စုပ္ပန် စက်ရဟတ်ကို ရင်နိုင်

သော ဉာဏ်အမြင်မရှိပါက အဘယ်မှာလျှင် ပဋိဝေဓသမုပ္ပါဒတည်းဟူသော သံသရာမှ ထွက်မြောက်နိုင်ပါအံ့နည်း။

ထို့ကြောင့် လယ်တီ ဆရာတော် ဘုရား ကြီးသည် အာဟာရဒီပနီ (လောကပါလပုံနှိပ်တိုက်ထုတ်) စာမျက်နှာ (၁၁၅) ၌--

> "သန္တတိဖြတ်နည်း ခွါနည်းသည် အလွန်ပင် များလှ၏။ ကမ္မဋ္ဌာန်းကိုသွန်သင်ပြသသောဓမ္မကထိကဆရာ၏ ဉာဏ်စွမ်းပဋိဘာန်သည်သာ ပမာဏဖြစ်ချေသည်။"

ဟူ၍ မိန့်ဆိုတော်မူ၏။

ကျေးဖူးရှင် ကျောက်ပုံ ဆရာကြီး-ပါမောက္ခ- ဦးစံရင်းကသည်း--

အစဉ်ဃန—မမြင်ကြလေရှာ၊
ရုပ်နာမ်နှစ်ပါး—တဖွားဖွားကိုသာ၊
ဝိပဿနာမြတ်—ထင်မှတ်လေခါ၊
ခုသမယ—ရှုကြလူမိန္ဓာ။ ။
အစဉ်သန္တတိ—ဖျက်ကြည့်သောခါ၊
ရုပ်နာမ်ဘဖွားဖွား—အလကားရယ်စရာ၊
ရုပ်နာမ်နှစ်ပါး—တဖွားဖွားကိုသာ၊
တမင်ရှု—လူ့ဘဝရှုံးကြမှာ၊ ။
လက္ခဏာသုံး—မဆုံးကြလျှင်၊
သံသရာဝဋ်—မလွတ်အစဉ်၊
ဖြစ်ဆဲပျက်ဆဲ—ဖေါက်ခွဲလို့မြင်၊
နိဗ္ဗာနန်း....စံမြန်းထာဝစဉ်။ ။

ဟူ၍ စပ်ဆိုတော်မူပေ၏။ အထူးသတိရှိကြရာ၏။

မျက်စိအကြည်ဟုအသမုတ်ခံရသောသဘောကလေးသည် မူလဃနဖြစ်သော ပတ်ဝန်းကျင် သဘောတရား ၁၂-ပါးထဲ၌လည်းမရှိ၊ ယာယီ ဃနဖြစ်သော မြင်စိတ်, အဆင်း,အလင်း, နှလုံးသွင်းတို့ထဲမှာလည်း မရှိချေ။ ထို မူလဃန,ယာယီ ဃနသဘော တရားများကိုလည်း တခုစိ,တခုစိ အနှစ်စိတ်စစ်ဆေး ဝေဖန်ကြည့်လျှင် မည်သည့်သဘောတရားကမျှ မျက်စိအကြည် သဘောကလေးကို ဖြစ်စေနိုင်အောင် စွမ်းဆောင်နိုင်သော သတ္တိမရှိကြချေ။ အားလုံးပင် အဗျာပါရသဘောတရားများဖြစ်ကြကုန်၏။ ထို့ကြောင့် ထိုသဘော တရားများသည် အကြောင်းတရားတွေဘဲ, အကျိုးတရားဘဲဟု လူသားတို့ နားလည်အောင် ပြောဆိုရစေကာမူ တကယ့်အကြောင်းစစ်, အကျိုးစစ်တရားများ မဟုတ်ကြဘဲ အနတ္တဓမ္မ, အနိစ္စဓမ္မ, ဒုက္ခဓမ္မများသာ ဖြစ်ချေသည်။ အကြောင်းထဲမှာလည်း အကျိုးကိုရှာဖွေ၍မတွေ့၊ အကျိုးထဲမှာလည်းအကြောင်းကို ရှာဖွေ၍မတွေ့ရဘဲ ဝမ်းဘဲဥကို အစရှာ၍ မတွေ့ရသကဲ့သို့ အစပျောက်ဆုံး နေသော သဘောတရားများဖြစ်ကြ၏။ တခုသော သဘောတရားကို အကျိုးအနေဖြင့်ထား၍ စစ်ဆေးကြည့်ရှုက အခြားနီးကပ်ရာ သဘောတရားများကို လွှဲချ၏။ အခြား နီးကပ်သော သဘောတရားများကို စစ်ဆေးကြည့်ရှုလျှင် ၎င်းနည်းအတိုင်းပင် နီးကပ်ရာသဘောများကိုသာ လွှဲချနေကြ၏။ ထို့ကြောင့် အကြောင်းများကြောင့်ဖြစ်ရသည်ဟုဆိုငြားသော်လည်း မည်သည့် သဘောတရားကမျှ အကြောင်းစစ်ပါဟု ဝန်

မခံသောကြောင့် အကြောင်းပြတ်၍ အကျိုးရပ်ရတော့၏။ ဤကဲ့သို့ ဉာဏ်ဖြင့် တခုစီ,တခုစီ စစ်ဆေး ဝေဖန်ကြည့်ရှုနိုင်မှသာလျှင် ပဋိစ္စသမုပ္ပါဒ်ဟု ဆိုအပ်သောစက်ရဟတ်သည်ရပ်၏။ ပဋိစ္စသမုပ္ပါဒ်ဟူသောဥပါဒါနက္ခန္ဓာငါးပါး၊ရုပ်နာမ် နှစ်ပါးသည် အလကား အချည်းနှီး ဖြစ်ရချေတော့၏။ ဤအချက်၌ သညာသိလား, ဝိညာဉ်သိလားဆိုသည်ကို အထူးစဉ်းစားသင့်၏။ ကိုယ်ပိုင်ဉာဏ်ကိုသာအသုံးပြုကြရာ၏။ ကိုယ်ပိုင်ဉာဏ်ကို သုံးခဲလေစွ၊ သိခဲလေစွ၊ တွေးခဲလေစွ။ ယောယိမ်းလိုက်, ဘာသားယိမ်းလိုက်ဟူသောအန္ဓဗာလ,ဥမတ္တက မဖြစ်ကြစေလင့်။

## မျက်စိအကြည်၌ကာလသုံးပါးလွတ်ပုံ

မျက်စိအကြည်သဘော၌အရင်,ခု, နောင်ဟုဆိုသော အတိတ်,ပစ္စုပ္ပန်,အနာဂတ်မရှိ၊ ကာလသုံးပါးမှလွတ်၏။ ကာလသုံးပါးမှ လွတ်၏ဟု ဆိုသော စကားကို သဘောကျနိုင်ခဲလှမည်ဖြစ်၏။ ဖြစ်သဘောသည် ပစ္စုပ္ပန်မည်၏။ ပျက်သဘောသည် အတိတ်မည်ဖြစ်၏၊ ဥပါဒ်, ဌီ, ဘင်ဟုဆိုအပ်သောသဘောသည်လက်ဖျစ်တတွက်၌ ကုဋေငါးထောင်ကျော် ဖြစ်ပျက်နေသော မျက်စိ အကြည်၌ရှိ၏။ ထို့ကြောင့် ကာလသုံးပါးမှ မလွတ်ဟူ၍ ဆင်ခြေပေးကြမည်ဖြစ်၏။ ရှင်းပြပေအံ့။ မျက်စိအကြည်ဟုအသမုတ်ခံရသော သဘော ကလေးသည် ယခုဖြစ်၍ နေပါသည်ဟု သူကိုယ်တိုင်က ဝန်ခံခြင်း မဟုတ်၊ အမှန်မှာ စက္ခုဝိဉာဏ်ဟု ခေါ်သော ဝိညာဏာုပါဒါနက္ခန္ဓာ ဖြစ်

သော မြင်စိတ်သည် ရူပုပါဒါနက္ခန္ဓာ ဖြစ်သော ရူပါရုံ အဆင်းသဘောကို ခြေကုတ် ယူပြီးမှ မျက်စိ အကြည် သည့်, ဖြစ်သည်ဟူ၍ စွပ်စွဲ ပြောဆိုခြင်း မျှသာ ဖြစ်၏။ ထို့ကြောင့် ယခုမရှိဟုဆိုရ၏။ ယခုမှမရှိလျှင်ယခုအခိုက် အတန့်မှ ရွေ့လျော့သွားသော နောင်တစက္ကန့် အတွက် ကိုမူ ထည့်သွင်း စဉ်းစား စရာမလို၊ ရှေ့တစက္ကန့်က လည်းဖြစ်သည့်, ရှိသည်ဟူ၍ မဆိုထိုက်မဆိုသင့်ချေ။ အရင်,ခု, နောင်, အတွင်း,အပြင်, အကြမ်း, အနု,အယုတ်, အမြတ်စသည်ဖြင့် ခေါ်ဝေါ်ပြောဆို သုံးစွဲနေကြသော တဆယ့်တပါးသော မိစ္ဆာဒိဋ္ဌိရုဏ္ဍပဘ, မိစ္ဆာဇီဝစနပထ, မိစ္ဆာပညတ္တိပထတို့ကို တကယ့် အဟုတ် အမှန် ဟု စွဲမြဲယူဆ နေကြသော အန္ဓပုထုဇ္ဇန်တို့၏ ဓမ္မတာ သဘာဝမျှသာဖြစ်ချေ၏။ အနတ္တဓမ္မ, ပဋိစ္စသမုပ္ပန္န အနိစ္စ ဓမ္မ, သင်္ခတ သင်္ခါရဒုက္ခမျှသာဖြစ်သဘောကိုမသိမမြင် မထင်နိုင်ကြသော ပရမတ္ထအတ္တ ဈာနပေါ်တွင် သောင် တင်နေကြသော သူတို့သာလျှင် ကာလသုံးပါး ရှိသေး သည်ဟု ယူဆကြပေ၏။ အတက္ကဝစရော-ဟူသော ပုဒ် ကို ထောက်ရှုကြရာ၏။ ပညာဉာဏ်မရှိအကြံသာရှိသော ဓာတ်ဆရာတို့၏ ကျက်စားရာ အရာဌာနမဟုတ်ချေ။

သောတာပသာဒ- နားအကြည်၊ ဃာနပသာဒ- နှာ ခေါင်းအကြည်၊ ဇိဝှါပသာဒ- လျှာအကြည်၊ ကာယ ပ သာဒ-ကိုယ်အကြည်၊ မနောဒွါရ-ဟဒယဝတ္ထုရုပ်၌မှီ၍ ဖြစ်သော မနာယတန--မနောအကြည်တို့၏မူလဈာနများ မှာ စက္ခုပသာဒ-မျက်စိ အကြည် ကဲ့သို့ပင် ၁၂-ပါး

သော သဘောတရားများ ဖြိရုံလျက်ရှိကြ၏၊ ထိုရာတွင် ယာယိဃာနများမှာ မူ မတူ ကွဲပြားကြသဖြင့် ၎င်းတို့၏ ယာယိဃာနများကိုသာ အကြောင်းအကျိုး အနေမျိုးဖြင့် ဖေါ်ပြပေအံ့။

| အကျိုးတရား၊ (သန္တတိဃာန) | အကြောင်းတရားများ၊ (ယာယိဃာန) |
|---|---|
| သောတပသာဒ= နားအကြည်။ | (၁) သောတဝိညာဏ်=ကြားစိတ်၊<br>(၂) သဒ္ဒါရုံ=အသံရုပ်၊<br>(၃) ဝိဝရ =ဟင်းလင်း၊<br>(၄) မနသိကာရ=နှလုံးသွင်း။ |
| ဃာနပသာဒ= နှာခေါင်းအကြည်။ | (၁) ဃာနဝိညာဏ်=နံစိတ်၊<br>(၂) ဂန္ဓာရုံ=အနံ့ရုပ်။<br>(၃) ဝါတ=နှာခေါင်းလေ၊<br>(၄) မနသိကာရ=နှလုံးသွင်း။ |
| ဇိဝှါပသာဒ= လျှာအကြည်။ | (၁) ဇိဝှါဝိညာဏ်=စားစိတ်၊<br>(၂) ရသာရုံ=အရသာရုပ်။<br>(၃) အာပ=လျှာ၏စွတ်စိုခြင်း၊<br>(၄) မနသိကာရ–နှလုံးသွင်း။ |
| ကာယပသာဒ= ကိုယ်အကြည်။ | (၁) ကာယဝိညာဏ်=ထိစိတ်၊<br>(၂) ဖောဋ္ဌဗ္ဗာရုံ=အတွေ့သဘော၊<br>(၃) ထဒ္ဓ=ကြမ်းကြမ်းသဘော၊<br>(၄) မနသိကာရ=နှလုံးသွင်း။ |

ဟဒယဝတ္ထု= မနာယတန်= မနောအကြည်၊
(၁) မနောဝိညာဏ်=ကြံသိစိတ်၊
(၂) ဓမ္မာရုံ-စိတ်ကူးသဘော=ဝိညါဏ်တရုပ်၊
(၃) မနောဒွါရ=ဘဝင်စိတ်၊
(၄) မနသိကာရ=နှလုံးသွင်း။

---

## စက္ခုဝိညာဏ်=မြင်စိတ်၌ဝိပဿနာရှုပုံ

(၁) မျက်စိက မြင်သည့် မြင်စိတ်သည် မမြဲသော ကြောင့်အနိစ္စ၊ မမြဲသဖြင့် ဆင်းရဲသောကြောင့်ဒုက္ခ၊ မမြဲ, ဆင်းရဲတို့ကိုမြဲအောင်, ချမ်းသာအောင်လုပ်၍မရသော ကြောင့်အနတ္တ- စသည်ဖြင့် ဆင်ခြင်နည်းမျိုးသည်သညာ သိဖြစ်၍၊ ဝိပဿနာပင်မဟုတ်ချေ။

(၂) မြင်စိတ်ဆိုသည်မှာပညတ်ဖြစ်၍၊ မြင်စိတ်ဟု အသမှတ်ခံရသော နာမ်ဓာတ်သဘောမြည့်မြည့်ကလေး သည်သာလျှင်ပရမတ်ဖြစ်၍၊ ထိုမြင်စိတ်ခေါ်နာမ်ဓာတ် ကလေးသည် မျက်စိနှင့် အဆင်းနှင့် တွေ့ကြုံတုန်း၌ ပေါ် လာပြီး မတွေ့ကြုံလျှင် ပျောက်ပျက်သွား၍၊ အဆင်းကို တွေ့ ကြုံ နေ ခိုက် မှာ လည်းစိတ်သည်လက်ဖျစ်တတွက်၌ ကုဋေတသိန်းကျော် ဖြစ်ပျက်နေသဖြင့် မမြဲသောကြောင့် အနိစ္စဖြစ်၍၊ အမြဲမရှိသဖြင့်ဆင်းရဲသောကြောင့်ဒုက္ခဖြစ် ၍၊ ထိုအမြဲမရှိခြင်း, ဆင်းရဲခြင်းတို့ကိုဘယ်လိုနည်းနှင့် မှုတား၍မရခြင်း, ကိုယ့်အလိုသို့မလိုက်ခြင်းတို့ကြောင့် အနတ္တဖြစ်၍စသည်ဖြင့် ဆင် ခြင် စဉ်း စား နည်းမျိုးသည် မြင် စိတ် ဟူ သော ကိစ္စ ဟနကလေးဖြစ်သည့် အတ္တကို

မပေါက်ခွဲနိုင်သော ဝိညာဉ်သိမှုသာ ဖြစ်၏။ ဤကဲ့သို့ဆင်ခြင်စဉ်းစားနည်းမျိုးဖြင့်အတ္တဒိဋ္ဌိမပြုတ်နိုင်ချေ။

(၃) ပညာသိ ဝိပဿနာ ဆိုသည်မှာ ဝိညာဉ်သိမျိုးကဲ့သို့ မိမိ၏ မနောဝိညာဏ်က စွဲပြီးမှ အရှုခံရသော ရုပ်နာမ်ဓမ္မအပေါ်တွင် အနိစ္စ, ဒုက္ခ, အနတ္တပါဟုလုပ်ကြံနေခြင်းမျိုးမဟုတ်ချေ။ အရှုခံရသော ရုပ်နာမ်ခေါ်သဘောတရားများ ကိုယ်တိုင်က ကျွန်ုပ်တို့သည် အနတ္တသဘောတွေပါ, အနိစ္စသဘောတွေပါ, ဒုက္ခသဘောတွေပါဟု ပြောဆိုဝန်ခံနေဘိသကဲ့သို့ မိမိ၏ ဉာဏ်ဝယ် ထင်မြင်နေရပေမည်။

စက္ခုဝိညာဏ်ခေါ် မြင်စိတ်ဟု အသမုတ်ခံရသောသဘောကလေးသည် အဝိဇ္ဇာ, တဏှာ, ကံ, ဖဿဟူသော မူလအကြောင်းလေးပါးနှင့် မျက်စိအကြည်, အဆင်း, အလင်း, နှလုံးသွင်းဟူသော ယာယီ အကြောင်းလေးပါးတို့စုံညီကြမှသာလျှင် မြင်မှုကိစ္စကို ပြီးစီးနိုင်သဖြင့် ကိစ္စစာနဖြစ်ချေသည်။

အောက်ပါ ယထာဘူတ ပုံစံကို ကြည့်ရှုခြင်းဖြင့်မှုရှင်းလင်းပေမည်။

## မြင်စိတ်ဖြစ်ပေါ်ပုံ-ယထာဘူတပုံစံ

| | | |
|---|---|---|
| (၁) | အဝိဇ္ဇာ=မသိမှု၊ | မူလအကြောင်းတရား ၄ ပါး။ |
| (၂) | တဏှာ=ငြိမှု | |
| (၃) | ကံ=လှုံ့ဆော်မှုစေတနာ၊ | |
| (၄) | ဖဿ=တွေ့ဆုံမှု၊ | |

{ စက္ခုဝိညာဏ်၊ မြင်စိတ် } အကျိုးတရား၊

{ (၁) စက္ခုပသာဒ=မျက်စိအကြည်၊
(၂) ရူပါရုံ=အဆင်းသဘော၊
(၃) အာလောက=အလင်း၊
(၄) မနသိကာရ=နှလုံးသွင်း၊ } ယါယီအကြောင်း တရား ၄ ပါး။

ဤပုံစံကို ကြည့်ရှုခြင်းအားဖြင့် စက္ခုဝိညာဏုပ္ပါဒ နက္ခဏ္ဍာဖြစ်သောမြင်မှုကိစ္စပြီးဆုံးခြင်းသို့ ရောက်ရန်မူလ အကြောင်း ၄-ပါးနှင့် ယာယီ အကြောင်း ၄-ပါးတို့ ပြည့်စုံ လိုလောက်ရပေမည်။ တခုခုချို့ယွင်း ပျက်ကွက်၊ ပါက မြင်စိတ်သဘောကလေးမဖြစ်ပေါ်နိုင်ချေ။ စာအဆို ပစ္စယသာမဂ္ဂီ,သဟာဇာတ်ပစ္စည်းများ၊မြန်မာလိုပတ်ဝန်းကျင် သဘော တရားများကိုတခုစီ,တခုစီ ဉာဏ်ဖြင့် နှုတ်ကာ,နှုတ်ကာ ကြည့်ရှုပါမူ မြင်စိတ်ကလေး၏ အသာရသဘော,သုညတသဘော,တုစ္ဆသဘော, အနတ္တသဘောများ ပေါ်လောကြီး ပေါ်လာပေမည်။

ထို့ကြောင့် မြင်စိတ်သဘောကလေးသည် သူ့ဟာသူဖြစ်ပေါ်နိုင်သော အစွမ်းသတ္တိမှ ကင်းဆိတ် နေသောကြောင့် အနတ္တ၊ သူ့မှာအစွမ်းသတ္တိ ပျောက်ဆုံး ကုန်ခန်းနေသောကြောင့် အနိစ္စ၊ သူ့မှာအစွမ်းသတ္တိ ပျောက်ဆုံးကာ ယူကျုံ့မရသဖြင့် သူကိုယ်တိုင် ထောက်ရာ, ပုန်းအောင်းရာ, ကိုးကွယ်ရာ မရသော သဘော ကလေးဖြစ်

သောကြောင့် ဒုက္ခဟူ၍ ဝိဇ္ဇာဉာဏ်ဖြင့် ဆင်ခြင်စဉ်းစားခြင်း နည်းမျိုးကို ပညာသိ ဝိပဿနာဟု ခေါ်၏။ ဤကဲ့သို့ ဘာဝနာမယဉာဏ်ဖြင့် တရားဆုံးအောင်, နောက်ထပ် စဉ်းစားစရာမကျန်အောင်ဝေဖန်နိုင်ခြင်းကို ဝိပဿနာ ဘာဝနာပွားသည်ဟု ဆိုရ၏။

## မြင်စိတ်၌အကြောင်းအကျိုးပြတ်ပုံ

မြင်စိတ်သဘောကလေးသည် ကိလေသာနအနေဖြင့်ဖြစ်ပေါ်လာရာ၌ အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ ဟူသောမူလ အကြောင်းလေးပါး၊ မျက်စိအကြည့်, အဆင်း, အလင်း, နှလုံးသွင်းဟူသော ယာယီအကြောင်းတရားလေးပါးတို့ကြောင့်ဖြစ်ပေါ်လာရ၏ဟု နားလည်အောင် ပြောဆိုသုံးစွဲရပေ၏။ သို့ရာတွင် အကြောင်းဟု အသမုတ်ခံရသော သဘော တရားများထဲ၌လည်း အကျိုး မြင်စိတ် သဘောမရှိ၊ အကျိုးမြင်စိတ်ထဲ၌လည်းအကြောင်းတရားများမရှိကြချေ။ အကြောင်းတရားများကိုတခုစိစစ်ဆေးကြည့်ရှုသောအခါအကျိုးမြင်စိတ်ကိုဖြစ်စေနိုင်သောအတ္တသတ္တဘယ်သူမှာမျှမရှိကြဘဲ အဗျာရသဘော,အနတ္တသဘောများသာဖြစ်ကြကုန်၏။ ဤကဲ့သို့ ဝိဇ္ဇာဉာဏ်ဖြင့်ဖေါက်ခွဲကြည့်ရှု၍ မြင်စိတ်သဘောကလေး၏ ယထာဘူတနဂိမှုလသူ့သဘာဝအတိုင်းအမှန်ကိုသိရသောအခါ အဝိဇ္ဇာ တဏှာစသောပဋိစ္စသမုပ္ပါဒ- သန်တသန်ါရအကြောင်းတရားများပြတ်ရတော့၏။ အကြောင်းပြတ်လျှင်အကျိုးရပ်မြဲတည်း၊ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ရပ်၏ဟူလို၊

## မြင်စိတ်၌ ကာလသုံးပါးလွတ်ပုံ

မြင်စိတ် သဘော နာမ် ဓာတ် ကလေးသည်အရင်က မရှိ, ယခုလည်းမရှိ, နောင်လည်း ရှိမည် မဟုတ် သဖြင့် ကာလသုံးပါးမှလွတ်၏။ အရင်က မရှိဆိုသည်မှာ အဆင်းကိုမမြင်ရမီရှေ့ အတိတ်ကလွန်ခဲ့ပြီးဖြစ်၍ နောင်လည်းရှိမည် မဟုတ်ဟု ဆိုသည်မှာ မမြင်ရသေး၍ မှန်သည်ထားပါဦး တော့၊ ယခုပစ္စုပ္ပန်မြင်ဆဲအခိုက်၌မရှိဆိုသည်ကိုမကျေနပ်ပါဟုစောဒကာဝင်ရပေမည်။ ယခုမြင်ဆဲအခိုက်၌မြင်စိတ်သဘောကလေးမရှိဆိုသည်မှာ သူ့ကိုယ်တိုင်ကဝန်ခံခြင်းမဟုတ်၊ မျက်စိအကြည်, အဆင်း, အလင်း, နှလုံးသွင်း တို့ က ဝိုင်း ဝန်း စွပ် စွဲ ပြောဆိုခြင်းမျှသာဖြစ်ပေ၏။ သူ့ကိုယ်တိုင်လည်းအနတ္တ, ဝိုင်းဝန်း ထောက်ခံကြသော သဘောတရားများလည်း အနတ္တဖြစ်ကြ၍ ဥပေက္ခာမွေ့မျှ သာဖြစ်သောပရမတ္ထ မွေ့ရာရုံစက္ခုဝိညာဏုပါဒါနက္ခန္ဓာ ဖြစ်သောကြောင့် ကာလသုံးပါးမှလွတ်၏။ သူ့ကိုယ်တိုင် အေးပြီး, ငြိမ်းပြီး, ချုပ်ပြီးသဘောကလေးဖြစ်၏။

သောတဝိညာဏ်=ကြားစိတ်, ဃာနဝိညာဏ်=နံစိတ် ဇိဝှါဝိညာဏ်=လျက်စိတ်, ကာယဝိညာဏ်=ထိစိတ်ဟူ သောဝိညာဏ်များကိုလည်း စက္ခုဝိညာဏ်=မြင်စိတ်ကို ဝေဘန်သကဲ့သို့ဝေဘန်ကြပါလေ။

ကြားစိတ်, နံစိတ်, စားစိတ်, ထိစိတ်တို့၏ မူလအကြောင်းတရားများမှာ မြင်စိတ်ကဲ့သို့ အဝိဇ္ဇာ, တဏှာ, ကံ, ဖဿများဖြစ်ကြသော်လည်း ယာယီ အခိုက်အတန့်

အကြောင်းတရားများမှာမူမတူကွဲပြားကြလေသည်၊ ထို့ကြောင့် အကျိုး အကြောင်းတို့ကို ယထာဘူတ ပုံစံနှင့် ပြဆိုပေအံ့။

| အကျိုးတရား (ကိစ္စသန) | အကြောင်းတရားများ |
|---|---|
| **သောတဝိညာဏ်-ကြားစိတ်။** | (၁) သောတပသာဒ=နားအကြည်၊<br>(၂) သဒ္ဒါရုံ—အသံရုပ်၊<br>(၃) ဝိဝရ=ဟင်းလင်း၊<br>(၄) မနသိကာရ=နှလုံးသွင်း။ |
| **ဃာနဝိညာဏ်=နံစိတ်။** | (၁) ဃာနပသာဒ=နှါခေါင်းအကြည်၊<br>(၂) ဂန္ဓာရုံ—အနံ့ရုပ်၊<br>(၃) ဝါတ—နှာခေါင်းလေ၊<br>(၄) မနသိကာရ-နှလုံးသွင်း။ |
| **ဇိဝှါ ဝိညာဏ်-စားစိတ်။** | (၁) ဇိဝှါပသာဒ=လျှာအကြည်၊<br>(၂) ရသာရုံ=အရသာရုပ်၊<br>(၃) အာပ=လျှာ၏စွတ်စိုခြင်း၊<br>(၄) မနသိကာရ=နှလုံးသွင်း။ |
| **ကာယဝိညာဏ်-ထိစိတ်။** | (၁) ကာယပသာဒ= ကိုယ်အကြည်၊<br>(၂) ဖောဋ္ဌဗ္ဗာရုံ—အတွေ့သဘော၊<br>(၃) ထဒ္ဓ=ကြမ်းကြမ်းသဘော၊<br>(၄) မနသိကာရ=နှလုံးသွင်း။ |

## မနောဝိညာဏ်အကြောင်း

မနောဝိညာဏ်ဆိုသည်မှာ ကြံသိစိတ်, တွေးသိစိတ် ကိုဆို၏။ မြင်စိတ်, ကြားစိတ်, နံစိတ်, စားစိတ်, ထိစိတ် ဟူသောဝိညာဏ်ငါးလုံးကို တလှည့်စီ အားပေးကူညီနေ သောမနောဓာတ်ဖြစ်၏။ မြင်စိတ်စသောစိတ်ငါးလုံးတို့ သည် အဆင်းစသော အာရုံငါးပါးနှင့် အသီးသီး ဆုံစည်း မိကြသောအခါ မြင်မှုကိစ္စ, မြင်ကာမတ္တမျှသာဖြစ်၏။မြင် သိမှုမဖြစ်သေး၊ မြင်တာကိုဘာလဲဟုမသိသေးချေ။ မြင် ကာ မတ္တ မှု တွင် မ နေ ဘဲ ရှေ့ ရှောက် ပြီး မြင်တာဟာ ယောကျ်ားဘဲ,မိန်းမဘဲ,ခွေးဘဲ,လူဘဲစသည်ဖြင့်ဘာဘာ ညာညာ ကောင်းမကောင်းတွေပါ ရောထွေးပြီး သိခြင်း သည် မနောဝိညာဏ်၏ခြေထိုးမှုသာဖြစ်၏။ အချုပ်မှာ ပဉ္စဝိညာဏ်နှင့် အဆင်းစသော အာရုံငါးပါး တို့သည် သက်သက်မဲ့ အသေကောင်များဖြစ်ကြ၏။အသေကောင် များကို အရှင်ကောင်ဖြစ်အောင် ပန်တည်းပေးနေခြင်းမှာ ဝိညာဏ်ဖြစ်၏။

> သဗ္ဗေဓမ္မာ မနောဝိညာဏဓာတုယာ
> တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အာရမ္မဏာ
> ပစ္စယေန ပစ္စယော။ ။
>
> (ပဋ္ဌာန်းပါဠိတော်)

သဗ္ဗေဓမ္မာ၊ အားလုံးကုန်သော သဘောတရားဟူသ မျှတို့သည်။ မနောဝိညာဏဓာတုယာ၊ မနောဝိညာဏ်ဟု

အသမုတ်ခံရသောသဘောအားဖြင်း။ တံသမ္ဗယုတ္တကာနံ၊ထိုမနောဝိညာဏ်နှင့်ဖြိုင်တူဖြစ်ကြရကုန်သောသဘောတရားတို့အားဖြင်း။ အာရမ္မဏပစ္စယေန၊ အာရုံအဖြစ်ဖြင့်ကျက်စားအသုံးခံရန်အလို့ငှါ။ ပစ္စယော, ဥပကာရကော၊ အသင့်စောင့်လျက် ထောက်ပံ့ကျေးဇူးပြုကာနေကြရသည်။ ဟောတိ၊ ဖြစ်၏။

လိုရင်းမှာ အားလုံးကုန်သော သဘောတရားဟူသမျှတို့သည် မနောဝိညာဏ်၏ အလိုသို့သာ လိုက်ပါကြရကုန်၏။ မနောဝိညာဏ်၏ စိမံခန့်ခွဲ,ကြိုးဆွဲရာသို့ ပါကြရကုန်၏ဟူလို။

ထို့ကြောင့် ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးက အာဟာရ ဒီပနီ (မူဟောင်း) စာမျက်နှာ (၇၇) တွင်——

> "ဝိညာဏ်ကို မလွှတ်သမျှသည် ဘဝဂ်ကပင်သော်လည်း အပါယ်သို့သာ လားကြရကုန်၏၊ အပါယ်ကျမှုလည်းဆုံးကမ်းမရှိ၊ ကုသိုလ်မှု သံသရာဒုက္ခလည်း ဆုံးကမ်းမရှိလေ။ သောတာပန် အဖြစ်သို့ရောက်၍ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသဖြင့် ဝိညာဏ်ကို လွှတ်နိုင်သောအခါမှ အပါယ်ကျ ဒုက္ခငြိမ်း၏။ ကုသိုလ်မှုသံသရာဒုက္ခလည်း အပမ်းကြီးလောက်အောင် မရှိပြီ။"

ဟူ၍ဖြင်း၊ထို့ပြင်အာဟာရ ဒီပနီ(ဟံသာဝတီမူ)စာမျက်နှာ (၄၄) ၌လည်း——

> "ဝိညာဏာဟာရ၌ ကိစ္စအပြီးတိုင် ပိုင်နိုင်သည်ရှိသော်၊ ဖဿ, ဝေဒနာ, သညာ, စေတနာ အစရှိသော စေတသိက်

တရားတည်း ဟူသော နာမ်တို့၌ဧရင်း၊ မဟာဘုတ်, ဥပါဒါရုပ်တည်း ဟူသော ရုပ်၌ဧရင်း၊ အထူး အားထုတ်ဘွယ်ကိစ္စမရှိ၊ အလိုလို ကျွံကူးရေပါ အားဖြင့် ပိုင်နိုင်တော့သည်။ နာမ်ရုပ်၌ ပိုင်နိုင်သည် ရှိသော်၊ ပြဟ္မစရိယ ကိစ္စအပြီးတိုင်လေ၏။ ယခုဘဝ၌လည်း ဘယ်သီလ လိုသေးသည်၊ ဘယ်သမာဓိ လိုသေးသည်၊ ဘယ်ပညာ လိုသေးသည်ဟု ကြောင့်ကြပြုဘွယ်မရှိပြီ။ သံသရာ၌ သီလမှု,သမာဓိမှု,ပညာမှု, ရသေ့လုပ်မှု,ရဟန်းလုပ်မှုသည် ကြီးကျယ်စွာသော ဒုက္ခမှုကြီးဖြစ်၏။ အနမတဂ္ဂ သံသရာ၌ အခါပေါင်း အနန္တ ထိုဒုက္ခကို ပြုခဲ့လှလေပြီ၊ အပြီးမတိုင် တပိုင်းကြောင်ချည်းဖြစ်ခဲ့၍အပါယ် ငရဲသို့တလဲလဲပြန်၍ ကျသည်သာဖြစ်၏။ ဝိညာဏာဟာရကို ပိုင်နိုင်သောအခါ၌ကား ထိုပြဟ္မာစရိဝါသမှုကြီးအပြီးတိုင်လေ၏။ နောက်၌ပြဟ္မာ့စရိယဝါသ ဒုက္ခစက်ကြီးမှ အပြီးတိုင်လွတ်ငြိမ်းလေ၏။ နောင်သီလဖြည့်ကျင့်မှုနှင့်စပ်သော ဒုက္ခ,သမာဓိဖြည့်ကျင့်မှုနှင့် စပ်သောဒုက္ခ, ပညာဖြည့်ကျင့်မှုနှင့် စပ်သောဒုက္ခ,ရသေ့ပြုလုပ်မှု,ရဟန်းပြုလုပ်မှုနှင့် စပ်သောဒုက္ခဟူ၍မရှိပြီဆိုလိုသည်။”

ဟူ၍မိန့်ဆိုတော်မူ၏။

## ဝိညာဏ် ၂-မျိုး

သို့ရာတွင် ဝိညာဏ် ၂-မျိုးကို သိရန် အရေးကြီးလှပေ၏။ အဝိဇ္ဇာ, တဏှာ, ကံ, နာမ်ရုပ်ဟူသောအကြောင်းလေးပါးကြောင့်ဖြစ်သော ဝိညာဏုပါဒါနက္ခန္ဓာဝိညာဏ်နှင့် မဟာဘုတ်ဟူသော ဓာတ်ကြီးလေးပါးကြောင့်ဖြစ်သော ဟဒယဝတ္ထုရုပ်ကို စွဲမှီ၍ဖြစ်သော ပကတိစိတ်ဝိညာဏ်ဟူ၍ ၂-မျိုးရှိလေသည်။ ထို ၂-မျိုးကိုခွဲခြား၍

မသိဘဲ တမျိုးတည်းဟု ယူဆကြသဖြင့် သာတိရဟန်းနှင့် ဗကပြဟ္မာကြီးတို့သည် မိစ္ဆာဒိဋ္ဌိဖြစ်ကြရကုန်၏၊

မြတ်စွာဘုရားသည် ဗကပြဟ္မာကြီးအား ဝိညာဏ်ကိုသိသလောဟု မေးတော်မူရာ ဗကပြဟ္မာကြီးက သိကြောင်းကိုဝန်ခံလေ၏။ မြတ်စွာဘုရားက သင်သိသော ဝိညာဏ်သည် ဥပါဒါနက္ခန္ဓာ ဖြစ်သော ဝိညာဏ်သာ ဖြစ်သည်၊ ဓမ္မာရုံပရမတ္ထဖြစ်သော စိတ်ဝိညာဏ်ကိုလည်း သင်မသိအပ်၊ အရှုပ္ပဓမ္မဖြစ်သော ဝိညာဏမ္ဘိတိဟူသောစိတ်ဝိညာဏ်ကို-သာ၍ပင် သင်ပြဟ္မာတို့ မသိအပ်, မသိကောင်းဟု ဗကပြဟ္မာကြီးအား-ပြဟ္မနိမန္တနသုတ်တွင်--

"ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ" ဟူ၍ ဟောတော်မူ၏၊

(၁)–ဥပါဒါနက္ခန္ဓာဖြစ်သော ဝိညာဏ်သည် အဘိညာပရိညေယျထိုက်သော ဒုက္ခသစ္စာဖြစ်၏။ ဥပါဒ်, ဌီ, ဘင်မရှိ၊ နိဿတ္တ, နိဇ္ဇီဝ ဖြစ်၏။ ပဋိစ္စသမုပ္ပါဒတွင် ဟောတော်မူ၏။

(၂)–ပကတိစိတ် ဝိညာဏ်သည်ကား ပရိညေယျတရားသာဖြစ်၏။ ဥပါဒ်, ဌီ, ဘင်ရှိ၏၊ ထို့ကြောင့် သတ္တဇီဝ,သဒ္ဒိရဟူ၍ဟောတော်မူ၏။ပဋိစ္စသမုပ္ပါဒတွင်ဟောတော်မမူ။ "ဝိညာဏံ အနိဒဿနံ-အနန္တံ သဗ္ဗတောပဘံ" ဟူ၍၎င်း၊ "ဝိညာဏံ မဇ္ဈေ" ဟူ၍၎င်း၊ "ပကတိ ပရိသုဒ္ဓမိဒံ စိတ္တံ-" ဟူ၍၎င်း၊ "မုဒ,ကမ္မည, ပဘဿ

ရ''-ဟူ၍ဂုဏ်း ပရမတ္ထ ပကတိ သက်သက် ဖြစ်သော စိတ်ဝိညာဏ်ကို ဟောတော်မူ၏။

မနောဝိညာဏံ ဥပါဒိယိသာမိ
နစမေ မနောဝိညာဏာ နိဿိတံ
ဝိညာဏံ ဘဝိဿတိတိ၊ ဧဝံဟိတေ
ဂဟပတိ သိက္ခိတဗ္ဗံ။ ။
(ဥပရိပဏ္ဏာသ ပါဠိတော်)

ဂဟပတိ၊ သူဌေးကြီး။ မနောဝိညာဏံ၊ ဝိညာဏဓာတ်ဟု ဆိုအပ်သော မနောဝိညာဏ်စိတ်သည်၊ နဥပါဒိယိဿာမိ၊ ဥပါဒါနက္ခန္ဓာငါးပါးကို မဖြစ်စေလင့်။ မေ၊ ငါ့အား။ မနောဝိညာဏာနိဿိတံ၊ ပကတိစိတ်ဝိညာဏ်ကို စွဲမှီရမှ ဖြစ်နိုင်သော၊ ဝိညာဏံ၊ မွေ့ရာ ဥပါဒါနက္ခန္ဓာဟူသော ဝိညာဏ်သည်၊ နစဘဝိဿတိ၊ ဖြစ်လည်းမဖြစ် ရလတံ့။ ဣတိဧဝံ၊ ဤသို့လျှင်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ ။
ဟူ၍အရှင်သာရိပုတ္တရာမထေရ်မြတ်သည် အနာထပိဏ် သူဌေးကြီးအား စိတ်ဝိညာဏ် ၂-မျိုးရှိကြောင်းကိုဟော တော်မူ၏။ ဆိုလိုတော်မူရင်းမှာ=

"သင်သူဌေးကြီး= စိတ်ကို စိတ်အတိုင်းတိုင်းဆား၊ စိတ်နှင့် အာရုံမတွေ့ဆုံစေနှင့်၊"

ဟူသော အဓိပ္ပါယ်ပင် ဖြစ်လေသည်။ အတိဂမ္ဘီရတ္ထ ဖြစ်၏။ ဂေဟာသိတာ ဥပေက္ခာမဟုတ်ဘဲ နေက္ခမသိတ ဥပေက္ခာစိတ်ကို ဆိုလို၏။

သို့ရာတွင် ထူးခြားလှစွာသော ပကတိစိတ်ဝိညာဏ်ကို တွေ့မြင်၍ စိတ်ကို စိတ်အတိုင်း တိုင်းထားနိုင်ရန်မှာ အလွန့်အလွန်ခဲယဉ်းလှ၏။ အလွန့်အလွန် နက်နဲသိမ်မွေ့လှ၏။

## ဆရာစစ်ကိုရှာ

ဝိညာဏံ ဘိက္ခဝေ အဇာနတာ အပဿတာ
ယထာဘူတံ ဝိညာဏေ ယထာဘူတံ ဉာဏာ
ယ သတ္ထာ ပရိယေသိတဗ္ဗော။ ။
(နိဒါနဝဂ္ဂသံယုတ် ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိညာဏံ၊ ပကတိ စိတ်ဝိဉာဏ်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ အဇာနတာ၊ မသိ၍ မရှာမှီးတတ်သည်ရှိသော်။ အပဿတာ၊ မမြင်ဘူးသောကြောင့် မရှာမှီးတတ်သည်ရှိသော်။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဝိညာဏေ၊ ပကတိစိတ်ဝိဉာဏ်၌။ ဉာဏာယ၊ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် တွေ့မြင်ခြင်းငှါ။ သတ္ထာ၊ ဆရာစစ် ဆရာမှန်ကို။ ပရိယေသိတဗ္ဗော၊ ရှေးဦးစွာရှာကြံ ခိုမှီးအပ်၏။

ဤကဲ့သို့ဟောတော်မူသည့်အတိုင်း--

(၁)- ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာ သံသရာနှင့် သုဒ္ဓခန္ဓ-ပဋိစ္စသမုပ္ပါဒ နိဿရဏသံသရာဟူသော လမ်းနှစ်ပါး၏ အခွဲကိုရှင်း၊

(၂)- မိစ္ဆာနိယတပထ,မိစ္ဆာအဓိဝစနပထ,မိစ္ဆာ ပညတ္တိပထနှင့် သမ္မာနိယတ္တိပထ, သမ္မာအဓိ ဝစနပထ, သမ္မာ ပညတ္တိပထ ဟူသောလမ်း နှစ်ပါး၏ အခွဲကိုဂှင်း၊

(၃)- ဝိညာဏဋ္ဌိတိ, ဝိညာဏစရိယာ, ဝိညာဏံ မဇ္ဈေ,ဝိညာဏံအနိဒဿနံ-အနန္တံ သဗ္ဗသော ပဘံ, ပကတိပရိသုဒ္ဓမိဒံစိတ္တံ, ဉာဏစရိယာ, အဉာဏ စရိယာဟူသော ပရမတ္ထ ဝိဉာဏ်နှင့် ပရမတ္ထဖြစ်သော အာရုံခြောက်ပါး, ဓမ္မာရုံ အားဖြင့် ခြောက်ပါးတို့ကိုဂှင်း၊

(၄)- ထိုဓမ္မာရုံ ခြောက်ပါးတို့တွင် စိတ်, စေတ သိက်,ရုပ်, နိဗ္ဗာန်ဟူသော ပရမတ္ထတရားနှင့် ပရမတ္ထဓမ္မာရုံ ဟူသောလမ်းနှစ်ပါး၏ အခွဲ ကိုဂှင်း၊

(၅)- အရိယာတို့၏ ကျင်လည်သော ဘဝနှင့် အန္ဓ ပုထုဇန်တို့၏ ကျင်လည်သော ဘဝ နှစ်ပါး၏ လမ်းခွဲကိုဂှင်း၊

ဂှင်းဂှင်းလင်းလင်း ဟောကြားပြသနိုင်သော ပဋိသမ္ဘိ ဒါဉာဏ်, ဂမ္ဘီရဉာဏ်နှင့် ပြည့်စုံလုံလောက်သည့်ဆရာ စစ် ဆရာမှန်ကိုသာဂှာကြံဆည်းကပ် မှီခိုအပ်သင့်ပေ၏။ ဆရာစစ် ဆရာမှန်တွေ့လျှင်နိဗ္ဗာန်ကို တခါတည်းရောက် နိုင်၏ဟူလို။ သို့မှသာလျှင် သာသနာတွင်းသားဖြစ်၍သာ

သနာတွင်း ဒါန, သီလ, ဘာဝနာတို့ကို ပြုလုပ်တတ်မည် ဖြစ်ပေ၏။

## သာသနာတွင်း ကုသိုလ်ပြုလုပ်ပုံ

ယံကိဉ္စိ တေဘူမကံ ကုသလာဘိသင်္ခါရံ အဘိသင်္ခရောန္တော၊ န ဂတိဟေတု၊ နဉပပတ္တိ ဟေတု၊ နပဋိသန္ဓိဟေတု၊ နဘဝဟေတု၊ နသံသရ ဟေတု၊ န ဝဋ္ဋဟေတု၊ သဗ္ဗံတံ ဝိသံယောဂါ ဓိပ္ပါယော၊ နိဗ္ဗာန နိန္နော၊ နိဗ္ဗာန ပေါဏော၊ နိဗ္ဗာနပဗ္ဘာရော အဘိသင်္ခရောတိ။ ။

(မဟာနိဒ္ဒေသ ပါဠိမြန်မာ။)

ကုသလာဘိသင်္ခါရံ၊ အဘိသင်္ခါရကုသိုလ်ဟုဆိုအပ်သော။ ယံကိဉ္စိတေဘူမကံ၊ အလုံးစုံသောသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် ယှဉ်သောဓမ္မာရုံ ခမ္မတတ်ဖြစ်သောကုသိုလ်ကို။ အဘိ သင်္ခါရောန္တော၊ အားထုတ်ကြကုန်သော။ တေ၊ ထိုက လျာဏ ပုထုဇန်စသော အရိယာ သူတော်ကောင်းသည်။ ဂတိဟေတု၊ ဉ ပါ ဒါ နက္ခန္ဓာ ငါး ပါး တို့၏လားရာဖြစ် သော ဂတိ ဟူသော အကြောင်း ကြောင့်။ န အ ဘိ သင် ရောန္တိ၊ မပြုကုန်။ ဥပပတ္တိဟေတု၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ဥပပတ္တိဘဝဟူ သောအကြောင်းကြောင့်။ နအဘိသင်္ခရောန္တိ၊ မပြုကုန်။ ပဋိသန္ဓိဟေတု၊ ဥပါဒါနက္ခန္ဓာငါးပါး၏ ဆက်စပ်ခြင်း

ပဋိသန္ဓေ ဟူသော အကြောင်း ကြောင့်။ နအဘိသင်္ခရောန္တိ၊မပြုကုန်။ ဘဝဟောတု၊ ကမ္မဝဋ်ဟူသောကမ္မဘဝ ဖြစ်ရာဟူသောအကြောင်းကြောင့်။ နအဘိသင်္ခရောန္တိ၊ မပြုကုန်။ သံသာရဟောတု၊ ပဋိစ္စသမုပ္ပါဒမည်သောသံသ ရာဟူသောအကြောင်းကြောင့်။ နအဘိသင်္ခရောန္တိ၊ မပြု ကုန်။ ဝဋ္ဋဟောတု၊ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် ဟုဆိုအပ်သောဝဋ်သုံးပါးကြောင့်။ နအဘိသင်္ခရောန္တိ၊ မပြုကုန်။ တံသဗ္ဗံ၊ ထိုအလုံးစုံသော ကုသလာဘိသင်္ခါရ ကုသိုလ်ဟူသမျှသည်။ နိဗ္ဗာနနိန္နော၊ နိဗ္ဗာန်သို့ညွတ်သော စိတ်ရှိသော။ နိဗ္ဗာနပေါဏော၊ နိဗ္ဗာန်သို့ကိုင်းသောစိတ် ရှိသော။ နိဗ္ဗာနပဗ္ဘာရော၊ နိဗ္ဗာန်သို့ရှိုင်းသောစိတ်ရှိ သော။ ဝိသံယောဂါဓိပ္ပါယော၊ ပဋိစ္စသမုပ္ပါဒတည်းဟူ သော ဥပါဒါနက္ခန္ဓာ သံသရာနှင့် မယှဉ် ကင်းကွာ လွတ် မြောက်ခြင်း၌ အလိုရှိသော အရိယာ သူတော်ကောင်း သည်။ အဘိသင်္ခရောတိ၊ ပြု၏။

သာသနာတွင်း ဒါန,သီလ,ဘာဝနာ (ဝါ) ဝိဝဋ္ဋနိဿိတ ကုသိုလ် (ဝါ) အပစယဂါမိ ကုသိုလ်ကောင်းမှု တို့ ကို ပြုတတ်,လုပ်တတ်အောင် နိဗ္ဗာန်ကို ပဌမရှေးဦးစွာ မြင်ရမည်၊သို့မှသာလျှင် နိဗ္ဗာန်သို့ ညွတ်သောစိတ် ကိုင်း သောစိတ်, ရှိုင်းသောစိတ်ကိုထားတတ်ပေမည်။ ဤကဲ့သို့ နိဗ္ဗာန်ကိုမြင်နိုင်ရန်လည်းသပ္ပုရိသအစစ်ဖြစ်သော ဆရာ စစ် ဆရာမှန်ကို ကိုးကွယ် ဆည်းကပ်ရမည် ဟူသော အနက်အဓိပ္ပါယ်ဖြစ်လေသည်။

## သာဝကတို့၏အရာမဟုတ်သောရုပ်နာမ်

ဘူတ ရုပ် နှင့် တ ကွ ဖြစ် သော ပရမတ္ထပကတိစိတ်ဝိညာဏ်သည်ကား သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏အရာသာလျှင်ဖြစ်၏၊ သာဝကတို့အရာ မဟုတ်ဟူ၍ဟောတော်မူ၏။ ''ဝိပါက ကဍဇ္ဇာရူပံနအစိန္တိယံ'' - ဝိပါက် ရုပ်နာမ်တို့ကို မကြံစည်ရာဟူ၍လည်း ဟောတော်မူ၏။ သို့အတွက် လက်ဖျစ် တဖွက်၌ ကုဋေ တသိန်းကျော်ဖြစ်သည်ပျက်သည်ဟုဆိုသောပကတိစိတ် ဝိညာဏ်နှင့် ကုဋေငါးထောင်ကျော် ဖြစ်သည်ပျက်သည် ဟုဆိုသော ဘူတ ရုပ်တို့ကို လေ့လာ ဝေဖန်ကြံစည်နေ ကြသောပုဂ္ဂိုလ်၊ ၎င်းရုပ်နာမ်တို့ကို ဝိပဿနာတရားလုပ် ပြီး ဟောပြောနေကြသော ဓမ္မကထိကတို့သည် အဘယ် မှာလျှင် သာသနာ့အစစ်အမှန်ကို ပြုရာရောက်ကြပါမည် နည်း၊ ၎င်းတရားတွေနှင့် ယခုနေယျူခေတ်ဝေနေယျများအ ဘယ်မှာလျှင် တမဂ်တဖိုလ်ကိုရနိုင်ကြပါအံ့နည်း။ ''ပရိ ယတ္တိဗဟုလ-နောဓမ္မဝိဟာရီ'' မည်သောစာဘတ်အန္ဓ ပုထုဇန်တွေသာဖြစ်နေကြရမည်မဟုတ်ပါလော။ ဓမ္မာ ဓိဋ္ဌာန်ကျကျ ဝေဖန်ဆုံးဖြတ်ကြစေလို၏။ သုသိမရဟန်း ကဲ့သို့မဖြစ်ကြစေလင့်။

## သာဝကတို့၏အရာဖြစ်သောရုပ်နာမ်

ပဋိစ္စသမုပ္ပန္နံ ဝိညာဏံ ဝုတ္တံမယာ၊

အညတြပစ္စယာ နတ္ထိ ဝိညာဏဿ
သမ္ဘဝေါ။ ။

[မူလပဏ္ဏာသပါဠိတော်]

သာတိ၊ ချစ်သားသာတိ၊ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းကိုစွဲ၍ဖြစ်သော။ ဝိညာဏံ၊ ဝိညာဏုပါဒါနက္ခန္ဓာဟူသော ဝိညာဏ်ကိုသာလျှင်။ မယာ၊ ငါဘုရားသည်။ ဝုတ္တံ ဟောတော်မူ၏။ ပစ္စယာ၊ အဝိဇ္ဇာ, တဏှာ, ကံ, နာမ်ရုပ်ဟူသော အကြောင်း လေးပါးကို။ အညတြ၊ ကြဉ်ထား၍။ ဝိညာဏဿ၊ ပဋိစ္စသမုပ္ပါဒ ဖြစ်သော ဝိညာဏ်၏။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။

ပုထုဇန်တို့သည် မိစ္ဆာသက်ပ္ပ, မိစ္ဆာဝိတက်တို့ဖြင့် အဝိဇ္ဇာတဏှာနှင့်တကွ ကြံဆ၍ မိမိတို့၌ အမြဲဖြစ်ပေါ် ၍ နေသော စိတ်ဝိညာဏ်ကိုမိစ္ဆာစိတ်ဝိညာဏ်ဟုမသိနိုင်ကြကုန်၊ ထို့ကြောင့် ထိုမိစ္ဆာဖြစ်သောစိတ်ဝိညာဏ်ကို ချိုးဖဲ့ဖျက်ဆီးနိုင်ခြင်း အလို့ငှါ ပဋိစ္စသမုပ္ပါဒဝိညာဏ် ကိုဟောတော်မူ၏။

ရုပ်၌လည်း ရူပုပါဒါနက္ခန္ဓာဖြစ်သောရုပ်ကိုနှစ်သက် စွဲလမ်းနေကြသဖြင့် အစွဲဥပါဒါန်ဖြုတ်စေခြင်း အလို့ငှါ ရုပ်ကိုသိအောင် ပြုကျင့်ရမည်ဟု- ဥပရိပဏ္ဏာသ ပါဠိတော်၌ အနာထပိဏ် သူဌေးကြီးအား အရှင်သာရိပုတ္တရာ ဟောကြားတော်မူ၏။

တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ
ယံပိတေဒိဋ္ဌံ,သုတံ,မုတံ,ဝိညာတံ,ပတ္တံ
ပရိယေသိတံ အနုပရိယေသိတံ အနုစရိတံ
မနသာ။ ။

(ဥပရိပဏ္ဏာသပါဠိတော်)

တသ္မာ၊ ထို့ကြောင့်။ ဣဓ၊ ဤသာသနာတော်၌။ ဂဟပတိ၊ သူဌေးကြီး။ ဧဝံ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ ယမ္ပိ ပတ္တံ၊ အကြင်အာရုံအားဖြင့် ရောက်အပ်သော။ ဒိဋ္ဌံ၊ ဒိဋ္ဌရုပ်ကိုရင်း။ သုတံ၊ သုတရုပ်ကိုရင်း။ မုတံ၊ မုတရုပ်ကိုရင်း။ ဝိညာတံ၊ ဝိညာတရုပ်ကိုရင်း။ မနသာ၊ စိတ်ဖြင့်။ ပရိယေသိတံ၊ ရှာမှီးအပ်၏။ အနုပရိယေသိတံ၊ အဖန်တလဲ အပြန်ပြန် အထပ်ထပ်ရှာမှီးအပ်၏။ အနုစရိတံ၊ အဖန်တလဲ ကျင့်အပ်၏။ (ဝါ) အဖန်ဖန်အထပ်ထပ် ဝေဖန်ပိုင်းခြား အပ်၏။

ပုထုဇန်တို့သည် ထိုဒိဋ္ဌရုပ်,သုတရုပ် မုတရုပ်, ဝိညာတ ရုပ်တို့ကို တကယ် အနှစ်အသားရှိသော သတ္တ,ဇီဝ, သရီရဟူ၍ထင်မြင်စွဲယူကာ နေကြသဖြင့်သံသရာ၌ကျင်လည်နေကြရသည်။ ထို့ကြောင့် ရုပ်နာမ်,ရုပ်နာမ်ဟူဆို တိုင်း အသံတူသော်လည်း အဆန်ကွဲသဖြင့် ဝေနေယျတို့ အား ကျွတ်တန်းဝင်စေနိုင်သော သမ္မာဒိဋ္ဌိဉာဏ် အမြင် မှန်ရစေခြင်း အကျိုးငှါ ပဋိစ္စသမုပ္ပါဒ-ဝိပါကဝဋ် ဖြစ် သော ဒုက္ခသစ္စာ ထိုက်သည့် ရုပ်နာမ်ကိုသာ နိစ္စ,သုခ, အတ္တမဟုတ်ဘဲ အနိစ္စ,ဒုက္ခ,အနတ္တ ဖြစ်ကြောင်းကိုထင်

ကွက်မြင်ကွက် ပေါ်အောင် ဟောပြော သင့်ကြပေ၏။ မြတ်စွာဘုရား၏ ဖွဲ့ဉာဏ်တော် ကျက်စားရာ ဖြစ်သော ရုပ်နာမ်တို့ကို မဟန္တာရုံဝိထိ, အတိမဟန္တာရုံဝိထိ, ပရိတ္တာရုံဝိထိ, အတိ ပရိတ္တာရုံ ဝိထိစသည်ဖြင့် ဝိထိ အမျိုးမျိုးထိုး၍ ဟောပြောပြသနေကြသော်လည်း ဝေနေယျတို့မှာ ဘာဝနာမယဉာဏ် တရံတဆစ်မျှဖြစ်လိမ့်မည် မဟုတ်ကြောင်းကို စိတ်ထား ကောင်းကောင်းနှင့် စဉ်းစားသင့်ကြပေ၏။

ထို့ကြောင့်သတိပဋ္ဌာနဝိဘင်းအဋ္ဌကထာ၌—

ယံပဿတိ နတံဒိဋ္ဌံ၊ ယံဒိဋ္ဌံ တံနပဿတိ
အပဿံ ဗဇ္ဈတေမုဠှော၊ ဗဇ္ဈမာနော နမုစ္စတိ။ ။

ဟူ၍ ဖွင့်ပြတော်မူသည့်ကို နက်နက် နဲနဲ သဘောပေါက် အောင်ဝေဖန်စဉ်းစားကြရာ၏။

သဘာဝတ္ထ အနက်ကား။ ။ယံ၊ အကြင်ဥပါဒါနက္ခန္ဓာသံသရာဖြစ်သောဒိဋ္ဌရုပ်၌ သတ္တ, ဇီဝ, သရီရရှိသည်၏အဖြစ်ကို။ ဇနော၊ ပရမတ္ထ ဓမ္မာရုံကို တတ်အပ်ထင်ထင်မသိ၍မြင်သော ဗာလပုထုဇန်သည်။ ပဿတိ၊ ရူပါရုံကိုသတ္တ, ဇီဝ, သရီရဟူ၍ပင်ရှုမြင်၏။ တံ၊ ထိုပုထုဇန်တို့ရှုမြင်အပ်သောသတ္တ, ဇီဝ, သရီရရှိသည်ဟူသောရူပါရုံသည်။ နဒိဋ္ဌံ၊ မှချဆတ်ဆတ်ပရမတ္ထအားဖြင့်ရှုမြင်အပ်သည်မဟုတ်။ ယံ၊ အကြင်သတ္တ, ဇီဝ, သရီရမဟုတ်-ဥပါဒါနက္ခန္ဓာဖြစ်သော ပရမတ္ထ ဓမ္မာရုံ နာမ်ရုပ်

သာဖြစ်၏ဟူ၍။ ဒိဋ္ဌံ၊ ပညာစက္ခုဖြင့်ရှုမြင်ရာ၏။ တံ၊ ထိုပရမတ္ထအားဖြင့် ရှုမြင်အပ်သော ဥပါဒါနက္ခန္ဓာဓမ္မာရုံ နာမ်ရုပ်ကို။ ဇနော၊ ပညာ စက္ခု မရှိသောအန္ဓပုထုဇန် သည်။ နပဿတိ၊ မရှုမထင်မမြင်နိုင်ချေ။ အပဿံ, အပဿန္တော၊ ပရမတ္ထဓမ္မာရုံမှုသာဖြစ်သည့် ဥပါဒါနက္ခန္ဓာ သံသရာကိုမရှုမမြင်နိုင်သော။ မုဠှော၊ ပရမတ္ထဓမ္မာရုံဖြစ်သောပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နတရား၌ တွေဝေသောအန္ဓပုထုဇန်ကို။ ဗန္ဓတော၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရဟူသော သမုဒယ အကြောင်း ဒုက္ခကြိုးတို့ဖြင့်ဖွဲ့စည်းရစ်ပတ်ထား၏။ ဗန္ဓမာနော၊ ထိုအကြောင်းဒုက္ခဖြစ်သည့် သမုဒယ သစ္စာ နှောင်ကြိုး တို့ဖြင့်တုတ်နှောင်ခြင်းကိုခံနေရရှာသော အန္ဓဗာလဥမ္မတ္တက ပုထုဇန်သည်။ နမုစ္စတိ၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသောအကျိုးဒုက္ခ ဝိပါကဝဋ္ဋ သံသရာမှ မကျွတ်မလွတ်နိုင်ချေ။

ဆိုလိုတော်မူရင်းမှာ အန္ဓပုထုဇန်တို့သည်ဒိဋ္ဌရုပ်ဖြစ်သော ရူပါရုံကို မြင်သောအခါရူပါရုံမှန်းမသိဘဲ သတ္တ ဇီဝ, သရီရရှိသော ယောကျ်ား,မိန်းမဟုပညတ်အကြမ်းစားကြီးကိုသာ မြင်နေကြ၏။ ဒိဋ္ဌိ ဝိပလ္လာသဖြစ်၍။ အတ္တဒိဋ္ဌိဖြစ်၏။

ကလျာဏ အစရှိသော သေက္ခ(၇)ဦးတို့သည် ဒိဋ္ဌရုပ်ဖြစ်သော ရူပါရုံကို ရူပါရုံမှန်းသိမြင်ကြ၍ ထိုရူပါရုံ ထဲ၌ သတ္တ, ဇီဝ, မရှိကြောင်းကိုလည်း သိမြင်ကြ၏။

စိတ္တ ဝိပလ္လာသအားဖြင့်မှုကား ဧယောကျ်ား, မိန်းမဟူ သောသိမှတ်မှုကလေးကျန်နေသေး၏၊ ဒိဋ္ဌိဝိပလ္လာသ မရှိ တော့ချေ။ ဒိဋ္ဌိရုပ်ဖြစ်သော ရူပါရုံကိုလည်း ဥဒယ,ဝယ ၊ ဥပ္ပါဒ, ဝယ ၊ ဥပ္ပန္န, နိရုဒ္ဓ၊ ဋ္ဌိတ,အညထတ္တဟူသော သဘောဖြစ်ကြောင်းကို သိမြင်၏။ ပရမတ္ထဓမ္မာရုံမျှသာ ဖြစ်ကြောင်းကို သိမြင်ကြ၏။

ဘုရား ရဟန္တာဖြစ်သော အသေက္ခ တို့မှာ မူကား ဥပါဒါရုပ်ဖြစ်သော ရူပါရုံကိုပင် တကာယ်ရှိ, တကာယ် ဖြစ်မဟုတ်သော ခယဓမ္မ, ဝယဓမ္မ, ဝိရာဂဓမ္မ, နိရောဓ ဓမ္မဖြစ်ကြောင်းကို ကြောင်ကြောင်ကြီး သိမြင် နေကြ သည့်အပြင် ရူပါရုံ၏ ဝွဲမိရာဖြစ်သော ပရမတ္ထဘူတရုပ် လေးပါးကိုလည်း အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ဟူ၍ သိမြင်တော်မူကြကုန်၏၊ ထို့ကြောင့်မဟာနိဒ္ဒေသပါဠိ တော်၌--"ရူပေ ဝိဘူတေ ဖဿော နဟောတိ" ဟူ၍ ဟောကြားတော်မူ၏။ သညာဝိပလ္လာသ အလျှင်း မရှိ တော့ချေ။ ဥပါဒါနက္ခန္ဓာ ငါးပါးပြုတ်၍ ပရမတ္ထ ခန္ဓာ ငါးပါးသည်သာလျှင် ကျန်တော့၏။

## အရိယာအစစ်ဖြစ်-မဖြစ်,ဟုတ်-မဟုတ်

အရိယာတို့သည် ငါသူတပါး, ယောကျ်ား, မိန်းမ စသောသတ္တ,ဇီဝ, သဏ္ဌာန်ရုံကိုမမြင်,မစွဲမယူ, မသိမ်းပိုက် သည့်အပြင် ရူပါရုံ,သဒ္ဒါရုံစသော အာရုံငါးပါး,အာရုံ ခြောက်ပါးတို့နှင့် တွေ့ကြုံ ငြားသော်လည်း အနိစ္စဓမ္မ,

နုက္ကမေန, အနုတ္တမေန,အသုဘမေနဟူ၍ ကြောင်ကြောင်ကြီး သိမြင်နေကြသောကြောင့် ထိုပရမတ္ထမေနာရုံတရားတို့ကို ဆိမ်းဖိုက်စွဲယူ အသုံးချခြင်း၌ ကြံစည့်စိတ်ကူးမျှပင်မရှိနိုင်ကြတော့ချေ။ပရမတ္ထမေနာရုံမှုသာ ဖြစ်သောဥပါဒါနက္ခန္ဓာကို စွဲမှီပြီးမှ ဖြစ်ပေါ်လာရသော မိစ္ဆာပညတ်ဖြစ်သည့်ငါ,သူတပါး,ယောကျ်ား, မိန်းမစသည့်တို့ကို အဘယ်မှာလျှင် ကာယကံမြောက်,ဝစီကံမြောက်အသုံးချနိုင်ကြတော့ပါအံ့နည်း။

ထို့ကြောင့် မူလပဏ္ဏာသ ပါဠိတော်၌ အောက်ပါအတိုင်း ဟောကြားတော်မူသည်ကို သဘော ပေါက်အောင်စဉ်းစားဆင်ခြင်ကြရာ၏။

စက္ခုဥ္စာဝုသော ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ … သော ဝတာဝုသော စက္ခုသ္မိံ အသတိ ရူပေ အသတိ စက္ခုဝိညာဏေ အသတိ ဖဿ ပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ ဖဿပညတ္တိယာ အသတိ ဝေဒနာပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ ဝေဒနာပညတ္တိယာ အသတိ သညာပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ သညာပညတ္တိယာ အသတိ ဝိတက္ကပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇာတိ၊ ဝိတက္ကပညတ္တိယာ အသတိ ပပဉ္စသညာ သင်္ခါ သမုဒါစရဏပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။ ။

(မူလပဏ္ဏာသပါဠိတော်)

## ရူပေ ဝိဘူတေ ဖဿော နုပဟောတိ။

(မဟာနိဒ္ဒေသပါဠိတော်)

အနက်ကား။ ။အာဝုသော၊ ငါ့ရှင်တို့၊ စက္ခုဉ္စ၊ စက္ခုပသာဒကို၎င်း။ ပဋိစ္စ၊ စွဲ၍။ ရူပေစ၊ ရူပါရုံတို့ကို၎င်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ ထိုသုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိသော်လည်း။ ဖဿော၊ ဖဿဟူသောမိစ္ဆာပညတ်သည်။ နုပဟောတိ၊ မဖြစ်။ ရူပေ၊ ရုပ်ကို။ ဝိဘူတေ၊ အနိစ္စဓမ္မစသည့်ကျယ်ပြည့်ထင်သည်ရှိသော်။ ဖဿော၊ ဖဿဟူသောမိစ္ဆာပညတ်သည်။ နုပဟောတိ၊ မဖြစ်။ အာဝုသော၊ ငါ့ရှင်တို့။ ဝတ၊ စင်စစ်။ သော၊ ထိုသပ္ပုရိသရဟန်းသည်။ စက္ခုသ္မိံ၊ စက္ခုပသာဒသည်။ အသတိ၊ ဆန္ဒရာဂဖြင့်မဖွဲ့ချည်သည်ရှိသော်။ ရူပေ၊ ရူပါရုံသည်။ အသတိ၊ မဖွဲ့ချည်သည်ရှိသော်။ စက္ခုဝိညာဏေ၊ စက္ခုဝိညာဏ်သည်။ အသတိ၊ မဖွဲ့ချည်သည်ရှိသော်။ ဖဿပညတ္တိံ၊ ဖဿတည်းဟူသောမိစ္ဆာပညတ်ခြင်းကို။ ပညာပေဿတိ၊ သိစေလတံ့။ ဣတိဧတံဌာနံ၊ ထိုသို့သောအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ ဖဿပညတ္တိယာ၊ မိစ္ဆာဖဿပညတ်ခြင်းသည်။ အသတိ၊ မရှိသည်ဖြစ်သော်။ ဝေဒနာပညတ္တိံ၊ မိစ္ဆာဝေဒနာဖြင့်ပညတ်ခြင်းကို။ ပညာပေဿတိ၊ သိစေလတံ့။ ဣတိဧတံဌာနံ၊ ဤသို့သောအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ ဝေဒနာပညတ္တိယာ၊ မိစ္ဆာဝေဒနာဖြင့်ပညတ်ခြင်းသည်။ အသတိ၊ မရှိသည်ဖြစ်သော်။ သညာ

ပညတ္တိ၊ မိန္တြာသညာဖြင့် ပညတ်ခြင်းကို။ ပညာပေဿတိ၊ သိစေလတံ့။ ဇာတိတော်မွာနံ့၊ ဤသို့သောအကြောင်းသည်။ နုပိန္တတိ၊ မရှိ။ သညာပတ္တိယာ၊ မိန္တြာသညာဖြင့် ပညတ်ခြင်းသည်၊ အသတိ၊ မရှိသော်။ ဝိတက္ကပညတ္တိ၊ မိန္တြာဝိတက်ဖြင့်ပညတ်ခြင်းကို။ ပညာပေဿတိ၊ သိစေလတံ့။ ဇာတိတော်မွာနံ့၊ ဤသို့သော အကြောင်းသည်၊ နုပိန္တတိ၊ မရှိ၊ ဝိတက္ကပညတ္တိယာ၊ မိန္တြာဝိတက်ဖြင့် ပညတ်ခြင်းသည်၊ အသတိ၊ မရှိသော်။ ပပဉ္စသညာ၊ တဏှာ, မာနဲ့, ဒိဋ္ဌိဖြင့် မှည့်ဆိုအပ်သော အဓိဝစနပထဟု ဆိုအပ်သော၊ သင်္ခါ၊ ပြောဆိုခြင်းနိရုတ္တိပထဖြင့်၊ သမုဒါစရဏ ပညတ္တိ၊ ခေါ်ဝေါ်ခြင်း ပညတ်ကို၊ ပညာပေဿတိ၊ သိစေလတံ့။ ဇာတိတော်မွာနံ့၊ ဤသို့သော အကြောင်းသည်၊ နုပိန္တတိ၊ မရှိ။

ဝိန္တမာနပညတ် ဖြစ်သော ပရမတ္ထ မွေ့ရုံတို့ကို စွဲမှီပြီးမှ ဖြစ်ပေါ် လာရသော အဝိန္တမာန ပညတ်အာရုံအကြမ်းစားကြီးတို့ကိုပင်-ကိုယ်ထိလက်ရောက် သိမ်းပိုက်စွဲယူအသုံးချကာ နေထိုင်ကြပါလျက်နှင့် ဥပါဒါန် အစွဲရှိလို့ မဟုတ်ပါဘူး-မွေ့ဘာသဘာဝအတိုင်း ဖြစ်လို့ပါ စသည်ဖြင့် ဆင်ခြေအမျိုးမျိုး ပေးနေကြ စေကာမူ ထိုပုဂ္ဂိုလ်များအား အရိယာဟူ၍ မည်သည့် နည်းနှင့်မျှ ယူဆရန် မသင့်ကြချေ၊ ခေတ်ပေါ် အရိယာအချို့တို့ကို သတိပြုကြရာ၏။

"မသိလျှင်ကာမဂုဏ်, သိလျှင် မွေ့ရုံ"-ဟူသော ခေတ်ပေါ်မွေ့ကထိကတို့၏စကားကို နားမယောင်သင့်

ကြချေ၊ ဓမ္မာရုံများ ဖြစ်ကြောင်းကို ၎င်းတို့ ကိုယ်တိုင် ကျွမ်းပြည့်မသိကြချေ။ ထို့ကြောင့် ''ပဋ္ဌာနာတိ'' ပုဒ် အမှိုက်ကို၊ ကဝိအမေင်၊ ပညာကျော်တို့၊ အဘော် မိန့်ခွန်း၊ ဘယ်သို့ညွှန်းသည်ကိုအသိဉာဏ်လိုလှပေ၏၊ သိခဲလေစွ တကား။

## သဗ္ဗညုအရာသာဖြစ်သော အဘိဓမ္မာ

အဘိဓမ္မောနာမ ဗုဒ္ဓါနံ ဝိသယော
သာဝကာနံ နဝိသယော။ ။

အဘိဓမ္မာတရားတော်သည်မြတ်စွာဘုရားတို့၏ ဖွေ ဉာဏ်တော်ကျက်စားရာသာဖြစ်၍ အရှင် သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် စသော ရဟန္တာတို့၏ အရာမဟုတ် ကြောင်းကို အဋ္ဌသာလိနီ အဋ္ဌကထာ၌ ပြဆိုသဖြင့် ယခု ကာလ၌သာဝကရဟန္တာပင်မဟုတ်သေးသော သူတို့က ဘုရား ဖွေဉာဏ်တော်ကျက်စားရာသာ ဖြစ်သောအဘိ ဓမ္မာကိုလေ့လာလိုက်စားကာဘုရားနှင့်ဉာဏ်ချင်း ပြိုင် လျက် နေကြသည်မှာ—

ပဥ္စကင်္ဂုတ္တရပါဠိတော် - ယောဓာဇီဝဝဂ် (သုဓမ္မ ဝတီရိုက်) စာမျက်နှာ(၇၅)၌—

ဣဓဒိတိက္ခဝေ ဒုတိယအနာဂတဘယံ ၄ ဘ ရဟိ အာသမုပ္ပန္နံ အာယတိံ သမုပ္ပဇ္ဇိဿတိ။ လ။ တေအာဘာဝိတကာယာသမာနာ အဘာ

ဝိတသီလာ အာဘာဝိတ စိတ္တာ အဘာဝိတ
ပညာ အဘိဓမ္မ ကထံ ဝေဒလ္လကထံ ကထေန္တာ ကဏှဓမ္မံ ဩက္ကမမာနာ န
ဗုဇ္ဈိဿန္တိ။ ။

ဟူ၍ မြတ်စွာဘုရား ဗျာဒိတ်တော် ထားတော် မူခဲ့သည့်အတိုင်း သာသနာ၏အနာဂတ်ဘေးရန်ကို ပြုစုစိမံ နေကြခြင်း မျှသာဖြစ်၏။ သီလစစ်, သမာဓိစစ်, ပညာစစ်အဘိဓမ္မာစစ်တို့ကို သိမြင်ဝေဘန်နိုင်သောဉာဏ် သက်ဝင်နိုင်သောဉာဏ် မရှိပါဘဲလျက် အဘယ်မှာလျှင်သာသနာပြုရာ ရောက်နိုင်ပါအံ့နည်း။ အယူအဆ သဘောအမျိုးမျိုးတွေရောဂှက်လျက်သာသနာပျက်စီးရာပျက်စီးကြောင်းသာ ဖြစ်မည် မဟုတ်ပါလော။ ဖြူစင်သန့်ရှင်းသော တရားများသည် မည်းညစ်သော သဘောအယူအဆများသက်ဝင်ကာ သာသနာ၏ဘေးရန်သာဖြစ်တန်ရာ၏ ဟူလို။

သတ္တိယာ ဝိယ ဩမဋ္ဌော ဒယှမာနော ဝ
မတ္ထကေ သက္ကာယဒိဋ္ဌိ ပဟာနာယ
သတော ဘိက္ခု ပရိဗ္ဗဇေ။ ။

ဟူ၍ ရင်ဝလှံစူး-ထိပ်ဦး မီးလောင်သကဲ့သို့ သက္ကာယဒိဋ္ဌိ ပြုတ်ဘို့ရန် အရေးကြီးကြောင်းကို မြတ်စွာဘုရား သံယုတ်ပါဠိတော်၌ ဟောကြားတော်မူ၏။ သို့ပါလျက် မိမိမှာ သက္ကာယဒိဋ္ဌိတန်းလန်းကြီးနှင့် ဘုရားကို တော်လှန်ပုန်ကန်ကာ မိမိဉာဏ်မသက်ဝင်နိုင်သော အရာဌာန

တို့၌ ကြံစည်တွေးတော ပြုလုပ်နေကြခြင်းသည်ဗျာဒိတ်တော်ရ သာသနာဖျက်များဟူ၍ပင် ယူဆ တန်ရာ၏။ သတိရှိကြစေ။

သို့ရာတွင်"တေသံ ပဟာနာယ ဝါယမိတဗ္ဗံ"–ထိုအနာဂတ် ဘေးရန်ကို ပပျောက်သွားစေရန် ကြိုးစားအားထုတ်အပ်၏–ဟူ၍ဟောတော်မူသည့်အတိုင်း တကယ် သာသနာတော် အစစ် အမှန်ကို ပြုရ စောင့်ရှောက်လိုသော ပုဂ္ဂိုလ်များက လျစ်လျူမထားဘဲလုံ့လကြိုးကုတ် အားထုတ်ကြရာ၏။

ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးသည်–

"အဘိဓမ္မာနည်း မည်သည်ကား မဂ်ဖိုလ်ကို ရပြီးသော အရိယာပုဂ္ဂိုလ်တို့အား ပဋိသမ္ဘိဒါဉာဏ်ပွါးစီးရန် အကျိုးငှါ ဖြစ်၏။ တရားအစိတ် အလီများလှ သောကြောင့် ပုထုဇန်တို့ ကမ္မဋ္ဌာန်းအရာနှင့် သက်ဝင် နိုင်သော နည်းမဟုတ်။"–ဟူ၍ဂုဏ်း။

"အဘိဓမ္မာ ဒေသနာတော်နည်းသည်ဉာဏ်တော်၏ အဟုန်ကို အစွမ်းကုန် လွှတ်၍ ဟောတော်မူသော နည်းဖြစ်လေသောကြောင့် ဝေနေယျသတ္တဝါတို့အား ကျွတ်တန်း ဝင်စေခြင်းငှါ မစွမ်းနိုင်။ ဝေနေယျသတ္တဝါတို့၏ ဉာဏ်သည် သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သော အဘိဓမ္မာ ဒေသနာနည်းကို မှီအောင် မလိုက်နိုင်။"ဟူ၍ဂုဏ်း။

"အဘိဓမ္မာကျမ်းတို့သည်ကား သစ္စာလေးပါးတို့ကိုသိမြင်ပေါက်ရောက်ပြီးသော ပုဂ္ဂိုလ်တို့၏ပဋိသမ္ဘိဒါဉာဏ် ရင့်သန်ကြီးပွါးခြင်းအကျိုးကို ရွက်ဆောင်သော ကျမ်းတို့ဖြစ်ကြကုန်သည်။"–ဟူ၍ဂုဏ်း။

မိန့်ဆိုတော်မူလေသည်။ အရိယာဖြစ်အောင် အချင်လုပ်ပြီးမှ အဘိဓမ္မာကိုသင်ကြားသင့်၏ဟူ၍ဆိုလိုတော်မူ၏။

အဘိဓမ္မာဘာဇနီယနည်းဖြင့် ဟောကြားတော် မူသော ဘူတရုပ်နှင့်တကွ ဖြစ်သော စိတ်ဝိညာဏ်နှင့် သုတ္တန္တဘာဇနီယ နည်းဖြင့် ဟောကြားတော် မူသော ဝိညာဏပုဗ္ဗင်္ဂမနကွန္တာဖြစ်သော စိတ်ဝိညာဏ် နှစ်မျိုး ရှိကြောင်းကို ခွဲခြား၍သိမြင်နိုင်ရန် ''ဝိညာဏံအနိဒဿနံ-အနန္တံ သဗ္ဗတောပဘံ'' -ဟူသော ပုဒ်ကို ထောက်ရှုဆင်ခြင် စဉ်းစားအပ်လှပေ၏။ ဘူတရုပ်နှင့် တကွ ဖြစ်သော စိတ်ဝိညာဏ်သည် ဘုရားရဟန္တာတို့၏ အရာသာ ဖြစ်၍ အကြောင်းလေးပါးကြောင့် ဖြစ်သော စိတ်ဝိညာဏ်သည် သေက္ခ(၇)ဦးတို့၏ အရာသာဖြစ်၏။

မူလပဏ္ဏာသပါဠိတော် ဗြဟ္မနိမန္တနသုတ်၌ ဟောတော်မူသော-

''ဝိညာဏံအနိဒဿနံ-အနန္တံ သဗ္ဗတောပဘံ ''

ဟူသော ပုဒ်ကို မူလပဏ္ဏာသ အဋ္ဌကထာ၌ ဖွင့်ပြတော်မူသည်မှာ-

၁—တတ္ထဝိညာဏန္တိ ဝိဇာနိတဗ္ဗံ။ ။

၂—အနိဒဿနန္တိ စက္ခုဝိညာဏဿ အနုပဂမနတော အနိဒဿနံနာမ။ ။

၃—ပဒဒွယေနာပိ နိဗ္ဗာနမေဝ ဝုတ္တံ။ ။

၄—အနန္တန္တိ တယိဒံ ဥပ္ပါဒဝယ အန္တရဟိတတ္တာ အနန္တံနာမ။ ။

၅—သမ္ဗုတောပဘာန္တိ သမ္ဗုတောပဘာံ သမ္ဗုဒ္ဓံ၊
နိဗ္ဗာနတောယိ အညောဓမ္မော ပဘာ
တရောဝါဓောတိမန္တံတရောဝါပရိသုဒ္ဓ
တရောဝါ ပဏ္ဍရတရောဝါ နတ္ထိ။ ။

၁-တဿ၊ ထိုဖြာဗုဒ္ဓမန္တံနသုတ်၌။ဝိညာဏန္တိ၊ ဝိညာဏံဟူသည်ကား။ ဝိဇာနိတဗ္ဗံ၊ သိခြင်းလက္ခဏာရှိ၏။

၂-အနိဒဿနန္တိ၊ အနိဒဿနံဟူသည်ကား။ စက္ခုဝိညာဏဿ၊ စက္ခုဝိညာဏ်၏။ အနုပဂမနတော၊ ကပ်၍မရောက်အပ်သောကြောင့်။ အနိဒဿနံနာမ၊ အနိဒဿနမည်၏။

၃-ပဒဒွယေနာပိ၊ နှစ်ပါးသောပုဒ်ဖြင့်လည်း။ နိဗ္ဗာနံမေဝ၊ နိဗ္ဗာန်ကိုသာလျှင်။ ဝုတ္တံ၊ ဆိုအပ်၏။

၄-အနန္တန္တိ၊ အနန္တံဟူသည်ကား။ တယိဒံ- တံဣဒံ၊ ထိုအနန္တမည်သောနိဗ္ဗာန်သည်။ ဥပ္ပါဒဝယအန္တရဟိတတ္တာ၊ ဖြစ်ခြင်း, ပျက်ခြင်းဟူသောအယုတ်တရားအဆုံးတရားမှ ကင်းသည်၏ အဖြစ်ကြောင့်။ အနန္တံနာမ၊ အနန္တမည်၏။

၅-သမ္ဗုတောပဘာန္တိ၊ သမ္ဗုတောပဘံဟူသည်ကား။ သမ္ဗုသော၊အခါခပ်သိမ်း။ပဘာသမ္ဗုဒ္ဓံ၊အရောင်နှင့်ပြည့်စုံ၏။ ဟိသစ္စံ၊ မှန်၏။နိဗ္ဗာနတော၊ နိဗ္ဗာန်မှ။ အညော၊ တပါးသော။ပဘာတရောဝါ၊တောက်ပသည်လည်း ဖြစ်သော။ ဓောတိမန္တံတရောဝါ၊ထွန်းလင်းသည်လည်း ဖြစ်သော။ပရိသုဒ္ဓတရောဝါ၊စင်ကြယ်သည်လည်းဖြစ်သော။

ပဏ္ဍရတရောဝါ၊ ဖြူစင်သည့်လည်း ဖြစ်သော။ ဓမ္မော၊ ဓမ္မာရုံတရားမည်သည်။ နတ္ထိ၊ မရှိ။

## ဝိညာဏ် အနတ္တဖြစ်ပုံ

သင်္ခါရ ပစ္စယာ ဝိညာဏံ ဟူ၍ ဟောတော်မူသော ဝိညာဏ်သည် အဝိဇ္ဇာ, တဏှာ, ကံ, နာမ်ရုပ်ဟူသော အကြောင်းတရား လေးပါးကြောင့် သာလျှင် ဖြစ်ပေါ်တည့်ရှိနိုင်၏။

(၁)-အဝိဇ္ဇာဆိုသည်မှာ မသိခြင်း လက္ခဏာ ရှိ၏။ သစ္စာလေးပါးကို မသိခြင်းဖြစ်၏။

(၂)-တဏှာဆိုသည်မှာ မသိ၍ငြိခြင်း, စွဲလမ်းခြင်း ဖြစ်၏။

(၃)-ကံဆိုသည်မှာ စေတနာ ကမ္မဘဝဖြစ်၏။

(၄)-နာမ်ရုပ်ဆိုသည်မှာ ဥပါဒါနက္ခန္ဓာ နာမ်ရုပ် ဖြစ်၏။

## ဝိညာဏ်ဖြစ်ပေါ်ပုံ

| | | |
|---|---|---|
| | တဏှာ=ငြိမှု။ | |
| အဝိဇ္ဇာ= မသိမှု။ | **ဝိညာဏ် ကြီစိတ်။** | ကံ=စေတနာ ကမ္မဘဝ။ |
| | နာမ်ရုပ်= ဥပါဒါန်နှင့်ကြောင့်ဖြစ်သောရုပ်နာမ်။ | |

ဝိညာဏ်ဟူသော ကြံသိစိတ်သည် သူကိုယ်တိုင် သူ့ဟာသူ ဖြစ်ပေါ်နိုင်သော အားအစွမ်း သတ္တိ မရှိဘဲ အဝိဇ္ဇာ, တဏှာ, ကံ,နာမ်ရုပ်တို့ကိုစွဲမှီပြီးမှဖြစ်ပေါ်နိုင်သဖြင့် သူ့မှာအနှစ်အသား မရှိသောကြောင့် အသာရကဋ္ဌေန အနတ္တာ ဟူသော အနတ္တဖြစ်၏။

သူ့အလိုအတိုင်း ဖြစ်ချင်သလို မဖြစ်ပေါ်နိုင်သောကြောင့် အဝသဝတ္တန အနတ္တ ဖြစ်၏။

သူ့မှာ အားအစွမ်းသတ္တိပိုင်ဆိုင်ခွင့်မရှိသောကြောင့် အသာမိကအနတ္တဖြစ်၏။

သူ့မှာ အတ္တသတ္တိကင်းဆိတ်နေသောကြောင့် သုညတ အနတ္တဖြစ်၏။

သူတခုတည်း ဝင်းဝင်းဝံ့ဝံ့ စွန့်စွန့်စားစား မဖြစ်ပေါ်နိုင်သဖြင့် အချည်းနှီးသဘော ဖြစ်သောကြောင့် တုစ္ဆ အနတ္တဖြစ်၏။

သူ့မှာအတ္တသတ္တိ အရိပ်အရောင် ဘာမျှမရှိသောကြောင့် ရိတ္တအနတ္တဖြစ်၏။

သူ့မှာအတ္တသတ္တိ ပျောက်ပျက် ကုန်ခန်း နေသောကြောင့် ခယဋ္ဌေန အနိစ္စံ ဟု ဆိုသည့်အတိုင်း အနိစ္စဖြစ်၏။

သူ့မှာအတ္တသတ္တိ ပျောက်ပျက်ကုန်ဆုံး ယူကျုံးမရဖြစ်နေရသဖြင့် ခိုကိုးရာမဲ့ဘဝသို့ကျရောက်ခါ ထောက်ရာတည်ရာမရသောကြောင့် ဘယဋ္ဌေနဒုက္ခံ ဟူသည်နှင့်အညီဒုက္ခဖြစ်၏။

ထို့ကြောင့် ဝိညာဏ်ကိုအသေအချာ စစ်ဆေးကြည့်ရှုသောအခါ အနတ္တ, အနိစ္စ, ဒုက္ခ သဘောမျှ သာလျှင် ဖြစ်တော့၏။

## ဝိညာဏ်၌အကျိုးအကြောင်းပြတ်ပုံ

ဝိညာဏ်သည် အဝိဇ္ဇာ, တဏှာ, ကံ, နာမ်ရုပ်ဟူသော အကြောင်းတရားလေးပါးကြောင့် ဖြစ်ပေါ်သည်ဟု ဆိုရာ၌ အကြောင်းတရား လေးပါးတို့ကို တခုစီ အနုစိတ် စစ်ဆေးကြည့်ရှုသောအခါ အဝိဇ္ဇာကလည်း မသိခြင်းမှ တပါး ဝိညာဏ်ကိုဖြစ်ပေါ်စေရန် စွမ်းဆောင်နိုင်သော အတ္တသတ္တိ မရှိချေ။ တဏှာကလည်း စွဲလမ်းမှုမှတပါး ဘာမျှမတတ်နိုင်၊ စွဲလမ်းမှု ဖြစ်ရခြင်းမှာပင် အဝိဇ္ဇာ၏ အကူအညီကိုရပါမှ ဖြစ်နိုင်သောကြောင့် သူကိုယ်တိုင် အနတ္တဖြစ်၏။ ကံကလည်း ကမ္မဘဝ ဖြစ်သဖြင့် စက္ခုစသော အာယတန ငါးပါး၌ လည်၍ဖြစ်ပေါ်နေသော စေတနာဖြစ်သောကြောင့် တဏှာကိုသာလျှင် အမှီသဟဲပြုရ၏။ ဝိညာဏ်ကို ဖြစ်စေနိုင်သော ဗျာပါရမရှိသောကြောင့် အနတ္တဖြစ်၏။ နာမ်ရုပ်ကလည်း စက္ခုဝိညာဏ် ရူပါရုံအစရှိသော ဥပါဒါန် နာမ်ရုပ် ဖြစ်သောကြောင့် တခုနှင့်တခု မှီခိုအားထားပြီးမှသာ ဖြစ်ပေါ်နိုင်၏။ ဖြစ်ပေါ်ရခြင်းမှာလည်း အဝိဇ္ဇာနှင့်တဏှာကို အားကိုးပြီးမှ ဖြစ်ပေါ်လာရသောကြောင့် ကိုယ်ပိုင်အား အစွမ်းသတ္တိ ဘာကမျှ မရှိကြသောကြောင့် အနတ္တမျှ သာဖြစ်၏။ ဝိညာဏ်ကိုဖြစ်စေနိုင်သော ဗျာပါရသတ္တိမရှိချေ။ ထို့

ကြောင့် အကြောင်းတရားတို့ အထဲမှာလည်း အကျိုးတရားဟု ခေါ်ဆိုအပ်သောဝိညာဏ်မရှိ၊ အကျိုးဝိညာဏ်ထဲမှာလည်း အကြောင်းတရားများ မရှိကြသောကြောင့် အကြောင်းပြတ်၍ အကျိုးရပ်ရတော့၏၊ ပဋိသန္ဓေ အကြောင်းတရားတည်းဟူသော ကိလေသဝဋ်, ကမ္မဝဋ်နှစ်ပါးချုပ်ငြိမ်းသဖြင့် ဥပပတ္တိဘဝ ဟူသောဝိပါကဝဋ်ဝိညာဏ် နာမ်ရုပ်စသည်ချုပ်ငြိမ်းရတော့၏။

## ဝိညာဏ်၌ကာလသုံးပါးလွတ်ပုံ

ဝိညာဏ်သည် ဥပါဒါနက္ခန္ဓာဖြစ်၍ အရင်, ရှ, နောင်ဟူသောကာလသုံးပါးမှလွတ်၏။ ယခုဖြစ်ပေါ်ဆဲပဋိသန္ဓေအခိုက်အတန့်ကလေးကို စစ်ဆေးရန်သာလို၏။ ဝိညာဏ်ရှိသည်ဖြစ်သည်ဟု ဆိုသည်မှာ သူကိုယ်တိုင်ကဝန်ခံခြင်းမဟုတ်။ အဝိဇ္ဇာ, တဏှာ, ကံ, နာမ်ရုပ်တို့စုပေါင်း၍တညီတညွတ်တည်းစွပ်စွဲခြင်းမျှသာဖြစ်၏။ ထို့ကြောင့်ပဋိသန္ဓေယခုအခိုက်အတန့်၌လည်း မရှိဟုဆိုရ၏။ ယခုမှမရှိလျှင်အတိတ်နှင့်အနာဂတ်အဘို့ ထည့်သွင်းစဉ်းစားစရာမလိုတော့ချေ။ ထို့ကြောင့် ဝိညာဏ်သည် ချုပ်ပြီး, ငြိမ်းပြီး, အေးပြီးသဘောဖြစ်၏။ နိရောဓ ဓမ္မဖြစ်၏။

## သင်္ခါရဒုက္ခအကြောင်း

ဝေမေတာသာ ကောဝလသာ
ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။
(ပဋိစ္စသမုပ္ပါဒဝိဘင်းပါဠိတော်)

ဧဝံ။ ဤသို့ပြဆိုခဲ့သော ပဋိစ္စသမုပ္ပါဒတရားအပေါင်းသည်၊ ကေဝလဿ၊ အလုံးစုံသော၊ ဧတဿ-ဒုက္ခက္ခန္ဓဿ၊ ထိုဒုက္ခအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ- ပဋိစ္စသမုပ္ပန္န တရား အပေါင်းတို့ကို တခုစီ,တခုစီစစ်ဆေးဝေဖန် ကြည့်ရှုသောအခါ,အနတ္တ, အနိစ္စ,ဒုက္ခသဘောများသာဖြစ်ကြ၏။ထိုတရားအပေါင်း ဖြစ်ပေါ်ခြင်းကို သင်္ခါရဒုက္ခဟုဆို၏။ သင်္ခါရဆိုသည် မှာ ဖြစ်ပေါ်ခြင်းဟု အဓိပ္ပါယ်ရ၏။ ထို့ကြောင့် သင်္ခါရ ဒုက္ခကို ကျပ်ပြည့်သိလျှင် ကိစ္စပြီးတော့၏။

ဒုက္ခံမေဝဟိ သမ္ဘောတိ၊ ဒုက္ခာတိဋ္ဌတိ ဝေတိစ၊
နညတြဒုက္ခာ သမ္ဘောတိ၊ နညာဒုက္ခာ နိရုဇ္ဈတိ။ ။
(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်)

ဒုက္ခမေဝ၊ ပဋိစ္စသမုပ္ပါဒဟူသောဥပါဒါနက္ခန္ဓာဒုက္ခ သည်သာလျှင်။ သမ္ဘောတိ၊ သမုဒယအားဖြင့်ဖြစ်စရာရှိ၏။ ဒုက္ခာ၊ ဒုက္ခသည်။ တိဋ္ဌတိ၊ ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, သံယောဂ, ပလိဗောဓ, သမုဒယ, ဟေတု, ပစ္စယဟူသောဋ္ဌိတိကိုးပါးအားဖြင့်တည်၏။ ဒုက္ခာ၊ ဒုက္ခ သည်၊ ဝေတိစ၊ နိရောဓ, ပဋိစ္စ သမုပ္ပန္န အားဖြင့် ချုပ် လည်းချုပ်၏။ ဒုက္ခာ၊ ပဋိစ္စသမုပ္ပါဒ, ဥပါဒါနက္ခန္ဓာဟူ သောသင်္ခါရဒုက္ခကို။ အညတြ။ ကြဉ်ထား၍၊ (ဝါ) ဖယ် ထား၍။ နသမ္ဘောတိ၊ ဖြစ်စရာ,တည်စရာဟူ၍မရှိ။ဒုက္ခာ၊

ဥပါဒါနက္ခန္ဓာဟူသောဒုက္ခမှ။ အညာ၊ တပါးသောတရားသည်။ နနိရုဇ္ဈတိ၊ နိရောဓဓမ္မအားဖြင့် ချုပ်စရာ, ပျက်စရာ၊ သေဆုံးစရာမရှိချေ။ (သဒ္ဒတ္ထအနက်မဟုတ် သဘာဝတ္ထအနက်ဖြစ်၏။)

အသက် ရှင် သည်, 'သေ သည်' ဟု စွဲ မြဲပြောဆိုနေကြသောအန္ဓပုထုဇန်တို့၌ ကာယပိညတ်, ဝစီပိညတ်တို့ဖြင့် ဖုံးအုပ်လျက် နေသော တကယ်ရှိ, တကယ်ဖြစ် မဟုတ်သည့်ဥပါဒါနက္ခန္ဓာငါးပါးကို အပိဇ္ဇာဦးစီးကာတကယ်ရှိ, တကယ်ဖြစ်နေသောခန္ဓာငါးပါးဟုအထင်မှားလျက် စွဲလမ်းနေကြသောကြောင့် ဘဝသံသရာတို့၌ တပြောင်းပြန်ပြန်ကျင်လည်နေကြရလေသည်။ ဥပါဒါနက္ခန္ဓာ ငါးပါးမှတပါးသေသည်၊ ပျောက်ပျက်ချုပ်ဆုံးသည့်ဟူ၍မရှိကြောင်းကိုသမ္မာဒိဋ္ဌိဉာဏ်ဖြင့် အမြင်မှန်ကိုသိရှိရအောင် ဆရာကောင်းထံ၌နည်းခံသင်ကြားကြရာ၏။

"သဘောအရာဖြစ်၍ဘယ်စာမဆိုစာကိုကြည့်သောအခါမိမိအလိုမျှနှင့်မကြည့်ပါနှင့်၊ စာ၏အလိုသဘောကိုသာလျှင်ပညာနှင့်မိမိ, ပိုင်ပိုင်ကြီးသိရအောင် အခါခါကြည့်ရမည်။ သို့မှသာလျှင်စာပြသောသဘာဝကို ပြာကျအောင်ထိမိအဟုတ်သိမည်။ မသိစွမ်းခင်၊ သိပြီးထင်၍၊ ပုထုဇဉ်လမ်း၊ သဘောတမ်းဖြင့်၊ ချီးမွမ်းလိုနှိမ့်၊ ချီးဆောင်ရိပ်၊ ငြိတ်သောစိတ်တို့ကို၊ ပိတ်ဆို့ပယ်ထား၊ သတိထား၍၊ တားမြစ်ပါလေ၊ ဉာဏ်ကဝေတို့"။ ။

(ကြောင်ပန်းဆရာတော်ဘုရားကြီး)

## ပညာမျက်စိရှိပုံ-မရှိပုံ

ပဿတိပဿော ပဿန္တံ၊
အပဿန္တဉ္စ ပဿတိ၊

အပဿန္တော အပဿန္တံ၊
ပဿန္တံ နပဿတိ။ ။
(ထေရအဋ္ဌကထာ)

ပဿော၊ မြင်သောသူသည်။ ပဿန္တံ၊ မြင်သောသူကိုလည်း။ ပဿတိ၊ မြင်၏။ အပဿန္တံ၊ မမြင်သောသူကိုလည်း။ ပဿတိ၊ မြင်၏။ အပဿန္တော၊ မမြင်သောသူသည်။ အပဿန္တံ၊ မမြင်သောသူကိုရင်း။ ပဿန္တံ၊ မြင်သောသူကိုရင်း။ နပဿတိ၊ မမြင်။

ဤကဲ့သို့ အရှင်ဝပ္ပမထေရ် ရဟန္တာဖြစ်ခါစဥ္ဒဒါန်းကျူးရင့်တော်မူသည်ကိုလည်း ကောင်းစွာ စဉ်းစားသင့်ကြပေ၏။မိမိမှာဉာဏ်အမြင်မကျယ်လျှင် သဘာဝဉာဏ်မရှိလျှင် အဂ်ါကိုးတန်ဖြင့် ဟောကြားတော်မူသော ပါဠိတော်များ၏သဘာဝတ္ထအနက်မှန်ကို သိမြင်နိုင်ရန်ခဲယဉ်းလှပေ၏။“ပရိယတ္တိ ဗဟုလ နောဓမ္မဝိဟာရီ” မည်သောပုဂ္ဂိုလ်တို့၏ဉာဏ်ကျက်စားခြင်း၌ခဲယဉ်းလှ၏။စာတတ်အန္ဓများ၏အရာမဟုတ်ဟုလို။ စာတတ်အန္ဓသည် ပါဠိ၏သဒ္ဒတ္ထအနက်ကိုသာသိ၍ စာတတ်အရိယာသည် ပါဠိ၏သဒ္ဒတ္ထအနက်, သဘာဝတ္ထအနက် ၂-မျိုးစလုံးကိုသိမြင်ပေ၏။သို့ကြောင့်-“ပရိယတ္တိဗဟုလ ဓမ္မဝိဟာရီ”ပုဂ္ဂိုလ်ဖြစ်အောင်ကြိုးဆောင်ကြရာ၏။

**အစွဲအယူမှားနေသောတရား**

အန္ဓပုထုဇန်တို့သည် သံသာရလောက ဖြစ်သော ကိလေသဝဋ်,ကမ္မဝဋ်,ဝိပါကဝဋ်-ပဋိစ္စသမုပ္ပါဒ သံသရာ၌

ဆုံလည်နွားကဲ့သို့ ကျက်စား ကျင်လည် နေကြရခြင်း၏
အကြောင်းရင်းသည်ကား ထိုပဋိစ္စသမုပ္ပါဒ သံသရာ၌
သတ္တ,ဇီဝ, သရီရရှိသည်ဟု အယူများ,အသိများ,အမှတ်
များနေကြခြင်းကြောင့်ဖြစ်၏။ အဝိဇ္ဇာ,တဏှာ ဟူသော
အမြစ်နှစ်ပါး စွဲဝင်နေကြသဖြင့် ပဋိစ္စသမုပ္ပါဒ သံသရာ
ကို ပဋိစ္စသမုပ္ပါဒ နိဿရဏ သံသရာ ဖြစ်အောင် မသိ
မမြင်နိုင်ကြချေ။ ပရမတ္ထဓမ္မာရုံ့ သက်သက်မျှ ဖြစ်သော
ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နတရားတို့ကို ပရမတ္ထတရား
ဖြစ်သည်ဟု တထပ်တည်းတသားတည်း ယူထားကြသ
ဖြင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဖြစ်နေကြရကုန်၏။ ဆရာ
ကောင်းနှင့်တွေ့ရ၍ ပဋိစ္စသမုပ္ပါဒ, သမုပ္ပန္န တရားတို့
သည် အနှစ်အသားဟူက မြူကမျှ မရှိသောကာလဝိမုတ်
တရားတွေ, နဂိုကပင်နိရောဓ ဓမ္မတွေပါတကားဟု မျက်
ဝါးထင်ထင်သိမြင်ရသောအခါကျမှသာလျှင် ဒိဋ္ဌိနှင့် ဝိစိ
ကိစ္ဆာပြုတ်နိုင်ပေ၏။

ထို့ကြောင့် သမ္မောအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒဝိဘင်း
အဖွင့် စာနံပါတ်(၁၆၉)တွင်—

ဇဝံ သမုပ္ပန္နမိဒံ သဟေတုကံ ဒုက္ခံ အနိစ္စံ
စလမိတ္တရ ဓုဝံ ဓမ္မေဟိ ဓမ္မာ ပဘဝန္တိ ဟေတု
သော နဟေတ္ထ အတ္တာဝ ပရောဝ ဝိဇ္ဇတိ။ ။
ဓမ္မာ ဓမ္မေ သဥ္ဇနေန္တိ ဟေတုသမ္ဘာရပစ္စယာ
ဟေတူနံ့စ နိရောဓာယ ဓမ္မော ဗုဒ္ဓေန ဒေသိတော။
ဟေတူသု ဥပရုဒ္ဓေသု ဆိန္နံ ဝဋ္ဋံ န ဝဋ္ဋတိ၊ ဇဝံ
ဒုက္ခန္တကိရိယာယ ဗြဟ္မစရိယိဓ ဝိဇ္ဇတိ။ ။

သင်္ခေပ နယ လက္ခဏေ နေဝ ဒေ္ဆဒေါ နသသတံ။ ။

**သဘာဝတ္ထအနက်ကား။** ။ဧဝံ၊ ဤသို့။ သဟေတု
ကံ၊ အဝိဇ္ဇာ,တဏှာ, ဥပါဒါန်,ကံ,အာဟာရ ဟူသော
အကြောင်းနှင့်တကွ။ သမုပ္ပန္နံ၊ ဖြစ်ပေါ်သော။ ဣဒံ၊ ဤ
ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာဟူသော
ဘဝစက်သည်။ ဒုက္ခံ၊ဒုက္ခသစ္စာ သက်သက်ပေတည်း။
ကသ္မာ၊အဘယ့်ကြောင့်နည်း။အနိစ္စံ၊မခိုင်ခံ့။စလံ၊ကြွာ
မြင့်စွာမတည်။ဣတ္တရာ၊အခိုက်အတန့်မျှသာဖြစ်၍။အဒ္ဓုဝံ၊
အမြဲမတည်ချေ။ ဟေတုဇသော-ဟေတုဟိ၊ အကြောင်း
ဖြစ်ကုန်သော။ဓမ္မေဟိ၊ အဝိဇ္ဇာ,တဏှာ, ဥပါဒါန်,ကံ,
သင်္ခါရဟူသော အကြောင်းဒုက္ခ သမုဒယတို့ကြောင့်။
ဓမ္မာ၊အကျိုးဖြစ်ကုန်သော ဝိညာဏ်,နာမ်ရုပ်, သဠာယ
တန,ဖဿ,ဝေဒနာဟူသော ဒုက္ခသစ္စာ တရားတို့သည်။
ပဘဝန္တိ။ ဖြစ်ပေါ်ကြကုန်၏။ ဧတ္ထ။ဤအကြောင်း ဒုက္ခ,
အကျိုးဒုက္ခမျှသာဖြစ်သော ဤဓမ္မာရုံ ဘဝစက်၌။အတ္တာ
စ၊ မိမိသည့်ငှင်း။ ပရော စ။ သူတပါးသည့်ငှင်း။ နဟိ
ဝိဇ္ဇတိ၊ မရှိသည်သာလျှင်တည်း။

ဟေတု သမ္ဘာရပစ္စယာ။ အဝိဇ္ဇာ, တဏှာ စသော
အကြောင်းတို့၏ပေါင်းဆုံခြင်းဟုဆိုအပ်ကုန်သော။ဓမ္မာ၊
ဓမ္မာရုံ သဘောတရားတို့သည်။ ဓမ္မေ၊ ဝိညာဏ်, နာမ်
ရုပ်စသော ဓမ္မာရုံအကျိုးတရားတို့ကို။သဉ္ဇနေန္တိ၊ ဖြစ်စေ
ကုန်၏။ ဟေတုနဉ္စ၊အကြောင်း ဒုက္ခတို့၏လည်း။ နိရော
ဓာယ၊ ချုပ်စေခြင်းငှါ။ ဓမ္မော။ အကျိုးဒုက္ခကို။ဗုဒ္ဓေန၊

မြတ်စွာဘုရားသည်။ ဒေသိတော၊ သိအောင်ဟောတော်မူပေ၏။ ဟေတူသု၊ အကြောင်းဒုက္ခဖြစ်သော သမုဒယတို့သည်။ ဥပရုဒ္ဓေသု၊ ချုပ်ကုန်သည်ရှိသော်၊ ဝဋ္ဋံ၊ ဝိပါကဝဋ်သည်၊ ဆိန္နံ၊ ပြတ်၏။ နဝဋ္ဋတိ၊ ကိလေသဝဋ်, ကမ္မဝဋ်စသည်တဖန်ပြန်လည်၍မဖြစ်တော့ပြီ။ ဧဝံ၊ ဤသို့၊ ဣဓ၊ ဤမြတ်စွာဘုရား၏ သာသနာတော်မြတ်၌၊ ဒုက္ခန္တံကိရိယာယ၊ ဒုက္ခ၏အဆုံးကို ပြုတတ်သော။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်သည်၊ ဝိဇ္ဇတိ၊ ရှိ၏။

ကော၊ အဘယ်ဗြဟ္မစရိယအကျင့်ပေနည်း။ သစ္စေ၊ ဝဋ်သုံးပါးဖြစ်သော ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နဓမ္မာရုံ တရားတို့၌ သတ္တ,ဇီဝ,သရီရရှိ၏ ဟူသော အယူအမှတ်အစွဲကို၊ အနုပလဗ္ဘနေ၊ မစွဲမယူသည် ရှိသော်၊ ဥစ္ဆေဒေါစ၊ ဥစ္ဆေဒဒိဋ္ဌိသည်လည်း၊ နဝိဇ္ဇတိ၊ မရှိ။ သဿတဉ္စ၊ သဿတ ဒိဋ္ဌိသည်လည်း။ နေဝဝိဇ္ဇတိ၊ မရှိသည်သာလျှင်တည်း။

## သစ္စာ ၄ ပါး

(၁) ဒုက္ခသစ္စာဆိုသည်မှာ တလောကလုံး၌ ထောက်ရာတည်ရာ မှီခိုရာ, အားထားရာ မဟုတ်သော သဘောတရားအမှန်ရှိခြင်းကို ခေါ်၏။

လောကဆိုသည်မှာ ဤခန္ဓာ, ဤသံသရာပင် ဖြစ်၏။ ဥပါဒါနက္ခန္ဓာဖြစ်သော ဝိညာဏ်, နာမ်ရုပ်စသည် တို့ကို အနုစိတ် စစ်ဆေးဝေဖန်ကြည့်ရှုသော အခါ အနတ္တဓမ္မ

အနိဋ္ဌဝတ္ထု, ဒုက္ခဝတ္ထုသဘောများကိုသာ တွေ့ရ၏၊ ထိုသဘောများသည် မြန်မာလို အနှစ်အသား မရှိသော သဘော, အချည်းနှီးသဘော, သိမ်းပိုက်ယူငင်၍မရသော သဘော, ပျောက်ပျက်ကုန်ဆုံးယုကျုံးမရ ဖြစ်နေရသည့် သဘော, ထောက်ရာတည်ရာမရသည့် သဘောများသာ ဖြစ်ကြ၏။ ထိုသဘောများ အမှန်ရှိသည်ကို ဒုက္ခသစ္စာ ဟုခေါ်၏။ အဘိညာ-ပရိညေယျတရားဖြစ်၏။

(၂) သမုဒယသစ္စာဆိုသည်မှာထောက်ရာတည်ရာ မရသည့် သဘောကို နဲနဲကလေးလောက်တော့ထောက် ရာတည်ရာ ရလိမ့်ဦးမည်ဟု ထင်မှတ်နေသော သဘော ကလည်း အမှန်ရှိခြင်းကိုခေါ်၏။ တနည်း၊ ထောက်ရာ တည်ရာမရသည့်သဘောကိုဖြစ်စေတတ်သည့်သဘော တရားကလည်း အမှန်ရှိ၏။ ထိုသဘောတရားကို သမုဒ ယသစ္စာဟုခေါ်၏။ အဘိညာပဟာတဗ္ဗတရားဖြစ်၏။

(၃) နိရောဓသစ္စာဆိုသည်မှာ ဒုက္ခ သစ္စာနှင့် သမု ဒယသစ္စာ နှစ်ပါးတို့မှ ချုပ်ငြိမ်း လွတ်မြောက်ခြင်း သဘောအမှန်ရှိခြင်းကိုခေါ်၏။

ထောက်ရာတည်ရာ မရှိသော သဘောသာ အမှန်ရှိ ကြောင်းကို ကျပ်ပြည့်ပိုင်းခြား ဝေဖန် နိုင်သော အခါ ထောက်ရာ တည်ရာမရသည့်သဘောကို တကယ်ထောက် ရာ တည်ရာရလိမ့်ဦးမည်ဟု ထင်မှတ်နေသော သဘော အလိုလို ကင်းကွာသွားသဖြင့် ထိုသဘောတရား နှစ်ခု တို့ကို စွဲယူသိမ်းပိုက်ခြင်း မပြုတော့ဘဲလက်လွှတ်လိုက်

ခြင်း သဘောသည်ပင်လျှင် နိရောဓ သစ္စာဖြစ်၏။ ပရိ ညေယျသစ္စ ကာတဗ္ဗတရားမည်၏။

(၄) မဂ္ဂ သစ္စာဆိုသည်မှာ ဒုက္ခ သစ္စာ ဟူသော ထောက်ရာတည်ရာ မရသည့်သဘော အမှန် ရှိကြောင်း ကို ကျပ်ပြည့်သိမြင်နိုင်သော သဘောအမှန် ရှိခြင်းကို ခေါ်၏။ ဘာဝေတဗ္ဗတရားမည်၏။

သိအပ်သော သဘောတရားသည် ဒုက္ခသစ္စာ ဖြစ်၍ သိတတ်သော သဘောတရားသည် မဂ္ဂသစ္စာဖြစ်၏။

သိအပ်, သိသင့်, သိထိုက်သော ထောက်တည်ရာ, ပုန်းအောင်းရာ, မှီခိုရာ, အားထားရာမရသည့် သဘော အမှန်ဖြစ်ကြောင်းကို သိတတ်သော သဘော တရားကို မဂ္ဂသစ္စာဟုခေါ်၏။

သိအပ်သော ဒုက္ခသစ္စာကို သိတတ်သော မဂ္ဂသစ္စာ က ကျပ်ပြည့်သိမြင်သဖြင့်ပယ်အပ်သော သမုဒယသစ္စာ ကို အလိုလိုပယ်ပြီး ဖြစ်ပြီးလျှင် မျက်မှောက်ပြုအပ်သော နိရောဓသစ္စာသို့ အလိုလို ဆိုက်ရောက် သွားခြင်းကို "သစ္စာလေးချက် တပြိုင်နက် မဂ်၏ကိစ္စသာ" ဟူ၍ ပြောဆို ကြ၏။

## အရေးအကြီးဆုံးဒုက္ခသစ္စာ

အချုပ်မှာ ဒုက္ခသစ္စာ ထိုက်သည့် ဝိညာဏ် နာမ်ရုပ် စသည်တို့ကို ကျပ်ပြည့် သိမြင်နိုင်ရန်သာလျှင် အရေး ကြီးလှပေ၏။

ထို့ကြောင့် ကထာဝတ္ထုပါဠိတော်၌—

ဒုက္ခေ ဒိဋ္ဌေ စတ္တာရိ သစ္စာနိ
ဒိဋ္ဌာနိ ဟောန္တီတိ-အာမန္တာ။

ဒုက္ခေ၊ ဒုက္ခသစ္စာထိုက်သည့် ဝိညာဏ်, နာမ်ရုပ်စသောသင်္ခါရဒုက္ခအစစ်ကို။ ဒိဋ္ဌေ၊ ပိုင်ပိုင်နိုင်နိုင် ကျပ်ပြည့်သိမြင်သည်ရှိသော်။ စတ္တာရိသစ္စာနိ၊ လေးပါးသောသစ္စာတို့ကို။ ဒိဋ္ဌာနိ၊ သိမြင်ပြီဟူ၍။ ဟောန္တိ၊ ဖြစ်ထိုက်, ဆိုထိုက်ပါသနည်း။ ဣတိ၊ ဤသို့မေးခွန်းထုတ်ခဲ့သော်။ အာမန္တာ၊ ဟုတ်ပါသည်, ဆိုထိုက် ပါသည်ဟု၊ ဝန်ခံ၏။ ။ဟူ၍ ဟောတော်မူ၏။ ထို့ကြောင့် အနတ္တဓမ္မ, အနိစ္စဓမ္မ, ဒုက္ခဓမ္မတရားမျှသာ ဖြစ်ပေါ် တည်ရှိနေသည်ဟူသောသင်္ခါရဒုက္ခကို ကျပ်ပြည့်ဝေဖန်နိုင်သော ဘာဝနာမယဉာဏ်ကိုရရှိအောင် ဆရာစစ်, ဆရာမှန်တို့ထံတွင် သင်ယူ, မှတ်သား, နာကြား, တွေးကြံ, မကျေနပ်နောက်ထပ်မေးမြန်းရန်ဟူသော ကလျာဏအင်္ဂါငါးပါးနှင့်အညီ ဆောင်ရွက်အားထုတ်ကြရာ၏။

## ဩဃယျဓမ္မတရားငါးပါး

ဩဃယျဓမ္မတရားဆိုသည်မှာ အရိယာများ သာလျှင်သိမြင်အပ်သောတရားဖြစ်၏။ ပုထုဇဉ်များ၏ ဉာဏ်သက်ဝင်ခြင်းငှါ မတတ်နိုင်ချေ၊ သဒ္ဓမ္မအနက်ကို မှုကား ပရိယတ္တိဗဟုလပုဂ္ဂိုလ်များ ထင်မြင် နိုင်ကြ သော်လည်း၊

သဘာဝဣအနက်ကို ထင်ပြင်နိုင်ရန် ခဲယဉ်းလှပေ၏။ ထို့ကြောင့် မိမိဉာဏ်ရှိသလောက် ဖော်ပြဦးအံ့။

(၁)-**သင်္ခါရ** ဆိုသည်မှာ ဥပါဒါ နက္ခန္ဓာ ငါးပါး ဖြစ်ပေါ်ခြင်းကိုဆို၏။ ဒုက္ခသစ္စာမည်၏။

(၂)-**ဝိကာရ** ဆိုသည်မှာ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ သည် ဓမ္မာရုံတရားမျှသာ ဖြစ်သောကြောင့် ဖေါက်ပြန် ချုပ်ဆုံးခြင်း သဘောဖြစ်၏။ သမုဒယောနတ္ထိဟု ဟော တော်မူ၏။ပဋိစ္စသမုပ္ပန္နဖြစ်၏။

(၃)-**လက္ခဏာ** ဆိုသည်မှာ နိဗ္ဗာန်မှတပါး ပရမတ္ထ ဓမ္မာရုံတရားဟူသမျှတို့သည် ဥပ္ပါဒ, ဝယ၊ ဌိတ, အညထတ္တ၊ ဥပ္ပန္နံ, နိရုဇ္ဈနံ၊ဇာတိ, မရဏဟူသော ပေါ်လိုက် ချုပ်လိုက် သဘောလက္ခဏာဖြစ်၏။

(၄)-**နိဗ္ဗာန်** ဆိုသည်မှာ ပရမတ္ထ ဓမ္မာရုံ ဖြစ်သော ဥပါဒါနက္ခန္ဓာ အကြောင်းဒုက္ခနှင့် အကျိုးဒုက္ခတို့မှလွတ် ၍ နိစ္စ, ဓုဝ,'သဿတ, အဝိပရိဏာမဖြစ်သည့် ပရမတ္ထ ဓမ္မာရုံနာမ်မည်၏။

(၅)-**ပညတ်**ဆိုသည်မှာဒိဋ္ဌရုပ်, သုတရုပ်, မုတရုပ်, ဝိညာတရုပ်နှင့်စက္ခုဝိ ဉာဏ်, သောတဝိဉာဏ်, ဃာနဝိ ဉာဏ်,ဇိဝှါဝိညာဏ်,ကာယဝိညာဏ်,မနောဝိညာဏ်ဟူ သောဥပါဒါနက္ခန္ဓာငါးပါး-ရုပ်နာမ်နှစ်ပါးဟုအသမုတ် ခံရသော သဘောတရားတို့သည် ပရမတ္ထဖြစ်သောဘူတ ရုပ်လေးပါးနှင့် တကွ ဖြစ်သော ပကတိ စိတ်ကို စွဲမှီပြီးမှ သာလျှင်ဖြစ်ပေါ်လာရသော သဘောတရားများဖြစ်ကြ

သော်ကြောင့်သံဝိဇ္ဇမာနပညတ်(ဝါ)တဇ္ဇာပညတ်ဖြစ်၏။ ထို့ကြောင့်နိဗ္ဗာန်မှတပါး စိတ်,စေတသိက်,ရုပ်ဟူသော ဓမ္မာရုံ သဘော တရား ဟူသမျှသည် ပညတ်ဖြစ်၍နဝတ္တ ဓမ္မမည်၏။ ထိုပညတ်ကိုသိခဲလေစွ။ ထိုပညတ်ကိုသိလျှင် လောကုတ္တရာကိစ္စပြီး၏။ ထိုပညတ် အစစ် ဖြစ်သော ပရ မတ္ထဓမ္မာရုံ-ဓမ္မဓာတ်တို့ကို လက်မလွှတ်နိုင်သေးသမျှကာ လပတ်လုံးမဂ်ဖိုလ်နှင့်ဝေးသေး၏။နိဗ္ဗာန်ကိုဖုံးထားသော ပညတ်ပေတည်း။

လူ သာ မန် တို့ သိ ကြ သော နာမပညတ်, သဏ္ဍာန ပညတ်, ဃနပညတ် သမူဟပညတ်, သန္တတိပညတ်မျိုး နှင့် ဝိဇ္ဇမာနပညတ်ဟူသောရူပါရုံ, သဒ္ဒါရုံ အစရှိသည့် ပညတ်မျိုးတို့သည် ပညတ် အစစ် မဟုတ် ကုန်။ ရူပါရုံ, သဒ္ဒါရုံစသည်ဖြင့် ခေါ်ဝေါ်သမုတ်ခြင်းကို ခံရသည့်ပရ မတ်သဘောတရားများသည် အခိုက် အတန့် မျှသာ ဖြစ် သောဓမ္မာရုံဖြစ်သောကြောင့် ပညတ်အစစ်ဖြစ်၏။ကာလ ဝိမုတ်ဖြစ်၏။ သုညတဖြစ်၏။ ပညတ်-ပရမတ်ကွဲခဲလှ၏။ ဆရာကောင်းလိုလှ၏။ တွေးခဲလေစွ။ သာမန်ပညတ်မျိုး ကို ညှေ ယျ ဓ ံတ ရား ထဲသို့ ထည့်သွင်း၍ ဟောပြောနေ စရာမလိုချေ။

## ကုသိုလ်ကြောင့်ဒုက္ခဖြစ်ရပုံ

သစ္စာလေးပါးကို ပိုင်းခြား၍ မသိ မမြင်ဘဲလျက် ကု သိုလ်ကောင်းမှု အမျိုးမျိုးတို့ကို ပြုလုပ် ပါသော်လည်းအ

ကျိုးလို၍ညောင်ရေလောင်း-ပတ်ထမ်းတွေ့ရသည်ဟုဆို
ဘိသကဲ့သို့ဒုက္ခနှင့်သာတွေ့ဆုံကြရပေမည်။

ထို့ကြောင့် သမ္မောအဋ္ဌကထာ-ပဋိစ္စသမုပ္ပါဒဝိဘင်း
အဖွင့် (၁၂၅) တွင်-

အဝိဇ္ဇာ သော တာယ ဧတ္ထသ္ သဗ္ဗေသ
အပ္ပဟီနာဝိဇ္ဇာတာယ ဝိသေသတော
ဇာတိ ဇရာ ရောဂ မရဏာဒိ အနေကာဒိ
နဝေါကိဏ္ဏံ ပုညဖလသဉ္ဉိတံ ဒုက္ခံ ဒုက္ခတော
အဇာနန္တော တာသံ အဘိဂမာယ ကာယဝစီ
စိတ္တသင်္ခါရဘေဒံ ပုညာဘိသင်္ခါရံ အာရဘတိ၊
ဒေဝတ္တရ မာမကောဝိယ မဂ္ဂပပါတံ။ ။

ဟူ၍နတ်သွီးကိုအလိုရှိသဖြင့် တောင် ထိပ် မှ ခုန် ချ သက်
ဆင်းသောသူကဲ့သို့ အကျိုးမပြီး အချည်းနှီးအသက်ဆုံးရ
လေသည်ဟုမိန့်ဆိုတော်မူ၏။

အနက်ကား။ ။အဝိဇ္ဇာ၊ စင်စစ်သော်ကား။ သော၊
ထိုသူသည်၊ ဧတ္ထသုသဗ္ဗေသု၊ လေးပါးသောသစ္စာတို့၌။
တာယအပ္ပဟီနာဝိဇ္ဇာတာယ၊ ထိုမပယ်အပ်သေးသော
အဝိဇ္ဇာရှိသည်၏အဖြစ်ကြောင့်။ ဝိသေသတော၊ အထူး
အားဖြင့်။ ဇာတိဇရာရောဂမရဏာဒိအနေကာဒိနဝေါ
ကိဏ္ဏံ၊ ပဋိသန္ဓေနေရခြင်း အိုရခြင်း, နာရခြင်း, သေရခြင်း
အစရှိသောတပါးမက များပြားလှစွာသောအပြစ်တို့ဖြင့်
ပြွမ်းသော။ ပုညဖလသဉ္ဉိတံ၊ ကောင်းမှု၏ အကျိုးဟုဆို
အပ်သော။ ဒုက္ခံ၊ ဒုက္ခကို။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အဇာ

နန္တော၊မသိသည့်ဖြစ်၍။ တသာ၊ ထိုဒုက္ခကို။အဓိဂမာယ၊ ရစေခြင်းငှါ။ကာယဝစီစိတ္တသင်္ခါရဘေဒ၊ကာယကံ,ဝစီကံ,မနောကံဟူသော။ပုညာဘိသင်္ခါရံ၊ ကုသိုလ်ကောင်းမှုကို။ အာရဘတိ၊ အားထုတ်၏။ယထာ၊ ဥပမာအဘယ်လိုပါနည်းဟူမူ။ ဒေဝန္တရမာမကော၊ နတ်သမီးကိုအလိုရှိသော သူသည်။ မရုပပါတံ၊ တောင်ထိပ်မှဆင်းသက်ခြင်းကို။ အာရဘတိဝိယ၊ အားထုတ်သကဲ့သို့တည်း။

သစ္စာလေးပါးကို မသိမမြင်သေးဘဲလျက် တရားကိုဘဲ အားထုတ် အားထုတ်, ဘာကိုဘဲလုပ်လုပ်, လုပ်သမျှဒုက္ခချည်းမှတ်၊ လုပ်သမျှအမှားချည်းဟူ၍သာ မှတ်လေ။

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ
ယထာဘူတံ အဒဿနာ အနနုဗောဓာ
အပ္ပဋိဝေဓာ
ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ
မမဉ္စေဝ တုမှာကဉ္စ။ ။

[သုတ်မဟာဝါပါဠိတော်]

ဘိက္ခဝေ၊ တရားလိုဘိ-ဒို့တပည့်တို့။ စတုန္နံ၊လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယာ သစ္စာတို့ကို။ ယထာဘူတံ၊ နဂိုမူလ-သူ့သဘာဝအတိုင်း သိမြင်သော ယထာဘူတဉာဏ်ကို။အဒဿနာ၊ မသိမမြင်ခြင်းကြောင့်။ အနနုဗောဓာ၊ ပရိညာသုံးပါးတို့ဖြင့် ပိုင်းခြား ဝေဖန်၍ ပိုင်နိုင်စွာ ကျပ်ပြည့်မသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊မင်

ဉာဏ်ဖြင့် ထိုးထွင်း၍မသိခြင်းကြောင့်။ ဇော်၊ ဤသို့၊ ဈာန်ဒီပ မဏ္ဍနီ၊ ဤမျှလောက် အဝွန်ရှည်သမျှကာလပတ်လုံး။ မမဋ္ဌဝ၊ ငါဘုရားသည့်ရင်း။ ဝုမှာကဇ္ဈ၊ သင်ချစ်သားတို့ သည့်ရင်း။ သန္တာပိတံ၊ ဤဘဝမှသည် ထိုဘဝသို့ဆုံးစ မရှိဥဇ္ဇေဒမ်ဒ္ဓိအဖြစ်ဖြင့်ပြေးသွားရလှလေပြီ။ သံသရိတံ၊ နောက်သို့ တွန့်ကာ, တွန့်ကာ သဿတဒိဋ္ဌိ အဖြစ်ဖြင့် တပြောင်းပြန်ပြန်ကျင်လည်ရလှလေပြီ။

သစ္စာလေးပါးကို မသိမမြင်သဖြင့် ဥပါဒါနက္ခန္ဓာငါး ပါးကိုသက္ကာ့ဇီဝ,သရီရဟုစွဲလမ်းသာယာခြင်းသဿတ ဒိဋ္ဌိအယူနှင့် မသာယာခြင်း ဥစ္ဆေဒဒိဋ္ဌိအယူတို့မှမလွတ် ကင်းနိုင်ကြသောကြောင့် သံသရာ၌ ဆုံလည်နွားပမာ ကျင်လည်၍နေကြရသည်ဟု ဟောတော်မူ၏။

## ဥပမိလေးပါး

ဇာတိ,ဇရာ,ဗျာဓိ,မရဏဟူသော တရားလေးပါးတို့ ၌ဇာတိ,ဇာတိဓမ္မ၊ဇရာ,ဇရာဓမ္မ၊ဗျာဓိ,ဗျာဓိဓမ္မ၊ မရဏ, မရဏဓမ္မဟူ၍ဝိညာဏ်ဒိတ်၏ဇာတိ,ဇရာ,ဗျာဓိ,မရဏ နှင့်ဓမ္မခရုံ ပဋိစ္စသမုပ္ပါဒ်ဖြစ်သော ဇာတိဓမ္မ, ဇရာဓမ္မ, ဗျာဓိဓမ္မ,မရဏဓမ္မတို့ကို ခွဲခြား၍ ဟောတော်မူ၏။

ထို ၂-မျိုးတို့တွင်ပဋိစ္စသမုပ္ပါဒ်ဖြစ်သော ဇာတိဓမ္မ, ဇရာဓမ္မ,ဗျာဓိဓမ္မ,မရဏဓမ္မလေးပါးတို့ကို ကာမုပမိ,ခန္ဓု ပမိ,ကိလေသုပမိ, အဘိသင်္ခါရုပမိ ဟူ၍ ဥပမိလေးပါး ဖြစ်ကြောင်းနှင့် ဟောကြားတော်မူ၏။

ထိုဓမ္မာရုံ ဥပဓိ လေးပါးသည်လည်း သားမယား ကျေးကျွန်,ဆင်မြင်းကျွဲနွား, စပါးဆန်ရေ, ရွှေငွေစသော ပစ္စည်းများပင် ဖြစ်သည်ဟူ၍ မူလပဏ္ဏာသ ပါဠိတော်၌ ဟောကြားတော်မူ၏။

ထိုဆင်မြင်းကျွဲနွား, သားမယားကျေးကျွန်, ရွှေငွေ စသည် ဖြစ်သော ဓမ္မာရုံ ဥပဓိလေးပါးတို့ကို ဇာတိဓမ္မ, ဇရာဓမ္မ, ဗျာဓိဓမ္မ, မရဏဓမ္မဟူ၍မသိမမြင်မထင်နိုင်ကြ ရှာသောအန္ဓပုထုဇဉ်တို့သည်အဝိဇ္ဇာ, တဏှာ, ကံ,နာမ် ရုပ်ဟူသော အကြောင်း လေးပါး ကြောင့် ဖြစ်ပေါ်လာ သောဓမ္မာရုံမနောဝိညာဏ်၏လှည့်ဖြားခြင်းကို အမြဲခံနေ ကြရသဖြင့်ဒုက္ခကို ဒုက္ခမှန်းမသိနိုင်ဘဲသုခချမ်းသာအစစ် ဟုထင်မြင်ကာဥပဓိလေးပါးကိုပင် အမြဲတောင့်တရှာမှီး ကြကုန်သဖြင့် ဘေးအမျိုးမျိုးတို့နှင့် ရင်ဆိုင်တိုးလျက်နေ ကြရကုန်၏။ သံသရာ၌ကျင်လည်မျောပါးကြရကုန်၏။ မဟာနိဒ္ဒေသပါဠိတော်ကိုစာမျက်နှာ (၁၂၁) ၌ကြည့်ရှုလေ။

ထို့ကြောင့် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌-

''အာလယသမုလံ ဆန္ဒံ- ဆန္ဒသမုလံ အာလယံ''

အာလယသမုလံ၊ ဆင်းရဲခြင်း၏ အကြောင်း ရင်းကား။ ဆန္ဒံ၊ တပ်မက်ခြင်း ဆန္ဒရာဂသာတည်း။ ဆန္ဒသမုလံ၊ ဆန္ဒရာဂဖြစ်ခြင်း၏အကြောင်းရင်းကား။ အာလယ၊ ဆင်းရဲ ခြင်း- အာလယမည်သောတရားသာတည်း။ ။ဟူ၍ဟော တော်မူ၏။

ဒုက္ခ သစ္စာ ဖြစ် သော ဥပါဒါနက္ခန္ဓာငါးပါး ဖြစ်သည့် ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာဟူသော တရားတို့ကိုပရိညာသုံးပါးအားဖြင့်ပိုင်းခြား၍ မသိမမြင် မထင်နိုင်ကြသောကြောင့် အကြောင်းဒုက္ခဖြစ်သည့် ဆန္ဒရာဂ သမုဒယသစ္စာကိုလက်မလွှတ်နိုင်ကြရာသဖြင့် ချားရဟတ်ပမာ သံသရာ၌ ကျင်လည် မျှောပါးကာ နေကြရကုန်၏။ ဆင်းရဲသဖြင့် အကောင်းကိုရှာကြ၏၊အကောင်း အစစ်မဟုတ်သဖြင့်ဆင်းရဲနှင့်တွေ့ကြုံကြရပြန်၏၊

ဥပါဒါနေ ဘယံ ဒိသွာ ဇာတိဇရာမရဏသမ္ဘဝေ၊
အနုပါဒါ ဝိမုစ္စန္တိ ဇာတိ မရဏ သံခယေ။ ။
(ဥပရိပဏ္ဏာသပါဠိတော်။)

ဇာတိ မရဏသမ္ဘဝေ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းတို့ဖြင့်အမြဲဖြစ်၍နေသော။ဥပါဒါနေ၊ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ပဋိစ္စသမုပ္ပါဒဖြစ်သည့် ဥပါဒါနက္ခန္ဓာငါးပါးဒုက္ခသစ္စာတရား၌။ ဘယံ၊ သံသရာဟူသော ဘေးအပေါင်းကို။ ဒိသွာ၊ ဝိပဿနာဉာဏ်ဖြင့် သိမြင်ကြကုန်သည်ဖြစ်၍၊ ဇာတိ မရဏသံခယေ၊ ဥပါဒါနက္ခန္ဓာငါးပါး၏ ဖြစ်ပျက်၍နေသောဇာတိ, ဇရာ, မရဏ ဟူသော မီးငြိမ်းရာ, ကုန်ရာ, ခန်းရာ,ချုပ်ရာဖြစ်သောနိရောဓနိဗ္ဗာန်၌၊ အနုပါဒါ၊ဖြစ်သဘော ဥပါဒါနက္ခန္ဓာငါးပါးမှ ကင်းကုန်သည်ဖြစ်၍။ ဝိမုစ္စန္တိ၊ပဋိစ္စသမုပ္ပါဒဟူသော-တကာယ်ဖြစ်သည်ဟုထင်

မှတ်ယူဆကြသော-ဥပါဒါနက္ခန္ဓာဘေးမှ လွတ်မြောက်တော်မူကြကုန်၏။

မြင်,ကြား,နံ,စား,ထိ,သိဟူသော အာရုံတွေ တခုပြီးတခု အဆက်မပြတ်တလစပ် ဖြစ်နေသည်ကို သံသရာဟုခေါ် ၏။ ဤဥပါဒါနက္ခန္ဓာ,ဤသံသရာမှကျွတ်လွတ်နိုင်ရန် ဝိညာဏ်, နာမ်ရုပ် အစရှိသော တကယ်ဖြစ်,တကယ်ရှိမဟုတ်သည့် ဥပါဒါနက္ခန္ဓာ၏ ဖြစ်ပေါ်ဆဲ=ဇာတိ,နှင့် ချုပ်ဆဲ= မရဏတို့ကို ပိုင်ပိုင် နိုင်နိုင် သိမြင်အောင် ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဆင်ခြင် စဉ်းစားဝေဖန်ခြင်းအမှုကိုပြုလုပ်လျှင် ဤခန္ဓာ,ဤသံသရာမှ ကျွတ်လွတ်၍နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်၏ဟုဆိုလိုတော်မူ၏။

ဤဝိညာဏ်, နာမ်ရုပ်, သဠာယတနစသော ဥပါဒါနက္ခန္ဓာသည် သာလျှင် ဒုက္ခသစ္စာ ထိုက်သောတရား ဝိပဿနာရှုထိုက်သော တရားဖြစ်၏။ အကျဉ်းချုပ်လိုက်သော် ထိုတရားသည်သာလျှင် ဒုက္ခအစစ်, သင်္ခါရဒုက္ခ ဖြစ်၏။ ထို့ကြောင့်သင်္ခါရဒုက္ခကိုသာ ကျပ်ပြည့်သိမြင်အောင်ကြိုးစားကြရာ၏။ဆရာကောင်း,ဆရာစစ်လိုလှ၏။ သိခဲလေစွ။

## သံသရာ၏အစ နှင့် အဆုံးကို သိသူ

သံသရာ၏ အစနှင့် အဆုံးကို မသိနိုင်ကြဟူ၍ အချို့ ပုဂ္ဂိုလ်များ ပြောဆိုကြ၏။ မသိကြ၍ ပြောဆိုကြခြင်းမျှသာဖြစ်၏။

သံသရာဆိုသည်မှာ ပဋိစ္စသမုပ္ပါဒ ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါး, ဓာတ် ၁၈-ပါး, အာယတန ၁၂-ပါး, သစ္စာ ၄-ပါး-ဤတရားတို့သည်သံသရာဟူသောအမည်နှင့်ဖြစ်၍နေသော ပရမတ္ထ ဓမ္မာရုံ ဖြစ်သောကြောင့် သံသရာဟုခေါ်၏။

ထိုသံသရာမှာ ၂=မျိုးဖြစ်၏။(၁)သုဒ္ဓဓမ္မပဋိစ္စသမုပ္ပါဒ သံသရာတမျိုး၊ (၂)အသုဒ္ဓဓမ္မ ပဋိစ္စသမုပ္ပါဒ သံသရာတမျိုးဟူ၍ ၂-မျိုးဖြစ်၏။

(၁) သုဒ္ဓဓမ္မ ပဋိစ္စသမုပ္ပါဒ သံသရာ ဆိုသည်မှာ ကလျာဏပုထုဇန်အစ သေက္ခ ၇-ပါးတို့၏ ကျင်လည်ရာဖြစ်သော နိဿရဏ သံသရာကိုခေါ်၏။

(၂) အသုဒ္ဓဓမ္မ ပဋိစ္စသမုပ္ပါဒ သံသရာဆိုသည်မှာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ, အဝိဇ္ဇာတဏှာ အမြစ်ရှိသော အန္ဓပုထုဇန်တို့၏ ကျင်လည်ရာ ဖြစ်သော ပဋိစ္စ သမုပ္ပါဒ သံသရာကိုခေါ်၏။

နိဿရဏသံသရာသည် ကလျာဏပုထုဇန်အရိယာသောတာပန်တို့၏ ရှေးဦးစွာ ဝင်ရောက် ခိုလှုံကြသော သံသရာဖြစ်သောကြောင့် (ပုဗ္ဗ) ဟူသောအမည်ကိုရ၏။ (ပုဗ္ဗ)ဟူသောအမည်သည်ဓမ္မဋ္ဌိတိဉာဏ်၏အမည်လည်း ဖြစ်သောကြောင့် သဉပါဒိသေသ နိဗ္ဗာန်၏ အမည်လည်း ဖြစ်၏။ ကလျာဏ ပုထုဇဉ်အစ သေက္ခ(၇)ပါးတို့သည် ဥဒ္ဒစ္စနှင့် မာနဟူသော အဝိဇ္ဇာ, တဏှာအကြွင်းအကျန် ရှိသေးသောကြောင့် သဉပါဒိသေသ ဟူသောပုဗ္ဗနိဗ္ဗာန်ကိုသာလျှင် ရကြကုန်၏။

ပဋိစ္စမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာ- သံသရာမှ ရှင်းရှင်းလင်းလင်း လွတ်မြောက်သော နိဗ္ဗာန်ကို အနုပါဒိသေသ နိဗ္ဗာန်ဟူ၍ရင်း၊(ကောဒိ) နိဗ္ဗာန်ဟူ၍ရင်း၊ပဏ္ဍာနိဗ္ဗာန်ဟူ၍ရင်း၊သမ္ပရာယိကနိဗ္ဗာန်ဟူ၍ရင်း၊ ဒုက္ခသဏ္ဍာနိဗ္ဗာန်ဟူ၍ရင်းဟောတော်မူ၏။ ထိုနိဗ္ဗာန်ကို အသေက္ခဟူသော ဘုရား, ရဟန္တာတို့သာလျှင် ရှိကြကုန်၏။ သို့ရာတွင်သေက္ခပုဂ္ဂိုလ်(၇)ပါးတို့လည်း သိမြင်ကြကုန်၏။အန္ဓပုထုဇန်များသာလျှင်မသိမမြင် မထင်နိုင်ကြကုန်။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၌—

အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ
နပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ
တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။ ။

ဟူ၍ သံသရာ၏ အစနှင့်အဆုံးကို အဝိဇ္ဇာနှင့် တဏှာရှိကြသော အန္ဓပုထုဇန်တို့သည် မသိအပ်, မသိနိုင်ကုန်ဟုဟောတော်မူ၏။

သဒ္ဒါဝဏ္ဏ အနက်ကား။ ။ဘိက္ခဝေ၊ ဘေးကိုရှုလေ့ရှိသောရဟန်းတို့။ အနမတဂ္ဂေါ၊ မသေရာ နိဗ္ဗာန်တည်းဟူသော ဝဋ္ဋဒုက္ခတိညက်ရှိသော။အယံသံသာရော၊ ဤနိဿရဏ မည်သော သံသရာကို။ ပုဗ္ဗကောဋိ၊ ပုဗ္ဗေဝဋ္ဋတိ နိဗ္ဗာန်နှင့် ပဏ္ဍာနိဗ္ဗာနေဟူသော နိဗ္ဗာန်နှစ်ပါးကို။ အဝိဇ္ဇာနီဝရဏာနံ၊ဝိစိကိစ္ဆာဟူသော အဝိဇ္ဇာနီဝရဏာရှိကုန်သော။ တဏှာသံယောဇနာနံ၊ ဝိဋ္ဌိတည်းဟူသော တဏှာသံယောဇဉ်ရှိကုန်သော။သန္ဓာဝတံ၊ဥစ္ဆေ

ဒိဋ္ဌိမှုဖြင့် ရှေ့သို့ပြေး၍ နေကုန်သော။ သံသရတံ၊ သသာ တ ဒိဋ္ဌိဖြင့် နောက်သို့ဆုတ်၍နေကုန်သော။ သတ္တာနံ၊ အန္ဓပုထုဇ္ဇန်ဖြစ်သော သတ္တဝါတို့အား။ နပညာယတိ၊ မသိ, မထင်, မမြင်အပ်ကုန်။

အန္ဓပုထုဇ္ဇန်တို့၌ သံသရာအစအဆုံးမရှိ၊ ကလျာဏအစရှိသော အရိယာတို့၌ (ပုဗ္ဗ) ဟူသော နိဿရဏ သံသရာအစနှင့်(ကောဋ္ဌိ)ဟူသော နိဗ္ဗာန်အဆုံးရှိ၏ဟူ၍ ဟောတော်မူ လိုရင်းဖြစ်၏။

ထို့ကြောင့် ဝိဇယာ ဘိက္ခုနီမသည် လောက၌နိဿရဏမည်သော သဉပါဒိသေသ နိဗ္ဗာန် ရှိကြောင်းကို မာရ်နတ်အား ဟောကြား၏၊ မာရ်နတ်သည် အန္ဓပုထုဇ္ဇန်ဖြစ်သောကြောင့်သံသရာ၏ အစဖြစ်သော ပုဗ္ဗနိဗ္ဗာန်ကိုမသိနိုင်၊ ကောဋ္ဌိနိဗ္ဗာန်ကိုမူကားသာ၍ပင်မသိ, မမြင် မထင်နိုင်ချေ။

အတ္ထိ နိဿရဏံ လောကေ
ပညာယ မေ သုဖုသိတံ
ပမတ္တဗန္ဓု ပါပိမ
န တွံ ဇာနာသိ တံ ပဒံ။ ။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်)

လောကေ၊ ပဉ္စက္ခန္ဓ သမုပါဒဟူသော- ဥပါဒါနက္ခန္ဓာ လောက၌။ နိဿရဏံ၊ ထွက်မြောက်ရာဖြစ်သော သံသရာသည်။ အတ္ထိ၊ ရှိ၏။ ပညာယ၊ ဝိပဿနာဉာဏစရိယာဟူသော သမ္မာဒိဋ္ဌိဉာဏ်ဖြင့်။ မေ၊ ငါသည်။ သုဖုသိတံ၊

သစ္စာ, ဓမ္မဝရှိသောပရမတ္ထဖြစ်သည့်ခန္ဓာငါးပါး၌ဥစ္ဆေဒအားဖြင့်ယူသည်ရှိသော် ထိုအယူသည် သမ္မာဥစ္ဆေဒအယူဖြစ်၏။

သင်္ခါရလောကနှင့် ဩကာသလောကဟူသောလောကနှစ်ပါးသည်ပရမတ္ထဓမ္မာရုံဖြစ်သဖြင့် ဥပါဒ်, ဌီ, ဘင်မှကင်း၍နိသတ္တ, နိဇ္ဇီဝအဖြစ်ဖြင့်၎င်း၊ ပရမတ္ထဖြစ်သောဓမ္မာရုံသဘောအဖြစ်ဖြင့်၎င်း၊ အမြဲတည်ရှိနေခြင်းကြောင့်သဿတ ဟူသော အယူကို ယူသည် ရှိသော် ထိုအယူသည် သမ္မာသဿတအယူဖြစ်၏။

ဤနှစ်ပါးသောအယူသည် ပုထုဇဉ်တို့၌ အောက်အထက်ပြောင်းပြန်ဖြစ်၍နေ၏။ ထို ပြောင်း ပြန် ဖြစ် ၍ နေသောအယူကိုအထက်ကိုအောက်ပြု၍သမ္မာဒိဋ္ဌိဉာဏ်ဖြင့်ရ အောင် ယူနိုင် သည့်ရှိသော်ပဋိဝေဓသာသနာအတွင်းဝင်ပုဂ္ဂိုလ်ဖြစ်နိုင်ပေ၏။ ဆရာကောင်းလိုလှပေ၏။

## သီလအစစ်-သမာဓိအစစ်အကြောင်း

သီလ,သမာဓိ, ပညာဟူသော သိက္ခာ သုံးပါးသည် ပညတ္တိမဂ္ဂင်ဟူသော ဝိပဿနာမဂ္ဂ, ဝိပဿနာ သက်သက်သန့်သန့်ကိုဆည်းပူးလေ့လာ ပွါးများခြင်းအားဖြင့် အလိုလိုအကျုံးဝင်သွားပုံကိုရှင်းလင်းပြဆိုဦးအံ့။

ဉာဏေန အဝိဇ္ဇာယ အနိစ္စာနုပဿနာယ
နိစ္စသညာယ ပဟာနံသီလံ,ဝေရမဏိသီလံ,

စေတနာသီလံ,သံဝရောသီလံ,အဝီတိက္ကမော
သီလံ။ ။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဉာဏောနာ၊ အနတ္တာဝိဇ္ဇာဉာဏ်ဖြင့်။ အဝိဇ္ဇာယ၊ သစ္စာလေးပါးကို မသိသည့်အဝိဇ္ဇာကို။ဘိန္ဒိတွာ၊ဖေါက်ခွဲပြီးခဲ့သော်။အနိစ္စာနုပဿနာယ၊ အနိစ္စအစစ်ကို စိစစ်ရှာဖွေနိုင်ခြင်းကြောင့်။ နိစ္စသညာယ၊အခိုက်အတန့်မျှ တည်တန့်စွာနေနိုင်သည့်နိစ္စသဘောကလေးရှိစကောင်းသေးသည်ဟုထင်မှတ်သော နိစ္စသညာကို။ ပဟာနံ၊ ပယ်စွန့်ခြင်းသည်။ သီလံ၊သီလအစစ်မည်၏။ ဝေရမဏိ၊ရှောင်ကြဉ်ခြင်းသည်။ သီလံ၊သီလမည်၏။ စေတနာ၊အားထုတ်ခြင်းသည်။သီလံ၊သီလမည်၏။ သံဝရော၊ ထိုနိစ္စသညာကိုပယ်နိုင်ရန် အသိဉာဏ်ကို စောင့်စည်းခြင်းသည်။ သီလံ၊ သီလမည်၏။ အဝိတိက္ကမော၊နိစ္စ,သုခ,အတ္တဟုထင်မှတ်ကာ ကြူးလွန်မှုမရှိခြင်းသည်။သီလံ၊သီလ အစစ်မည်၏။ (သုခသညာ, အတ္တသညာတို့ကို ပယ်ခြင်း၌ ထိုနည်းအတိုင်းဖြစ်၏။)

ထို့ကြောင့် သီလအစစ်သည်ကား သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတို့၌ နိစ္စသညာ, သုခသညာ, အတ္တသညာတို့ကိုပယ်နိုင်အောင် စောင့်ထိန်းမှု ဆိုလျှင် အကျင့်သည်သာ သီလအစစ်ဖြစ်၏။

သမာဓိဆိုသည်မှာ သီလကနိစ္စသညာ, သုခသညာ, အတ္တသညာတို့ကို ပယ်ဖြတ်နေသောအခါ စိတ်ရှုးစိုက်

သင်္ခါရလောက၌ အသတ္တဝမ္မသင်္ခါရလောကနှင့် သတ္တဝမ္မသင်္ခါရလောကဟူ၍နှစ်ပါးပြား၏။

အသတ္တ ဝမ္မ သင်္ခါ ရလော က သည် ပဋိစ္စ သမုပ္ပါဒဟူသော ဥပ ါဒါနက္ခန္ဓာ လောက ဖြစ်၍ ပုထုဇန် တို့၏ ကျင်လည်ကျက်စားရာလောကဖြစ်၏၊ ထိုလောက၌ ထော်က်ရာ, တည်ရာ, မှီခိုရာ, ကိုးကွယ်ရာ, ပုန်းအောင်းရာမရသောကြောင့်ဩကာသလောကဟူ၍ဟောတော်မမူ၊

သတ္တ ဝမ္မ သင်္ခါ ရလောကသည့် ပဋိစ္စသမုပ္ပါဒနိသာရဏ သံ သ ရာ လော က ဖြစ်၍ သေက္ခပုဂ္ဂိုလ်ခုနစ်ဦးတို့၏ကျက်စားရာလောကဖြစ်၏။ သ ဥ ပါ ဒိ သေ သဟူသော (ပုဗ္ဗ) နိဗ္ဗာန်ဖြစ်၍ ထောက်ရာ, တည်ရာ, မှီခိုရာ,အားထားရာရှိသောကြောင့် ဩကာသ လောကဟူ၍ ဟောတော်မူ၏၊

ဩကာသ လောက အစစ် သည်ကား ကာမဘဝ, ဘဝင်္ဂ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ ဟူသောဩဃလေးပါးမှလွန်မြောက်၍ထောက်ရာ, တည်ရာ, မှီခိုရာ, ပုန်းအောင်း ရာ ဖြစ် သော (ကောဋ္ဌ) နိဗ္ဗာန် ဖြစ် ၏၊ ဘုရားရဟန္တာအသေက္ခပုဂ္ဂိုလ်တို့၏ အနုပါဒိသေသနိဗ္ဗာန်ပေတည်း။

ဤကဲ့သို့ လောက သုံးပါးကို သိမြင်ပါမှ 'လောကဘောဥတ္တရံ'' ဟူသော လောကုတ္တရာသို့ ရောက်ရပေမည်၊ ပဋိစ္စသမုပ္ပါဒသံသရာဟူသောဥပါဒါနက္ခန္ဓာလောကမှလွန်မြောက်သည်ကိုလောကုတ္တရာဟု ဟောတော်မူ

၏။ လွှန်မြောက်အောင် ဆရာစစ်, ဆရာမှန်ကိုသာရှာကြ အပ်၏။

မြတ်စွာဘုရားသည့်ရှိသောတရားကိုရှိသည်ဟုဟော တော်မူ၏၊ ထို့ကြောင့်အတ္တိနိရောဓေဟုသတ္တ, ဇီဝနှင့် တကွ စိတ်ဝိညာဏ်ရှိသောပရမတ္ထတရားကိုလည်းသတ္တ လောကဟူသော အမည်ဖြင့်ဟောတော်မူ၏၊ ထိုသတ္တ လောကကိုပရိညေယျဉာဏ်ဖြင့် ဥပါဒ်, ဋ္ဌီ, ဘင်ကိုကြည့် ၍အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟုဝိပဿနာရှုအပ်၏၊ ထို စိတ်ဝိညာဏ်ဟူသော ပရမတ္ထတရားသည့်ရှိသောတရား ဖြစ်၍မရှိအောင်, ပျောက်ကွယ်၍သွားအောင်ဝိပဿနာ မရှုအပ်။

ဥပါဒ်, ဋ္ဌီ, ဘင်, သတ္တ, ဇီဝမရှိသောသင်္ခါရလောက နှင့် ဩကာသ လောကဟူသော ပရမတ္ထဓမ္မာရုံတရားကို လည်းမရှိအောင်, ပျောက်ကွယ်သွားအောင် ဝိပဿနာ မရှုအပ်။ သင်္ခါရလောကကို အဘိညာပရိညေယျဉာဏ် ဖြင့် အနိစ္စဓမ္မ, ဒုက္ခဓမ္မ, အနတ္တဓမ္မဟူ၍သာ ရှုအပ်၏၊ ဩကာသလောကကို အဘိညာသန္တိကာတဗ္ဗဉာဏ်ဖြင့် နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမဟူ၍ မျက်မှောက်ပြု အပ်၏၊

ထိုလောက သုံးပါးတို့တွင် သတ္တ လောကဟူသော ဝိညာဏဋ္ဌိတိခုနစ်ပါးနှင့်တကွ သတ္တဝါသ ဘုံကိုးပါး၌ တည်နေသောသတ္တဝါတို့သည်ကား နိရောဓေ အတ္တိဟူ ၍ဟောတော်မူသောကြောင့် ဥပါဒ်, ဋ္ဌီ, ဘင်နှင့်တကွ

ဥပါဒါနက္ခန္ဓာငါးပါး, မူလနှစ်ပါး ကြွင်းကျန်သေးသည့်ကို ဆိုလို၏။ သေက္ခပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ဖြစ်၏။

အနုပါဒိသေသ- ဟူသောပုဒ်၌ အနုပါဒိ— ဟူသောသဒ္ဒါသည် ပဋိစ္စသမုပ္ပါဒ တည်းဟူသော ဥပါဒါနက္ခန္ဓာငါးမရှိခြင်းကိုဆို၏။သေသ-ဟူသောသဒ္ဒါသည်အဝိဇ္ဇာ, တဏှာဟူသော မူလနှစ်ပါးနှင့်တကွ အကြွင်း အကျန်မရှိ အကုန်ချုပ်ငြိမ်းခြင်းကို ဆိုလို၏။ အသေက္ခပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ဖြစ်၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ ဟူသော ဥပါဒါနက္ခန္ဓာငါးပါးဖြစ်ခြင်း ကင်းသည်ကို အဇာတိ, အိုခြင်းကင်းသည်ကို အဇရာ, သေခြင်း ကင်းသည်ကို အမရဏ-အမတဟူ၍ ဟောတော်မူ၏။

အနိစ္စာဝတ သင်္ခါရာ ဥပ္ပါဒဝယ ဓမ္မိနော
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံ ဝူပသမော သုခေါ။
(ထေရအပါဒါန်)

သဗ္ဗာဝဥ္စ အနက်ကား။ ။သင်္ခါရာ၊ ပဋိစ္စသမုပ္ပါဒ ဥပါဒါနက္ခန္ဓာဟူသော သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊ စင်စစ်မမြဲသော အနိစ္စမွှောရုံ တို့ပါတကား။ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်လိုက်, ချုပ်လိုက်ဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ,ပဋိစ္စသမုပ္ပန္နတရားတို့ ပါတကား၊ ဥပ္ပဇ္ဇိတွာ၊ ပဋိစ္စသမုပ္ပါဒဖြစ်၍။ နိရုဇ္ဈန္တိ၊ ပဋိစ္စသမုပ္ပန္န-နိရောဓမှချုပ်ခြင်းသို့ ရောက်ရကုန်၏။ တေသံ၊ ထိုပဋိစ္စသမုပ္ပန္န—နိရောဓမှအနိစ္စတရားတို့၏၊ ဝူပသမော၊အကြွင်း

မဲ့ချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်သည်သာလျှင်၊ သုခေါ၊ ချမ်းသာအစစ် ကေန်ဖြစ်ချေ၏တကား။

အကြောင်း တိုက်ဆိုင်တုန်းအခါ ဖြစ်ပေါ်လိုက်၊ အကြောင်းလေးပါး တရုချုပ်ယွင်းသောအခါ ချုပ်လိုက်ဖြစ်သော ဥပါဒါနက္ခန္ဓာတို့၏ နောက်ထပ်တဖန်ဖြစ်ပေါ်ခွင့်မရအောင် ချုပ်ငြိမ်းခြင်းသည်သာလျှင် ချမ်းသာအစစ်နိဗ္ဗာန်ဖြစ်၏။ နောက်ထပ်တဖန်ဖြစ်ပေါ်ခွင့်မရအောင်ဟုဆိုသည်မှာ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြင့်သင်္ခါရဒုက္ခမှန်း ကျပ်ပြည့်သိမြင်သောအခါ ၎င်းသင်္ခါရဒုက္ခအပေါ်၌ တကာယ်ထင်မှတ်မှုဟူသောဥပါဒါန်အလိုလိုချုပ်ငြိမ်းသွားသဖြင့် အကြောင်းဒုက္ခ မရှိတော့ချေ။ အကြောင်းဒုက္ခ- သမုဒယသစ္စာ မရှိပါက အဘယ်မှာလျှင် အကျိုးဒုက္ခဖြစ်သော ဒုက္ခသစ္စာရှိနိုင်တော့ ပါအံ့နည်း။ နိရောသစ္စာသို့ အလိုလိုဆိုက်ရတော့သည်သာတည်း။

## လောကသုံးပါးရှင်းတမ်း

သတ္တလောက, သင်္ခါရလောက, ဩကာသလောက, ဟူ၍လောကသုံးပါးရှိ၏။

သတ္တလောကဆိုသည်မှာ သတ္တ, ဇီဝနှင့်တကွဥပါဒ်, ဌီ, ဘင်ရှိသော ဝိညာဏဥ္စိတ် ခုနစ်ပါးနှင့် ဘုံကိုးပါးကိုဆို၏။

သင်္ခါရလောကနှင့် ဩကာသလောကဆိုသည်မှာ ဥပါဒ်, ဌီ, ဘင်ကင်းသောနိသတ္တ, နိဇ္ဇီဝဖြစ်သည့်ပရမတ္ထဓမ္မာရုံဟူသောလောကနှစ်ပါးကိုဆို၏။

ကောင်းစွာ တွေ့မြင်အပ်၏။ ပမတ္တပဒ္ဓ၊ မေ့လျော့ခြင်း တရားသာလျှင်အဆွေခင်ပွန်းရှိသော၊ ပါပိမ၊ မာရ်နတ်။ ထွံ၊ သင်မာရ်နတ်သည်၊ တံပဒံ၊ ထိုနိဗ္ဗာန်ကို နဇာနာသိ၊ မသိ။

## နိဗ္ဗာန် ရှင်းတမ်း

နိဗ္ဗာန်သည် သဘော အားဖြင့် တ မျိုး တည်းဖြစ် ၏၊ ဥပါဒါနက္ခန္ဓာ ငါးပါးနောက်ထပ်တဖန်ပြန်၍မဖြစ်ဘဲအကြွင်းမဲ့ ချုပ်ငြိမ်းကိုသာလျှင် နိရောဓ သစ္စာ နိဗ္ဗာန် ဟူ၍ ဟောတော်မူ၏။ ဥပါဒါနက္ခန္ဓာငါးပါးမဖြစ်သဖြင့်ငြိမ်းသော ခန္ဓာ သာ လျှင် ရှိ ခြင်း ကို ခန္ဓ ပရိနိဗ္ဗာန်ဟူ၍ဟော တော်မူ၏၊ ဘုတရုပ် လေးပါးနှင့်တကွ ဖြစ်သောစိတ် ဝိညာဏ်၏ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ချုပ်ခြင်းကိုနိရောဓ သစ္စာနိဗ္ဗာန်ဟူ၍ဟောတော်မူ။

အထူးသတိပြုရန်မှာ နိရောဓ သစ္စာနှင့် နိရောဓဓမ္မဟူသောတရားနှစ်ပါးသည်အသံသဒ္ဒါအားဖြင့်တူသယောင် ယောင်ဖြစ်သော်လည်း သဘာဝတ္တအနက်သဘောအား ဖြင့်ကွဲပြားခြားနား၏။

နိရောဓဓမ္မဟူသော နိရောဓသည် ဥပါဒါနက္ခန္ဓာငါး ပါးတို့၏ ပ ဋိစ္စ သ မုပ္ပန္န ဖြစ် ၍ ချုပ်ပျက် သွားသည်ကို နိ ရောဓဓမ္မဟူ၍ဟောတော်မူ၏။ (စာမျက်နှာ ၁၇၁-၌ကြည့်ရှု ပါလေ။)

နိရောဓသစ္စာဟူသော နိရောဓသည် ဓာဘ, ဘူတ, ကတ, သင်္ခတမည်သော ပဋိစ္စသမုပ္ပန္နနိရောဓ ဓမ္မအနိစ္စ၏အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း သန္တိသုခကို နိရောဓသစ္စာ နိဗ္ဗာန်ဟူ၍ ဟောတော်မူ၏။

''ကတမေသာနံ ဓမ္မာနံ ဘင်္ဂေနိရောဓော နိရောဓော တိဝုစ္စတိ ရူပံခေါ အာနန္ဒ ဝေဒနာ, သညာ, သင်္ခါရာ, ဝိညာဏံ, အနိစ္စံ, သင်္ခတံ, ပဋိစ္စသမုပ္ပန္နံ, ခယဓမ္မံ, ဝယဓမ္မံ, ဝိရာဂဓမ္မံ, နိရောဓဓမ္မံ, တဿနိရောဓော, နိရောဓော တိဝုစ္စတိ။ '' ဟူ၍ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၌ ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကို နိရောဓသစ္စာ နိဗ္ဗာန်မည်ကြောင်းကိုဟောတော်မူ၏။ (အနက်ကို စာမျက်နှာ ၁၇၁–၌ပြဆိုခဲ့ပြီးဖြစ်သည်။)

ထိုနိရောဓသစ္စာဟူသောနိဗ္ဗာန်သည် သဥပါဒိသေသ နိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်ဟူ၍ နှစ်ပါးပြား၏။ ထိုနှစ်ပါးတို့တွင်–သဥပါဒိသေသနိဗ္ဗာန်ကို ပုဗ္ဗနိဗ္ဗာန်, ဒိဋ္ဌဓမ္မိက နိဗ္ဗာန်, ပဋ္ဌမဓမ္မဋ္ဌိတိနိဗ္ဗာန်ဟူ၍ ဟောတော်မူ၏၊ အနုပါဒိသေသ နိဗ္ဗာန်ကိုမူကား ကောဋိနိဗ္ဗာန်,ပစ္ဆာနိဗ္ဗာန် သံပရာယိကနိဗ္ဗာန်, ဒုက္ခသန္တနိဗ္ဗာန်ဟူ၍ ဟောတော်မူ၏။

သဥပါဒိသေသ-ဟူသောပုဒ်၌သ-သဒ္ဒါသည်သဟတ္ထ=တကွဟူသောအနက်ဖြစ်၏။ဥပါဒိ-ဟူသော သဒ္ဒါသည် ဥပါဒါနက္ခန္ဓာဟူသောအဝိဇ္ဇာ,တဏှာအမြစ်နှစ်ပါးဖြစ်၏၊ သေသ-ဟူသော သဒ္ဒါသည် ဥဒ္ဓစ္စနှင့် မာန ဟူသော

တော် ကျက် စား ရာ သာ ဖြစ် သောကြောင့် အခြားမည်သည့်ပုဂ္ဂိုလ်တဦးတယောက်မျှ ထိုကမ္မဝိပါက်အရာကို မဟောကြားနိုင်ကုန်။

## မပျောက်ကောင်းသောစိတ်

နေဝသညာ နာသညာ ယတနဘုံကို သိမ်မွေ့ နက်နဲသော ဂမ္ဘီရဋ္ဌ ဖြစ် သော စိတ် ဝိညာဏ်ရှိသည်၏အဖြစ်ကြောင့် ဝိညာဏဋ္ဌိတိ ခုနစ်ပါးသို့ ထည့်သွင်း၍ ဟောတော်မမူ။ ထိုနေဝသညာ နာသညာ ယတနဘုံ၌ တည်သောပြဟ္မာတို့၏စိတ်ဝိညာဏ်ထက် ဘုရားရဟန္တာတို့၏စိတ်ဝိညာဏ်တော်သည် အဆအရာ, အဆအထောင်မကအသင်္ချေယျ, အပ္ပမေယျ အနန္တ ဖြစ်၍ အတိုင်း အထွာပမာဏမရှိအောင် သိမ်မွေ့ နက်နဲ နူးညံ့ တော်မူ၏။ ထို့ကြောင့်ဝိညာဏဋ္ဌိတိသို့ထည့်သွင်း၍ ဟောတော်မမူ။ သို့ရာတွင် နေဝသညာနာသညာယတနဘုံ၌ စိတ် ဝိညာဏ်မရှိဟုမယူအပ်ကုန်။ အကြောင်းမူကား ထင်ရှားရှိသောပရ မတ္ထ ဖြစ်သော စိတ် ဝိညာဏ်၏ မပျောက်ကောင်း, မပျက်ကောင်းသောစိတ္တနိယာမဖြစ်သောကြောင့်တည်း။ ဤသို့ပရမတ္ထဖြစ်သောစိတ်ဝိညာဏ်သည် စိတ္တ နိယာမဖြစ်၍မပျက်ကောင်း, မပျောက်ကောင်းသည်ရှိသော် အတိဂမ္ဘီရဋ္ဌ ပရမတ္ထဖြစ်သော ဘုရားရဟန္တာတို့၏စိတ်ဝိညာဏ် တော်သည် နိဗ္ဗာန်တည်းဟူသော ပရမတ္ထနာမ်မွောရုံ၌အမြဲအာရုံပြု၍ တည်နေတော်မူသောကြောင့် အ

ဘယ်မှာလျှင် ပျောက်သည် ပျက်သည်ဟု ပြောဆိုခြင်း ဌါထိုက်ပါတော့အံ့နည်း။

ဘုရား ရဟန္တာ တို့ ၏ စိတ်ဝိညာဏ်တော်သည် ပရိနိဗ္ဗာန်စံလွန်တော်မူသောအခါ ကင်း ပျောက် ချုပ် ငြိမ်းသွားပြီ, မရှိတော့ပြီဟုယမကရဟန်းကဲ့သို့ နတ္ထိကဝါဒအယူကိုယူသည်ရှိသော် ပရမတ္ထဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဥစ္ဆေဒဒိဋ္ဌိဖြစ်ရာ၏။ အကယ်၍ ဝိညာဏဋ္ဌိတိ ခုနစ်ပါးထဲသို့ ထည့်သွင်း၍ယူပြန်သည်ရှိသော် ပရမတ္ထဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ သဿတဒိဋ္ဌိဖြစ်ရာ၏။ စင်စစ်မှာမူကား ပဋိစ္စသမုပ္ပါဒဖြစ်သောဝိညာဏ်, နာမ်ရုပ် သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏဟူသောဥပါဒါနက္ခန္ဓာဓမ္မာရုံကိုကျပ်ပြည့်မသိမမြင်သည်ရှိသော် ပကတိပဋိသန္ဓေစိတ်ဝိညာဏ်ကိုသိမြင်ခြင်းငှာမစွမ်းနိုင်။

## သတိပဋ္ဌာန် လေးပါး

သတိပဋ္ဌာန်၌ ကာယပဿဒ္ဓိစေတသိက် နှင့် စိတ္တပဿဒ္ဓိစေတသိက်သည် ငြိမ်းခြင်း တူသော်လည်း သဘောအားဖြင့်မတူ။ ကာယပဿဒ္ဓိ ဟူသည်ကား ဝေဒနက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟူသော ခန္ဓာသုံးပါးတို့၏ ငြိမ်းခြင်းကို ကာယပဿဒ္ဓိဟုခေါ်၏။ ထို့ကြောင့် ကာယာနုပဿနာသတိပဋ္ဌာန်ကိုဝေဒနက္ခန္ဓါ, သညာက္ခန္ဓါ သင်္ခါရက္ခန္ဓာနှင့်တကွ ဓမ္မာရုံဖြစ်သော ရူပက္ခန္ဓာ ဟူ၍-ဤခန္ဓာလေးပါးကိုကောက်ယူအပ်၏။ သတိစေတသိက်

ရှုလျက်။ ဝိဟာရတိ၊ နေ၏။ဗဟိဒ္ဓါဝါ စိတ္တေ၊ ဗဟိဒ္ဓမည် သောဓမ္မာရုံစိတ်၌လည်း။ စိတ္တာနုပဿီ၊ဗဟိဒ္ဓမည်သော ဓမ္မာရုံစိတ်ကိုရှုလျက်။ ဝိဟာရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ စိတ္တေ၊ အဇ္ဈတ္တ ဗဟိဒ္ဓ မည်သော ဓမ္မာရုံ စိတ်၌လည်း။ စိတ္တာနုပဿီ၊ အဇ္ဈတ္တဗဟိဒ္ဓမည်သော ဓမ္မာရုံစိတ်ကို ရှုလျက်။ ဝိဟာရတိ၊ နေ၏။ ။

စိတ္တသ္မိံ ဝါ၊ ဓမ္မာရုံဖြစ်သောစိတ်၌လည်း။ သမုဒယ ဓမ္မာနုပဿီ၊ သ မု ဒ ယ အစရှိသော ဌိတိကိုးပါးဖြင့်ရှု လျက်။ ဝိဟာရတိ၊ နေ၏။

စိတ္တသ္မိံ ဝါ၊ ဓမ္မာရုံစိတ်၌လည်း။ ဝယဓမ္မာနုပဿီ၊ ပျက်ခြင်း, ချုပ်ခြင်းနိရောဓဓမ္မ, အနိစ္စဓမ္မမျိုးကိုရှုလျက်။ ဝိဟာရတိ၊ နေ၏။

စိတ္တသ္မိံ ဝါ၊ ဓမ္မာရုံစိတ်၌လည်း။ သမုဒယ-ဝယဓမ္မာနုပဿီ၊ ဖြစ်ခြင်းသမုဒယ,ချုပ်ခြင်း နိရောဓဓမ္မ သင်္ခတ ဟူသော အနိစ္စဓမ္မမျိုးကိုရှုလျက်။ ဝိဟာရတိ၊နေ၏။

ပန၊အထူးဖြစ်လာပုံကို ဆိုလိုက်ဦးအံ့။အဿ၊ထိုဓမ္မာရုံဖြစ်သော စိတ္တာနုပဿနာသတိကိုစီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်အား။ အဇ္ဈတ္တိစိတ္တသ္မိံ ဝါ၊ပကတိသက်သက် ဥပါဒ်, ဌီ,ဘင်နှင့်တကွသော တောက်ပသောအရောင် ရှိသော စိတ်ဝိညာဏ်ရှိ၏ဟူ၍။ သတိပစ္စုပဋ္ဌိတာ၊ မိမိ ဆင်ခြင်အောက်မေ့ သော သတိ၌ ရှေ့ရှု ထင်လာသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့သတိပဋ္ဌာန် ဝိဘင်း ပါဠိတော်၌ ဟောတော်မူသော “အတ္ထိ စိတ္တန္တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ”=ဟူသော ဒေသနာတော်နှင့် ဥပရိပဏ္ဏာသပါဠိတော်၌ “ အထာပရံ ဝိညာဏံယေဝ အာဝသိဿတိ ပရိသုဒ္ဓံ ပရိယောဒါတံ ”-ဟူ၍၎င်း၊ “ အထာပရံ ဥပေက္ခာယေဝ အာဝသိဿတိ ပရိသုဒ္ဓါ ပရိယောဒါတာ မုဒုစ ကမ္မညာစ ပဘဿရာစ ”-ဟူ၍၎င်း ဟောတော်မူသော ဒေသနာတော်တို့သည် “ပကတိ ပရိသုဒ္ဓမိဒံ စိတ္တံ”– ဟူသော အာရမ္မဏိက ပစ္စယုပ္ပန် ပရမတ္ထ စိတ်ဝိညာဏ် ရှိကြောင်းကို ထောက်ခံတော်မူခြင်းဖြစ်၏။

ထို့ကြောင့် တကယ်မှန်ဖြစ် လှစွာသော သတ္တိထူးကလေးဖြစ်သည့် ပကတိစိတ် ဝိညာဏ် သက်သက်ကို အပိုင်သိမြင် ရအောင်အထိ ကြိုးစားအားထုတ် သင့်ကြပေ၏။ လောကီဘုံသား အန္ဓပုထုဇန် များတို့၏ ဓမ္မတာ သဘာဝအတိုင်း ကျက်စားဝေဖန်ကာ မပြတ်လေ့လာနေကြဖြစ်သော ပညတ်ဓမ္မာရုံတို့အပေါ်၌သာ တင်းတိမ် မနေကြမူ၍ တကယ့်ပရမတ္ထ တရားဖြစ်သည့် မိမိဟုဆိုအပ်သော ကိုယ်ပိုင်သတ္တိထူး စိတ်ကလေးကို ကိုယ်တိုင်သိမြင်အောင် ပွားများအားထုတ်ကြရာ၏။ ထိုပကတိပဘဿရစိတ်ကလေး၏ဖြစ်ပုံဖြစ်နည်း မည်ကဲ့သို့ ဆန်းကြယ်သည်ကိုမူကား ကမ္မဝိဘင်္ဂဖြစ်၍မြတ်စွာဘုရား၏ဗုဒ္ဓဉာဏ်

> လေးပါး တရား တော်ကို ဟောတော်မူသော
> ဝါဒရှိတော်မူ၏။

ဟူ၍ သစ္စာ လေးပါးသည် သာလျှင် ဗုဒ္ဓဝါဒ ဖြစ်ကြောင်းကို မိန့်ဆိုတော်မူ၏။ ထို့ကြောင့် ဗုဒ္ဓ ဘာသာ မည်ကာမတ္တမဟုတ်ဘဲ ဗုဒ္ဓဝါဒ် အဖြစ်သို့ရောက်အောင် သစ္စာလေးပါးကိုသာ နှလုံးသွင်းကြရာ၏။

## သတိပဋ္ဌာန် အရေးမကြီးပုံ-ကြီးပုံ

သတိပဋ္ဌာန်တရားသည် အရေးမကြီးလှ ဆိုသည်မှာ ဥပမာအားဖြင့် ဘီအေ, အမ်အေ,အောင်ဘို့ရန်အရေး မကြီးလှ၊ ဘီအေ,အမ်အေတန်းသို့ ဝင်ရောက်သင်ကြားနိုင်ရန် ၁၀-တန်းစာမေးပွဲကို အောင်ရ ပေဦးမည်။ သို့ကြောင့် ၁၀-တန်းအောင်မြင်ဘို့က အရေးကြီးလှပေ၏။ ၁၀-တန်း အောင်မြင်မှသာလျှင် ဘီအေ,အမ်အေ အတန်းပညာများကို လေ့လာဆည်းပူး၍ နားလည်နိုင်မည်ဖြစ်၏။ သို့အတွက် သတိပဋ္ဌာန်တရားကို လိုက်စားအားထုတ်ဘို့က အရေးမကြီးလှ၊ ပဌမဈေးဦးစွာ သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပါဒတရားကို ကျပ်ပြည့် ပိုင်ပိုင်နိုင်နိုင် သိမြင်၍ ဒဿနဘူမိဟုဆိုအပ်သော သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကို ရဘို့ကသာလျှင် အရေးကြီးလှပေ၏။ တဲ့တဲ့ ပြောရလျှင် သောတာပန် ဈေးဦးစွာဖြစ်ရပေမည်ဟူလို။

သတိပဋ္ဌာန် အရေးကြီးပုံမှာ ဒဿနဘူမိဟု ဆိုအပ်သော သစ္စာလေးပါးနှင့် အသုဒ္ဓဝဗ္ဗ, ပဋိစ္စသမုပ္ပါဒ သိ

သရာတရားကို သုဒ္ဓဓမ္မ, ပဋိစ္စသမုပ္ပါဒ နိဿရဏ သံသရာတရား ဖြစ်အောင် သမ္မာဒိဋ္ဌိဉာဏ်ဖြင့်အမြင်မှန်ကို ရပြီးသောအခါ တရားနခန်းမသတ်ဘဲ အရဟတ္တမဂ်သို့ တိုင်အောင် အားထုတ် ခြင်းဖြင့် ဘာဝေတဗ္ဗဘူမိကို ဆက်လက် ကြိုးစားရပေ ဦးမည်၊ သို့မှသာလျှင် ပဋိစ္စသမုပ္ပါဒ ဥပါဒါနက္ခန္ဓာဝိဉာဏ်ပြုတ်၍ ပကတိပရိသုဒ္ဓ ဖြစ်သော စိတ်ဝိဉာဏ်ကို တွေ့မြင်နိုင်ပေမည်။

ထို့ကြောင့် သတိပဋ္ဌာန် ဝိဘင်းပါဠိတော်၌အောက်ပါအတိုင်းဟောတော်မူသည်ကို ကြပ်ကြပ်ကြီးစဉ်းစား သင့်ကြပေ၏။

## သတိပဋ္ဌာန်စစ်

အဇ္ဈတ္တံဝါစိတ္တေ စိတ္တနုပဿီ ဝိဟရတိ။
ဗဟိဒ္ဓါဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊
အဇ္ဈတ္တဗဟိဒ္ဓါဝါစိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊
သမုဒယဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ။
ဝယဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ၊
သမုဒယဝယဓမ္မာနုပဿီဝါစိတ္တသ္မိံ ဝိဟရတိ၊
အတ္ထိစိတ္တန္တိဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ
ဟောတိ။ ၊

(သတိပဋ္ဌာန်ဝိဘင်းပါဠိတော်)

အဇ္ဈတ္တံဝါစိတ္တေ၊ အဇ္ဈတ္တ မည် သော ဓမ္မာရုံစိတ် ၌ လည်း၊ စိတ္တာနုပဿီ၊ အဇ္ဈတ္တမည်သော ဓမ္မာရုံစိတ်ကို

ခိုင်မြဲမှု သဘောကလေး ပါဝင်သွားခြင်းကို သမာဓိဟု ခေါ်၏။

ပညာဆိုသည်မှာအနိစ္စ,ဒုက္ခ,အနတ္တအစစ်တို့ကိုကျပ်ပြည့်ဝေဖန်နိုင်ခြင်းဖြစ်၏။

ထို့ကြောင့် ပယ်မှုသီလနှင့် ရှုးစိုက်နိုင်မှု သမာဓိ၊ဝေဖန်နိုင်မှုပညာ၊ ၎င်းသဘောတရား သုံးပါးသည် အနိစ္စစစ်,ဒုက္ခစစ်,အနတ္တစစ်တခုခုကိုတွေ့မြင်သည်နှင့် တပြိုင်နက်တချက်တည်းကော့ဝေမွှေ့အဖြစ်ဖြင့်ပါဝင်သွား၏။ သိက္ခာ သုံးပါးတသားတည်း ဖြစ်တော့၏။ သာသနာ သုံးရပ်လည်းတထပ်တည်းဖြစ်တော့၏။

(ဝိပဿနာ၌ ခဏိက သမာဓိသည်သာလျှင် လိုရင်းဖြစ်၏။ သတိမူသင့်ကြ၏။)

## ဗုဒ္ဓဝါဒစစ်စစ်

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ မာလုကျပုတ္တသည် မြတ်စွာဘုရားအား သတ္တဝါများ သေလျှင်နောင်ဘဝတဖန် ဖြစ်ပြန်ပါသလားဘုရားဟု လျှောက်ထား၏။ မြတ်စွာဘုရားက ''မာလုကျပုတ္တ—ငါဟောသော တရားသည် သစ္စာလေးပါးသာလျှင် ဖြစ်သည်။ သစ္စာလေးပါးမှတပါးငါမဟော၊ ငါဟောသော တရားကိုဟောသည့် အတိုင်းမှတ်၊ မဟောသည့် တရားကိုလည်း၊ မဟောသည့်အတိုင်း မှတ်လေဟူ၍ ပြင်း ပြင်းထန်ထန် မိန့်ဆိုတော်မူ၏။ထို့ပြင်ဝေသာလီပြည်၌ အနု

အဖြစ်၌ တည်ရှိနေခြင်းသည်။ ဟောဘိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ အယံစိတ္တုပ္ပါဒသင်္ဂြိုဟ်၊ ဤစိတ္တုပ္ပါဒသင်္ဂြိုဟ် စေတသိက်သည်။ ဟောတိ၊ ဖြစ်၏။

ထို စေ တ သိက် ခန္ဓာ ရုံ တ ရား တို့ သည် နိဿတ္တ, နိဇ္ဇီဝဖြစ်၍ဥပါဒ်, ဋ္ဌီ, ဘင် အထည်ဒြပ်ကင်းသော ပရိတ္တ သံမုဒ္ဒါဒနိဿရဏာသံသရာမည်ကုန်၏။ ထိုခန္ဓာရုံစေတ သိက်တို့ကို ဝိညာဏ ဋ္ဌိတိ ဟူသော စိတ်ဝိညာဏ်ကဲ့သို့ ဥပါဒ်, ဋ္ဌီ, ဘင်ရှိသည်ဟု ယူငြားအံ့၊ ခန္ဓာရုံဖြစ်သော စေတသိက်တို့လည်းဝိညာဏဋ္ဌိတိဖြစ်ရာ၏၊ဝိညာဏဋ္ဌိတိ ဟူသော စိတ်ဝိညာဏ်သည်လည်း ခန္ဓာရုံ ပရိတ္တသမုဒ္ဒါဒ ဖြစ်ရာ၏။ ထိုသို့ဖြစ်သည်ရှိသော် ဘာဝေတဗ္ဗတရားသည် ပရိညေယျတရားဖြစ်၍ပရိညေယျတရားသည်လည်း ဘာ ဝေတဗ္ဗတရားဖြစ်၍သစ္စာတရား၌ရှုပ်ထွေးရာ၏။

အဘိဓမ္မဋ္ဌ သင်္ဂဟအဋ္ဌကထာ၌ ''ကေပ္ပါဒ နိရော ဓာစ, ကောလမ္ဗဏာ ဝတ္ထုကာ''— ဟူသောစကားသည် ဝိညာဏဋ္ဌိတိမည်သော စိတ်ဝိညာဏ်၏ဗျာပါရရှိသရွေ့ ကိုဥပါဒါရုံဟူသောခန္ဓာရုံသဘောအဖြစ်ဖြင့် အတူပြု၍ နေသည်ကို ဧကုပ္ပါဒ, ဧကနိရောဓ, ဧကာလမ္ဗဏာ,ဧက ဝတ္ထုကာ- ဟုဆို၏။ ဗျာပါရရှိသောစိတ်ဝိညာဏ်နှင့်တူ သောသဏ္ဌာန်ရှိသည်ကိုဆို၏။

ထိုစေတသိက်, ရုပ် ဟူ သော ခန္ဓာရုံ တို့သည်ကား အဗျာရတရားမျိုးတို့သည်သာလျှင်ဖြစ်ကြကုန်၏။ အဘိ သင်္ခတသင်္ခါရမျိုးတည်း။

ထို့ကြောင့်''အတ္ထိစိတ္တန္တိ ဝါ........''အစရှိသောသတိ ပဋ္ဌာန်ဝိဘင်းပါဠိတော်အရ အဇ္ဈတ္တ ဇ္ဈတ္တ ဟူသော စိတ် ဝိညာဏ်ကို တွေ့မြင် ပိုင်နိုင် အောင် ကာယာနုပဿနာ စသည့်တို့ကိုဒဿနဘူမိဟူသောအခြေခံလုံလောက်နိုင်မြဲ အောင်နှာကြားပြီးနောက်၌ ဘာဝေ တဗ္ဗဘူမိ ဟူ သော စိတ္တာ နုပဿနာ ဘာဝနာကို ဆက် လက် ပွား များ အား ထုတ်ကြရာ၏။ရှေးဦးစွာစိတ္တာနုပဿနာဘာဝနာကိုပွား များ အား ထုတ် ပါမူ ကား အောက် ခြေ လွတ် ပြီး လျှောင် ရှူးသွပ် ချောက်ချားခြင်း အဖြစ်သို့ ရောက်တတ် ကုန်၏။ စိတ္တာနုပဿနာ သို့မရောက်ပြန်လျှင်လည်း အကွပ် မရှိ သောကြမ်းကဲ့သို့ပရမ်းပတာဖြစ်တတ်ကြကုန်၏။ အချို့ သမထယာနိက ယောဂီများ ရူးသွပ်ကြ၍ အချို့ဝိပဿ နာယာနိက ယောဂီများ ပေါက်လွှတ် ပဲစား ဖြစ်ကုန်ကြ သည်ကိုသတိပြုကြရာ၏။

## စိတ် ၂-မျိုးအကြောင်း

ဝိညာဏ်ဟူသော စိတ်သည် ပရမတ္ထ တရားအစစ် ဖြစ်၏။ ထိုပရမတ္ထ စိတ်ဝိညာဏ်သည် ၂-မျိုး ပြား၏။ ပကတိ ပရမတ္ထစိတ်ဝိညာဏ်နှင့် ပရမတ္ထဓမ္မာရုံ စိတ် ဝိညာဏ်ဖြစ်၏။

(၁)–ဝိညာဏဋ္ဌိတိ, ဝိညာဏစရိယ, ပကတိ ပရိသုဒ္ဓ မည့်သော စိတ်ဝိညာဏ်သည် ဥပါဒ်,ဋ္ဌီ,ဘင်ခဏငယ် သုံးချက်နှင့်တကွ ဖြစ်၍ နိရောဓ တရားလည်း ရှိသော

ကြောင့် အတ္တိတရားလည်းမည်၏။ပစ္စယုပ္ပန်တရားလည်း မည်၏။ ခြောက်ပါးသော ဝတ္ထုရုပ်ကိုမှီ၍ဖြင်း၊ မမှီမူ၍ ဖြင်းဖြစ်၏။ပဉ္စဝေါကာရနှစ်ဆယ့် ခြောက်ဘုံ၌ဖြစ်သော အခါဥပါဒ်,ဌီ, ဘင်နှင့်တကွ ဝတ္ထုရုပ်ကို မှီ၍ဖြစ်၏။ အသညသတ်ဘုံနှင့် အရူပဘုံ၌ ဖြစ်သောအခါ ဥပါဒ်,ဌီ, ဘင်မရှိ။ ထိုဝိညာဏဋ္ဌိတိ,ဝိညာဏစရိယဝိညာဏ်သည်ကား မဖွေ့ဝိညာဏ်ဖြစ်သောကြောင့် ဒိဋ္ဌိနှင့်မယှဉ်၊ဓမ္မာရုံဟူသော စေတသိက်မျိုးနှင့် မယှဉ်၊ ပကတိ သက်သက်သန့်ရှင်းစင်ကြယ်၏၊ သံသရာဟူသော ပဋိစ္စသမုပ္ပါဒထဲသို့မပါမဝင်၊ အကြောင်းပစ္စယ ကင်းသော ဝိညာဏ်တည်း။ထိုဝိညာဏ်သည် အမည်အားဖြင့် ရှစ်ဆယ့်ကိုးပါး၊ တရာ့နှစ်ဆယ့်တပါး အပြားရှိ၏။ ဘူတ ရုပ်လေးပါး တည်းဟူသော တည်ရာဌာနရှိ၏၊ ထိုဝိညာဏ်ကို ပဋိစ္စသမုပ္ပါဒထဲသို့သွင်း၍ခန္ဓာ,အာယတန,ဓာတ်,သစ္စာဖွဲ့၍ ဟောတော်မမူ။ထိုဝိညာဏ်ကိုရည်၍ မူလပဏ္ဏာသပါဠိတော်၌ ဗကဗြဟ္မာအား- ''ဝိညာဏံ အနိဒဿနံ-အနန္တံ သဗ္ဗတော ပဘံ''-ဟူ၍၎င်း။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌''ပကတိ ပရိသုဒ္ဓမိဒံစိတ္တံ''-ဟူ၍၎င်း၊ ''ဝိညာဏံမဖွေ့''—ဟူ၍၎င်း၊ ''ဝိညာဏဋ္ဌိတိ''- ဟူ၍၎င်း ဟောတော်မူ၏၊

(၂)—ဓမ္မာရုံပရမတ္ထဖြစ်သော ဝိဉာဏ် သည်ကား ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟာန, သံယောဂ, ပလိဗောဓ, သမုဒယ, ဟေတု, ပစ္စယဟူသော အမည်ကိုး

ပါးနှင့်တကွ အဝိဇ္ဇာ, တဏှာ, ကံ, နာမ်ရုပ် ဟူသော အကြောင်း လေးပါးကြောင့် ဖြစ်၏။ ထိုဓမ္မာရုံဖြစ်သော ဝိဉာဏ်သည် ဝိညာဏဋ္ဌိတိ မည်သော စိတ်ဝိဉာဏ် ပြားသလောက် ရှစ်ဆဲ့ကိုးပါး, တရာ့နှစ်ဆယ့်တပါး အပြားရှိ၏။ ပုထုဇန်နှင့် သေက္ခ ခုနစ်ယောက်တို့၌ ဖြစ်သောအခါ ပဋိစ္စသမုပ္ပါဒ ဥပါဒါနက္ခန္ဓာ, သပစ္စယဟူသော အမည်နှင့်ဖြစ်၍နေ၏။ ထိုဓမ္မာရုံစိတ် ဝိဉာဏ်သည် ပင်လျှင်ဘုရား,ရဟန္တာအသေက္ခပုဂ္ဂိုလ်တို့အာရုံပြုသော အခါ အပစ္စယဓမ္မာရုံမည်၏။ အနုပ္ပါဒါနက္ခန္ဓာမည်၏။ ထိုဓမ္မာရုံဖြစ်သော စိတ်ဝိဉာဏ်ရှစ်ဆယ့်ကိုးပါး,တရာ့နှစ်ဆယ့်တပါးကိုသာလျှင် စေတသိက်ဓမ္မာရုံတို့သည် အမြဲယှဉ်မှီ၍ဧကုပ္ပါဒ, ဧကနိရောဓ, ဧကာလမ္ဗဏဖြစ်၍ အတူဖြစ်ခြင်း အတူချုပ်ခြင်း အတူအာရုံရှိခြင်း ဖြစ်ကုန်၏။ ထိုဓမ္မာရုံဖြစ်သောစိတ်, စေတသိက်တရား တို့သည် ဝိညာဏ ဋ္ဌိတိမည်သော စိတ်ဝိဉာဏ် ကဲ့သို့ အထည်ဒြဗ်ဝတ္ထုနှင့်တကွ ဥပါဒ်, ဋ္ဌီ, ဘင်ဟူသော ခဏငယ် သုံးချက်ရှိသောတရားမဟုတ်ချေ။ ဥပ္ပါဒ, ဝယ၊ ဋ္ဌိတ, အညထတ္တ၊ ဥပ္ပန္န, နိရုဇ္ဈနဟူသော ပေါ်လိုက်, ချုပ်လိုက်သဘော မျှသာဖြစ်၏။ နိသတ္တ, နိဇ္ဇီဝ ဖြစ်၍ အထည်ဒြဗ်ဝတ္ထုမရှိ။ သမုဒယဓမ္မမျှဖြစ်၍ ''နတ္ထိသမုဒယော''ဟု ဟောတော်မူ၏။

ဘုတရုပ်လေးပါးကို စွဲမှီ၍ဖြစ်သော ဥပါဒါရုပ်ဟူသော ဓမ္မာရုံတပါး၊ ဝိညာဏဋ္ဌိတိ စိတ်ဝိဉာဏ်ကို စွဲမှီ

၍ဖြစ်သော ဥပါဒါရုံဟူသော စိတ်ဝိညာဏ် ဓမ္မာရုံတပါး၊ ဤသို့စိတ်, စေတသိက်ဖြစ်သော ဓမ္မာရုံတို့သည် ဝတ္ထုရုပ်ခြောက်ပါးကိုမှီ၍ ပဋ္ဌာန်းပစ္စည်းတပ်ကုန်၏။ တဝိထိ၊ တဝိထိတည်း၌ ပဋ္ဌာန်း နည်းအားဖြင့် ပစ္စည်း, ပစ္စယုပ္ပန် တပ်၍နှစ်ပါးစုံ တပြိုင်နက်တည်းဖြစ်ကုန်၏၊ ပစ္စည်းကား ဓမ္မာရုံသပစ္စယဖြစ်သော စိတ်, စေတသိက်နှစ်ပါး၊ ပစ္စယုပ္ပန်ကား ဝိညာဏ ဋ္ဌိတိစိတ်ဝိညာဏ်ဖြစ်၏။

စိတ်,စေတသိက်ဟူသော ပစ္စည်းတရားသည် ပဋိစ္စသမုပ္ပါဒ်,ပဋိစ္စသမုပ္ပန္နဟူသော ဥပါဒါနက္ခန္ဓာ သံသရာဘက်၌လည်၍ဖြစ်၏၊ ပကတိ ပရိသုဒ္ဓဖြစ်သော စိတ် ဝိညာဏ်သည်ကား သတ္တ,ဇီဝရှိသောကြောင့် (အတ္တ)ဖြစ်၏၊ ထိုအတ္တဖြစ်သော ပကတိ ပရိသုဒ္ဓစိတ် ဝိညာဏ်ကို ဓမ္မာရုံ ဖြစ်သောစိတ်, စေတသိက် ပဋိစ္စသမုပ္ပါဒ်- ဥပါဒါနက္ခန္ဓာဖြစ်သည်ဟု တမျိုးတည်း,တသားတည်းယူဆခြင်းကြောင့် ,‘ဝိညာဏံ အတ္တတော သမနု ပဿတိ’’- ဟူသော သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ ဖြစ်ကြရကုန်၏။ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်တို့၌ ဒွယ,ဒွယအားဖြင့် နှစ်ပါး,နှစ်ပါးပြု၍ ဟောတော်မူသည်ကို ဆင်ခြင်စဉ်းစားကြရာ၏။

မြတ်စွာဘုရားသည် ဒွယအားဖြင့် နှစ်ပါး, နှစ်ပါး ထား၍ ဟောတော်မူပုံမှာ—

မနောပုဗ္ဗင်္ဂမာ ဓမ္မာ မနောသေဋ္ဌာ မနောမယာ
မနသာစေ ပသန္နေန ဘာသတိဝါ ကရောတိဝါ
တတော နံ သုခမန္ဝေတိ ဆာယာဝ အနပါယိနီ။ ။

မနောပုဗ္ဗင်္ဂမာဓမ္မာ မနောသေဋ္ဌာ မနောမယာ
မနသာစေ ပဒုဋ္ဌေန ဘာသတိဝါ ကရောတိဝါ
တတော နံ ဒုက္ခမန္ဝေတိ စက္ကံဝ ဝဟတော ပဒံ။ ။
(ဓမ္မပဒပါဠိတော်)

**သဘာဝတ္ထအနက်ကား။** ။ဓမ္မာ၊ စိတ်, စေတသိက်ဟူသော ပစ္စယ ဓမ္မာရုံတရားတို့သည်၊ မနောပုဗ္ဗင်္ဂမာ၊ဝိညာဏဓာတ်ဟူသောပကတိစိတ်သာလျှင် ရှေ့သွားရှိကုန်၏၊ မနောသေဋ္ဌာ၊ ဝိညာဏဓာတ်ဖြစ်သော ပကတိစိတ် ဝိညာဏ်သာလျှင်မြတ်ကုန်၏။ မနောမယာ၊ပကတိစိတ်ဝိညာဏ်သာလျှင်ပြီးကုန်၏၊ ပသန္နေန၊ ဓမ္မာရုံဖြစ်သော သဒ္ဓါတရားဖြင့် ကြည်ညိုစွာသော။ မနသာ၊ ဓမ္မာရုံဖြစ်သောစိတ်ဝိညာဏ်ဖြင့်၊စေဘာသတိဝါ၊ အကယ်၍ ပြောဆိုမှုလည်း ပြောဆိုငြားအံ့၊ စေကရောတိဝါ၊ အကယ်၍ ပြုလုပ်မှုလည်း ပြုလုပ်ငြားအံ့၊ တတော၊ ထိုသို့ ပြောဆိုပြုလုပ်ခြင်းကြောင့်။နံ၊ထိုသူ့ကို။ သုခံ၊ ချမ်းသာခြင်းသည်၊ အန္ဝေတိ၊ အစဉ်လိုက်၏။ ဆာယာ၊ အရိပ်သည်၊အနပါယိနီဣဝ၊ အစဉ်လိုက်သကဲ့သို့တည်း။ ။

ဓမ္မာ၊ တို့သည်၊မနောပုဗ္ဗင်္ဂမာ၊ကုန်၏၊ မနောသေဋ္ဌာ၊ ကုန်၏။ မနောမယာ၊ ကုန်၏၊ ပဒုဋ္ဌေန၊ ပြစ်မှားလိုသော ဓမ္မာရုံဒေါသနှင့် တကွသော၊ မနသာ၊ ဓမ္မာရုံစိတ် ဝိ

ဉာဏ်ဖြင့်။ စေဘာသတိဝါ၊ ငြားအံ့၊ စေကရောတိဝါ၊ ငြားအံ့။တတော၊ကြောင့်။နံ၊ကို။ ဝဟာတော၊ ဝန်ကိုရွက်ဆောင်သော နွားလား၏။ ပဒံ၊ခြေရာကို။စက္ကံ၊လှည်းဘီးသည်။အနွေတိဣဝ၊ အစဉ်လိုက်၍ နင်းသကဲ့သို့။ ဒုက္ခံ၊ဆင်းရဲသည်၊အနွေတိ၊အစဉ်လိုက်၏။

ဤသို့ ပရမတ္ထစိတ်ဝိညာဏ်နှစ်မျိုးရှိကြောင်းကို ဥပမာအားဖြင့် ဟောတော်မူ၏။ ထိုနှစ်မျိုးတို့တွင် မနောပုဗ္ဗင်္ဂမာ, မနောသေဋ္ဌာ, မနောမယာဟူသော စကားတော်ဖြင့် နိဒ္ဒေသအတ္ထိဖြစ်၍ အထည်ဒြဗ်ဝတ္ထုနှင့်တကွ ထင်ရှားရှိသော ပကတိစိတ် ဝိညာဏ်သည် ရှေ့သွားဖြစ်၏ဟူ၍ ၎င်း၊မြတ်၏ဟူ၍၎င်း၊ပြဋ္ဌာန်း၏ဟူ၍၎င်း၊ အလုံးစုံသော ကိစ္စကို ပြီးစေနိုင်၏ဟူ၍၎င်းဟောတော်မူ၏။ဗျတိရေကနည်းအားဖြင့်ဓမ္မာရုံပရမတ္ထဖြစ်သောစိတ်ဝိညာဏ်သည် မမြတ်၍ အလုံးစုံသော ကိစ္စကို မပြီးစေနိုင်ဟူသော အဓိပ္ပါယ်ကိုရ၏။မနသဒ္ဒါနှစ်ပါးသည် ဧကတ္တနည်းအားဖြင့် တူသော်လည်း အဗျာဂရ, ဗျာပါရနည်းအားဖြင့် ထူးသောအနက်အတ္ထရှိကြောင်းကိုသိရာ၏။ပဒုဌေန, ပသန္နေနဟူသော ဝိသေသနပုဒ်သည် ဓမ္မာရုံစေတသိက်ပရမတ္ထကိုပြ၏၊ မနသာဟူသော ဝိသေသျပုဒ်သည် ဓမ္မာရုံစိတ်ပရမတ္ထကိုပြ၏။ဤသို့လျှင်စိတ်ဝိညာဏ် နှစ်မျိုးရှိကြောင်းကို အထူးနှလုံးသွင်းကြရာ၏။

## နည်းလေးပါး

မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်

တို့တွင် ကေဝဋ္ဋနည်း, နာနာဋ္ဋနည်း, အဗျာပါရနည်း, ဧဝံဓမ္မတာနည်းဟူ၍နည်းလေးပါးရှိရာ- ကေဝဋ္ဋနည်းနှင့် နာနာဋ္ဋနည်းနှစ်ပါးကိုမသိလျှင် သက္ကာယဒိဋ္ဌိ တည်းဟူသောအတ္တဒိဋ္ဌိဖြစ်၏။

ဒိဋ္ဌိဂတာ ပန အသုတဝါ ပုထုဇ္ဇနာ စိတ္တသန္တာနံ ကေဝဋ္ဋေန ဂဟေတွာ သဿတံ ဂဏှံသု၊ ဃနေန ပဋိစ္ဆန္နတ္တာ သရီရေ ပထဝီ ဖဿာဒိ ဓမ္မသမူဟံ ဝိနိဗ္ဘောဂံ ကာတုမသက္ကောန္တာ ကေမေဝ အတ္တာတိ ဂဟေတွာ အတ္တဂါဟာ ပတိတာ အဟေသုံ။ ။
(ဇိနာလင်္ကာရဋီကာ)

ပန၊ ကေဝဋ္ဋနည်း, နာနာဋ္ဋနည်း၌ဖုံးလွှမ်းသည်ကိုပြ ဆိုလိုက်ဦးအံ့။ ဒိဋ္ဌိဂတာ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာနှင့်တကွဖြစ် ကုန်သော။ အသုတဝါ၊ဝိပဿနာတရားတော်ကိုမကြား မနာဘူးသေးကုန်သော။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့သည်။ စိတ္တသန္တာနံ၊ တူသောသန္တာန် ရှိသောပရမတ္ထဖြစ်သော စိတ်ဝိညာဏ်နှစ်ပါးတို့၏။ ကေဝဋ္ဋေန၊ ဓမ္မာရုံဖြစ်သော စိတ်သန္တာန်နှင့်ဝိညာဏဋ္ဌိတိဟူသောစိတ်ဝိညာဏ်၏တူ သောသန္တာန် ရှိသောအယူကိုမယူမူ၍ တခုတည်းသော အဖြစ်ဖြင့်။ ဂဟေတွာ၊ တခုတည်းသောအနက်သဘော ကိုယူ၍။ သဿတံ၊ သဿတဒိဋ္ဌိအယူကို။ ဂဏှံသု၊ ယူကြကုန်၏။ ဃနေန၊ ပရမတ္ထဓမ္မာရုံဖြစ်သော- ဥပါဒါ ရုပ် ဟူ သော တ ခဲ နက် သော တူ သော သ န္တာန် ဖြင့်

ပဋိစ္စသမုပ္ပါ၊ နှစ်ပါးကိုပင်၊ တပါးထင်၍၊ အမြင်အကြား မျက်စိ, နား၌၊ ဖုံးအုပ်၍ထားသည့်၏အဖြစ်ကြောင့်။သဓိ ရေ၊ ဝိညာဏဋ္ဌိတိဟုဆိုအပ်သော သတ္တဝါတို့၏ကိုယ်၌။ ပထဝိဖဿာဒိဓမ္မသမူဟံ၊ ပထဝီ စ သော ဘူတ ရုပ်နှင့် ဖဿ အ စ ရှိသော စေ တ သိက် ဓမ္မာ ရုံ အ ပေါင်း ကို။ ဝိနိဗ္ဘောဂံ၊ ဝိညာဏဋ္ဌိတိဟူသောပရမတ်နှင့်ဓမ္မာရုံဖြစ် သောပရမတ်နှစ်ပါးတို့၏ ကွဲပြားခြားနားခြင်းကို။ ကာ တုံ၊ ဝိ ပဿနာ သမ္မာ ဒိ ဋ္ဌိ ဉာဏ် ဖြင့် ပြု ခြင်း ငှါ။ အ သက္ကောန္တာ၊ မစွမ်းနိုင်ကြကုန်သည် ဖြစ်၍။ ဧကမေဝ၊ တပေါင်း တစည်းတခုတည်းပြု၍။ အတ္တာ၊ ဘူတရုပ် ဝိညာဏ်ရှိသောကိုယ်တည်း။ ဣတိ၊ ဤသို့သက္ကာယဒိဋ္ဌိ အယူကို။ ဂဟေတွာ၊ယူ၍။အတ္တဂါဟပတိတာ၊သက္ကာ ယ ဒိဋ္ဌိ အယူတည်းဟူသော အတ္တဂါဟာဒိဋ္ဌိအယူသို့ကျ ၍နေကြကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

ဤသို့ကေဏ္ဏနည်းနှင့် နာနာတ္တနည်း နှစ်ပါးကို ဟော တော်မူခြင်းသည် ဥပါဒ်, ဌီ, ဘင်နှင့်တကွသတ္တ, ဇီဝ ရှိသော ဝိညာဏဋ္ဌိတိ ဟူသော ပရမတ္ထနှင့် ဥပါဒ်, ဌီ, ဘင်ကင်းသော နိဿတ္တ, နိဇ္ဇီဝဖြစ်သော ဓမ္မာရုံ ပဋိသမ္ဘိဒါ မပ္ပါဒဟူသော ပရမတ္ထတရား၊ ထိုတရား နှစ်ပါး တို့၏ တူသော သဏ္ဌာန်ရှိ၍ကေဏ္ဏနည်းဖြင့် ဟောတော်မူခြင်း သည် ဒွယဟူသော ဒေသနာနှစ်ပါး ရှိသည်ကို သိစေ တော်မူလိုသောကြောင့်ဖြစ်၏။ထိုကေဏ္ဏနည်း၌တူသော သဏ္ဌာန်ဟူသော နှစ်ပါးသော ဒွယတို့တွင် သဘော

အားဖြင့်မတူ-အထူးထူး အပြားပြား အနက် ရှိသည်ကို သိစေတော်မူလိုသောကြောင့် နာနာတ္တ နည်းကို ဟော တော်မူ၏၊

အဗျာပါရနည်းသည် ပရမတ္ထဓမ္မာချင်း ဥပါဒါရုပ် ဟူ သော ပဋိစ္စသမုပ္ပါဒ-ဥပါဒါနက္ခန္ဓာ ဖြစ်သည့် ကာယ ဝိညာဏ် ဝစီဝိညာဏ်ရုပ်နှစ်ပါးသည်နိဿတ္တ,နိဇ္ဇီဝဖြစ်၍ အကောင်အထည် ဒြဗ် ဝတ္ထုမရှိသဖြင့် ကြောင့်ကြအား ထုတ်ခြင်းဗျာပါရမရှိခြင်းကိုဆို၏။

ဧဝံဓမ္မတာ နည်းသည်ကားထိုပဋိစ္စသမုပ္ပါဒဟူသော ဝိညာဏ်ရုပ်နှစ်ပါး၏ ချုပ်ပျက်ခြင်း ပဋိစ္စသမုပ္ပန္န အနိစ္စ ဓမ္မ၏ မချွတ်မယွင်း မှန်ကန်ခြင်းကိုဆို၏။ အဝိတထတာ ဟုဟောတော်မူ၏။

အဗျာပါရနည်းနှင့် ဧဝံဓမ္မတာနည်း နှစ်ပါးသည် အတိဂမ္ဘီရ, အတိသုခုမဖြစ်၍ အလွန်နက်နဲ သိမ်မွေ့ သည်ဟု ဟောတော်မူ၏။

ထို့ကြောင့် ထိုနည်းလေးပါးကို ကွဲကွဲ ပြားပြားသိ မြင်အောင် ကြိုးစား အားထုတ်နိုင်မှသာလျှင် သမ္မာဒိဋ္ဌိ ဖြစ်နိုင်ပေ၏။

## စိတ် ၂-မျိုးဖြစ်ပေါ်ပုံ

ကတမံ တသ္မိံ သမယေ စိတ္တံဟောတိ၊
ယံတသ္မိံ သမယေ စိတ္တံ မနော မာနသံ
ဟာဒယံ ပဏ္ဍရံ၊ မနော မနာယတနံ

မနိန္ဒြိယံ ဝိညာဏံ ဝိညာဏက္ခန္ဓော
တဇ္ဇာမနော ဝိညာဏဓာတု၊ ဣဒံ တဿိံ
သမယေ စိတ္တံ ဟောတိ။ ။

ယော ဝါ ပန တဿိံ သမယေ အညေပိ
အတ္ထိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ
ဣမေ ဓမ္မာ ကုသလာ ဣမေ ဓမ္မာ အကုသလာ
ဣမေ ဓမ္မာ အဗျာကတာ။ ။

(ဓမ္မသင်္ဂဏီပါဠိတော်)

တဿိံ သမယေ၊ ထိုစက္ခုစသောဝိထိတို့၏ တဝိထိ, တဝိထိကျသောအခါ၌။ စိတ္တံ၊ အဇ္ဈတ္တ, ဗဟိဒ္ဓ စိတ်နှစ်ပါးသည်။ ကတမံ ဟောတိ၊ အဘယ်သို့သောအမည်မျိုးနှင့်ဖြစ်၍နေသနည်း။ တဿိံ သမယေ၊ ထိုအခါ၌။ မနော၊ မနမည်သော။ ယံစိတ္တံ၊ အကြင်အဇ္ဈတ္တစိတ်သည်။ မာနသံ၊ မာနသဟူ၍ရင်း။ ဟဒယံ၊ ဟဒယဟူ၍ရင်း၊ ပဏ္ဍရံ၊ ဖြူစင်သောကြောင့် ပဏ္ဍရဟူ၍ရင်း- အမည်သုံးမျိုးဖြင့် ဖြစ်၍နေ၏။ ။

ယံစိတ္တံ၊ အကြင်ဗဟိဒ္ဓဖြစ်သောဝိညာဏဓာတ်ခုနစ်ပါးသည်။ မနာယတနံ၊ မနာယတနမည်၏။ မနိန္ဒြိယံ၊ မနိန္ဒြေမည်၏။ ဝိညာဏံ၊ ဝိညာဏမည်၏။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာမည်၏။ မနောဝိညာဏဓာတု၊ မနောဝိညာဏဓာတ်သည်။ (ဝါ) စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှာဝိညာ

ဏာခေါတ်၊ ကာယဝိညာဏခေါတ်၊ မနောဓါတ်၊ မနောဝိညာဏဓာတ်ဟုဆိုအပ်သောခုနစ်ပါးသောဓါတ်သည်။ တဏှာ၊ ထိုမာနသ,ဟာဒယ,ပဏ္ဍရမည်သောစိတ်ဝိညာဏ်ကိုစွဲမှီ၍ရမှဖြစ်နိုင်၏။ တသ္မိံ သ မ ယေ၊ ထို အ ခါ၌။ ဣဒံ စိတ္တံ၊ ဤစိတ်သည်။ ဟောတိဖြစ်၏။

တသ္မိံသမယေ၊ ထိုအခါ၌။ ယေဝပန၊ အချို့ကုန်သော။ အညေ၊ အရွှတ္တ ပကတိစိတ်မှ တပါး ဖြစ်ကုန်သော။ ပဋိစ္စသမုပ္ပန္နာ၊ ပဋိစ္စသမုပ္ပန္န ဖြစ်ကုန်သော။ အရူပိနော၊ နာမ်မည်ကုန်သော။ ဓမ္မာ၊ ဗဟိဒ္ဓဖြစ်သော ဝိညာဏခေါတ် စေတသိက်ဓမ္မာရုံတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ ဣမေဓမ္မာ၊ဤပဋိစ္စသမုပ္ပန္နတရားတို့သည်။ ကုသလာ၊ ကုသိုလ်လည်းမည်ကုန်၏။ အကုသလာ၊ အကုသိုလ်လည်းမည်ကုန်၏။ အဗျာကတာ၊ အဗျာကတလည်းမည်ကုန်၏။

ဤကဲ့သို့ ဓမ္မသင်္ဂဏီ ပါဠိတော်၌ ဟော ကြားတော်မူသော စိတ်နှစ်မျိုးကို ရှင်းလင်းအောင် အကျဉ်းချုံး၍ ပြဆိုဦးအံ့။

## အရွှတ္တစိတ်ဝိညာဏ်

အရွှတ္တ စိတ်ဝိညာဏ် သည်ကား မာနသံ ဟူသော အမည်၊ ဟာဒယံဟူသောအမည်၊ ပဏ္ဍရံဟူသောအမည်တို့ကိုရ၏။ နိဗ္ဗတ္တိဖြစ်ခြင်း လက္ခဏာရှိ၏။ နိရောဓောက်၊

နိရောဓ အတ္ထိဖြစ်၏။ ပရမတ္ထအာရုံဖြစ်၏၊ အနုပါဒါနက္ခန္ဓာဖြစ်၏။သုဒ္ဓစိတ်၊ အာရမ္မဏိကဖြစ်၏။ အဇာတိ, အဇရာ,အဗျာဓိ, အမရဏမည်၏၊ အပစ္စယ ပရမတ္ထတရားဖြစ်၏၊ ဥပါဒ်,ဋ္ဌီ,ဘင်ရှိ၏။သတ္တ,ဇိဝ,သရီရဖြစ်၏၊ သဏ္ဌာန်ဖွဲ့၍ ဟောတော်မမူ။

## ဗဟိဒ္ဓစိတ်ဝိညာဏ်

ဗဟိဒ္ဓစိတ်ဝိညာဏ်သည်ကား- မနာယတန၊ မနိန္ဒြေ၊ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာ၊ တဏှာစက္ခု ဝိညာဏဓာတု၊ တဏှာသောတ ဝိညာဏဓာတု၊ တဏှာဃာန ဝိညာဏဓာတု၊ တဏှာဇိဝှါဝိညာဏဓာတု၊တဏှာကာယဝိညာဏဓာတု၊တဏှာမနောဓာတု၊တဏှာမနော ဝိညာဏဓာတုဟူသော အမည်တို့ကိုရ၏။ အဝိဇ္ဇာ,တဏှာ,ကံ, နာမ်ရုပ်ဟူသော အကြောင်းလေးပါးကြောင့် ဖြစ်သောကြောင့် ဥပ္ပါဒဖြစ်ခြင်း လက္ခဏာရှိ၏။ နိရောဓ ဓမ္မမည်၏။ သမုဒယနတ္ထိဖြစ်၏။ ဝိက္ခိတ္တ ဝိသဒ္ဒဖြစ်သော မိစ္ဆာ ပညတ်အာရုံဖြစ်၏။ အချို့ဗဟိဒ္ဓ စိတ်ဝိညာဏ်မှာ ပရမတ္ထ အာရုံဖြစ်၏။ဥပါဒါနက္ခန္ဓာဖြစ်၏၊အချို့မှာအနုပါဒါနက္ခန္ဓာဖြစ်၏၊ ပဋိစ္စသမုပ္ပန္န နာမ်ဖြစ်၍ အာရမ္မဏိက မဟာတ်-အာရုံသာဖြစ်၏၊ ဇာတိ,ဇရာ, ဗျာဓိ,မရဏ တရားမည်၏၊ သပစ္စယတရားဖြစ်၏၊ (အရိယာတို့၏ ဉာဏ်အမြင်မှာ အပစ္စယတရားဖြစ်၏၊) ပရမတ္ထဓမ္မာရုံ တရားဖြစ်၍ သတ္တ, ဇိဝ,သရီရမရှိ၊ ဥပါဒ်, ဋ္ဌီ,ဘင်ဟူသော ခဏငယ်

၃-ချက်မရှိ။ ဥပ္ပါဒ, ဝယဟူ၍၎င်း၊ ဌိတသာ, အညထတ္တ ဟူ၍၎င်း၊ သမုဒယ, ဝယဟူ၍၎င်း၊ ဥပ္ပန္န, နိရုဒ္ဓနဟူ၍ ၎င်း၊ (ပေါ်--ချုပ်) ၂-မျိုးကိုသာပြ၏။ ဌိတိသဘောမရှိ ဌိတသာနှင့် ဥပ္ပါဒနှင့် အတူတူ၊ အညထတ္တနှင့် ဝယနှင့် အတူတူဖြစ်၏။ သင်္ခတဖွဲ၍ ဟောအပ်သောတရားဖြစ်၏။

## ပရမတ္ထတရား လေးပါးရှင်းတမ်း

စိတ်နှင့်စေတသိက်သည်ဝိညာဏုပါဒါနက္ခန္ဓာနာမ် (ဝါ) ဥပါဒါနာမ်ဖြစ်၏။ (ဓမ္မာရုံဖြစ်၏။)

ရုပ်သည် ဥပါဒါရုပ်ဖြစ်၏။ ရူပုပါဒါနက္ခန္ဓာဖြစ်၏။ (ဓမ္မာရုံဖြစ်၏၊)

ပကတိစိတ်ဝိဉာဏ်နာမ်သည်နိဗ္ဗာန်ဟူသောပရမတ္ထ ဓမ္မာရုံကိုသာ အာရုံပြု၍ အခြားသောရုပ်ဓမ္မာရုံ, နာမ် ဓမ္မာရုံတို့ကို အာရုံမပြုသော နာမ်ဖြစ်၏။ ( ပရမတ္ထအ စစ်ဖြစ်၏။)

ဤသို့အားဖြင့် စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟူ၍ ပရ မတ္ထတရား လေးပါးကို ခွဲခြားသိမြင်ကြရာ၏။

**အနည်းငယ်ချဲ့ဦးအံ့။** ။စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ ပရမတ္ထတရား လေးပါးရှိရာ စိတ်ဟူသော ဝိညာဏဓာတ် ပရမတ်တမျိုးနှင့်စိတ်, စေတသိက်,ရုပ်, နိဗ္ဗာန်ဟူသော ဓမ္မာရုံ ပရမတ်တမျိုး၊ ဤသို့နှစ်မျိုးပြား သည်ကို သတိပြုကြရာ၏။

ထိုပရမတ္ထတရားနှစ်မျိုးတို့တွင် စေတသိက်နှင့် ရုပ်, နိဗ္ဗာန်ဟူသောပရမတ်သုံးပါးသည် ဓမ္မာရုံသက်သက်ဖြစ်၍အပြားမရှိ။ စိတ်ဟူသောပရမတ်၌ ဝိညာဏဓာတ်ဟူသောစိတ်ပရမတ်တမျိုး၊ ဓမ္မာရုံ နာမ်မည်သော စိတ်ပရမတ်တမျိုး၊ဤသို့စိတ်ပရမတ်သည်နှစ်မျိုးအပြားရှိ၏။

နာမ်ရုပ်နှစ်ပါးဟူသော အမည်ကို ရသောစိတ်, စေတသိက်, ရုပ်ဟူသောပရမတ္ထဓမ္မာရုံကိုသာလျှင်ဥပါဒါနက္ခန္ဓာငါးပါး, သစ္စာ လေးပါး ဖွဲ့၍ ဟော တော်မူ၏။ ဝိညာဏဓာတ်ဟူသော စိတ်ပရမတ်ကိုဥပါဒါနက္ခန္ဓာဖွဲ့၍မဟော၊ သစ္စာဖွဲ့၍လည်းဟောတော်မမူချေ။

ပရမတ္ထတရားဖြစ်သော ပကတိ စိတ်ဝိညာဏ်နှင့်ပရမတ္ထဓမ္မာရုံဖြစ်သောစိတ်, စေတသိက်တို့၏ ကွဲပြားခြားနားခြင်းကိုမသိမမြင်လျှင်မိစ္ဆာဒိဋ္ဌိဖြစ်၏။ မိစ္ဆာဒိဋ္ဌိတို့သည်ထိုနှစ်မျိုးကိုတမျိုးတည်းဟုယူဆကြ၏။

ဓမ္မာရုံဖြစ်သောစိတ်, စေတသိက်,ရုပ်တရားတို့သည် အဗျာပါရတရားတို့ဖြစ်၏။ ထိုအဗျာရဖြစ်သောတရားတို့ကိုပုထုဇ္ဇန်တို့သည် ဗျာပါရရှိသောတရားများဖြစ်ကြသည်ဟူ၍၎င်း၊ ထိုတရားတို့၌ သတ္တ, ဇီဝ, သရိရရှိကြသည်ဟူ၍၎င်း၊ စွဲလမ်း တပ်မက် နှစ်သက် နေကြ သဖြင့် မိစ္ဆာ ဒိဋ္ဌိ ဖြစ် နေ ကြသောကြောင့်အစွဲဥပါဒါန်ပြုတ်စေခြင်းအကျိုးငှာဗျာပါရမရှိသော, နိဿတ္တ,နိဇ္ဇီဝဖြစ်သောစိတ်, စေတသိက်,ရုပ်တို့ကိုသာလျှင်မြတ်စွာဘုရားသည် ဓမ္မာစ, ဝိနယောစဟူသောသုတ်ဝိနည်းအဘိဓမ္မာတို့၌

ဟောကြားတော်မူ၏။ ဤသို့ဓမ္မာရုံဖြစ်သောစိတ်ကိုဟောတော်မူခြင်းကို ပရမတ္ထ ဖြစ်သော ပကတိ စိတ်ဝိညာဏ်ကိုဟောတော်မူသည်ဟုယူဆတတ်ကြ၏။ သတိပြုသင့်သောအချက်ဖြစ်၏။ သဘာဝရှိသောပရမတ်နှင့် မရှိသောပရမတ်ကိုခွဲခြား၍မသိကြကုန်။

ပရမတ္ထဓမ္မာရုံ အစစ်ဖြစ်သော နိဗ္ဗာန်ကို ပရမတ္ထဓမ္မာရုံ သာမန်ဖြစ်သော စိတ်, စေတသိက်, ရုပ်တို့က သင်္ခတဓာန, သမ္မုဟာဓာန, ကိစ္စဓာန, အာရမ္မဏဓာန အဖြစ်မျိုးဖြင့်၎င်း၊ ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, သံယောဂ, ပလိဗောဓ, သမုဒယ, ဟေတု, ပစ္စယဟူသော အမည်ကိုးပါးအားဖြင့်၎င်း၊ အသင်္ခတဓမ္မ ပဋိစ္စသမုပ္ပါဒ သံသရာအဖြစ်ဖြင့်၎င်း၊ ဖုံးအုပ်ကာကွယ် ထားကြ သောကြောင့် လောကီဘုံသားတို့မှာ အန္ဓပုထုဇန်တို့၏ ဓမ္မတာသဘာဝအတိုင်း သင်္ခတမ္မေ ဖြစ်သော ပဋိစ္စသမုပ္ပါဒ နိဿရဏ သံသရာကို တရံတခါမျှ သိမြင်ခြင်းငှာ မစွမ်းနိုင် ရှာကြချေ။ ပဋိစ္စသမုပ္ပါဒ နိဿရဏ သံသရာကို မသိ, မမြင်,မထင်နိုင်သေးသရွေ့ ကာလပတ်လုံး အဘယ်မှာလျှင် ပရမတ္ထ စစ်စစ်ဖြစ်သော ပကတိစိတ် ဝိညာဏ်ကို သိမြင်ခြင်းငှာ စွမ်းဆောင်နိုင်ပါအံ့နည်း။

ပရမတ္ထဓမ္မာရုံဖြစ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာ ငါးပါး၌ သတ္တ, ဇီဝ,သန္တိရမရှိသည်ကို တကယ်ပင် သတ္တ, ဇီဝ, သရီရရှိသည်ဟူ၍ အဝိဇ္ဇာ, တဏှာစသည်တို့ ဖုံးလွှမ်း

ကာ တလွဲထင်မြင် ယူဆလျက် ငန်းငန်းတက် သာယာ သိမ်းပိုက်ခါ နေကြသောကြောင့် အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ ဖြစ်နေကြရကုန်၏။ ထိုဥပါဒါနက္ခန္ဓာ ငါးပါး၌ အတ္တ, ဇီဝ, သရီရမရှိသည်ကို မရှိမှန်း မသိပါဘဲလျက် ဝိဘဝတဏှာ၏ အစွမ်းအားဖြင့် မသာယာ မသိမ်းပိုက် မစွဲ ယူလိုသော သဘောသည်လည်း မောဟဥပေက္ခာမျှသာ ဖြစ်သောကြောင့် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။

## ဥပေက္ခာ ၂-မျိုး

စာမျက်နှာ (၁၉၈) ၌ "စိတ်ကို စိတ်အတိုင်းတိုင်း ထား။ စိတ်နှင့်အာရုံ မတွေ့ဆုံစေနှင့်"-ဟူ၍ အရှင်သာရိပုတ္တရာ မထေရ်က အနာထပိဏ် သူဌေး ကြီးအား ဟောကြားတော်မူသော ဥပရိပဏ္ဏာသ ပါဠိတော်ကို ဖော်ပြခဲ့ပြီးဖြစ်သည်။

ဤကဲ့သို့ စိတ်အတိုင်းထားရန်မှာ ဥပေက္ခာ စိတ်ပင် ဖြစ်၏။ ထိုဥပေက္ခာ စိတ်၌ ဂေဟသိတ ဥပေက္ခာနှင့် နေက္ခမသိတ ဥပေက္ခာဟူ၍ ဥပေက္ခာ ၂-မျိုးရှိကြောင်း ကို ခွဲခြားသိမြင်ရာ၏။

> တတ္ထ ကတမာ ဆ ဂေဟသိတာ ဥပေက္ခာ၊
> စက္ခုနာ ရူပံ ဒိသွာ ဥပ္ပဇ္ဇတိ ဥပေက္ခာ ဗာလဿ
> မူဠှဿ မန္ဒဿ ပုထုဇ္ဇနဿ အနောဓိဇိနဿ
> အဝိပါကဇိနဿ အနာဒီနဝဒဿာဝိနော
> အဿုတဝတော ပုထုဇ္ဇနဿ ယာ ဧဝရူပါ

ဥပေက္ခာ ရူပံ သာ နာတိဝတ္တတိ၊ တသ္မာ
သာယံဥပေက္ခာ ဂေဟာသိတာတိ ဝုစ္စတိ။
(ဥပရိပဏ္ဏာသပါဠိတော်)

တတ္ထ၊ ထိုအာယတန စက်လည်ရာ၌။ ဂေဟာသိတာ၊ အန္ဓပုထုဇ္ဇန်တည်းဟူသော လူကိုမှီ၍ဖြစ်ကုန်သော။ ဆ၊ ခြောက်ပါးကုန်သော။ ဥပေက္ခာ၊ ဥပေက္ခာတို့သည်။ ကတမာ၊ အဘယ်သည်တို့နည်း ဟူမူကား။ စက္ခုနာ၊ စက္ခုဝိညာဏ်ဖြင့်။ ရူပံ၊ ရူပါရုံကို။ ဒိသွာ၊ မြင်သည်ရှိသော်။ ဗာလဿ၊ မိုက်သော။ မူဠှဿ၊ တွေဝေသော။ မန္ဒဿ၊ နုံ့သောပညာရှိသော။ ပုထုဇ္ဇနဿ၊ များသော ကိလေသာရှိသော။ အနောဓိဇိနဿ၊ ဥပဓိလေးပါးကိုမအောင်နိုင်သေးသော။ အဝိပါက ဇိနဿ၊ အဟိတ်အကုသလဝိပါက်ကို မအောင်သေးသော။ အနာဒီနဝဒဿာဝိနော၊ သံသရာ၏ အပြစ်ကို မမြင်သေးသော။ အဿုတဝတော၊ သူတော်ကောင်း တို့၏ တရားကို မနာရ သေးသော။ ပုထုဇ္ဇနဿ၊ အန္ဓပုထုဇ္ဇန် ပုဂ္ဂိုလ်အား။ ဥပေက္ခာ၊ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ ယာသာ ဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ ရူပံ၊ ရူပါရုံကို။ နာတိဝတ္တတိ၊ လွန်၍မဖြစ်နိုင်။ တသ္မာ၊ ထို့ကြောင့်။ သာယံဥပေက္ခာ၊ ထိုဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်ကို။ ဂေဟာသိတာတိ၊ အန္ဓပုထုဇ္ဇန် တည်းဟူသော လူကိုမှီ၍ ဖြစ်သော ဥပေက္ခာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဋ္ဌပုထုဇ္ဇနတို့သည် အဆင်း, အသံ, အနံ့, အရသာ, အတွေ့, ဟူသော အာရုံငါးပါး ကာမဂုဏ် တရားတို့နှင့် တွေ့ကြုံရသော်လည်း မသိမ်းပိုက်ဘဲ လျစ်လျူရှုနိုင်သည် ဟူသော ဥပေက္ခာမျိုးသည် မောဟအဝိဇ္ဇာဦးစီးလျက်ရှိ သော ဥပေက္ခာမျှသာ ဖြစ်သောကြောင့် ပကတိစိတ်ကို စိတ်အတိုင်းတိုင်း ထားနိုင်သောနေက္ခမသိတာဥပေက္ခာ မျိုးမဟုတ်ချေ။ အာရုံငါးပါး ကာမဂုဏ်တရားတို့သည် အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောတွေဖြစ်နေ ကြောင်းကို ကျပ်ပြည့် သိမြင်သည့်အပြင် ထိုသို့ သိမြင် သော မြင်စိတ်, ကြားစိတ်, နံစိတ်, စားစိတ်, ထိစိတ်, သိ စိတ်တို့သည်ပင်လျှင် အနိစ္စဓမ္မ, ဒုက္ခဓမ္မ, အနတ္တဓမ္မဟူ သော ဥပေက္ခာဓမ္မတွေပါတကားဟု မျက်ဝါးထင်ထင် သိမြင်ကြသော အရိယာတို့၏ လျစ်လျူရှုခြင်းမျိုးကိုသာ နေက္ခမသိတာဥပေက္ခာဟုခေါ်၏။ ထို့ကြောင့်ဝိပဿနာ ဉာဏ်စဉ်နှင့် ပြဆိုရာတွင် သိခပတ္တ-ဝိပဿနာ၏အထွန် အထိပ်ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်၌ အနိစ္စ,ဒုက္ခ, အ နတ္တသဘောများဖြစ်ကြသော သင်္ခါရကို အနိစ္စ, ဒုက္ခ, အနတ္တသဘောများဖြစ်ကြသောသင်္ခါရကသာသိမ်းပိုက် စွဲယူ ဝေဖန်နေကြခြင်း ဖြစ်ထာပါတကားဟု ပိုင်ပိုင်နိုင် နိုင်ကြီး သိမြင်သောကြောင့်— ဒါဖြင့်လျှင် ဥပေက္ခာဓမ္မ တွေပါတကားဟုလျစ်လျူရှုနိုင်ခြင်း စိတ်မျိုးကိုသင်္ခါရု ပေက္ခာဉာဏ်ဟုခေါ်၏။ ဓမ္မာရုံတို့ကိုဥပေက္ခာ ပြုသဖြင့် ပရမတ္ထပကတိ စိတ်ဝိဉာဏ်အတိုင်းသာ ကျန်တော့၏။

တတ္ထ ကတမာ ဆ နေက္ခမ္မသိတာ ဥပေက္ခာ၊ ရူပါနံ တွေဝ အနိစ္စတံ ဝိဒိတွာ ဝိပရိဏာမံ ဝိရာဂံ နိရောဓံ ပုဗ္ဗေစေဝ ရူပါ ဧတရဟိ စ သဗ္ဗေတေ ရူပါ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာတိ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော ဥပ္ပဇ္ဇတိ ဥပေက္ခာ ယာ ဧဝရူပါ ဥပေက္ခာ ရူပံ သာ နာတိဝတ္တတိ၊ တသ္မာ သာယံ ဥပေက္ခာ နေက္ခမ္မသိတာတိ ဝုစ္စတိ။ ။

(ဥပရိပဏ္ဏာသပါဠိတော်)

တတ္ထ၊ ထိုကလျာဏ ပုထုဇဉ် အရိယာတို့၏ အာယတနစက်လည်ရာ၌။ နေက္ခမ္မသိတာ၊ ထွက်မြောက်ရာကို မှီကုန်သော။ ဆ၊ ခြောက်ပါးကုန်သော။ ဥပေက္ခာတို့သည်။ ကတမာ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ ရူပါနံ တွေဝ၊ ရူပါရုံတို့၏သာလျှင်။ အနိစ္စတံ။ အနိစ္စဓမ္မဖြစ်၍ မမြဲသည်၏ အဖြစ်ကို။ ဝိဒိတွာ၊ သိ၍။ ဝိပရိဏာမံ။ ဖေါက်ပြန်သည်ကိုရင်း။ ဝိရာဂံ၊ သဘောတရားတခုနှင့်တခု ကွေကွင်းသည်ကိုရင်း။ နိရောဓံ၊ နိရောဓဓမ္မဖြစ်၍ ချုပ်ဆုံးသည်ကိုရင်း။ ဝိတွာ၊ သိ၍။ ပုဗ္ဗေစေဝ၊ ရှေး၌ရင်း။ ဧတရဟိ စ၊ ယခုပစ္စုပ္ပန်၌ရင်း။ ရူပါ၊ ရူပါရုံတို့သည်ရင်း။ တေသဗ္ဗေ၊ ထိုအလုံးစုံကုန်သော။ ရူပါ၊ ရူပါရုံတို့သည်။ အနိစ္စာ၊ အနိစ္စဓမ္မမည်ကုန်၏။ ဒုက္ခာ၊ ဒုက္ခဓမ္မမည်ကုန်၏။ ဝိပရိဏာမဓမ္မာ၊ ဝိပရိဏာမ ဓမ္မမည်ကုန်၏။ ဣတိ၊ ဤသို့။ ဧတံ၊ ထိုရူပါရုံကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မပ္ပညာယ၊ ဝိပဿနာပညာဖြင့်။ ပဿတော၊ မြင်သော

သူအား။ ဥပေက္ခာ၊ ဥပေက္ခာသဟဂုတ် စက္ခု ဝိညာဏ် စိတ်သည်၊ ဥပ္ပတ္တိ ဖြစ်၏၊ ဝေရူပါ၊ ဤသို့သဘော ရှိသော၊ ယာသာဥပေက္ခာ။ အကြင်ဥပေက္ခာသည်၊ ရူပံ၊ ရူပါရုံကို။ နာတိဝတ္တတိ၊ လွန်၍မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ သာအယံဥပေက္ခာ၊ ထိုဥပေက္ခာကို။ နေက္ခမသိတာတိ၊ နိက္ခမသိတာဥပေက္ခာဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

## ဥပါဒါနက္ခန္ဓာငါးပါးဖြစ်ပေါ်ပုံ

စတ္တာရော ဘိက္ခု မဟာဘူတာဟေတု စတ္တာရော
မဟာဘူတာပစ္စယော ရူပက္ခန္ဓဿ ပညာပနာယ၊
ဖဿောဟေတု ဖဿောပစ္စယော ဝေဒနက္ခန္ဓဿ
ပညာပနာယ, သညက္ခန္ဓဿ ပညာပနာယ,
သင်္ခါရက္ခန္ဓဿ ပညာပနာယ၊ နာမရူပံဟေတု
နာမရူပံပစ္စယော ဝိညာဏက္ခန္ဓဿ ပညာပနာယ။ ။

(ဥပရိပဏ္ဏာသပါဠိတော်)

ဘိက္ခု၊ ရဟန်း။ ရူပက္ခန္ဓဿ၊ ကို။ ပညာပနာယ၊ သိစေခြင်းငှါ။ စတ္တာရော မဟာဘူတာ၊ လေးပါးသော မဟာဘုတ်တို့သည်။ ဟေတု၊ ဟိတ်မည်၏။ စတ္တာရော မဟာဘူတာ၊ တို့သည်။ ပစ္စယော။ ပစ္စည်းမည်၏။ ဖဿော၊ ဖဿသည်။ ဝေဒနက္ခန္ဓဿ၊ ကို။ သညက္ခန္ဓာဿ၊ ကို။ သင်္ခါရက္ခန္ဓဿ၊ ကို။ ပညာပနာယ၊ သိစေခြင်းငှါ။

ဟောတု။ ဟိတ်မည်၏။ ပစ္စယော၊ ပစ္စည်းမည်၏။နာမရူပံ၊ နာမ်ရုပ်သည်။ ဝိညာဏက္ခန္ဓာသာ၊ ကို။ပညာပနာယ၊သိစေခြင်းငှါ၊ ဟောတု၊ဟိတ်မည်၏၊ ပစ္စယော၊ ပစ္စည်းမည်၏။

ဤသို့ဟောတော်မူသဖြင့် ပဋိစ္စသမုပ္ပါဒဟူသော သံသရာ၌ ဥပါဒါနက္ခန္ဓာငါးပါးသည်သာလျှင် အုပ်စိုးကြီးကဲ၍ နေရာ ထိုဥပါဒါနက္ခန္ဓာငါးပါးတို့တွင် ဥပါဒါရုပ်သက်သက် ပရမတ္ထ ဓမ္မာရုံဖြစ်သော ခန္ဓာငါးပါးသည် ဘုရားရဟန္တာတို့၌ဖြစ်သော ခန္ဓာငါးပါးဖြစ်၏။ အရိယာ သေက္ခ (၇) ယောက်၌ ဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးနှင့် အန္ဓပုထုဇဉ်တို့၌ဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးနှစ်မျိုးသည်လည်း သဘောအားဖြင့် မတူကြချေ။ သို့ရာတွင် အဝိဇ္ဇာ, တဏှာ, ကံ ဟူသော အကြောင်းသုံးပါးသည် ဥပါဒါနက္ခန္ဓာ ငါးပါးလုံး၌ဖြစ်၏။ ဘုရား—ရဟန္တာတို့၏ ခန္ဓာငါးပါး၌မဖြစ်။ ဘုတရုပ် လေးပါးသည် ဓမ္မာရုံဥပါဒါရုပ်ကိုဖြစ်စေ၏။ ဖဿဟူသော ဓမ္မာရုံသည် ဝေဒနာ,သညာ, သင်္ခါရဟူသော နာမ်ဓမ္မာရုံခန္ဓာသုံးပါးကို ဖြစ်စေ၏။ နာမ်ရုပ် နှစ်ပါးသည် ဓမ္မာရုံဝိညာဏက္ခန္ဓာကိုဖြစ်စေ၏။

ရှင်းလင်းအောင် ယ ထာ ဘူ တ ပုံ စံ နှင့် အ ကျိုး အကြောင်းထုတ်၍ပြဆိုဦးအံ့။ အလယ်ကဥပါဒါယရုပ်,ဥပါဒါယနာမ်သည်အကျိုးတရားဖြစ်၍ဘေးကပတ်ဝန်းကျင်သဘောတရားများသည်ကား အကြောင်းတရားများဖြစ်ကြကုန်၏။

(၂) တဏှာ၊

(၁) အဝိဇ္ဇာ၊ | **ရူပါရုံစသော ဥပါဒါယရုပ်** | (၃) ကံ၊

(၄) ဘူတရုပ်လေးပါး၊
(အာဟာရ)

---

(၂) တဏှာ၊

(၁) အဝိဇ္ဇာ | **ဓမ္မာရုံ စိတ်ဝိညာဏ်** | (၃) ကံ၊

(၄) နာမ်ရုပ်ဟူသော
ပကတိစိတ်နှင့်ဘူတရုပ်လေးပါး။

ဤပုံစံပါ ဥပါဒါနက္ခန္ဓာငါးပါးသည် အန္ဓပုထုဇဉ်တို့၌ ဒိဋ္ဌိဝိစိကိစ္ဆာနှင့်တကွဖြစ်၏။ သောတာပန်နှင့်သကဒါဂါမ်တို့၌ ဒိဋ္ဌာသဝကိုပယ်၍ဖြစ်၏။ အနာဂါမ်တို့၌ ဒိဋ္ဌာသဝနှင့်ကာမာသဝကိုပါပယ်၍ဖြစ်၏။ ဥဒ္ဓစ္စနှင့်မာနဟူသော ဥပါဒါနက္ခန္ဓာငါးပါး--မူလနှစ်ပါး ကျန်သေး၏၊ အဝိဇ္ဇာသဝနှင့် ဘဝါသဝနှစ်ပါးကျန်သေး၏၊ ဘုရား, ရဟန္တာတို့မှာမူကား အာသဝေါလေးပါးစလုံးကုန်ပြီးဖြစ်၍ ဥပါဒါနက္ခန္ဓာငါးပါးမဖြစ်တော့ချေ။

ထိုပဋိစ္စသမုပ္ပါဒ် ဓမ္မာရုံပညတ်မျှသာဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးကို အန္ဓပုထုဇန်တို့သည်အကြင်မျှလေ့သော ကာလပတ်လုံး ပဋိစ္စသမုပ္ပန္န—နိရောဓဓမ္မပျောက်ပျက်ချုပ်ဆုံးခြင်းဟု ဆိုအပ်သော အနိစ္စဓမ္မသို့ ရောက်

အောင် မသိကုန်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး နိဗ္ဗ, သုခ, သုဘ, အတ္တဟူ၍ ထင်မှတ် စွဲယူကာ နေကြကုန်၏။ ထိုဓမ္မာရုံစိတ်, စေတသိက်, ရုပ်တို့သည် ပဋိသန္ဓေသရုပ္ပန္နဟူသော အနိစ္စဓမ္မ, အနိစ္စမရကာသို့ ရောက်သောအခါတကယ် ပရမတ္ထဖြစ်သော ဘူတရုပ်လေးပါးနှင့်တကွဖြစ်သော စိတ်ဝိညာဏ်သေဆုံးသည်ဟု အထင်လွဲမှားကာ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသစသော မီးတွေတောက်လောင် ကြကုန်၏၊ အန္ဓပုထုဇန်တို့၌ ဤကဲ့သို့ဖြစ်ရခြင်း သည်ကား သတ္တ, ဇီဝ, သရီရမရှိသော ဥပါဒါယရုပ်, ဥပါဒါယနာမ်တို့ကိုသတ္တ, ဇီဝ, သရီရရှိသော ဘူတရုပ်နှင့်တကွ ဖြစ်သော ပကတိစိတ်ဝိညာဏ်ဟူ၍ တသပ်တည်း, တသားတည်း, တခုတည်း စွဲယူထားကြသောကြောင့်တည်း။ ဤကဲ့သို့ တလွဲစွဲယူထားကြသဖြင့်လည်း သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိဖြစ်နေကြရကုန်၏။ အရေးအကြီးဆုံး အချက်သည်ကား ပရမတ္ထဖြစ်သော ပကတိပဋိသန္ဓေစိတ်ဝိညာဏ်နှင့် ပရမတ္ထဓမ္မာ ရုံ ဖြစ် သော ကြံ သိ စိတ် ဝိညာဏ်နှစ်ပါးကို ခွဲခြားသိမြင်အောင် ကြိုးစားအားထုတ် ရန်သာ လျှင် ဖြစ်ပေ၏။ ပကတိစိတ်ဝိညာဏ်သည် အ ကြောင်း မရှိသောကြောင့် အပစ္စယတရားဖြစ်၏။ ဓမ္မာရုံဝိညာဏ် သည်ကား၊ အဝိဇ္ဇာ, တဏှာ, ကံ, နာမ်ရုပ်အကြောင်းလေးပါးကြောင့်ဖြစ်သောကြောင့်သပစ္စယတရားဖြစ်၏၊ ဘုရားရဟန္တာတို့မှာအပစ္စယတရားဖြစ်၏။

အန္ဓပုထုဇဉ်တို့သည် ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာငါးပါး၊ ဘေးကြီးလေးပါးတည်းဟူသော ဇာတိဝဋ္ဋ,ဇရာဝဋ္ဋ, ဗျာဓိဝဋ္ဋ, မရဏဝဋ္ဋ ဖြစ်ကုန်သည့် ဝဋ္ဋာရုံ တရားကြီးကိုမသိ,မမြင်,မထင်နိုင်ကြကုန်သဖြင့် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, မနောဟူသောခြောက်ပါး သော အာယတနစက်၌ သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ အဖြစ် ဖြင့် အမြဲလည့်၍နေကြကုန်၏၊ ထိုသို့စူးဝင်၍ နေသော ဒိဋ္ဌိနှစ်ပါးတို့ဖြင့် မြတ်စွာဘုရား၏ တရားတော်ကိုရုံ၍ နေကြရာ သတ္တဝါတို့မှာ ချမ်းသာသုခကို မရကြသည့် အပြင်နောက်ဆုံး၌ဇာတိဝဋ္ဋ,ဇရာဝဋ္ဋ,ဗျာဓိဝဋ္ဋ,မရဏဝဋ္ဋ တည်းဟူသော ဘေးကြီး လေးပါးနှင့် တွေ့ကြုံကြရ သောအခါငိုကြွေးကြရကုန်၏။

နာမံဧကော အန္တော၊ ရူပံဒုတိယောအန္တော၊ ဝိညာဏံမဇ္ဈေ၊ ဆ အဇ္ဈတ္တာယတနံ ဧကော အန္တော၊ ဆဗာဟိရာယတနံ ဒုတိယော အန္တော၊ဝိညာဏံမဇ္ဈေ။ ။ဟူ၍စူဠနိဒ္ဒေသပါဠိတော်၌ ဟောကြားတော်မူသည့် အတိုင်း၊ စိတ်,စေတသိက် ဝဋ္ဋာရုံနာမ်၌ သဿတဒိဋ္ဌိဖြင့် ၎င်း၊ ဝဋ္ဋာရုံ ဥပါဒါရုပ်တို့၌ ဥစ္ဆေဒ ဒိဋ္ဌိဖြင့်၎င်း၊ စက္ခု ပသာဒစသော ခြောက်ပါးသော ပသာဒရုပ်တို့၌သဿ တဒိဋ္ဌိဖြင့်၎င်း၊ ဝဋ္ဋာရုံနှင့်တကွ ပဋ္ဌာရုံတို့၌ ဥစ္ဆေဒဒိဋ္ဌိ ဖြင့်၎င်းစွဲယူသိမ်းပိုက်လျက် ထိုဝဋ္ဋာရုံ တရားတို့ကို နိစ္စ, သုခ,အတ္တ,ဇီဝဟူ၍အထင်မှားကာသံသရာ၌ကျင်လည် မျောပါးကြရကုန်၏။ ဤကဲ့သို့ ဖြစ်ရခြင်းကား-ဥပါဒါ

နက္ခန္ဓာငါးပါးကို ဆန္ဒရာဂဖြင့် တောင့်တ ရှာမှီးသော ကြောင့်တည်း။

ထို့ကြောင့်—ဥပရိပဏ္ဏာသပါဠိတော်၌—

ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဆန္ဒရာဂဝေမတ္တာ၊ တံ တတ္ထ ဥပါဒါနံ။ ။ဟူ၍ ဟောတော်မူ၏။

ဘိက္ခု၊ ချစ်သားရဟန်း။ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါနက္ခန္ဓာငါးပါးတို့၌။ ဆန္ဒရာဂဝေမတ္တာ၊ ဆန္ဒရာဂ သာလျှင် အပိုင်းအခြားရှိ၏။ တတ္ထ၊ ထိုဥပါဒါနက္ခန္ဓာငါးပါး၌။ တံ၊ ထိုဆန္ဒရာဂသည်။ ဥပါဒါနံ၊ မြဲစွာ စွဲလမ်းခြင်း သာတည်း။

## တရုဏဝိပဿနာ အကျိုးဂုဏ်

တရုဏဝိပဿနာ ဆိုသည်မှာ အားနည်း၍ နုသော ဝိပဿနာဉာဏ်ကို ခေါ်၏။ ပုဂ္ဂိုလ်အနေနှင့်ဆိုလျှင် စူလ သောတာပန်ကို ခေါ်၏။

စူလသောတာပန်ဖြစ်လျှင် အောက်ပါ ဂုဏ်များနှင့် ပြည့်စုံ၏။

ဣဓ ဘိက္ခဝေ ဘိက္ခု သမ္မာဒိဋ္ဌိံ ဘာဝေတိ
ဝိဝေကနိဿိတံ ဝိရာဂနိဿိတံ နိရောဓ
နိဿိတံ ဝေါဿဂ္ဂပရိဏာမိံ
အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။

(သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရား၏ သာသနာ တော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဝိဝေကနိဿိတံ၊ သင်္ခါရ

ဟူသောပြုပြင် အားထုတ်မှုကြောင့် ဖြစ်ပေါ်သော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးတို့၏ ဆိတ်ခြင်းဟူသော အကျိုးတရားကိုရင်း။ ဝိရာဂနိဿိတံ၊ အဝိဇ္ဇာ, တဏှာ, ကံ,အာဟာရ ဟူသော အကြောင်း လေးပါးတို့ကြောင့်ဖြစ်ပေါ်သောပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နတရားအပေါင်းတို့အား တပ် မက်ခြင်း ကင်းသော အကျိုးတရားကိုရင်း။နိရောဓနိဿိတံ၊ အဝိဇ္ဇာ, တဏှာစသောတရားတို့၏ ချုပ်ငြိမ်း ရခြင်း အကျိုး တရား ကိုရင်း။ ဝေါဿဂ္ဂပရိဏာမိံ၊ အသင်္ခတ ပရမတ္ထနိရောဓသို့သာ လျှင် အစဉ်ရှေးရှု၍ညွတ်တတ်သောစိတ်အာရုံဟူသော တကျိုးတရားကိုရင်း။ သမ္မာဒိဋ္ဌိံ၊ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်အမြင်မှန်ဖြင့်သာလျှင်။ ဘာဝေတိ၊ ပွားများ လေ့လာဆောင်ရွက်ရာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤအကျိုးထူးတရား လေးပါးသောအမှတ်အသားတို့ဖြင့်သာ။ အသင်္ခတဂါမိမဂ္ဂေါ၊ အသင်္ခတခရီးလမ်းဖြောင့်လမ်းမှန်ကြီးဟူ၍။ (ဝါ)မှန်ကန်သော ဝိပဿနာလမ်းဟူ၍။ဝုစ္စတိ ဆိုအပ်၏။

မှန်ကန်သောဝိပဿနာတရားကို နာကြားအားထုတ်ရ၍ရလသောတာပန်ဖြစ်သောပုဂ္ဂိုလ်သည်-

(၁)- ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော ရုပ်ရုံ,သဒ္ဒါရုံစသည်တို့ကိုအလိုနည်းသွားခြင်းအကျိုး၊

(၂)- ဥပါဒါနက္ခန္ဓာငါးပါးတို့အား သာယာ တပ် မက် ခြင်း ကင်းခြင်းအကျိုး၊

(၃)- ဥပါဒါနက္ခန္ဓာငါးပါးတို့၏ချုပ်ငြိမ်းရခြင်းအကျိုး၊

(၄)- အေးသဘော နိဗ္ဗာန်သို့ ညွတ်နိုင်သော လမ်းစကိုရခြင်း အကျိုး၊

ဤအကျိုးထူးတရားလေးပါးနှင့် ပြည့်စုံပေ၏။ ဤအကျိုးထူးတရားလေးပါးနှင့်မှမပြည့်စုံသေးလျှင်ဗုဒ္ဓလသောတာပန်ပင်မဟုတ်သေးကြောင်းကိုမှတ်သားကြရာ၏။

## ဗလဝဝိပဿနာ၁အကျိုးဂုဏ်

ဗလဝဝိပဿနာဆိုသည်မှာ အားကောင်းသော ဝိပဿနာဉာဏ်ကိုခေါ် ၏။ဗုဒ္ဓလသောတာပန်အရင့်စား, အကြီးစားဖြစ်၏ဟူ၍ပုဂ္ဂိုလ်အနေဖြင့်ပြောဆိုအပ်၏။

သောတာပန်ဖြစ်ခါနီး ယောဂီ သည် အောက်ပါအကျိုးဂုဏ်များနှင့်ပြည့်စုံ၏။

(၁)- ဘဝ ဒိဋ္ဌိ ပ ဟာ နံ= ဒုက္ခ သစ္စာ ထိုက် သည့် ဝိညာဏ်, နာမ်ရုပ်, သင်္ခါယတနစသော ဥပပတ္တိဘဝကိုပယ်နိုင်သဖြင့်သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိအယူမှလွတ်ခြင်း။

(၂)- ဇီဝိတ နိကန္တိ ပရိစ္စာဂေါ= ဥပါဒါနက္ခန္ဓာငါးပါး၌အသက်မရှိသည်ကိုမြင်သဖြင့်-ဝိညာဏ်, နာမ်ရုပ်တို့ကိုစွန့်လွှတ်နိုင်ခြင်း။

(၃)- သဒါယုတ္တ ပ ယုတ္တ တာ= အခါ ခပ်သိမ်းအကျိုးမရှိသည့်တရားများနှင့်အကျိုးမရှိသည့်ပုဂ္ဂိုလ်များကိုရှောင်ရှားပြီးအကျိုးရှိသည့် ဒုက္ခ သစ္စာ တရားကိုသာဆင်ခြင်နေနိုင်ခြင်း။

(၄)- ဝိသုဒ္ဓါဇီဝိတာ= ဥပါဒါန် ကြောင့် ဖြစ်သော အာရုံကာမဂုဏ်တို့၏အလိုသို့မလိုက်ဘဲ အသက်မွေးစင်ကြယ်စွာနေနိုင်ခြင်း။

(၅)- ဉဿုက္ကပဟာနံ= မဂ်ဖိုလ်ကို ရရန်မှ တပါး အခြားသော လောကီ ကိစ္စကြီးငယ်အသွယ်သွယ်တို့ကို ပယ်နိုင်ခြင်း။

(၆)- ဝိဂတ ဘယတာ= ဝိပါက်မှတပါး မိမိနှင့်သူ တပါးအတွက်ဘေးကင်းအောင်နေနိုင်ခြင်း။

(၇)- ခန္တီသောရစ္စ ပဋိလာဘော– သည်းခံနိုင်ခြင်း နှင့် အနတ္တ အစစ်ကိုသာကျေနပ်စွာ သိမြင်ဆင်ခြင်နေနိုင် ခြင်း၊

(၈) အရတိ ရ တိ သ ဟ န တာ= ဝိပဿနာ၌ မမွေ့ လျော်ခြင်း, ကာမဂုဏ်တို့၌ မွေ့လျော် ပျော်ပိုက် ခြင်းတို့ ကိုနှိမ်နင်းနိုင်ခြင်း၊ ဟူသော လောကီအကျိုး ၈ပါးနှင့် ပြည့်စုံပေ၏။

မည်သည့်ယောဂီမဆိုဆရာကောင်းတပည့်မှန်၍နည်း လမ်းမှန်ကန်သော ဝိပဿနာ တရားကို လိုက်စား အား ထုတ်သည်ဖြစ်အံ့၊ထိုဆိုခဲ့ပြီးသောအကျိုးတရား၈ပါးနှင့် ပြည့်စုံရာ၏။ မပြည့်စုံသေးပါက ငါအားထုတ်သောတ ရားလမ်းမှားနေပြီ၊ ငါရှုလသောတာပန် အကြီးစားပင် မဖြစ်သေးပါကလားဟု ဆင်ခြင် စဉ်းစားကာဆရာနခန်း မ သတ် ဘဲ ဆ ရာစစ်, ဆ ရာ မှန် ကို စိတ် ထား ကောင်း ကောင်းဖြင့်ရှာကြံကိုးကွယ်ရာ၏။ ဆရာကောင်းမှ,စစ်မှ သာလျှင် ရတနာသုံးပါး အစစ်ကို တွေ့မြင်နိုင်မည်ဖြစ် သောကြောင့် ယခုအခါ ရတနာသုံးပါးထက် ဆရာကပို၍ အရေးကြီးလှ၏။ သတိမူကြပါကုန်။

## နိဂုံး

အချုပ်မှာ-"အတ္တာတိ ဂဟိတံ နတ္ထိ၊ နိရတ္တာတိ မုဉ္စိတဗ္ဗံ နတ္ထိ"-ဟူ၍ စူလနိဒ္ဒေသ ပါဠိတော်၌ ဟောကြားတော်မူသည့်ကို ကမ္ဘာ့သူ ကမ္ဘာ့သား တို့အား နားလည်အောင်, သဘောပေါက်အောင်, ကိုယ်ပိုင်ဉာဏ်ဖြင့်သိအောင်, သဒ္ဓါမျှကဂုဏ်နှင့်ပြည့်စုံအောင်, ဝိညာဏ်သိမဟုတ်ဘဲ ပညာသိဆိုက်အောင်, ဇာနာတိ မဟုတ်ဘဲ ပဇာနာတိဖြစ်အောင်, ဥပါဒါနက္ခန္ဓာငါးပါးဖြစ်သော ပရမတ္ထဓမ္မာရုံအတ္တ-ဃနတို့နှင့်ဝိညာဏဋ္ဌိတိ ၇-ပါးတို့ကို အတ္တနိရောဓဆိုက်အောင်, သမုဒယနတ္ထိ ဖြစ်အောင်, နိရောဓအတ္ထိဖြစ်အောင်, သုညတာအနတ္တဖြစ်အောင်, ဒုက္ခသစ္စာအမှန်ဖြစ်သည်ဟု ကိုယ်ပိုင်ဉာဏ်ဖြင့်ကျပ်ပြည့် သိမြင်အောင်နှင့် ပရမတ္ထ အစစ် ဖြစ်သော ပကတိစိတ် ဝိညာဏ်ကိုလည်း "ပဘဿရံ ဝေဒိတဗ္ဗော ဝိညူဟိ" ဟူသော ဂုဏ်နှင့် ပြည့်စုံအောင် အထိ ကျပ်ပြည့် သိမြင်အောင် ဒေသနာနည်း, အနုသာသနီ နည်းတို့ဖြင့် ဒေသနာယုတ္တိ, အာဂမယုတ္တိ, သဘာဝယုတ္တိ, သာဓကယုတ္တိ တို့နှင့်အညီ မဟာပဒေသကြီး လေးပါးအတွင်း၌လည်း အကျုံးဝင်အောင် ဟောကြားပြသနိုင်သော သပ္ပုရိသ ဆရာစစ်, ဆရာမှန်ကိုသာလျှင် ရှာကြံ ဆည်းကပ် ကိုးကွယ်နိုင်ကြ၍ ကမ္ဘာကို ဗုဒ္ဓသာသနာ ပြုနိုင်ကြပါစေ ကုန်သတည်း။

ဤကဲ့သို့ ဟောကြားပြသနိုင်သော သပ္ပုရိသ အစစ်လည်း ပေါ်ပေါက်ပါစေသတည်း။

ဓမ္မရာဇာ မင်းကောင်း မင်းမြတ်ဟူသော မဟာသော တာပန်-သို့မဟုတ်-နိယတဗျာဒိတ်ပန်းကို ဆင်မြန်းခံယူနိုင်သော အရည်အချင်းနှင့် ပြည့်စုံကြသည့် နိုင်ငံတော်သမတကြီးနှင့်တကွနိုင်ငံတော်ဝန်ကြီးချုပ်မှစ၍အရိယာသောတာပန်စသော သာသနာရေးဝန်ကြီး စသည်တို့ပါဝင်သော သာသနာ့ဒါယကာ အစိုးရအဖွဲ့ကြီးလည်း ယခုသာသနာတဝက်ဆန်းစ သက္ကရာဇ် ၁၃၁၈-ခုနှစ်က စ၍ ပေါ်ပေါက်ပါစေသတည်း။

နေမျိုးရာဇာ-ဓမောင်ကြီး
၁၀-၉-၅၆

---

## အထူးသတိပေးချက်

ဤစာအုပ်၌ ဓာတ် (၁၀) ပါး အနက် စက္ခုပသာဒ=မျက်စိအကြည်, ရူပါရုံ= အဆင်းသဘော, စက္ခုဝိညာဏ်=မြင်စိတ်တို့ကိုအနိစ္စအခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာတို့ဖြင့်သာ ပိုင်းခြားဝေဖန်၍ ပြဆိုလိုက်၏။

ဓာတ်(၁၀)ပါးစလုံးအပြည့်အစုံကိုလက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ဖြင့်၎င်း၊အနိစ္စအခြင်းအရာ,ဒုက္ခအခြင်းအရာ,အနတ္တအခြင်းအရာတို့ဖြင့်၎င်း၊ဝိပဿနာဉာဏ်စဉ်တို့ဖြင့်၎င်း၊အမေး-အဖြေတို့ဖြင့်၎င်း၊အနုစိတ်အစုံအလင်ပေါ်လွင်ထင်ရှားအောင် **''စံပြဝိပဿနာ''** စာအုပ်၌ပြဆိုထားပြီး ဖြစ်ရာ **''စံပြဝိပဿနာ''** စာအုပ် နှင့် **''ကမ္မဋ္ဌာန်းဝိပဿနာ နေ့ယျသင်တန်း''** စာအုပ်တို့ကိုပါ ပူးတွဲလေ့လာဖတ်ရှုကြပါကုန်။